The Commerce Journal
http://www.commercejournal.com.mm
စီးပွားရေးသတင်းဂျာနယ်
စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ
VOL . 16, NO . 38 | တနင်္လာနေ့တိုင်းထုတ်ဝေသည် | October 10 , 2016

# စက်သုံးဆီနှင့် နိုင်ငံတော်ဘဏ္ဍာ



မြန်မာနိုင်ငံတွင် တပ်မတော်အစိုးရက သမ္မတ ဦးသိန်းစိန် အစိုးရထံသို့ အာဏာလွှဲပြောင်းပေးပြီးနောက် သမ္မတဦးသိန်းစိန် အစိုးရလက်ထက်တွင် ဖြေလျော့မှုပေါင်းများစွာကို ပြုလုပ်ပေးခဲ့ သည်။

သမ္မတ ဦးသိန်းစိန်အစိုးရသည် ကုန်သွယ်မှုနှင့်ပတ်သက်၍ လုပ်ငန်းများ လျင်မြန်ချောမွေ့စေရေးအတွက် ဖြေလျော့မှုများကို ပြုလုပ်ပေးခဲ့သော်လည်း ကုန်သွယ်မှုပမာဏသည် ယခင်တပ်မတော်အစိုးရတာဝန်ယူသည့်ကာလထက် ပိုမိုတိုးတက်လာခြင်းမရှိသဖြင့် တရားမဝင်ကုန်သွယ်မှု တားဆီးထိန်းချုပ်

|pmrsuES- 8|



## အိန္ဒိယနိုင်ငံတွင် မိုးရွာသွန်းမှုကြောင့် ပဲမျိုးစုံ၊ ဆန်စပါး စိုက်ပျိုးထုတ်လုပ်မှု မြင့်တက်မှုကို အထောက်အပံ့ဖြစ်စေခဲ့

အိန္ဒိယနိုင်ငံတွင် ယခုနှစ် မိုးသီးနှံဖြစ်သည့် ပဲမျိုးစုံစိုက်ဧရိယာမှာ မကြုံစဖူး မြင့်တက်လာခဲ့ပြီး လွန်ခဲ့သည့် ငါးနှစ်က ပုံမှန်စိုက်ဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။ အိန္ဒိယနိုင်ငံ လယ်ယာစိုက်ပျိုးရေး

|pmrsuES- 6|

## မူဆယ်မြို့တွင် (၁၆) ကြိမ်မြောက် မြန်မာ-တရုတ်နယ်စပ် ကုန်သွယ်ရေးကုန်စည်ပြပွဲ ကျင်းပမည်

|pmrsuES- 15|

## မြန်မာ့ကျောက်မျက်ရတနာ ထွက်ကုန်များသည် ကမ္ဘာ့မည်သည့်ဈေးကွက်တွင်မဆို ယှဉ်ပြိုင်နိုင်သည်ဟုဆို

|pmrsuES- 21|

## ရှင်စောပုယာဉ်ရပ်နားစခန်း ပြောင်းရွှေ့ရမည့်ကိစ္စ အဆုံးအဖြတ်ကို အောက်တိုဘာ ၁၅ ရက်တွင် သိရမည်

|pmrsuES- 22|

## မန္တလေးတိုင်းဒေသကြီးအတွင်းရှိ အဓိက ကန့်သတ်စက်မှု လုပ်ငန်းများအား သက်တမ်းတိုး ဆောင်ရွက်နိုင်ရန် ပုဂ္ဂလိက စက်မှုကြီးကြပ်ရေးအဖွဲ့မှ ကွင်းဆင်းဆောင်ရွက်လျက်ရှိ

|pmrsuES- 26|








JPCTRADE
Japanese Partner for your Car
တိကျသောဘာသာပြန်မှု၊ ချိုသာသောသင်္ဘောတင်ခများအပြင်
အခြားကောင်းမွန်သောဝန်ဆောင်မှုများဖြင့်
WWW.JPCTRADE.COM.MM
WE CAN FIND THE CAR YOU WANT!
" Service Company များ၊ Showroom များအတွက်အထူးဈေးနှုန်းများ၊
၅၀% ငွေပေးချေမှုပုံစံများဖြင့် အထူးဝန်ဆောင်မှုများပေးနေပါပြီ။ "
CHECK OUR WEBSITE
support@jpctrade.com
YOUR BEST JAPANESE CAR BUSINESS PARTNER
Japan-Myanmar Sales Team Hotline
+81-80-2392-7433
Yangon Branch
Room No. 102, 1st Floor, Bldg-D, 212, Shwe Gon Dine Towner, Bahan Township, Yangon.
09 448026203, 09 450006407
Mandalay Branch
No. 3 - 12 / 91, Corner of 63 x 40street, Maha Aung Myay Township, Mandalay.
09 254922299, 09 979069640




ကိုယ်ခန္ဓာအတွက် မရှိမဖြစ်လိုအပ်သည့် အာနိသင်အပြည့်ဝဆုံးသော အာဟာရဓါတ်စာများ
Australia နိုင်ငံ Lifetime Health မှထုတ်လုပ်သည့်
Natural Life
ကျန်းမာနုပျို၍ ရောဂါများကိုကာကွယ်ရန်အတွက် အာဟာရဓါတ်စာအဖြစ် အသက်အရွယ် မရွေး၊ ကျား/မ မရွေး သုံးစွဲနိုင်ပါသည်
propolis liquid
propolis toothpaste
propolis soap
omega 3 1000
BEE POLLEN GRANULES
propolis 500
colostrum
evening primrose oil 1000
lecithin 1200
GMP
NSW Business Chamber
နယ်ကိုယ်စားလှယ်ယူလိုသူများဆက်သွယ်နိုင်ပါသည်
Bee Health Myanmar Co.,Ltd
အမှတ်(၃) အသောကလမ်း၊ ပြည်ထောင်စုရိပ်မွန်၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့, Ph; 09-5242893, 09-251149401, 09-254109237
(တောင်ကြီးရုံးခွဲ) GRACE Fancy Shop အမှတ်(၄၂/၈)၊ သီရိမင်္ဂလာလမ်း၊ ရေအေးကွင်းရပ်ကွက်၊ တောင်ကြီးမြို့, Ph; 09-5242893, 09-5214605, 09-5241878
(တာချီလိတ်ရုံးခွဲ) အခန်းအမှတ်(၆)၊ ရွှေတိဂုံဘုရားလမ်း၊ ရှမ်းရိုးမတိုက်တန်း၊ အထကကျောင်းဘေး၊ ဆန်ဆိုင်၊(၈)ရပ်ကွက်၊ တာချီလိတ်မြို့ Ph; 09-5242893, 09-428235229, 084-53265
lifetimemyanmar@gmail.com, www.lifetimemyanmar.com

# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် အင်ဒိုနီးရှားနိုင်ငံ နိုင်ငံပိုင်လုပ်ငန်းများဝန်ကြီးဌာန၊ ဝန်ကြီးဖြစ်သူ Ms. Rini Soemarno ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့် Japan-Myanmar Association ၏ ဥက္ကဋ္ဌဖြစ်သူ Mr. Hideo WATANABE ဦးဆောင်သော ကိုယ်စားလှယ်များအား လက်ခံတွေ့ဆုံ

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် အောက်တိုဘာ ၆ ရက်က အင်ဒိုနီးရှားနိုင်ငံ၊ နိုင်ငံပိုင်လုပ်ငန်းများဝန်ကြီးဌာန၊ ဝန်ကြီးဖြစ်သူ Ms. Rini Soemarno ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံခဲ့သည်။



ထိုသို့ တွေ့ဆုံဆွေးနွေးရာတွင် ကာလရှည်ကြာစွာ တည်ရှိခဲ့သော နှစ်နိုင်ငံအကြား မိတ်ဖက်ဆက်ဆံရေးကို တိုးမြှင့်သွားရေး၊ နှစ်နိုင်ငံကုန်သွယ်မှု မြှင့်တင်ရေးအတွက် ဆန်၊ ပဲ အပါအဝင် လယ်ယာထွက်ကုန်ပစ္စည်းများ တိုးမြှင့်တင်ပို့သွားနိုင်ရေး၊ မြန်မာနိုင်ငံမှ အင်ဒိုနီးရှားနိုင်ငံသို့ ဆန်တင်ပို့မှုဆိုင်ရာ နားလည်မှုစာချွန်လွှာကို သက်တမ်းတိုးမြှင့်နိုင်ရေး၊ စိုက်ပျိုးရေးနှင့် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ မြန်မာနိုင်ငံသို့ လာရောက်ရင်းနှီးလုပ်ကိုင်ရေးနှင့် အင်ဒိုနီးရှားနိုင်ငံမှ အရည်အသွေးမြင့် ဓာတ်မြေဩဇာများ မြန်မာနိုင်ငံသို့တင်သွင်းနိုင်ရေးကိစ္စများအား အပြန်အလှန် ဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် မွန်းတည့် ၁၂:၀၀ နာရီ၌ Japan-Myanmar Association ၏ ဥက္ကဋ္ဌဖြစ်သူ Mr. Hideo WATANABE ဦးဆောင်သော ကိုယ်စားလှယ်များနှင့် တွေ့ဆုံခဲ့သည်။ ပြည်ထောင်စုဝန်ကြီးက ဆွေနွေးရာတွင် မြန်မာ- ဂျပန် နှစ်နိုင်ငံဆက်ဆံရေးမှာ ယခင်ကတည်းကပင် ခိုင်မာလျက်ရှိပြီး နောင်တွင်လည်း ဆက်ဆံရေး ခိုင်မာစေရေး ပူးပေါင်းဆောင်ရွက်သွားရန်၊ သီလဝါ အထူးစီးပွားရေးဇုန်အား မြန်မာနိုင်ငံ၏ စံပြအထူးစီးပွားရေးဇုန် ဖြစ်လာစေရေး ပူးပေါင်းဆောင်ရွက်သွားရန်၊ ဂျပန်နိုင်ငံမှ ရင်းနှီးမြှုပ်နှံသူများ မြန်မာနိုင်ငံသို့ လာရောက်ရင်းနှီးမြှုပ်နှံနိုင်ရေး ပူးပေါင်း ဆောင်ရွက်သွားရန်နှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရေး နည်းပညာအကူအညီ အထောက်အပံ့ပေးရန်ကိစ္စများအား ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

အဆိုပါ တွေ့ဆုံပွဲအခမ်းအနားများသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **MOC (IR)**

# Huawei က ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော ယဉ်ကျေးမှုအမွေအနှစ်များကို ပြန်လည်ပြုပြင်မွမ်းမံရန်အတွက် ယဉ်ကျေးမှုနှင့် သာသနာရေးဝန်ကြီးဌာနသို့ မြန်မာကျပ်ငွေ သိန်း ၅၀၀ လှူဒါန်း

Huawei နည်းပညာ(ရန်ကုန်) ကုမ္ပဏီလီမိတက်သည် ပြီးခဲ့သည့် ဩဂုတ်လအတွင်းက မြန်မာနိုင်ငံအလယ်ပိုင်းတွင် ဖြစ်ပေါ်ခဲ့သော အင်အားအဆင့် ၆ ဒသမ၈ ရှိ မြေငလျင်ကြောင့် ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်ဒေသများတွင် ထိခိုက်ပျက်စီးမှုများ ရှိခဲ့သည့်အတွက် ပြန်လည်ပြုပြင်မွမ်းမံရေးလုပ်ငန်းစဉ်များ ဆောင်ရွက်နိုင်ရန် ကျပ်သိန်း ၅၀၀ ကို ယဉ်ကျေးမှုနှင့် သာသနာရေးဝန်ကြီးဌာနသို့ အောက်တိုဘာ ၄ ရက်က လှူဒါန်းခဲ့ကြောင်း သိရသည်။




ထို့ပြင် Huawei ကုမ္ပဏီအနေဖြင့် အဆိုပါ ကျပ်သိန်းငါးရာအပြင် Huawei P9 အမျိုးအစား စမတ်ဖုန်း မော်ဒယ်အလုံး တစ်ရာကိုလည်း လှူဒါန်းမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါ Huawei P9 အလုံး တစ်ရာ၏ တန်ဖိုးမှာလည်း ကျပ်သိန်းငါးရာခန့်ရှိသည်ဟု Huawei က သတင်းထုတ်ပြန်ခဲ့သည်။

Huawei နည်းပညာ(ရန်ကုန်) ကုမ္ပဏီလီမိတက်၏ အမှုဆောင်အရာရှိချုပ်ဖြစ်သူ Mr. Zhang Liman က "ကျွန်တော်တို့ Huawei ဟာ လုပ်ငန်းတည်ရှိရာ အရပ်ဒေသတိုင်းရဲ့ လူမှုအသိုက်အဝန်းတိုင်းမှာ တာဝန်သိ ပြည်သူတစ်ဦးအဖြစ် ရပ်တည်လျက်ရှိပါတယ်။ ဒါကြောင့် ယဉ်ကျေးမှုအမွေအနှစ်များဖြစ်တဲ့ ဘုရားကျောင်းကန်၊ စေတီပုထိုးတွေကို ထိန်းသိမ်းစောင့်ရှောက်သွားဖို့ ငလျင်လှုပ်ခတ်ပြီး နောက်ပိုင်းမှာလည်း ပြန်လည်ပြုပြင်မွမ်းမံရေး ဆောင်ရွက်နေတဲ့ အဖွဲ့အစည်းတွေကို ထောက်ပံ့ကူညီပေးဖို့ ဆန္ဒရှိပါတယ်။ မြန်မာပြည်သူပြည်သားများနည်းတူ ကျွန်တော်တို့ကလည်း ထိခိုက်ပျက်စီးခဲ့တဲ့ သမိုင်းဝင်ဒေသတွေကို အမြန်ဆုံးပြန်လည်ပြုပြင်သွားနိုင်မယ်လို့ မျှော်လင့်မိပါတယ်"ဟု ပြောကြားခဲ့သည်။ **မယ်သီတာ**

Commerce JOURNAL

**အတိုင်ပင်ခံစာတည်း**
မင်းမင်း
မြင့်လွင်
ဦးဦးဟန်
မြတ်ထွန်းကျော်

**စာတည်းမှူးချုပ်**
ဉာဏ်တင်

**တာဝန်ခံစာတည်း**
ခင်သီတာအေး

**အုပ်ချုပ်ရေးမှူး**
ဒေါ်အေးအေးမော်

**စာတည်းအဖွဲ့**
ချိုသက်မှူ
ဖြူဖြူဝင်း

**လက်ထောက်စာတည်း**
ယဉ်ယဉ်အေး၊ မော်မော်အောင်၊
ခင်မိုးသူ၊ သီတာဝင်း

**သတင်းထောက်များ**
ထွန်းလိှုင်(မုံရွာ)၊ ရီလင်းထွဋ်(မုံရွာ)၊
မင်းမင်းဦး(ပုသိမ်)၊ ကြည်နိုင်ဦး(အင်းတော်)
မင်းဇော်မွန်(ဖျာပုံ)၊ မြင့်ဦး(ပခုက္ကူ)
ခင်ဆွေဝင်း(ပြည်)၊ ဝေဝေမင်း(ပြည်)၊ နီနီဝင်း(ပြည်)
ဝင်းဝင်းခိုင်(ပြည်)၊ ဇေခိုင်(တောင်ကြီး)၊
မင်းအောင်(တောင်ကြီး)၊ သန်းသန်းတင်(မုံရွာ)
စိုးအောင်(မန္တလေး)၊ မောင်မောင်အေး(မကွေး)

**Proof & Layout Design ကြီးကြပ်**
ခင်စုစုလှိုင်

**ကြော်ငြာတာဝန်ခံ**
မြင့်ဇင်ညွန့် (ဖုန်း-၀၉-၇၃၀၅၃၅၃၁)
ထွန်းထွန်းဝင်း (ဖုန်း-၀၉-၄၂၇၃၇၅၆၃)

**ထုတ်ဝေသူ**
ဦးမြတ်ထွန်းကျော်(၀၁၀၅၅)
အမှတ်၃၇၊ လမ်း၃၀၊ ပန်းဘဲတန်းမြို့နယ်။
ဖုန်း-၂၅၂၀၁၇၊ ၃၇၁၀၂၃

**ဖြန့်ချိရေးတာဝန်ခံ**
သန်းစိုး

**ဖြန့်ချိရေး**
ဇော်ဝင်း၊ မျိုးဇော်၊
အောင်မျိုး၊ အုန်းခင်၊ မြင့်ဆွေ

**ကွန်ပျူတာ**
လဲ့လဲ့မွန်၊ သင်းသီရိအောင်
ခိုင်ဇော်မင်း

**Layout Design & Graphic Design**
CJ Design Group

**ပုံနှိပ်သူ**
ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(၀၀၉၇၇)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**Email Address**
commercejournal.editor@gmail.com

# ဆန်နဲ့ ဆန်ကွဲ တင်ပို့မှုလျော့ကျ

မြန်မာ - တရုတ် နယ်စပ်ရှိ ကုန်သွယ်ရေး စခန်းများမှ စက်တင်ဘာ ၂၄ရက်မှ ၃၀ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၂ ဒသမ ၈၉၂သန်း တန်ဖိုးရှိ ဆန်တန်ချိန်၇၇၁၇ တန်ကျော် တင်ပို့ခဲ့ပါတယ်။ မူဆယ် (၁၀၅)မိုင် ကုန်သွယ်ရေး ဇုန်မှ ငစိန်ဆန် ၂၃၀၄ တန်၊ ဧည့်မထဆန် ၂၉၁၈တန်ကျော်၊ ချင်းရွှေဟော် ကုန်သွယ်ရေးစခန်းမှ ငစိန်ဆန် ၄၂၄ တန်ခန့် နဲ့ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ ငစိန်ဆန် ၂၀၇၁တန် တင် ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ် တင်ပို့မှုနဲ့ နှိုင်းယှဉ်ပါက ၁၆၆၅ တန် လျော့နည်းခဲ့ပါတယ်။

အဆိုပါ ကုန်သွယ်ရေးစခန်းများမှ စက်တင်ဘာလ အတွင်း အမေရိကန် ဒေါ်လာ ၁၃ ဒသမ ၁၉၃ သန်း တန်ဖိုးရှိ ဆန်တန်ချိန် ၃၅၈၅၆တန်ကျော် တင်ပို့ခဲ့ပြီး၊ အနီးစပ် ဆုံး ဩဂုတ်လတင်ပို့မှုနဲ့နှိုင်းယှဉ်ပါက ၂၆၄၇၄ တန်လျော့နည်း ခဲ့ကြောင်းသိရှိရပါတယ်။

ယခုရက်သတ္တပတ်အတွင်း အမေရိကန်ဒေါ်လာ သုည ဒသမ ၄၈၁သန်း တန်ဖိုးရှိ ဆန်ကွဲ တန်၁၄၈၀ကို မူဆယ် (၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှ ဆန်ကွဲ တန် ၁၂၅၀နဲ့ လွယ်ဂျယ် ကုန်သွယ်ရေးစခန်းမှတန် ၂၃၀ တင်ပို့ခဲ့ပါတယ်။ စက်တင်ဘာ တစ်လလုံးမှာ အမေရိကန်ဒေါ်လာ ၁ ဒသမ ၈၆၈ သန်း တန်ဖိုးရှိ ဆန်ကွဲ ၅၇၄၇ တန်ကျော်ကို မူဆယ် ကုန်သွယ်ရေး ဇုန်မှ ၄၅၇၁ တန်ကျော်နဲ့ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ ၁၁၇၆တန်ခန့် တင်ပို့ခဲ့ပါတယ်။ အနီးစပ်ဆုံး ဩဂုတ်လ တင်ပို့မှုထက် ၂၅၀၃တန် လျော့နည်းခဲ့ပါတယ်။

ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ စက်တင်ဘာလ အတွင်း အမေရိကန်ဒေါ်လာ ၁ဒသမ ၆၃၅သန်း တန်ဖိုးရှိ ဆန် ၂၈၆၂တန် တင်ပို့ပြီး အနီးစပ်ဆုံး ဩဂုတ်လ တင်ပို့မှုထက် ၁၇၅၉၃ တန် လျော့နည်းခဲ့ပါတယ်။ ဆန်ကွဲတင်ပို့မှုမှာ အမေရိကန်ဒေါ်လာ ၁ဒသမ ၀၁၂သန်း တန်ဖိုးနဲ့ ၃၀၈၇ တန် ကျော်ဖြစ်ပြီး အနီးစပ်ဆုံး ဩဂုတ်လ တင်ပို့မှုထက် ၁၃၂၅၈ တန် လျော့နည်းခဲ့ပါတယ်။

ယခုဘဏ္ဍာနှစ် ဧပြီ ၁ရက်မှ စက်တင်ဘာ ၃၀ရက် အထိ ဆန်နဲ့ ဆန်ကွဲ နှစ်ရပ်ပေါင်း တင်ပို့မှုမှာ အမေရိကန် ဒေါ်လာ ၁၇၇ဒသမ ၂၇၂သန်းဖိုးနဲ့ တန်ချိန် ၅၁၄၄၄၈ တန် ကျော် ဖြစ်ပြီး ယမန်နှစ် ကာလတူ တင်ပို့မှုထက် အမေရိကန် ဒေါ်လာ ၆၃ဒသမ ၃၁သန်းနဲ့ တန်ချိန် ၁၈၁၇၈၆ ကျော် လျော့နည်းခဲ့ကြောင်း သိရှိရပါတယ်။ **ယဉ်ယဉ်အေး**



# ပုသိမ်ဆန်စပါးဈေးကွက် ဈေးနှုန်းမပြောင်းဘဲ အကျဈေးနှင့်ပင် ဈေးငြိမ်လျက်ရှိ

ပုသိမ်ဆန်စပါးဈေးကွက်မှာ စက်တင်ဘာလအတွင်းက ရှိနေသော စပါး၊ ဆန်ဈေးနှုန်းမှာ အကျဈေးနှုန်းနှင့်ပင် ယခု အောက်တိုဘာလဆန်းမှာလည်း ဈေးနှုန်းတည်ငြိမ်၍ အရောင်းအဝယ်အေးလျက်ရှိကြောင်း၊ လက်ရှိအချိန်မှာ လှောင်စပါးများရှိသော စက်ပိုင်၊ ကုန်သည်အချို့မှာလည်း အရောင်းအဝယ်အေးလျက်ရှိသည့်အတွက် စပါးဟောင်း များကို ရောင်းချရန် လိုက်လံချိတ်ဆက်သော်လည်း ဝယ်ယူ မည့်သူမရှိဖြစ်နေကြောင်း၊ ပုသိမ်ဈေးကွက်မှ အဓိကတင်ပို့ နေသော ရန်ကုန်မြို့နှင့်အညာဒေသများဖြစ်သည့် မန္တလေး၊ ပြည်မြို့တို့နှင့်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များမှလည်း ဝယ်လိုအား လျော့နည်းလျက်ရှိကြောင်း၊ ဧရာဝတီတိုင်းဒေသ ကြီးအတွင်းရှိ မြို့နယ်အားလုံးမှာပင် ဆန်စပါးဈေးကွက် အရောင်းအဝယ် အေးလျက်ရှိပြီး ဒေသတွင်း စားသုံးရန် လက်လီဆိုင်များမှဝယ်ယူမှုသာရှိပြီး မကြာမီ ပေါ်လာမည့် စပါးသစ်ဈေးကွက်တွင် အရောင်းအဝယ်သွက်မှုရှိ၊ မရှိကို စောင့်ကြည့်ရမှာဖြစ်ကြောင်း ဆန်ကုန်သည်တချို့က ပြော ကြားပါတယ်။

**မင်းမင်းဦး**

## အာရှနိုင်ငံတွေက FOB ဆန်ဈေးနှုန်းများ

၆-၁၀-၂၀၁၆ ဒေါ်လာ/တန်

| | ထိုင်း | | | ဗီယက်နမ် | | | အိန္ဒိယ | | | ပါကစ္စတန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၁၀၀% | ၃၉၀ | ၃၇၇ | ▽ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၅% | ၃၆၅ | ၃၅၇ | ▽ | ၃၃၀ | ၃၂၇ | ▽ | ၃၆၅ | ၃၅၀ | ▽ | ၃၄၀ | ၃၃၅ | ▽ |
| ဆန်ဖြူ ၁၀% | - | - | - | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၁၅% | ၃၆၀ | ၃၆၀ | □ | ၃၂၂ | ၃၂၂ | □ | - | - | - | - | - | - |
| ဆန်ဖြူ ၂၅% | ၃၅၅ | ၃၅၅ | □ | ၃၂၀ | ၃၂၀ | □ | ၃၃၀ | ၃၃၀ | □ | ၃၁၀ | ၃၁၂ | △ |
| ပေါင်းဆန် | ၃၇၆ | ၃၆၈ | ▽ | - | - | - | ၃၆၅ | ၃၆၅ | □ | - | - | - |

*Source: oryza.com*

## ပြည်တွင်းမြို့ကြီးများ၏ (၇-၁၀-၂၀၁၆) ရက်နေ့ ဆန်၊ စပါးဈေးနှုန်းများ

ရေတွက်ပုံ-ကျပ်/စပါး(တင်း)၊ ဆန်(တစ်အိတ်)

| မြို့ | ဧည့်မထအုပ်စု | | | | ပေါ်ဆန်းအုပ်စု | | | |
|---|---|---|---|---|---|---|---|---|
| | စပါး | | ဆန် | | စပါး | | ဆန် | |
| | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် |
| **ဆန်ပိုဒေသများ** | | | | | | | | |
| ပြည် | ၅၁၅၀ | ▽ | ၂၀၀၀၀ | ▽ | ၈၁၈၈ | □ | ၃၅၀၀၀ | □ |
| ပုသိမ် | ၅၄၃၀ | ▽ | ၂၂၈၀၀ | □ | ၇၃၆၀ | ▽ | ၃၁၀၀၀ | ▽ |
| ပန်းတနော် | ၅၃၀၀ | □ | ၂၀၀၀၀ | □ | ၇၄၀၀ | □ | ၃၃၀၀၀ | □ |
| ရွှေဘို | ၅၀၀၀ | ▽ | ၂၀၀၀၀ | □ | ၁၃၀၀၀ | △ | ၄၃၀၀၀ | □ |
| စစ်တွေ | ၅၂၀၀ | ▽ | ၂၃၀၀၀ | ▽ | ၇၅၀၀ | ▽ | ၃၁၀၀၀ | ▽ |
| **ဆန်လိုဒေသများ** | | | | | | | | |
| နေပြည်တော် | ၅၅၀၀ | ▽ | ၂၇၀၀၀ | □ | - | - | ၃၇၀၀၀ | □ |
| ရန်ကုန်(ဝါးတန်း) | ၄၅၅၀ | □ | ၁၈၅၀၀ | □ | - | - | ၂၉၀၀၀ | ▽ |
| မန္တလေး | ၇၆၀၀ | □ | ၂၉၀၀၀ | □ | - | - | ၃၅၀၀၀ | □ |
| မကွေး | ၈၅၀၀ | □ | ၂၆၅၀၀ | □ | - | - | ၃၈၀၀၀ | □ |
| မော်လမြိုင် | ၆၄၀၀ | □ | ၂၂၅၀၀ | □ | ၈၀၀၀ | □ | ၃၂၀၀၀ | □ |
| လွိုင်ကော် | ၇၆၆၀ | □ | ၂၇၀၀၀ | □ | - | - | ၄၆၀၀၀ | □ |
| မြိတ် | ၅၅၀၀ | □ | ၂၃၀၀၀ | □ | - | - | ၃၉၀၀၀ | □ |
| ဘားအံ | ၅၀၀၀ | □ | ၂၁၀၀၀ | □ | - | - | ၃၃၀၀၀ | □ |
| တောင်ကြီး | - | - | ၂၂၅၀၀ | □ | - | - | ၄၂၀၀၀ | △ |

မှတ်ချက်။ ။ ပေါ်ဆန်းအုပ်စုတွင် ပဲခူး၊ မော်လမြိုင်၊ မုံရွာ၊ ဘားအံတို့မှာဒေသထွက်ဆန်ဖြစ်ပြီး၊ ပြည်ဆန်ဈေးမှာ နတ္တလင်းဆန်ဈေးဖြစ်ပါသည်။ ဧည့်မထ အုပ်စုတွင် နေပြည်တော်၊ မန္တလေး၊ မကွေး၊လွိုင်ကော်တို့မှာ မနောသုခဆန်၊ ရွှေဘိုမှာအသွယ်စ နှေ(သစ်)အမျိုးအစားဖြစ်ပါသည်။ ရန်ကုန်၏ စပါးဈေးမှာ သန်လျင်မြို့နယ်၏ စပါးဈေးနှုန်းဖြစ်ပါသည်။

## ၃-၁၀-၂၀၁၆ မှ ၇-၁၀-၂၀၁၆ ထိ CO Form များ ထုတ်ပေးမှုစာရင်း ရန်ကုန်တိုင်းဒေသကြီးရုံး

| Sr.No. | Forms | Copies | Total Value (US$) |
|---|---|---|---|
| 1 | Form A | 356 | 17,041,773.186 |
| 2 | Form D | 50 | 2,145,528.864 |
| 3 | Form E | 89 | 1,799,072.948 |
| 4 | Korea GSP | 5 | 62,334.000 |
| 5 | Form AK | 104 | 6,991,754.890 |
| 6 | Form AJ | 20 | 780,675.114 |
| 7 | Form AI | 67 | 3,252,452.340 |
| 8 | Form AANZ | 3 | 2,535.300 |
| 9 | Form DFTP | - | - |
| **Grand Total** | | **694** | **32,076,126.642** |

## ဆန်ချောရော ဆန်ကြမ်းပါ ဈေးကျ

ယခုတစ်ပတ် ရန်ကုန်မြို့ရဲ့ ဆန် ဈေးကွက်မှာ ဝါးတန်းကုန်စည်ဒိုင်ရဲ့ အောက်တိုဘာ ၆ရက် ဈေးနှုန်းအရ ဖျာပုံပေါ်ဆန်းဆန် ထိပ်စတစ်အိတ် ကျပ် ၃၅၅၀၀၊ လတ်စတစ်အိတ် ကျပ် ၃၃၀၀၀၊ ပုသိမ်/မြောင်းမြ ပေါ်ဆန်း ဆန်ထိပ်စတစ်အိတ် ကျပ် ၃၆၀၀၀၊ လတ်စ တစ်အိတ် ကျပ် ၃၃၀၀၀၊ နယ်စုံ ကျိုက်လတ် ပေါ်ဆန်းဆန် ထိပ်စတစ်အိတ် ကျပ် ၃၂၀၀၀၊ လတ်စတစ်အိတ် ကျပ် ၂၉၀၀၀ ဆန်ချောဈေး တစ်အိတ်ကို ကျပ် ၅၀၀မှ ၁၀၀၀ အထိ ဈေးကျလာကြောင်း သိရှိရပါတယ်။ ရွှေဘို ပေါ်ဆန်းဆန်ကတော့ တစ်အိတ်ကို ကျပ် ၄၃၀၀၀ မှ ကျပ် ၄၅၅၀၀နဲ့ ဈေးငြိမ်နေပါတယ်။ ဝါးတန်းကုန်စည် ဒိုင်သို့ ဆန်အဝင် ပုံမှန်ရှိပြီး အရောင်းအဝယ် အေးနေ ကြောင်းသိရပါတယ်။

ဧည့်မထဆန် ထိပ်စတစ်အိတ် ကျပ် ၁၉၀၀၀မှ လတ်စတစ်အိတ် ကျပ် ၁၈၅၀၀နဲ့ ဈေးငြိမ်နေပြီး နှွေသီး ထပ် ရှယ်တစ်အိတ် ကျပ် ၁၇၀၀၀ မှ ကျပ် ၁၇၅၀၀၊ မနောသုခ တစ်အိတ် ကျပ် ၂၅၅၀၀ မှ ကျပ် ၂၆၀၀၀နဲ့ တစ်အိတ်ကို ကျပ် ၅၀၀ မှ ကျပ် ၁၀၀၀ အထိ ဈေးကျ လာပါတယ်။ နှွေဆန် ရက်၉၀ တစ်အိတ်လျှင် ကျပ် ၁၉၅၀၀မှ ကျပ် ၂၁၀၀၀၊ အိတ်စ်ပို့ ဧည့်မထ ၂၅မှတ် ဆန်တစ်အိတ် ကျပ် ၁၅၃၀၀မှ ကျပ် ၁၅၅၀၀ နဲ့ ယခင် တစ်ပတ်အတိုင်း ဈေးငြိမ်နေပါတယ်။

မူဆယ်ကုန်စည်ဒိုင်ရဲ့ ယခုတစ်ပတ် ဆန်ကြမ်း ဈေးနှုန်းမှာ တစ်အိတ်ကို ၃ယွမ်မှ ၉ယွမ်အထိ ဈေးကျ ကြောင်းသိရှိရပါတယ်။ ဧည့်မထ ၅မှတ် မော်ဘီ တစ် အိတ် ၁၃၃ယွမ်မှ ၁၃၅ယွမ်၊ ဧည့်မထ ၅မှတ် စူပါတစ် အိတ် ၁၃၃ယွမ် မှ ၁၃၅ယွမ်၊ ဧည့်မထ ၁၀မှတ် မော်ဘီနဲ့ စူပါတစ်အိတ် ယွမ် ၁၃၀မှ ၁၃၁ယွမ်၊ ဧည့်မထ ၂၅မှတ် မော်ဘီတစ်အိတ် ယွမ် ၁၂၀မှ ၁၂၂ယွမ်၊ ငစိန် ၅မှတ် တစ်အိတ် ၁၃၃ယွမ်မှ ၁၃၅ယွမ်၊ ငစိန် ၁၅ မှတ် တစ် အိတ် ယွမ် ၁၃၀မှ ၁၃၂ယွမ်၊ ငစိန်၂၅မှတ် တစ်အိတ် ၁၂၅ယွမ်မှ ၁၂၇ယွမ် ရှိပါတယ်။ တရုတ်ဖက်မှာ အဖမ်း အဆီးများရှိနေတာကြောင့် ဆန်အထွက်နည်းပြီး ဝယ် လိုအား လျော့ကျ နေတဲ့အတွက် မူဆယ်မှာ ဆန်တွေ ပုံပြီး ဈေးကျတာလို့ သိရပါတယ်။

ပြည်တွင်းနယ်စုံမှ မူဆယ်သို့ ဆန် အဝင်မှာ စက် တင်ဘာ ၂၉ရက်မှ အောက်တိုဘာ ၅ရက် အထိ ၅၂၅၇ တန် ဝင်ကြောင်း သိရှိရပါတယ်။ အောက်တိုဘာ ၇ရက် ငွေလဲနှုန်းအရ ၁ယွမ်ကို ၁၈၉ကျပ် ဈေးပေါက်ကြောင်း သိရှိရပါတယ်။ **ယဉ်ယဉ်အေး**

## ပြည်တွင်းဈေးကွက်များမှ ပဲမျိုးစုံဈေးနှုန်းအပြောင်းအလဲ

၃၀-၉-၂၀၁၆ ကျပ်/ပိဿာ

| | ပဲအမျိုးအမည် | ရန်ကုန် | | | မန္တလေး | | | မုံရွာ | | | မကွေး | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ၃၀/၉ | ၇/၁၀ | ပြောင်းလဲမှု | ၃၀/၉ | ၇/၁၀ | ပြောင်းလဲမှု | ၃၀/၉ | ၇/၁၀ | ပြောင်းလဲမှု | ၃၀/၉ | ၇/၁၀ | ပြောင်းလဲမှု |
| ၁ | မတ်ပဲ | ၂၂၇၅ | ၂၃၅၁ | ▲ | ၂၄၁၇ | ၂၄၁၇ | ■ | - | - | - | ၂၂၅၀ | ၂၂၅၀ | ■ |
| ၂ | ပဲစင်းငုံ | ၁၀၅၈ | ၁၀၃၅ | ▼ | - | - | - | - | - | - | ၁၀၅၀ | ၁၀၀၀ | ▼ |
| ၃ | ပဲတီစိမ်း | ၁၃၆၅ | ၁၄၀၀ | ▲ | ၁၂၈၀ | ၁၂၈၀ | ■ | ၁၂၈၉ | ၁၃၁၆ | ▲ | ၁၁၀၅ | ၁၁၈၅ | ▲ |
| ၄ | ကုလားပဲရိုးရိုး | ၂၆၅၀ | ၂၇၀၀ | ▲ | - | - | - | ၂၁၀၄ | ၂၂၆၃ | ▲ | ၂၁၀၅ | ၂၀၀၀ | ▼ |
| ၅ | ပဲလွန်းဖြူ | ၁၀၅၀ | ၁၀၃၀ | ▼ | - | ၁၀၈၃ | - | - | - | - | ၁၄၅၀ | ၁၅၅၀ | ▲ |
| ၆ | ထောပတ်ပဲ | ၆၆၀ | ၆၉၅ | ▲ | ၇၂၉ | ၇၁၁ | ▼ | - | - | - | ၅၃၀ | ၆၃၀ | ▲ |

* မှတ်ချက်။ ဖော်ပြပါဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## ရန်ကုန် FOB နဲ့ အိန္ဒိယဈေးကွက် ပဲမျိုးစုံဈေးနှုန်း အပြောင်းအလဲ

၇-၁၀-၂၀၁၆ ဒေါ်လာ/တန်

| | ပဲအမျိုးအမည် | ရန်ကုန် FOB | | | အိန္ဒိယ | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | | | မွမ်ဘိုင်း | | | ဒေလီ | | |
| | | ၂၉/၉ | ၆/၁၀ | ပြောင်းလဲမှု | ၂၉/၉ | ၆/၁၀ | ပြောင်းလဲမှု | ၂၉/၉ | ၆/၁၀ | ပြောင်းလဲမှု |
| ၁ | မတ်ပဲ | ၁၁၃၀ | ၁၁၆၀ | ▲ | ၁၂၁၇ | ၁၂၇၆ | ▲ | ၁၂၀၂ | ၁၁၂၆ | ▼ |
| ၂ | ပဲစင်းငုံ | ၉၂၀ | ၉၁၀ | ▼ | ၁၀၅၉ | ၁၀၄၃ | ▼ | ၁၀၆၇ | ၁၀၈၁ | ▲ |
| ၃ | ပဲတီစိမ်း | ၆၂၀ | ၆၂၀ | ■ | ၇၃၆ | ၇၂၀ | ▼ | ၇၀၀ | ၇၀၀ | ▼ |
| ၄ | ကုလားပဲဖြူလုံးကြီး | ၁၀၀၀ | ၁၀၅၀ | ▲ | ၁၄၁၂ | ၁၅၄၆ | ▲ | ၁၄၂၇ | ၁၆၂၂ | ▲ |

* မှတ်ချက်။ ရန်ကုန် FOB ဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## အပတ်စဉ် ပဲမျိုးစုံတင်ပို့မှု FOB အရောင်းအဝယ်ဖြစ်မှု အခြေအနေ

ရေတွက်ပုံ-တန်ချိန်

| ပဲအမျိုးအစား | ပြည်ပတင်ပို့မှု | | ပြည်ပတင်ပို့မှု |
|---|---|---|---|
| | ယခင်တစ်ပတ် (၂၄-၉-၁၆)ထိ | ယခုတစ်ပတ် (၁-၁၀-၁၆)ထိ | (၁-၁-၁၆) မှ (၁-၁၀-၁၆) ထိ |
| မတ်ပဲ | ၃၉၈၉ | ၂၀၉၁ | ၃၉၈၅၇၈ |
| ပဲတီစိမ်း | ၆၀၈ | ၃၈၄ | ၁၄၉၂၅၃ |
| ပဲစင်းငုံ | ၄၅၂ | - | ၁၇၈၈၉၆ |
| ကုလားပဲ | - | - | ၂၅၉၆၀ |
| ပဲလွန်းဖြူ | ၄၇ | - | ၁၅၅၃၉ |
| မြေထောက်ပဲ | - | - | ၁၀၀၈၉ |

## ပြည်ဈေးကွက်တွင် လုံးဆန်အဝယ်ရပ်လို့ ဈေးကျပြီး ဆီဆန်ဈေးငြိမ်

ပြည်ဈေးကွက်တွင် ယခုတစ်ပတ်၌ လုံးဆန်အဝယ်ရပ်သဖြင့် ဈေးကျလာပါတယ်။ ဆီဆန်ဈေးမှာ အဝယ်ရှိသော်လည်း ဈေးငြိမ်နေတာတွေ့ရပါတယ်။ မြန်အောင်၊ ကြံခင်း၊ ပေါက်ခေါင်း၊ ပေါင်းတလည်၊ ဝက်ထီးကန်ဘက်မှ တစ်နေ့လျှင် အိတ် ၁၅၀၀ ခန့်အဝင်ရှိပြီး မကွေး၊ မြင်းခြံ၊ ပခုက္ကူနှင့်ရန်ကုန်ဘက်မှ ဆီဆန်ကို အဝယ်ရှိနေတာတွေ့ရပါတယ်။ လုံးဆန်ကိုဝယ်လက်အဝယ်ရပ်သဖြင့် ဈေးကျနေတာတွေ့ရပါတယ်။

မြေပဲဆန်ဈေးအနေဖြင့် စက်တင်ဘာလဆန်းတွင် ဆီဆန်တစ်ပိဿာလျှင် ကျပ် ၁၆၀၀ နဲ့ လုံးဆန်တစ်ပိဿာလျှင် ၂၁၅၀ကျပ်ဈေးရှိခဲ့ပြီး စက်တင်ဘာလကုန်တွင် မြေပဲဆီဆန်တစ်ပိဿာလျှင် ၁၄၅၀ ကျပ်နှင့် လုံးဆန် တစ်ပိဿာလျှင် ကျပ် ၁၉၀၀ဖြင့်ဈေးကျလာတာတွေ့ရပါတယ်။

ယခုတစ်ပတ် အောက်တိုဘာလဆန်းပိုင်းတွင် မြေပဲဆီဆန် တစ်ပိဿာလျှင် ၁၄၅၀ ကျပ်နဲ့ လုံးဆန် တစ်ပိဿာလျှင် ကျပ် ၁၇၀၀ ဈေးရှိတာတွေ့ရပါတယ်။ မြေပဲဆီဈေးမှာလည်း တစ်ပိဿာလျှင် ကျပ် ၄၄၀၀ ဈေးဖြင့် တစ်ပိဿာလျှင် ကျပ် ၁၀၀ ဈေးကျလာတာ တွေ့ရပါတယ်။

ဝေဝေမင်း

## ပြည်တွင်းလက်လီပဲဈေးကွက်မှာ ပြည်စားတော်ပဲဈေးကောင်းရ

ပြည်ပဲဈေးကွက်အတွင်း ဒေသတွင်းဝယ်လက်များနဲ့သာ လက်လီရောင်းဝယ်မှုရှိတဲ့ စားတော်ပဲသီးနှံဟာ ပြည်ပဝယ်လက်ရှိတဲ့ မတ်ပဲ၊ ပဲစင်းငုံသီးနှံများနည်းတူ ပြည်တွင်းဈေးကွက်မှာ ဈေးကောင်းရနေတဲ့ ပဲတစ်မျိုးဖြစ်ခဲ့ပါတယ်။ ပဲတစ်တင်းလျှင်ကျပ် ၃၉၀၀၀ ဖြင့် စက်တင်ဘာလကုန်ဈေးအတိုင်းဈေးငြိမ် အရောင်းအဝယ်ဖြစ်လျက်ရှိပြီး လက်လီအိတ်အနည်းငယ်သာ ရောင်းချမှုရှိခဲ့ပါတယ်။ စားတော်ပဲသီးနှံဈေးဟာ နှစ်စဉ်လိုလို ဈေးကောင်းရခဲ့လို့ ယခင်နှစ်အောက်တိုဘာလဆန်းရက်မှာလည်း တစ်တင်းကျပ် ၃၇၀၀၀ ရရှိခဲ့တယ်လို့ သိရပါတယ်။ ယခုနှစ်အောက်တိုဘာလဆန်းဈေးမှာ ယခင်နှစ်ထက်ဈေးအနည်းငယ်ပိုနေခဲ့တဲ့အတွက် အခြားပဲများ ဈေးအေးကြပေမယ့် ပြည်တွင်းလက်လီဈေးကွက်မှာ ဈေးကောင်းရလျက်ရှိတဲ့ ပဲဖြစ်ကြောင်းလေ့လာသိရှိရပါတယ်။ ခင်ဆွေဝင်း

## ပဲတီစိမ်းနဲ့မတ်ပဲ ဈေးအနည်းငယ်အေးပြီး ဆီထွက်သီးနှံ အများစု ဈေးမာနဲ့ အရောင်းအဝယ်ဖြစ်နေတဲ့ မန်းကုန်စည်ဒိုင်



မန္တလေးကုန်စည်ဒိုင် (ပွဲစား၊ ကုန်သည်၊ စက်ပိုင်များ မဟာကထိန်တော်အသင်း)မှာ နေ့စဉ်(ဥပုသ်နေ့မှအပ) လယ်ယာထွက်ကုန်သီးနှံများအား အနယ်နယ်အရပ်ရပ်မှ ပွဲစား၊ ကုန်သည်၊ စက်ပိုင်များလာရောက်ပြီး အရောင်းအဝယ်ပြုလုပ်ကြပါတယ်။

၂၀၁၆ ခုနှစ် အောက်တိုဘာလ ပထမပတ်မှာ ပဲတီစိမ်း တစ်ပိဿာ၁၃၆၉ ကျပ်(တစ်တန် ၈၃၈၃၆၂ ကျပ်) နဲ့အရောင်းအဝယ်ဖြစ်လို့ ယခင်တစ်ပတ်ဈေးနှုန်း အောက်တစ်ပိဿာ ၅၃ ကျပ်(တစ်တန် ၃၂၄၅၇ ကျပ်)နဲ့ ဈေးအေးသွားပေမယ့် နေ့စဉ် သုံးတင်းအိတ် ၈၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ယခုတစ်ပတ်မှာ ပဲလွန်းဖြူ တစ်ပိဿာ ၁၀၈၃ ကျပ်(တစ်တန် ၆၆၃၂၁၈ ကျပ်) နဲ့ ယခင်တစ်ပတ်ဈေးနှုန်း အတိုင်း နေ့စဉ်သုံးတင်းအိတ် ၁၀၀ ခန့်၊ ပဲကြီးတစ်ပိဿာ ၁၅၃၈ ကျပ်(တစ်တန် ၉၄၁၈၅၆ ကျပ်) နဲ့ အရောင်းအဝယ်ဖြစ်လို့ယခင်တစ်ပတ်ဈေးထက် တစ်ပိဿာ ၉၀ ကျပ်(တစ်တန် ၅၅၁၁၅ ကျပ်)နဲ့ နေ့စဉ်သုံးတင်းအိတ် ၃၀၀ ကျော်၊ ပဲနီပြား တစ်ပိဿာ ၁၁၇၆ ကျပ်(တစ်တန် ၇၂၀၁၇၀ ကျပ်)နဲ့ ယခင်တစ်ပတ်ကာလတူဈေးအောက်တစ်ပိဿာ ကျပ် ၁၀၀ (တစ်တန် ၆၁၂၃၉ ကျပ်) ဈေးအေးပေမယ့် နေ့စဉ်သုံးတင်းအိတ် ၂၀၀ ခန့်၊ ပဲပုပ်(ရှမ်း) တစ်ပိဿာ ၉၅၈ ကျပ်(တစ်တန် ၅၈၆၆၇၀ ကျပ်)၊ ပဲပုပ်(ဗမာ) တစ်ပိဿာ ၉၃၉ ကျပ်(တစ်တန် ၅၇၅၀၃၄ ကျပ်)နဲ့ ယခင်တစ်ပတ် ကာလတူဈေးနှုန်းအတိုင်းနေ့စဉ် သုံးတင်းအိတ် ၂၅၀ ကျော်၊ ပဲယင်း (သေး) တစ်ပိဿာ ၆၆၇ ကျပ်(တစ်တန် ၄၀၈၄၆၄ ကျပ်)နဲ့ နေ့စဉ်သုံးတင်းအိတ် ၁၀၀ ခန့်၊ ထောပတ်ပဲ (သေး) တစ်ပိဿာ ၇၄၇ ကျပ်(တစ်တန် ၄၅၇၄၅၅ ကျပ်) ဖြင့် နေ့စဉ်သုံးတင်းအိတ် ၁၀၀ ခန့်၊ ပဲဇီးကွက်တစ်ပိဿာ ၈၇၆ ကျပ်(တစ်တန် ၅၃၆၄၅၄ ကျပ်)နဲ့ အရောင်းအဝယ်ဖြစ်လို့ ယခင်တစ်ပတ်ကာလတူဈေးနှုန်းအထက် တစ်ပိဿာ ၃၅ ကျပ်(တစ်တန် ၂၁၄၃၄ ကျပ်)ဈေးမာနဲ့ နေ့စဉ်သုံးတင်းအိတ် ၁၅၀ခန့်၊ နိုင်လွန်ပဲတစ်ပိဿာ ၁၀၁၃ ကျပ်(တစ်တန် ၆၂၀၃၅၁ ကျပ်)နဲ့ ယခင်တစ်ပတ် ကာလတူဈေးအတိုင်းနေ့စဉ်သုံးတင်းအိတ် ၂၀၀ ခန့်၊ မြေထောက်ပဲတစ်ပိဿာ ၁၄၈၁ ကျပ် (တစ်တန် ၉၀၆၉၅၀ကျပ်)နဲ့ ယခင်တစ်ပတ်ကာလတူဈေးနှုန်းအတိုင်း နေ့စဉ် သုံးတင်းအိတ် ၃၀၀ ခန့် အရောင်းအဝယ်ဖြစ်ကြောင်းသိရပါတယ်။

ရန်ကုန်ဝယ်လက်နဲ့ အိန္ဒိယဝယ်လက်တို့ ဝယ်ယူနေတဲ့ မတ်ပဲက ယခုတစ်ပတ်မှာ တစ်ပိဿာ ၂၄၁၇ကျပ်(တစ်တန် ၁၄၈၀၁၄၇ ကျပ်)နဲ့ အရောင်းအဝယ်ဖြစ် လို့ ယခင်တစ်ပတ်ကာလတူဈေးအောက်တစ်ပိဿာ ၈၃ ကျပ်(တစ်တန် ၅၀၈၂၈ ကျပ်) ဈေးအေးပေမယ့် နေ့စဉ်သုံးတင်းအိတ် ၆၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ကုလားပဲဖြူကြီးတစ်ပိဿာ ၂၂၀၀ ကျပ်(တစ်တန် ၁၃၄၇၈၇၀ ကျပ်)၊ ကုလားပဲထိုင်ဝမ်က တစ်ပိဿာ ၂၁၁၆ ကျပ်(တစ်တန် ၁၂၉၅၈၁၇ ကျပ်)နဲ့ ကုလားပဲ နှစ်မျိုးပေါင်း နေ့စဉ်သုံးတင်းအိတ် ၅၀၀ ခန့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရပါတယ်။

ယခုတစ်ပတ် ဆီထွက်သီးနှံများဖြစ်တဲ့ နှမ်းရောင်စုံနဲ့ မြေပဲရဲ့ ဈေးနှုန်းများမှာ နှမ်းဖြူတစ်ပိဿာ ၂၂၂၂ ကျပ် (တစ်တန် ၁၃၆၀၇၃၁ ကျပ်)နဲ့ အရောင်းအဝယ်ဖြစ်လို့ ယခင်တစ်ပတ်ကာလတူဈေးနှုန်းထက် တစ်ပိဿာ ၂၂၂ ကျပ်(တစ်တန် ၁၃၅၉၅၁ ကျပ်) မြင့်တက်ခဲ့ပါတယ်။ နှမ်းညိုတစ်ပိဿာ ၁၆၆၂ ကျပ်(တစ်တန် ၁၀၁၇၇၉၂ ကျပ်)နဲ့ အရောင်းအဝယ်ဖြစ်လို့ ယခင်တစ်ပတ်ကာလတူဈေးနှုန်းထက် တစ်ပိဿာ ၂၀၀ ကျပ်(တစ်တန် ၁၂၂၄၇၈ ကျပ်) မြင့်တက်ခဲ့ကာ နှမ်းနက် တစ်ပိဿာ ၂၈၈၉ ကျပ်(တစ်တန် ၁၇၆၉၁၉၄ ကျပ်)နဲ့ အရောင်းအဝယ်ဖြစ်လို့ ယခင်တစ်ပတ်ကာလတူဈေးနှုန်း အထက်တစ်ပိဿာ ၃၁၁ ကျပ်(တစ်တန် ၁၉၀၄၅၃ ကျပ်) ဈေးမြင့်တက်ခဲ့ပါတယ်။ နှမ်းနက်(စမုံ) က တစ်ပိဿာ ၃၄၄၄ ကျပ်(တစ်တန် ၂၁၀၉၀၇၁ ကျပ်)နဲ့ အရောင်းအဝယ်ဖြစ်လို့ ယခင်တစ်ပတ်ကာလတူဈေးနှုန်းထက် တစ်ပိဿာ ၄၄ ကျပ် (တစ်တန် ၂၆၉၄၅ ကျပ်) မြင့်တက်ခဲ့ပြီး ပန်းနှမ်းတစ်ပိဿာ ကျပ် ၁၈၀၀ (တစ်တန် ၁၁၀၂၃၀၂ ကျပ်)နဲ့ အရောင်းအဝယ် ဖြစ်လို့ ယခင်တစ်ပတ် ဈေးနှုန်းအောက်တစ်ပိဿာ ၈၉ ကျပ် (တစ်တန် ၅၄၅၀၃ ကျပ်) ဈေးကျဆင်းခဲ့ပါတယ်။ အဆိုပါ နှမ်းငါးမျိုး နေ့စဉ်သုံးတင်းအိတ် ၄၀၀ ကျော် အရောင်းအဝယ် ဖြစ်လျက်ရှိပါတယ်။ မြေပဲဆန် S1 လုံးဆန်တစ်ပိဿာ ကျပ် ၁၈၀၀ (တစ်တန် ၁၁၀၂၃၀ ကျပ်) နဲ့ အရောင်းအဝယ်ဖြစ်လို့ ယခင်တစ်ပတ်ကာလတူဈေးနှုန်းအထက် တစ်ပိဿာ ကျပ် ၁၀၀ (တစ်တန် ၆၁၂၃၉ ကျပ်) ဈေးမာလျက်နေ့စဉ်သုံးတင်း အိတ် ၆၀၀ ကျော် အရောင်းအဝယ်ဖြစ်ကြောင်းသိရပါတယ်။

ဒီတစ်ပတ်မှာ ပြည်ပ(တရုတ်)က ဆွဲတဲ့ ပဲတီစိမ်းဈေး အနည်းငယ်အေးသလို ရန်ကုန်နဲ့ပြည်ပ(အိန္ဒိယ)ကဆွဲတဲ့ မတ်ပဲလည်း ဈေးအနည်းငယ်အေးကြောင်း၊ ဆီထွက်သီးနှံ အများစု ဈေးမာနဲ့အရောင်းအဝယ်ဖြစ်ပေမယ့် ပစ္စည်းလက်ကျန် နည်းနေတာကြောင့် ထင်သလောက်အရောင်းအဝယ် မဖြစ်ကြောင်း၊ ပြောင်းဖူးစေ့များမှာ ဒေသတွင်းလုပ်ငန်းရှင်များကသာ ဝယ်ယူမှုရှိပြီး ဈေးအေးသလို အရောင်းအဝယ် လည်းအေးကြောင်း ကုန်သည်ကြီးတစ်ဦးက ပြောတယ်။

စိုးအောင်(မန္တလေး)

# ပြည်မတ်ပဲဈေး မြင့်လာသော်လည်း ယခင်နှစ်ဈေးကို မမီခဲ့

ပြည်ပဲဈေးကွက်မှာ အောက်တိုဘာလဆန်းရက် ပြည်ပဝယ်လက် ပဲများ ဈေးမြင့်လာတာကို တွေ့ရပါတယ်။ မတ်ပဲသီးနှံမှာ စက်တင်ဘာလအတွင်း ဈေးအေး အရောင်းအဝယ်ဖြစ်ခဲ့တဲ့အတွက် အိတ်အနည်းငယ်သာ ရောင်းဝယ်မှုရှိခဲ့ပြီး လကုန် ရက်မှစ၍ ဈေးပြန်လှုပ်လာခဲ့ပါတယ်။ ယခုလဆန်းရက်မှာလည်း ဈေးဆက်မြင့်တက်ခဲ့ကာ ရန်ကုန်ဝယ်လက်များ နေ့စဉ်အဝယ်ရှိခဲ့ပါတယ်။ အိတ် ၂၀၀ ကျော် အရောင်းအဝယ်ဖြစ်ခဲ့ပြီး လက်ကျန်ပဲများရော ပဲအဝင်ပါရှိခဲ့လို့ ဝယ်လိုအားရှိသလောက် ရောင်းချနိုင်ခဲ့ပါတယ်။ ပန်းတောင်း၊ ပေါင်းတလည်၊ ပေါက်ခေါင်း၊ ရွှေတောင်၊ ကျီးသဲမြို့နယ်များမှ နေ့စဉ်ဝင်ရောက်နေတယ်လို့ သိရပါတယ်။ ပဲဈေးနှုန်းမှာ တစ်တင်း ၄၆၅၀၀ ကျပ်ဖြင့် စက်တင်ဘာလကုန်ဈေးထက် ဈေးပိုရလာခဲ့ပေမယ့် ယခင်နှစ် အောက်တိုဘာလဈေးကိုတော့ မမီခဲ့ကြောင်း သိရပါတယ်။

**ခင်ဆွေဝင်း**

# ဈေးအေးခဲ့တဲ့ ပြည်ပဲတီစိမ်းဈေးပြန်မြင့်လာ

အောက်တိုဘာလဆန်းတွင် ပဲဈေးအချို့ဈေးမြင့်တက်ခဲ့လို့ ပဲသစ်ပေါ်ချိန်မှစ၍ ဈေးကောင်းမရဘဲ ဈေးအေးခဲ့တဲ့ ပဲတီစိမ်းသီးနှံဟာ ယခုတစ်ပတ်မှာတော့ တစ်တင်းကျပ် ၂၄၅၀၀ ရရှိခဲ့တဲ့အတွက် ပဲသစ်ပေါ်ချိန်အဖွင့်ဈေးကို မီလုနီးပြီ ဖြစ်ပါတယ်။

ပဲသစ်ပေါ်စ ဩဂုတ်လဆန်းမှာ တစ်တင်း ၂၅၅၀၀ ကျပ်ဖြင့် ဈေးဖွင့်ခဲ့ပြီး ပဲအဝင်လှိုင်လာချိန်မှစ၍ ပဲဈေးနှုန်းများ လျော့နည်းကျဆင်းခဲ့ကာ မန္တလေးဝယ်လက်က နေ့စဉ်ဝယ်ယူမှုရှိခဲ့ပါတယ်။ ပဲဝင်ရောက်မှုနည်းပါးလာသော်လည်း ပန်းတောင်း၊ မင်းတုန်း၊ ကံမနယ်စုံမှ အိတ် ၁၀၀ ကျော် နေ့စဉ်ဝင်ရောက်ခဲ့သလို မန္တလေးဝယ်လက်မှ အဝင်ရှိသလောက် ဝယ်ယူခဲ့လို့ အိတ် ၁၀၀ ကျော် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရှိရပါတယ်။

**ခင်ဆွေဝင်း**

# တာချီလိတ်မှ လက်ဖက်ခြောက် ပိုမိုတင်ပို့

မြန်မာ-ထိုင်း နယ်စပ်ရှိ တာချီလိတ်ကုန်သွယ်ရေးစခန်းမှ စက်တင်ဘာနောက်ဆုံးပတ်တွင် အမေရိကန်ဒေါ်လာ ၄၇၁၃၈ တန်ဖိုးရှိ လက်ဖက်ခြောက် တန် ၁၂၀ ကျော် တင်ပို့ခဲ့ပါတယ်။ ယခင် တစ်ပတ်က ၅တန်သာ တင်ပို့ ခဲ့လို့ ယခုတစ်ပတ်တာချီလိတ်မှ လက်ဖက်ခြောက် ပိုမိုတင်ပို့လာတာ တွေ့ရပါတယ်။ တာချီလိတ်မှတစ်ဆင့် ထိုင်းနိုင်ငံသို့ စက်တင်ဘာလမှာ လက်ဖက်ခြောက် တန် ၁၇၀ ကျော် တင်ပို့နိုင်ခဲ့တယ်လို့ သိရပါတယ်။

"ဂျာမနီကို လက်ဖက်ခြောက်ရောင်းဖို့ စီစဉ်နေတာ တစ်နှစ်လောက်ရှိပြီ။ သူတို့က လက်နဲ့လုပ်တဲ့ လက်ဖက်ခြောက် မဟုတ်ဘဲ စက်နဲ့လုပ်တဲ့ အရည်အသွေးပြည့် လက် ဖက်ခြောက်ကိုလိုချင်တာ။ ကိုယ့်ဘက်က သူတို့လိုချင်တဲ့ စံနှုန်းရအောင် ပြင်ဆင်နေပါတယ်"လို့ မြန်မာနိုင်ငံ သစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်ရောင်းချသူများအသင်းမှ သိရှိရပါတယ်။

**မော်မော်အောင်**

# ပြည်ပဲမျိုးစုံဈေးကွက်၏ နှစ်အလိုက်ကာလတူအချိန် ပဲဈေးနှုန်းနှိုင်းယှဉ်မှုအခြေအနေ

ပဲခူးတိုင်းဒေသကြီး၊ ပြည်ပဲမျိုးစုံဈေးကွက်အတွင်း အဓိက အရောင်းအဝယ်ဖြစ်ခဲ့သော ပဲများ၏ ဈေးနှုန်းများအား နှစ်အလိုက် ကာလတူအချိန်ဖြစ်ပေါ်ခဲ့သော ဈေးနှုန်းများအားလေ့လာရာမှာ ပဲသီးနှံအားလုံးလိုလို ၂၀၁၅ စက်တင်ဘာလဈေးနှုန်းများအရ ၂၀၁၄ ခုနှစ်ထက် ဈေးကောင်းရလာပေမယ့် ၂၀၁၆ ခုနှစ် စက်တင်ဘာလ ဈေးနှုန်းအရတော့ မတ်ပဲ၊ ကုလားပဲနှင့် ပဲပုပ်သီးနှံများသာ ဈေးဆက်ကောင်းလာပြီး ပဲတီစိမ်း၊ ပဲစင်းငုံနှင့်ပဲကြီးသီးနှံများ ဈေးပြန်လျော့နည်း အရောင်းအဝယ်ဖြစ်ခဲ့ကြတာကို အောက် ဖော်ပြပါဇယားအရ လေ့လာတွေ့ရှိရပါတယ်-

ရေတွက်ပုံ-တင်းဈေး(ကျပ်)

| ပဲအမျိုးအစား | ၂၀၁၄ စက်တင်ဘာလ | | ၂၀၁၅ စက်တင်ဘာလ | | ၂၀၁၆ စက်တင်ဘာလ | |
|---|---|---|---|---|---|---|
| | နိမ့် | မြင့် | နိမ့် | မြင့် | နိမ့် | မြင့် |
| မတ်ပဲ | ၂၂၀၀၀ | ၂၇၅၀၀ | ၃၆၅၀၀ | ၆၃၀၀၀ | ၄၂၅၀၀ | ၄၅၅၀၀ |
| ပဲတီစိမ်း | ပစ္စည်း လက်ကျန်ပြတ် | | ၃၇၅၀၀ | ၄၀၀၀၀ | ၂၁၀၀၀ | ၂၃၅၀၀ |
| ပဲစင်းငုံ | ၂၁၂၀၀ | ၂၃၄၀၀ | ၅၃၀၀၀ | ၅၃၃၀၀ | ၃၄၇၀၀ | ၃၈၅၀၀ |
| ကုလားပဲ | ၁၃၁၀၀ | ၁၄၁၀၀ | ၃၀၅၀၀ | ၃၃၅၀၀ | ၃၈၅၀၀ | ၄၃၀၀၀ |
| ပဲကြီး(ရွှေကျွန်း) | ၂၅၀၀၀ | ၂၅၅၀၀ | ၃၅၀၀၀ | ၃၅၅၀၀ | ၂၇၀၀၀ | ၂၇၅၀၀ |
| ပဲကြီး(ကမ်းနား) | ၂၂၀၀၀ | ၂၂၅၀၀ | ၃၁၅၀၀ | ၃၃၀၀၀ | ၂၃၅၀၀ | ၂၄၅၀၀ |
| ပဲပုပ် | ၁၉၅၀၀ | ၂၀၀၀၀ | ၁၇၅၀၀ | ၁၈၅၀၀ | ၂၂၀၀၀ | ၂၂၃၀၀ |

မတ်ပဲသီးနှံမှာ တစ်နှစ်ထက်တစ်နှစ်ဈေးကောင်းရလာခဲ့ပြီး ၂၀၁၅ ခုနှစ် စက်တင်ဘာမှာ ပဲဈေးနှုန်းများဟာ စံချိန်တင် မြင့်တက်ခဲ့တဲ့အတွက် တစ်တင်းကျပ်ခြောက်သောင်းကျော်အထိ ရရှိလာခဲ့ပါတယ်။ ၂၀၁၄ ခုနှစ်အတွင်းမှာ ပဲတစ်တင်းလျှင် ကျပ် ၂၂၀၀၀ မှ ကျပ် ၂၇၅၀၀ အထိသာရရှိခဲ့ပေမယ့် ယခင်နှစ်စက်တင်ဘာလကုန်ရက်၌ ဈေးလျော့နည်းကျဆင်းခဲ့လို့ လဆန်းရက်ထက် တစ်တင်းကျပ် ငါးထောင်ကျော် လျော့နည်းခဲ့ပါတယ်။ လဆန်းရက်တွင် တစ်တင်း ၂၇၅၀၀ ကျပ်အထိ ရရှိခဲ့တာကိုလည်း တွေ့ရပါတယ်။ ၂၀၁၅ စက်တင်ဘာလမှာတော့ ယခင်နှစ်ကထက် ဈေးကောင်းရလာခဲ့လို့ တစ်တင်း ၃၆၅၀၀ ကျပ်မှ လကုန်ရက်မှာ တစ်တင်းကျပ် ၆၃၀၀၀ အထိရရှိခဲ့ကြတာကိုလည်း တွေ့ရကာ အောက်တိုဘာမှာလည်း ဈေးဆက်မြင့်တက်လာပြီး ဈေးကွက်အတွင်း မျက်နှာပန်းလှလှနဲ့ အရောင်းအဝယ်ဖြစ်ခဲ့ကြပါတယ်။ ၂၀၁၆ ခုနှစ်မှာ တစ်တင်း ၄၂၅၀၀ ကျပ်ဖြင့် ဈေးအေးနေခဲ့ရာမှ လကုန်ပတ်တွင် ဈေးပြန်လည်မြင့်တက် ခဲ့ကာ ၄၅၅၀၀ ကျပ်အထိ ပြန်လည်ဈေးမော့လာခဲ့တဲ့အတွက် ယခင်နှစ်စက်တင်ဘာလဆန်းရက်က ဈေးထက်ဈေးပိုရလာပေမယ့် လကုန်ရက်ဈေးအနေဖြင့် စံချိန်တင်မြင့်တက်ခဲ့တဲ့ ယခင်နှစ်က ဈေးကိုတော့ မမီခဲ့ဘူးလို့သိရပါတယ်။ ယခုနှစ်မှာလည်း ယခင်နှစ်ကကဲ့သို့ အောက်တိုဘာလအတွင်း မျိုးပဲရာသီတွင် ဈေးဆက်ကောင်းမလား စောင့်မျှော်နေကြကာ လက်ဝယ်ပဲများဆက်လက် သိုလှောင်ထားရှိတဲ့သူတွေလည်း ရှိခဲ့ကြောင်း သိရပါတယ်။

ပဲတီစိမ်းသီးနှံဈေးနှုန်းကို လေ့လာပါက ပဲတီစိမ်း သီးနှံဟာ ၂၀၁၄ ခုနှစ် စက်တင်ဘာလအတွင်း ပဲလက်ကျန်မရှိတော့လို့ အရောင်းအဝယ်မဖြစ်ခဲ့တာကို တွေ့ရပါတယ်။ ၂၀၁၅ စက်တင်ဘာလဈေးနှုန်းက တစ်တင်း ၃၇၅၀၀ ကျပ်မှ ကျပ် ၄၀၀၀၀ အထိရခဲ့လို့ ဈေးကောင်းရခဲ့ကြပေမယ့် ယခုနှစ် ၂၀၁၆ ခုနှစ်အတွင်းမှာ ပဲတီစိမ်းသီးနှံဟာ ပဲသစ်ပေါ်ချိန်မှာကတည်းက ဈေးအေးခဲ့ပါတယ်။ စက်တင်ဘာလမှာ ပဲအဝင်လည်းနည်းခဲ့သလို လက်ကျန်ပဲလည်း အနည်းငယ်သာ ရှိပြီး မန္တလေးဝယ်လက်သမားဝယ်ယူကြသော်လည်း တစ်တင်းကျပ် ၂၁၀၀၀ မှ ၂၃၅၀၀ ကျပ်ခန့်သာ ဈေးရရှိပြီး ၂၀၁၅ ခုနှစ်ကထက် ဈေးလျော့နည်းခဲ့ကြောင်း သိရပါတယ်။

ပဲစင်းငုံသီးနှံမှာ ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလအတွင်း ပဲတီစိမ်း၊ မတ်ပဲသီးနှံတို့ထက် ဈေးကောင်းရခဲ့လို့ တစ်တင်းကျပ် ၅၃၀၀၀ မှ ၅၃၃၀၀ ကျပ်ခန့်အထိရရှိခဲ့သော်လည်း လကုန်ရက်မှာတော့ မတ်ပဲဈေးက သိသိသာသာမြောက်တက်လာခဲ့လို့ မတ်ပဲဈေးထက်ဈေးလျော့နည်းသွားခဲ့ရခြင်းဖြစ်ပါတယ်။ ၂၀၁၅ ခုနှစ်မှာ မတ်ပဲသီးနှံနှင့် ဈေးပြိုင်နီးပါး ရရှိခဲ့ကြကာ တစ်တင်း ၂၁၂၀၀ ကျပ်မှ ၂၃၄၀၀ ကျပ်ရရှိခဲ့ကြပါတယ်။ ၂၀၁၆ ခုနှစ်ဈေးနှုန်းမှာ ယခင်နှစ် ဈေးထက် ဈေးပြန် လျော့သွားခဲ့တာကြောင့် တစ်တင်း ၃၄၇၀၀ ကျပ်မှ ၃၈၅၀၀ ကျပ်သာရရှိခဲ့သလို မတ်ပဲသီးနှံဈေးထက်လည်းလျော့နည်းသွားခဲ့ကြောင်း လေ့လာသိရှိရပါတယ်။ ယခုအချိန်မှာတော့ ပဲစင်းငုံသီးနှံဟာ ရန်ကုန်ဝယ်လက် ဝယ်ယူခဲ့သော်လည်း လက်ကျန်နည်းချိန်ဖြစ်လို့ ရက်ခြားသာအရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

ကုလားပဲသီးနှံအနေဖြင့် ၂၀၁၄ ခုနှစ်အတွင်းသာ ဈေးကွက်အတွင်းအနိမ့်ဆုံးဈေး ရခဲ့ပေမယ့် ၂၀၁၅ ရော ၂၀၁၆ မှာပါ ဈေးကောင်းလျက်ရှိတာကြောင့် ၂၀၁၅ ခုနှစ်အတွင်းမှာ တစ်တင်း ၃၀၅၀၀ ကျပ်မှ ၃၃၅၀၀ ကျပ်၊ ၂၀၁၆ ခုနှစ်မှာ ၃၈၅၀၀ ကျပ်မှ ကျပ်လေးသောင်းကျော်အထိ ဈေးကောင်းခဲ့တာကိုတွေ့ရပါတယ်။ ပဲကြီးသီးနှံဈေးနှုန်းမှာ ၂၀၁၄ နှင့် ၂၀၁၆ ခုနှစ်မှာ ဈေးကွာခြားမှု သိပ်မရှိဘဲ တစ်တင်း ကျပ်သုံးသောင်းအောက် လျော့နည်းခဲ့ပေမယ့် ၂၀၁၅ ခုနှစ်မှာတော့ တစ်တင်းကျပ်သုံးသောင်းအထက်ရရှိခဲ့ကာ (ရွှေကျွန်း) တစ်တင်း ကျပ် ၃၅၀၀၀၊ (ကမ်းနား) တစ်တင်းကျပ် ၃၃၀၀၀ ရရှိခဲ့လို့ ကုလားပဲနှင့် ပဲကြီးဈေးနှုန်းကွာခြားမှု သိပ်မရှိခဲ့တာကိုလည်း တွေ့ပါတယ်။ ကုလားပဲနှင့် ပဲကြီးသီးနှံများမှာ ပဲကြော်ဖိုလုပ်ငန်းသမားနှင့် ပဲခွဲစက်သမားများ အဓိကထားဝယ်ယူကြလို့ နေ့စဉ်ပုံမှန်အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ပဲပုပ်သီးနှံမှာ ဈေးနှုန်း အတက်အကျအနေဖြင့် အခြားပဲများကဲ့သို့ ကွာခြားမှုသိပ်မရှိဘဲ ၂၀၁၄ နှင့် ၂၀၁၅ ခုနှစ်များမှာ ကျပ်နှစ်သောင်းတစ်ပတ်လည် ရရှိခဲ့ပေမယ့် ၂၀၁၆ ခုနှစ်မှာတော့ ရှေ့နှစ်များကထက် အနည်းငယ်ဈေးပိုလာလို့ တစ်တင်း ကျပ် ၂၂၀၀၀ ရရှိခဲ့ကြောင်း သိရပါတယ်။

**ခင်ဆွေဝင်း**

# အိန္ဒိယနိုင်ငံတွင် မိုးရွာသွန်းမှုကြောင့် ပဲမျိုးစုံ၊ ဆန်စပါး စိုက်ပျိုးထုတ်လုပ်မှု မြင့်တက်မှုကို အထောက်အပံ့ဖြစ်စေခဲ့

အိန္ဒိယနိုင်ငံတွင် ယခုနှစ် မိုးသီးနှံဖြစ်သည့် ပဲမျိုးစုံ စိုက်ဧရိယာမှာ မကြုံစဖူး မြင့်တက်လာခဲ့ပြီး လွန်ခဲ့သည့်ငါးနှစ်က ပုံမှန်စိုက်ဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

အိန္ဒိယနိုင်ငံ လယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာနက ဩဂုတ် ၂၆ ရက်က ထုတ်ပြန်ခဲ့သည့် အစီရင်ခံစာတွင် ဖော်ပြထားသည့် အချက်အလက်များအရ စိုက်ပျိုးပြီးစီးခဲ့သည့် မိုးသီးနှံဧရိယာမှာ ဟက်တာ ၁၀၁၉ ဒသမ ၁၀သိန်းဖြစ်ပြီး ယခင်ပုံမှန်စိုက်ပျိုးသည့် ဧရိယာမှာ ဟက်တာ ၁၀၆၂ ဒသမ ၅၀ သိန်းဖြစ်ရာ လေးရာခိုင်နှုန်းခန့် လျော့နည်းခဲ့ပါသည်။ မုတ်သုံမိုးရွာသွန်းမှုကြောင့် ပဲမျိုးစုံနှင့် ဆန်စပါးစိုက်ဧကမှာ ပုံမှန်စိုက်ဧက ထက် ပိုမိုစိုက်ပျိုးနိုင်ပြီး အထွက်နှုန်းတိုးနိုင်ကြောင်း၊ အဘယ်ကြောင့်ဆိုသော် ယခုနှစ်မုတ်သုံမိုးမှာ မိုးနှောင်းကောင်း၍ စက်တင်ဘာလအထိ ဆက်လက်ရွာနိုင်ဖွယ်ရှိကြောင်း အစိုးရအရာရှိတစ်ဦးက Business Line သို့ ပြောကြားခဲ့သည်။

ယခုနှစ်တွင် ပဲမျိုးစုံ စိုက်ပျိုးပြီးစီးမှုအနေဖြင့် ဟက်တာ ၁၃၉ ဒသမ ၄၂ သိန်းရှိပြီး ယခင်နှစ်ကာလတူက ၁၀၃ ဒသမ ၈၅ သိန်းရှိရာ ၄၀ ဒသမ ၂၂ ရာခိုင်နှုန်းသို့ စံချိန်တင်မြင့်တက်လာကြောင်း ဖော်ပြထားပါသည်။

လယ်သမားများအနေဖြင့် ပိုးမွှားများ ဖျက်ဆီးခြင်းဒဏ်မှ လွတ်ကင်းအောင် ဝါဂွမ်းစိုက်ပျိုးမှုကို ရှောင်ရှားရန်နှင့် ဈေးကောင်းရသည့် ပဲမျိုးစုံ စိုက်ပျိုးရန် ပိုမိုစိတ်ဝင်စားလာခဲ့သဖြင့် ပုံမှန် စိုက်ဧကထက် ၁၀၈ ဒသမ ၆၉ သိန်း၊ ရာခိုင်နှုန်းအနေဖြင့် ၂၈ ရာခိုင်နှုန်း ပိုမိုစိုက်ပျိုးလာသကဲ့သို့ ဆန်စပါး စိုက်ဧကမှာလည်း ယခုနှစ်တွင် ၃၆၃ ဒသမ ၀၇ သိန်းစိုက်ပျိုးနိုင်ခဲ့ပြီး ယခင်နှစ်ကာလတူ က ၃၅၂ ဒသမ ၂၃ သိန်းစိုက်ပျိုးခဲ့ရာ ၁၃ ဒသမ ၄၂ ရာခိုင်နှုန်း ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါသည်။

ကောက်ပဲသီးနှံနှင့် ဆီထွက်သီးနှံစိုက်ပျိုးမှုမှာလည်း ၁၇၇ ဒသမ ၇၄ သိန်းမှ ၁၈၂ ဒသမ ၉၉ သိန်းသို့ ၃ ဒသမ ၀၁ရာခိုင်နှုန်းမှ ၆ ဒသမ ၁၉ ရာခိုင်နှုန်းသို့ အသီးသီး မြင့်တက်လာခဲ့ပါသည်

လွန်ခဲ့သောနှစ်များက ဝါဂွမ်းစိုက်ပျိုးရာတွင် ယင်ဖြူကောင်များ ဖျက်ဆီးခြင်းကြောင့် ဝါဂွမ်းစိုက်ဧကများ လျော့ကျခဲ့ရာ ယခုနှစ်တွင် စိုက်ဧက ၁၀၂ ဒသမ ၇၈ သိန်းရာခိုင်နှုန်းအားဖြင့် ၁၂ ဒသမ ၈၃ရာခိုင်နှုန်းသို့ ကျဆင်းလာခဲ့ပါသည်။

ကြံစိုက်ပျိုးမှုတွင်လည်း ပုံမှန်စိုက်ဧကအောက် ၄၅ ဒသမ ၅၅သိန်း ရာခိုင်နှုန်းအားဖြင့် သုည ဒသမ ၆၆ရာခိုင်နှုန်း ကျဆင်းခဲ့ပြီး၊ ဂုန်လျှော်စိုက်ပျိုးမှုမှာလည်း ပုံမှန်စိုက်ဧကအောက် ၇ ဒသမ ၅၆သိန်း ရာခိုင်နှုန်းအနေဖြင့် သုည ဒသမ ၅၇ ရာခိုင်နှုန်းသို့ ကျဆင်းလာခဲ့ပါသည်။ **အေးသီရိမွန်**

## ချင်း

### ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ချင်းစိုတင်ပို့

မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိ မောင်တော ကုန်သွယ်ရေးစခန်းနဲ့ စစ်တွေကုန်သွယ်ရေးစခန်းနှစ်ခုမှ စက်တင်ဘာ နောက်ဆုံးပတ်တွင် အမေရိကန်ဒေါ်လာ ၁၅၁၄၀ သန်းတန်ဖိုးရှိ ချင်းစို ၅၂တန်ကျော် တင်ပို့ခဲ့ပါတယ်။ စခန်းအလိုက် တင်ပို့ခဲ့တာကတော့ မောင်တောမှ ၄၇တန်ကျော်နဲ့ စစ်တွေမှ ၅တန် ဖြစ်ပါတယ်။ စစ်တွေမှာ ချင်းစိုတစ်တန်ကို (ငွေလဲနှုန်းအရ) ၉၂၁၈၈၀ ကျပ်ဈေးရှိတယ်လို့ သိရပါတယ်။

စက်တင်ဘာတစ်လလုံး မောင်တောမှ ချင်းစို တန် ၆၀၀ နီးပါးနဲ့ စစ်တွေမှ ၁၇ တန်၊ မူဆယ်မှ ချင်းခြောက် ၆၅တန်နဲ့ မြဝတီမှ ၁၀တန်နီးပါး တင်ပို့ခဲ့တယ်လို့စခန်းမှ စာရင်းများအရ သိရပါတယ်။ **မော်မော်အောင်**

### အောင်ပန်းဈေးကွက်မှာ ချင်းခြောက်ရော ချင်းစိုပါ အဝင်နည်းသလို အရောင်းလည်းအေးနေ

ဒီတစ်ပတ် အောင်ပန်းဈေးကွက်မှာ ချင်း(ဥမ) အဝင် နည်းလာပါတယ်။ အရင်နှစ်တွေက ဒီအချိန် သီတင်းကျွတ်ပွဲတော် နားနီးရင် အလှူအတန်း ပြုလုပ်ဖို့အတွက် တောင်သူတွေက ထုတ်ရောင်းကြတာကြောင့် လှိုင်လှိုင်ဝင်နေကျဖြစ်ပေမယ့် ဒီနှစ်တော့ အတော့်ကို နည်းပါးသွားပါတယ်။ ချင်း(ဥမ)ဈေးကလည်း ကျနေလို့ ခြံရှင်တွေကလည်း မဖော်ကြတော့ပါဘူး။ ချင်းတက်ပေါ်ချိန်မှသာ ဖော်တော့မယ်လို့လည်း သိရပါတယ်။ ဈေးပတ်သမားတွေက အနည်းအကျဉ်း သာ ဝယ်ယူနေတာကြောင့် အရောင်းအဝယ်လည်း ထင်သလောက် မဖြစ်ဘူးလို့ ဒေသခံချင်းပွဲရုံတွေက ဆိုပါတယ်။ ရောင်းအားလည်း ကျသွားတယ်လို့ သိရပါတယ်။ ဝယ်ယူနေကျ ဝယ်လက်တွေဖြစ်တဲ့ ရန်ကုန်၊ မုံရွာဝယ်လက်တွေကို ဖောက်သည်ပေးနေရတာပဲ ရှိတယ်လို့ ဈေးကွက်မှသိရပါတယ်။ တစ်ပတ်အတွင်းမှာ ပိဿာချိန် သုံးသောင်းခန့်သာ အရောင်းအဝယ် ဖြစ်ခဲ့တယ်လို့လည်း သိရပါတယ်။ ချင်း(ဥမ) က တစ်ပိဿာပေါက်ဈေး ၂၀၀ကျပ်မှ ၂၅၀ကျပ်သာရှိပါတယ်။ ချင်းခြောက်ကလည်း ချင်း(စို)လို အဝင်နည်းသလို၊ အထွက်လည်း နည်းပါတယ်။ ဒီနှစ်က ချင်း(စို)၊ ချင်း(ခြောက်) နှစ်မျိုးစလုံး အရောင်းထိုင်းတာကြောင့် လက်ကျန်တွေလည်း အတော်ကျန်ရှိနေသေးတယ်လို့ သိရပါတယ်။ ချင်းခြောက်က ဒီတစ်ပတ်မှာ လည်း အရောင်းအဝယ်ဖြစ်တာနည်းပြီး တစ်ပတ်အတွင်းမှာ ပိဿာချိန် နှစ်သောင်းခန့်သာ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ချင်းခြောက် တစ်ပိဿာကို ၁၇၀၀ကျပ် မှ ၁၈၀၀ ကျပ်ဈေးရှိပါတယ်။ **ဇေခိုင် (တောင်ကြီး)**



## နနွင်း

### နနွင်းတန်ချိန် ၉၀ နီးပါးတင်ပို့

ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ စက်တင်ဘာ ၂၅ ရက်မှ အောက်တိုဘာ ၁ရက် သီတင်းပတ်အတွင်း နနွင်း ၈၆ တန် တင်ပို့ခဲ့ပါတယ်။ ဒီတစ်ပတ်မှာ စင်ကာပူနိုင်ငံသို့ ၅၆ တန်နဲ့ မလေးရှားသို့ တန် ၃၀ တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ် နနွင်းတင်ပို့မှုမှာ ၁၈၆ တန်ရှိခဲ့တာကြောင့် ဒီတစ်ပတ်တင်ပို့မှုနဲ့ ယှဉ်ရင် တန်ချိန် ၁၀၀ တင်ပို့မှု လျော့ခဲ့ပါတယ်။ နနွင်းတင်ပို့မှုမှ ကန်ဒေါ်လာ ၆၅၂၃၀ ဝင်ငွေရရှိခဲ့တယ်လို့ သိရပါတယ်။

လချုပ်အနေနဲ့ကြည့်မယ်ဆိုရင် ဩဂုတ်လအတွင်း နနွင်းတင်ပို့မှုမှာ တန်ချိန် ၁၀၉၀ ကျော်ရှိခဲ့ပြီး စက်တင်ဘာလမှာ တန်ချိန် ၃၆၀ ကျော်သာ တင်ပို့နိုင်ခဲ့တာကြောင့် စက်တင်ဘာလမှာ တန်ချိန် ၇၃၀ ကျော် တင်ပို့မှုလျော့ခဲ့တယ်လို့ သိရပါတယ်။ **သီတာဝင်း (DOT)**

### မူဆယ်မှ နနွင်းတက် ပိုမိုတင်ပို့

စက်တင်ဘာ နောက်ဆုံးပတ်တွင် မြန်မာ - တရုတ် နယ်စပ်ရှိမူဆယ် (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၇၅၀၈၈ တန်ဖိုးရှိ နနွင်းတက် (ရှမ်းစ) ၉၈တန်ကျော်ကို တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ၄၅တန် ကျော် တင်ပို့ခဲ့လို့ ယခုတစ်ပတ် မူဆယ်မှ နနွင်းတက် ပိုမိုတင်ပို့လာတာ တွေ့ရပါတယ်။ ယခုတစ်ပတ်မှာတော့ စစ်တွေမှာ နနွင်းတက် တင်ပို့မှုမရှိခဲ့ပါဘူး။ မူဆယ်မှာ နနွင်းတက် တစ်တန်ကို (ငွေလဲနှုန်းအရ) ၉၅၀၇၆၀ ကျပ်ဈေးရှိကြောင်း၊ စက်တင်ဘာလအတွင်း မူဆယ်မှတစ်ဆင့် တရုတ်နိုင်ငံသို့ နနွင်းတက် တန်၃၀၀နီးပါး တင်ပို့နိုင်ခဲ့ပြီး စစ်တွေမှ တစ်တန်ခွဲတင်ပို့ခဲ့ကြောင်း သိရပါတယ်။ **မော်မော်အောင်**

### အောင်ပန်းဈေးကွက်မှာ ဆင်တောင်နနွင်းသာ အဝင်ရှိနေ

သီတင်းကျွတ် နားနီးပေမယ့် အရောင်းအဝယ် ပါးနေတယ်လို့ သိရပါတယ်။ အောင်ပန်းဈေးကွက်မှာတော့ ဆင်တောင်နနွင်းသာ အဝင်ရှိနေပါတယ်။ ပွဲရုံတွေက အရောင်းမရှိပေမယ့် တောင်သူတွေ လာရောင်းနေတာကိုဝယ်ယူပြီး စုပုံထားပါတယ်။ ဒီနှစ်မှာ ဆင်တောင်နနွင်းက ဈေးကွက်ဝင်နေတာကြောင့် ရတဲ့အချိန်မှာ ဝယ်ယူပြီး စုထားရတယ်လို့ နနွင်းပွဲရုံပိုင်ရှင်တွေက ဆိုပါတယ်။ ဆင်တောင်နနွင်းကလည်း အထွက်နှုန်းနည်းတာကြောင့် တစ်ပတ်ကို ပျမ်းမျှ ပိဿာတစ်ရာ၊ နှစ်ရာခန့်သာအဝင်ရှိတယ်လို့ သိရပါတယ်။ ရန်ကုန် ဝယ်လက်တွေကလည်း ပစ္စည်းကောင်းတဲ့ ဆင်တောင်နနွင်းကိုသာ ရွေးပြီး ဝယ်ယူကြတယ်လို့ သိရပါတယ်။ အမှုန့်ကြိတ်သမားတွေက ဆင်တောင်နနွင်းနဲ့ တောင်ပို့လ (ထိပ်စ) ကိုရောပြီး ဝယ်ယူတယ်လို့ သိရပါတယ်။

ဒီတစ်ပတ် အောင်ပန်းဈေးကွက် မှာ နနွင်းပိဿာချိန်ပေါင်း လေးသောင်းခန့် အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်၊ ဈေးနှုန်းတွေကတော့ တောင်ပို့(လစ) တွေက ၁၃၀၀ ကျပ်၊ ၁၄၀၀ ကျပ်မှ ၁၆၀၀ ကျပ်အထိရှိပြီး ဆင်တောင်နနွင်းက တစ်ပိဿာ ၂၄၀၀ ကျပ်၊ ၂၅၀၀ ကျပ်ဈေးရှိပါတယ်။

**ဇေခိုင်(တောင်ကြီး)**

## မန်ကျည်း

### ယခုတစ်ပတ် မန်ကျည်း တန် ၁၀၀ ကျော် တင်ပို့

စက်တင်ဘာ ၁ ရက်မှ ၃၀ ရက် သီတင်းပတ်အတွင်း မန်ကျည်း ၁၂၉ တန်ကိုပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ တင်ပို့ခဲ့တဲ့နိုင်ငံများမှာ ဘင်္ဂလားဒေ့ရှ်၊ စင်ကာပူ၊ ဘယ်လ်ဂျီယံနဲ့ ဘရူနိုင်းနိုင်ငံတို့ဖြစ်ပါတယ်။ စက်တင်ဘာလအတွင်း မန်ကျည်းတင်ပို့မှုမှ ကန်ဒေါ်လာ ၆၀၉၇၀ ဝင်ငွေရရှိခဲ့တယ်လို့ သိရပါတယ်။ လချုပ်အနေနဲ့ ကြည့်မယ်ဆိုရင် ဩဂုတ်လအတွင်း မန်ကျည်းတင်ပို့မှုမှာ ၅၃၃ တန်ရှိခဲ့ပြီး စက်တင်ဘာလမှာ ၁၂၉ တန်ရှိခဲ့တာကြောင့် စက်တင်ဘာလမှာ တန်ချိန် ၄၀၀ ကျော် ပိုမိုတင်ပို့နိုင်ခဲ့တယ်လို့ သိရပါတယ်။

**သီတာဝင်း(DOT)**

### လက်ကျန်မန်ကျည်းဟောင်း အရောင်းအဝယ် ပုံမှန်ဖြစ်လျက်ရှိ

အောက်တိုဘာ ပထမပတ် ပြည်(ရခိုင်) ပွဲရုံများတွင် လက်ကျန်မန်ကျည်းမှည့် အရောင်းအဝယ်ပုံမှန်ရှိနေတာသိရပါတယ်။ ဈေးငြိမ်ပြီး ပုံမှန်တင်ပို့နေတာဖြစ်ပါတယ်။ ဟသ်ာတ၊ ကြံခင်းမှ ဆက်လက်ဝင်ရောက်ပြီး ရခိုင်ဝယ်လက်တွေ အဆွဲရှိနေဆဲ ဖြစ်ပါတယ်။ တစ်ရက်ခြားလျှင် ရခိုင်၊ သံတွဲ၊ စစ်တွေသို့ အိတ် ၅၀ နီးပါးတင်ပို့လျက်ရှိပါတယ်။ မန်ကျည်းမှည့်ပွဲရုံဈေးတစ်ပိဿာ ၂၉၀၀ ကျပ်နှင့် ဒေသတွင်း ဈေးကွက်မှာတော့ တစ်ပိဿာ ၃၅၀၀ ကျပ်အထိ ရောင်းဝယ်လျက်ရှိကြပါတယ်။ မကြာခင်လအတွင်းမန်ကျည်းတောင့်များရင့်မှည့်ပြီး အစေ့ပါ ကြက်ဆူ မန်ကျည်းမှည့်များ ဈေးကွက်ဝင်လာမှသာ ဈေးအကျဘက်ရောက်မှာဖြစ်ပါတယ်။ ဒီနှစ် မန်ကျည်းမှည့်ဈေးကွက်မှာ ဈေးအမြင့်ပိုင်းမှာသာရှိပြီး လှောင်ကုန်သည်တွေ တွက်ခြေကိုက်တဲ့နှစ်လို့ ဆိုနိုင်ပါတယ်။ **နီနီဝင်း**



## ကြက်သွန်

### မူဆယ်နဲ့ မြဝတီမှ ကြက်သွန်နီ ပိုမိုတင်ပို့ပြီး တာချီလိတ်မှ လျော့နည်း

စက်တင်ဘာ နောက်ဆုံးပတ်တွင် မြန်မာ - တရုတ် နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၁၂၂၂၅၀ သန်း တန်ဖိုးရှိကြက်သွန်နီ တန်၇၅၀ ကို လည်းကောင်း၊ မြန်မာ-ထိုင်းနယ်စပ်ရှိ မြဝတီကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၁၃၆၅၁၅ တန်ဖိုးရှိ ကြက်သွန်နီ ၄၆၅ တန်ကျော်ကိုလည်းကောင်း တင်ပို့နိုင်ခဲ့ပါတယ်။ ယခင်တစ်ပတ်မှာ မူဆယ်မှ ၆၂၈တန်နဲ့ မြဝတီမှ ၃၁၄တန် တင်ပို့ ခဲ့လို့ ယခုတစ်ပတ် မူဆယ်နဲ့ မြဝတီမှ ကြက်သွန်နီ ပိုမိုတင်ပို့လာတာ တွေ့ရပါတယ်။

တာချီလိတ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၅၈၀၀၀ တန်ဖိုးရှိ ကြက်သွန်နီ ၄၀၀ နဲ့ အမေရိကန်ဒေါ်လာ ၇၅၈၀၀ တန်ဖိုးရှိကြက်သွန်ဖြူ တန်၄၀ တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က ကြက်သွန်နီ တန်၅၀၀နဲ့ ကြက်သွန်ဖြူ တန် ၆၀တင်ပို့ခဲ့တာကြောင့် တာချီလိတ်မှ ကြက်သွန်တင်ပို့မှုမှာ ယခုတစ်ပတ်တွင် လျော့နည်းခဲ့ပါတယ်။

စက်တင်ဘာတစ်လလုံး မူဆယ်မှ ကြက်သွန်နီ တန်နှစ်ထောင်ကျော်၊ မြဝတီမှ တန် ၁၅၀၀ တင်ပို့ခဲ့ပြီး၊ တာချီလိတ်မှ ကြက်သွန်နီ တန် ၁၈၀၀ နဲ့ ကြက်သွန်ဖြူ ၁၃၅ တန် တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ **မော်မော်အောင်**

### ပြည်ဈေးကွက်သို့ ဝင်ရောက်လာတဲ့ ကြက်သွန်ဖြူဈေး ဆက်လက်မာဆဲ

ပြည်ပွဲရုံများသို့ စားဖိုဆောင်သုံး သီးနှံ ကြက်သွန်ဖြူအိတ်တွေ ပုံမှန်ဝင်ရောက်နေတာ တွေ့ရပါတယ်။ အဝင်လှိုင်နေပေမယ့် အရောင်းအဝယ်ကတော့မလှိုင်ဘဲ ဒေသတွင်း အိတ်ဆွဲသမားများ ပုံမှန်ဆွဲနေတာကြောင့် အရောင်းအဝယ်အသင့်အတင့်ရှိနေကာ ဈေးကျမသွားဘဲ ဆက်လက်တက်လာကာ ဈေးမာလျက်ရှိနေပါတယ်။

တရုတ်ယွမ်ဈေးလည်း အတက်ဘက်မှာသာ ရှိနေကြောင်းသိရပါတယ်။ ပြည်ကြက်သွန်ဖြူပွဲရုံ ဈေးကွက်မှာ ယခုတစ်ပတ် ကြက်သွန်ဖြူ တစ်ပိဿာလျှင် (ရှမ်းစ) ၃၈၀၀ ကျပ်ဖြစ်ပြီး ဒေသတွင်း တစ်ပိဿာဈေးကတော့ ၄၅၀၀ ကျပ်မှ ၄၈၀၀ကျပ်ထိ ရောင်းဝယ်လျက်ရှိပါတယ်။

(ကြူကုတ်စ) ပွဲရုံ တစ်ပိဿာဈေး ၄၄၀၀ ကျပ်နဲ့ ဒေသတွင်း လက်လီတစ်ပိဿာဈေး ၄၆၀၀ ကျပ်တို့ဖြင့် ရောင်းဝယ်လျက်ရှိနေပါတယ်။ အောက်တိုဘာ ပထမပတ်မှာ ဈေးအနည်းငယ် ထပ်တက်လာတာကြောင့် အရောင်းအဝယ်လည်း အနည်းငယ် ကျလာပါတယ်။ တစ်ရက်လျှင် အိတ် ၅၀၀၊ ၆၀၀ ကျော်လောက်သာ အရောင်းအဝယ် ဖြစ်လျက်ရှိကြောင်းသိရပါတယ်။

**နီနီဝင်း**




မြန်မာနိုင်ငံတွင် တပ်မတော်အစိုးရက သမ္မတ ဦးသိန်းစိန် အစိုးရထံသို့ အာဏာလွှဲပြောင်းပေးပြီးနောက် သမ္မတဦးသိန်းစိန် အစိုးရ လက်ထက်တွင် ဖြေလျှော့မှုပေါင်းများစွာကို ပြုလုပ်ပေးခဲ့သည်။

သမ္မတဦးသိန်းစိန်အစိုးရသည် ကုန်သွယ်မှုနှင့်ပတ်သက်၍ လုပ်ငန်းများလျင်မြန်ချောမွေ့စေရေးအတွက် ဖြေလျှော့မှုများကို ပြုလုပ်ပေးခဲ့သော်လည်း ကုန်သွယ်မှုပမာဏ သည် ယခင်တပ်မတော်အစိုးရ တာဝန်ယူသည့် ကာလထက် ပိုမိုတိုးတက်လာခြင်းမရှိသဖြင့် တရားမဝင်ကုန်သွယ်မှု တားဆီးထိန်းချုပ်ရေးဗဟိုအဖွဲ့ကို ၂၀၁၂ ခုနှစ် ဒီဇင်ဘာလ ၁၂ ရက်က ဖွဲ့စည်းခဲ့ပြီး သမ္မတဦးသိန်းစိန် ကိုယ်တိုင်တာဝန်ယူကာ ဆောင်ရွက်ခဲ့သည်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ယခင်ပြည်ထောင်စုဝန်ကြီးဦးဝင်းမြင့်က အတွင်းရေးမှူး အဖြစ် တာဝန်ယူကာ တရားမဝင်ကုန်သွယ်မှုများအား တားဆီးထိန်းချုပ်နိုင်ရန် ပြည်သူ့ရဲတပ်ဖွဲ့၊ အကောက်ခွန်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မီဒီယာ၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန အဖွဲ့စုံ ပါဝင်သည့် Mobile Team အဖွဲ့များကို ဖွဲ့စည်းခဲ့သည်။

Mobile Team အဖွဲ့များသည် ကုန်သွယ်မှုလမ်းကြောင်းများဖြစ်သည့် မြန်မာနိုင်ငံနယ်စပ်ဒေသများရှိ နယ်စပ်ကုန်သွယ်ရေးစခန်းများ၊ အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းများ၊ ကမ်းရိုးတန်းဆိပ်ကမ်းများနှင့်လေဆိပ်များ မှဝင်ရောက်လာသည့် ကုန်ပစ္စည်းများအား စစ်ဆေးကာ တရားမဝင်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့ကုန်ပစ္စည်း များအား ဖမ်းဆီးအရေးယူဆောင်ရွက်ခဲ့ပါသည်။

သမ္မတဦးသိန်းစိန်အစိုးရ လက်ထက်တွင် နိုင်ငံတော်၏ မူဝါဒအရ ယာဉ်အို၊ ယာဉ်ဟောင်းများကို အပ်နှံစေ၍ မော်တော်ယာဉ်အသစ်များအား အစားထိုးတင်သွင်းခွင့်ပြု ခဲ့ရာ မော်တော်ယာဉ်များ တင်သွင်းခဲ့သည့် ပမာဏနှင့် စက်သုံးဆီလိုအပ်ချက် ပမာဏမှာ ပိုမိုတိုးတက်တင်သွင်းလာ ရမည်ဖြစ်သော်လည်း တင်သွင်းမှုပမာဏများစွာလျော့နည်း နေသည်ကို တွေ့ရှိရသည့်အတွက် စက်သုံးဆီများ တရားမဝင် တင်သွင်းမှုများရှိနေသည်ကို အလွယ်တကူပင် သိမြင်နိုင်မည်ဖြစ်သည်။

အဆိုပါအခြေအနေများကြောင့် Mobile Team အဖွဲ့များ အနေဖြင့် စက်သုံးဆီ တရားမဝင် တင်သွင်းနေမှုများအား စိစစ်ကြပ်မတ်အရေးယူဆောင်ရွက်ခဲ့ရာ စက်သုံးဆီ တရားဝင်တင်သွင်းမှု ပမာဏတိုးတက်လာသော်လည်း တရားမဝင် တင်သွင်းမှုများရှိနေသေးသည့်အတွက် ပင်လယ်ရေကြောင်းဖြင့် ပြည်ပမှ စက်သုံးဆီ တင်သွင်းမှုအား ၂၀၁၄ ခုနှစ် နိုဝင်ဘာ ၂၆ရက်နေ့မှစတင်၍ OEA/NEA(Old Explosive Area/ New Explosive Area) တွင် Mobile Team (OEA/NEA) စစ်ဆေးရေးအဖွဲ့၊ အကောက်ခွန်ဦးစီးဌာန၊ စွမ်းအင်ဝန်ကြီးဌာနနှင့် SGS(Third Duty)အဖွဲ့တို့ဖြင့် စက်သုံးဆီများ တင်သွင်းမှုကို လိုင်စင်၊ ID အရနှင့် အမှန်ပါရှိအရေအတွက်တို့ တိုက်ဆိုင်စစ်ဆေးခဲ့သည်။ ထိုကဲ့သို့စစ်ဆေးရာတွင် လိုင်စင်၊ ID ခွင့်ပြုအရေအတွက်ထက် ပိုမိုတင်ဆောင်လာသည့် စက်သုံးဆီများကို စစ်ဆေးတွေ့ရှိခဲ့ရသည့်အတွက် ပိုမိုတင်သွင်းခဲ့သည့် သက်ဆိုင်ရာကုမ္ပဏီများက ထပ်မံပေးဆောင်ရမည့် ကျသင့်အခွန်ငွေများအား ပြန်လည်ပေးသွင်းစေရန် ခံဝန်ချက်များရယူ၍ ဆောင်ရွက်ခဲ့ရာ Mobile Team အဖွဲ့ တာဝန်ယူခဲ့သည့် ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလမှ စက်တင်ဘာ လအထိ ကာလအတွင်း ကုမ္ပဏီ စုစုပေါင်း ၂၁၄ ခုမှ ပိုမို တင်သွင်းသည့် စက်သုံးဆီစည် အရေအတွက် ၁၀၃၅၂၈၄ ဒသမ ၇၃၆ (Bbl) နှင့် ကီလိုလီတာ ၈၀၇၁၁၆ တို့အတွက် အခွန်ငွေစုစုပေါင်း ၄၁၄၂ ဒသမ ၃၁၆ ကျပ်သန်းအား ထပ်မံရရှိခဲ့ပါသည် ။

> တိုးတက် များပြားလာသည့် မော်တော်ယာဉ်စီးရေနှင့် စက်သုံးဆီ အရောင်းဆိုင်ကြီးများ၏ အရေအတွက်အတိုင်း ပိုမိုတိုးတက် တင်သွင်းလာရမည် ဖြစ်သော်လည်း .....

တရားမဝင်ကုန်သွယ်မှုတားဆီးထိန်းချုပ်ရေး ဗဟိုကော်မတီ၏ ကြီးကြပ်မှုဖြင့် Mobile Team များဖြင့်တရားမဝင်ကုန်သွယ်မှုများအား တားဆီးအရေးယူဆောင်ရွက်ခဲ့သည့်အတွက် စက်သုံးဆီ တင်သွင်းမှု ပမာဏ ပိုမိုတိုးတက်လာသည့်အပြင် အခွန်ရှောင်လိုသည့် ရည်ရွယ်ချက်ဖြင့် တရားမဝင် တင်သွင်းနေမှုများအားလည်း စိစစ်ဖော်ထုတ်နိုင်ခဲ့ရာ နိုင်ငံတော်မှ ရရှိမည့်အခွန်အခများ အပြည့်အဝပြန်လည်ရရှိအောင် ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

သို့သော် သမ္မတဦးသိန်းစိန်အစိုးရသည် ၂၀၁၅ ခုနှစ်တွင် ပြုလုပ်ခဲ့သည့် ရွေးကောက်ပွဲ၌ ရှုံးနိမ့်ခဲ့ရပြီးနောက် ၎င်းလက်ထက်က ဖွဲ့စည်းခဲ့သည့် တရားမဝင် ကုန်သွယ်မှုတားဆီး ထိန်းချုပ်ရေး ဗဟိုကော်မတီနှင့် Mobile Team အဖွဲ့များအား ၂၀၁၅ ခုနှစ် ဒီဇင်ဘာလ ၃၀ ရက်တွင် ဖျက်သိမ်းခဲ့သည်။ ထို့နောက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် (၂၀၁၆ ခုနှစ် စက်တင်ဘာလ ၂၃ရက် အထိ)နှင့် ကာလတူ ဖြစ်သည့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် (၂၀၁၅ ခုနှစ် စက်တင်ဘာလ ၂၃ ရက်အထိ) ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေး လမ်းကြောင်းများ မှ စက်သုံးဆီတင်သွင်းမှုအပေါ် နှိုင်းယှဉ်ချက်အရ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၅၁၅ ဒသမ ၈၀၃ သန်းတန်ဖိုးရှိ ဒီဇယ်ကီလိုလီတာထောင်ပေါင်း ၉၂၂၉၂၅ တင်သွင်းခဲ့ပြီး၊ ၂၀၁၆- ၂၀၁၇ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၄၄၆ ဒသမ ၆၀၀ သန်းတန်ဖိုးရှိ ဒီဇယ်ကီလိုလီတာထောင်ပေါင်း ၁၂၆၂၄၀၂ တင်သွင်းခဲ့သည့်အတွက် စုစုပေါင်း ကီလိုလီတာ ထောင်ပေါင်း ၃၃၉၄၇၇ ပိုမိုတင်သွင်းနိုင်ခဲ့သော်လည်း တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၆၉ ဒသမ ၁၁၅ သန်း လျော့နည်းခဲ့ကြောင်း တွေ့ရှိရပါသည်။

အလားတူ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၂၈၂ ဒသမ ၅၃၆ သန်းတန်ဖိုးရှိ ဓာတ်ဆီကီလိုလီတာထောင်ပေါင်း ၄၆၇၉၀၁ တင်သွင်းခဲ့ပြီး၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၂၈၁ ဒသမ ၉၈၃ သန်းတန်ဖိုးရှိဓာတ်ဆီ ကီလိုလီတာထောင်ပေါင်း ၂၉၉၉၅၄ တင်သွင်းခဲ့သည့်အတွက် စုစုပေါင်း အမေရိကန်ဒေါ်လာ သုည ဒသမ ၅၅၃ သန်းတန်ဖိုးရှိဓာတ်ဆီ ကီလိုလီတာထောင်ပေါင်း ၁၆၇၉၄၇ လျော့နည်း တင်သွင်းခဲ့ကြောင်း အမှန်တင်သွင်းခဲ့မှုစာရင်းအရ စိစစ်တွေ့ရှိခဲ့ရသည်။

ထို့ကြောင့် Mobile Team များ ဖျက်သိမ်းပြီးနောက်ပိုင်း စက်သုံးဆီတင်သွင်းမှုမှာ သိသိသာသာ လျော့နည်းကျဆင်းလာခဲ့သော်လည်း မြန်မာနိုင်ငံအနှံ့အပြားတွင် စက်သုံးဆီ အရောင်းဆိုင်များ အများအပြား ဖွင့်လှစ်ရောင်းချလျက် ရှိကြောင်း တွေ့ရှိရနေပေသည်။ ထို့ပြင် စက်သုံးဆီတင်သွင်းရာတွင် စွမ်းအင်ဝန်ကြီးဌာန၏ သတ်မှတ်ဈေးနှုန်းအရ ပျမ်းမျှရိုးရိုးဒီဇယ် တစ်စည်လျှင် ၅၈ အမေရိကန်ဒေါ်လာခန့်နှင့် ပရီမီယမ်ဒီဇယ်ဆီ တစ်စည်လျှင် အမေရိကန်ဒေါ်လာ ၆၀ ခန့်ရှိပြီး၊ ဓာတ်ဆီဈေးနှုန်းမှာ (92Ron) တစ်စည်လျှင် အမေရိကန်ဒေါ်လာ ၅၇ ခန့်၊ (95Ron) တစ်စည်လျှင် အမေရိကန်ဒေါ်လာ ၆၀ ခန့်နှင့် (97Ron) တစ်စည် လျှင် အမေရိကန်ဒေါ်လာ ၆၁ ခန့်ရှိကြောင်း သိရသည်။ သို့သော် စက်သုံးဆီတင်သွင်းသူများသည် ဈေးနှုန်းနည်း၍ အခွန်သက်သာသည့် စက်သုံးဆီများကိုသာ အများဆုံးလိုင်စင်လျှောက်ထားပြီး တင်သွင်းရာတွင် ဈေးနှုန်းများသည့် စက်သုံးဆီများဖြင့် အမျိုးအစား ကွဲလွဲတင်သွင်းခြင်း၊ တရားဝင်လိုင်စင်ရယူခြင်း မရှိဘဲတရားမဝင်တင်သွင်းခြင်းများ ပြုလုပ်လျက်ရှိရာ ဓာတ်ဆီ (97Ron) မှာ တရားဝင် လိုင်စင် လျှောက်ထားခြင်းမရှိသော်လည်း စက်သုံးဆီအရောင်းဆိုင်များတွင် ကြော်ငြာရောင်းချလျက်ရှိကြောင်း တွေ့ရှိနေရပေသည်။

စက်သုံးဆီ တင်သွင်းသူများအနေဖြင့် နိုင်ငံတော်သို့ ပေးဆောင်ရမည့် အခွန်အခများကို ရှောင်လွှဲနိုင်ရန် ဒီဇယ်လိုင်စင်ရယူပြီး အမှန်တင်သွင်းရာတွင် ဓာတ်ဆီများ တင်သွင်းခြင်း၊ ဓာတ်ဆီတင်သွင်းရာတွင်လည်း အရည်အသွေးနိမ့်သည့် ဓာတ်ဆီအားလိုင်စင်ရယူပြီး အရည်အသွေးမြင့်သည့် ဓာတ်ဆီများ ကွဲလွဲတင်သွင်းခြင်း (ဥပမာ-ဓာတ်ဆီ၊ အောက်တိန်း (92) အစား ဓာတ်ဆီ၊ အောက်တိန်း (95) တင်သွင်းခြင်း) အမှန်တကယ် တင်သွင်းသည့် အရေအတွက်ထက် လျော့နည်း ဖော်ပြတင်သွင်းခြင်းနှင့် တရားမဝင်လမ်းကြောင်းများမှ တင်သွင်းမှုများကြောင့် တိုးတက် များပြားလာသည့် မော်တော်ယာဉ်စီးရေနှင့် စက်သုံးဆီ အရောင်းဆိုင်ကြီးများ၏ အရေအတွက်အတိုင်း ပိုမိုတိုးတက်တင်သွင်းလာရမည်ဖြစ်သော်လည်း၊ ယခင်(၂၀၁၅-၂၀၁၆) ဘဏ္ဍာနှစ်တွင် တင်သွင်းခဲ့သည့် အရေအတွက်ထက်ပင် လျော့နည်းတင်သွင်းလျက်ရှိနေသည်ကို တွေ့ရှိနေရပေသည်။ ထို့ကြောင့် တရားမဝင်နည်းလမ်းဖြင့် စက်သုံးဆီများ တင်သွင်း ဝင်ရောက်နေပြီး နိုင်ငံတော်အနေဖြင့် ရရှိမည့် အခွန်အခများ ဆုံးရှုံးနစ်နာ လျက်ရှိသဖြင့် တာဝန်ရှိသူများ အဆင့်ဆင့်မှ စိစစ်သုံးသပ်ရန် လိုအပ်လျက်ရှိနေပါကြောင်း တင်ပြလိုက်ရပါသည်။

## ခာတ်ဆီ/ဒီဇယ်

### ပင်လယ်ရေကြောင်းမှ အဝင်မရှိဘဲ တာချီလိတ်စခန်းမှ ဒီဇယ်တစ်မျိုးတည်းသာဝင်

စက်တင်ဘာ ၂၅ ရက်မှအောက်တိုဘာ ၁ရက် သီတင်းပတ်အတွင်း ပင်လယ်ရေကြောင်းလမ်းမှ ဒီဇယ်၊ဓာတ်ဆီတင်သွင်းမှုနားခဲ့တယ်လို့ သိရပါတယ်။ လချုပ်အနေနဲ့ကြည့်မယ်ဆိုရင် ဩဂုတ်လအတွင်း ဒီဇယ်စုစုပေါင်း၁၅၁၀၀ တန်ကျော်ရှိခဲ့ပြီး စက်တင်ဘာလမှာ တန်ချိန် ၂၆၀ကျော်သာရှိခဲ့တာကြောင့် စက်တင်ဘာလမှာ ဒီဇယ်အဝင် လျော့ခဲ့ပါတယ်။ ထို့အတူ ဩဂုတ်လအတွင်းက ဓာတ်ဆီအဝင် စုစုပေါင်းမှာ ၁၀၄၀ ကျော်ရှိပြီး စက်တင်ဘာလမှာ အဝင်တန်ချိန် ၈၈၀ ကျော် ဝင်ခဲ့တာကြောင့် စက်တင်ဘာလမှာ ဓာတ်ဆီလည်း အဝင်လျော့ခဲ့ပါတယ်။ ဒီတစ်ပတ်နယ်စခန်းများဖြစ်တဲ့ တာချီလိတ်စခန်းမှသာ ကန်ဒေါ်လာ ၃၀၈၃၃၀ တန်ဖိုးရှိ ဒီဇယ် ၆၁၆ တန်သာ ဝင်လာခဲ့တယ်လို့သိရပါတယ်။

**ရန်ကုန်ဈေးကွက်မှာ** ဓာတ်ဆီ၊ ဒီဇယ်မှာ ပုံမှန်အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပုဂ္ဂလိကစက်သုံးဆီဆိုင်များမှာ ဒီဇယ်၊ အဆင့်မြင့်ဒီဇယ်၊ အောက်တိန်း (92)နဲ့ အောက်တိန်း(95)မှာ ဈေးနည်းနည်းမြင့်လာတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပုဂ္ဂလိကစက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ တစ်လီတာ ဈေးနှုန်းများမှာ ဒီဇယ် ၅၉၀ ကျပ်၊အောက်တိန်း (92) ၆၀၀ ကျပ်၊ အောက်တိန်း (95) ၆၆၀ ကျပ်၊ အဆင့်မြင့် ဒီဇယ် ၆၂၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ အရောင်းအဝယ်ဖြစ်နေတဲ့ ပီပါဈေးများမှာ အောက်တိုဘာလ ၃ရက်မှာ ဒီဇယ်ဝယ်ဈေး ၁၁၀၀၀၀ ကျပ်၊ ရောင်းဈေး ၁၁၄၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ အောက်တိုဘာ ၅ ရက်တွင် ဝယ်ဈေး ၂၀၀၀ကျပ် ရောင်းဈေး၁၀၀၀ ကျပ်ဈေးမြင့်ပြီး အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ဓာတ်ဆီဈေးမှာ အောက်တိုဘာ ၃ ရက်တွင် ဝယ်ဈေး ၁၂၅၀၀၀ကျပ်၊ ရောင်းဈေး ၁၂၈၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ တစ်ပတ်လုံး ဒီဈေးနဲ့ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ် ဈေးနဲ့နှိုင်းယှဉ်ရင် ဒီဇယ်ဈေးအနည်းငယ်တက်ခဲ့ပေမယ့် ဓာတ်ဆီဈေးငြိမ်နေ တယ်လို့သိရပါတယ်။ ဒီတစ်ပတ် ဓာတ်ဆီတစ်ဂါလန် ၂၈၀၀ ကျပ်၊ ဒီဇယ်တစ်ဂါလန် ၂၅၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။

**မန္တလေးဈေးကွက်မှာ** ဓာတ်ဆီ၊ ဒီဇယ်က ပုံမှန်အရောင်းအဝယ်ရှိနေပါတယ်။ ပုဂ္ဂလိကဆိုင်များတွင် ဓာတ်ဆီဈေးငြိမ်နေသော်လည်း၊ ဒီဇယ်၊ အဆင့်မြင့်ဒီဇယ်နဲ့ အောက်တိန်းမှာ ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ပုဂ္ဂလိက စက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ တစ်လီတာ ဈေးနှုန်းများမှာ ဓာတ်ဆီတစ်လီတာ ၆၄၅ ကျပ်၊ ဒီဇယ် ၅၈၀ကျပ်၊ အဆင့်မြင့်ဒီဇယ် ၆၀၀ကျပ်၊ အောက်တိန်း (92) ၆၀၀ကျပ်နဲ့ ရောင်းချနေပါတယ်။ ပြင်ပလက်လီ ဆိုင်များမှာ အရောင်းအဝယ်ဖြစ်နေတဲ့ပီပါ ဈေးများမှာ အောက်တိုဘာ၃ ရက် မှာ ဒီဇယ် ဝယ်ဈေး ၁၁၆၀၀၀ ကျပ်၊ရောင်းဈေး ၁၁၈၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ အောက်တိုဘာ ၅ ရက်တွင် ဝယ်ဈေး ၁၂၂၀၀၀ ကျပ်၊ ရောင်းဈေး ၁၂၄၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ဓာတ်ဆီဈေးမှာ အောက်တိုဘာ ၃ ရက်တွင် ဝယ်ဈေး ၁၂၈၀၀၀ ကျပ်၊ ရောင်းဈေး ၁၃၀၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ အောက်တိုဘာ ၅ ရက်တွင် ဝယ်ဈေး ၁၃၁၀၀၀ ကျပ်၊ ရောင်းဈေး ၁၃၃၀၀၀ ကျပ်ဖြင့် အရောင်းအဝယ် ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ပြင်ပလက်လီ ဆိုင်များတွင် တစ်ဂါလန် ဈေးမှာဒီဇယ် ၂၆၀၀ကျပ်၊ ဓာတ်ဆီ ၃၀၀၀ ကျပ်နဲ့ အရောင်းအဝယ် ဖြစ်တယ်လို့ သိရပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** ဓာတ်ဆီ၊ ဒီဇယ်က ပုံမှန်အရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။ ဒီတစ်ပတ် ဓာတ်ဆီ၊ ဒီဇယ်နဲ့ အောက်တိန်းမှာ ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပုဂ္ဂလိကဆိုင်မှာ ရောင်းချနေတဲ့ ဈေးများမှာ ဓာတ်ဆီ တစ်ဂါလန် ၃၀၀၀ ကျပ်၊ ဒီဇယ်တစ်ဂါလန် ၂၆၅၅ကျပ်၊ အောက်တိန်း တစ်ဂါလန် ၂၆၅၅ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ ဓာတ်ဆီတစ်ဂါလန် ၃၁၀၀ ကျပ်၊ ဒီဇယ်တစ်ဂါလန် ၂၇၀၀ ကျပ်၊ အောက်တိန်း တစ်ဂါလန် ၂၇၀၀ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** ပုဂ္ဂလိကစက်သုံးဆီဆိုင်ရဲ့ ဓာတ်ဆီ၊ဒီဇယ်မှာ ဈေးအနည်းငယ်မြင့်လာတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပုဂ္ဂလိကဆိုင်မှာ ရောင်းချနေတဲ့ တစ်ဂါလန်ဈေးနှုန်းများမှာ ဓာတ်ဆီတစ်ဂါလန် ၂၇၀၀ ကျပ်၊ ဒီဇယ်တစ်ဂါလန် ၂၇၀၀ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ ဓာတ်ဆီ တစ်ဂါလန် ၂၉၀၀ ကျပ်၊ ဒီဇယ်တစ်ဂါလန် ၂၈၀၀ ကျပ်နဲ့ အရောင်းအဝယ် ဖြစ်နေတယ်လို့ သိရှိရပါတယ်။

MIRT-DOT

### ဗဟိုဘဏ်မှ ခေါ်ယူတွေ့ဆုံပြီးနောက် ငွေလဲနှုန်းများ ပြန်လည်ကျဆင်းလာ

ယခုတစ်ပတ်အတွင်း ပြည်တွင်းငွေလဲနှုန်းများသည် ပြန်လည်ကျဆင်းခဲ့ကြောင်း ငွေလဲဈေးကွက်အတွင်းမှ သိရသည်။ ပြည်တွင်းရှိ နိုင်ငံခြားငွေကိုင်ဆောင်ရောင်းဝယ်နေသည့် ပုဂ္ဂလိကဘဏ်များနှင့် ပုဂ္ဂလိကငွေလဲစင်တာများမှ တာဝန်ရှိသူများအား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ တာဝန်ရှိသူများက ခေါ်ယူတွေ့ဆုံပြီးနောက် ငွေလဲနှုန်းများ ပြန်လည်ကျဆင်းလာခဲ့ခြင်းဖြစ်သည်။

ဗဟိုဘဏ်ဥက္ကဋ္ဌက ပြည်တွင်းငွေလဲနှုန်းများ မြင့်တက်မှုမရှိစေရေးနှင့် ငွေလဲနှုန်းများမြင့်တက်အောင် ဈေးကစားသူများကို ထိရောက်စွာအရေးယူမည်ဟု ခေါ်ယူသတိပေးခဲ့သည်ဟု ဆိုသည်။

“ဒီတစ်ပတ်မှာ ငွေဈေးက အမြင့်ဆုံး ၁၂၈၂ ကျပ်အထိ ရောက်သွားတယ်။ အဲဒီလိုဖြစ်နေချိန်မှာ ဗဟိုဘဏ်က ဝင်ထိန်းတော့မှ ဈေးပြန်ကျသွားတယ်။ ဒါပေမယ့် ဒီလိုမဖြစ်သင့်တော့ဘူးလေ။ ဈေးကစားချင်တိုင်းကစားလိုက်၊ ဈေးမြင့်တက်လာရင် ထိန်းလိုက်ဆိုတော့ ဗဟိုဘဏ်နဲ့ငွေလဲစင်တာတွေ လိုက်တမ်းပြေးတမ်းကစားနေသလိုဖြစ်နေတယ်။ ဈေးကစားနေတဲ့အုပ်စုက သိပ်မရှိတာကို ထိန်းလို့မရတာကတော့ တော်တော်လေးကိုဆိုးပါတယ်။ အဲဒီလိုဈေးကစားတာကို ထိန်းနိုင်ဖို့အတွက် အစီအမံတွေလုပ်ဖို့လိုနေပြီလို့ထင်ပါတယ်”ဟု ငွေလဲစင်တာမှတာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

ပြည်တွင်းငွေလဲစင်တာများတွင် အောက်တိုဘာ ၃ရက်က ရောင်းဈေး ၁၂၇၈ ကျပ်၊ ဝယ်ဈေး ၁၂၇၄ ကျပ်ရှိခဲ့ပြီး အောက်တိုဘာ ၄ ရက်တွင် ရောင်းဈေး ၁၂၈၁ ကျပ်၊ ဝယ်ဈေး ၁၂၇၆ ကျပ်၊ အောက်တိုဘာ ၅ ရက် တွင် ရောင်းဈေး ၁၂၈၂ ကျပ်၊ ဝယ်ဈေး ၁၂၇၉ ကျပ်ရှိခဲ့ရာမှ အောက်တိုဘာ ၇ ရက် ဈေးပိတ်ချိန်တွင် ရောင်းဈေး ၁၂၆၉ ကျပ်၊ ဝယ်ဈေး ၁၂၆၅ ကျပ်သို့ ပြန်လည်ကျဆင်းလာခဲ့သည်။

**မယ်သီတာ**

### ပြည်တွင်းငွေလဲနှုန်းကျဆင်းလာသဖြင့် ပြည်တွင်း ရွှေဈေး ကျပ်သုံးသောင်းကျော် ပြန်လည်ကျဆင်းလာ

ယခုတစ်ပတ်အတွင်း ပြည်တွင်းငွေလဲနှုန်းများ ကျဆင်းလာမှုကြောင့် ပြည်တွင်းရွှေဈေးများလည်းပြန်လည်ကျဆင်းလာခဲ့ကြောင်း သိရသည်။ ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်းက အမြင့်ဆုံးဈေးအဖြစ် ကျပ် ၈၉၂၀၀၀ အထိ ရောက်ရှိခဲ့သည့် ပြည်တွင်းရွှေဈေးသည် ယခုတစ်ပတ်တွင် ကျပ်သုံးသောင်းကျော် ပြန်လည်ကျဆင်းလာခဲ့ကြောင်း ပြည်တွင်းရွှေဈေးကွက်အတွင်း မှ သိရသည်။

ကမ္ဘာ့ရွှေဈေး ကျဆင်းမှုနှင့်အတူ ပြည်တွင်းငွေလဲနှုန်းများပါ ကျဆင်းလာမှုကြောင့် ပြည်တွင်းရွှေဈေးများလိုက်ပါ ကျဆင်းလာခဲ့ခြင်းဖြစ်သည်ဟု ရွှေဈေးကွက် ကျွမ်းကျင်သူများက သုံးသပ်ခဲ့ကြသည်။

“ဒီတစ်ပတ်မှာ ပြည်တွင်းငွေလဲနှုန်းကလည်း ကျလာတယ်။ ကမ္ဘာ့ရွှေဈေးကလည်း ကျဆင်းလာတယ်။ အဲဒါတွေကြောင့် ပြည်တွင်းရွှေဈေးကဆက်တိုက်ကျလာတယ်။ဒါကဖြစ်လာမယ့်အခြေအနေကို ကြိုပြီးသုံးသပ်ထားတာပါ။ ဒေါ်လာဈေး အဆမတန်မြင့်တက်နေတာကို ဗဟိုဘဏ်ကဝင်ထိန်းရင် ဈေးပြန်ကျလာနိုင်တာပဲ။ ဒေါ်လာဈေးကျရင် ရွှေဈေးလည်း လိုက်ပြီးကျလာမယ်။ ကမ္ဘာ့ရွှေဈေးကလည်း ကျနေတာဆိုတော့ အခုတစ်ပတ်မှာ ရွှေဈေးက အများကြီးကျဆင်းသွားရတာပါ”ဟု ရွှေကုန်သည်ဦးစံမြင့်က ဆိုသည်။

ပြည်တွင်းရွှေဈေးများသည် အောက်တိုဘာ ၃ရက်က ကျပ် ၈၉၅၀၀၀ ရှိခဲ့ပြီး အောက်တိုဘာ ၅ ရက်တွင် ကျပ် ၈၅၀၀၀၀ သို့လည်းကောင်း၊ အောက်တိုဘာ ၆ရက်တွင် ကျပ် ၈၇၁၀၀၀ သို့လည်းကောင်း၊ အောက်တိုဘာ ၇ ရက်တွင် ကျပ် ၈၆၂၀၀၀ သို့လည်းကောင်း ဆက်တိုက်ကျဆင်းခဲ့သည်။ ကမ္ဘာ့ရွှေဈေးသည် အောက်တိုဘာ ၃ ရက်က ၁၃၁၉ ဒေါ်လာရှိခဲ့ပြီး အောက်တိုဘာ ၇ ရက်တွင် ၁၂၅၅ ဒေါ်လာသို့ ကျဆင်းခဲ့သည်။

**မယ်သီတာ**

### Currency Exchange Rate

October 7, 2016

Base Currency is United States Dollar - USD

| Currency Unit | | Units per USD |
|---|---|---|
| AUD | Australia Dollars | 1.32 |
| BDT | Bangladesh Taka | 78.35 |
| CAD | Canada Dollars | 1.32 |
| CNY | China Yuan Renminbi | 6.67 |
| EUR | Euro | 0.90 |
| H KD | Hong Kong Dollars | 7.76 |
| I NR | India Rupees | 66.85 |
| I DR | Indonesia Rupiahs | 13009.87 |
| JPY | Japan Yen | 103.81 |
| MYR | Malaysia | 4.16 |
| PKR | Pakistan Rupees | 104.50 |
| PHP | Philippines Pesos | 48.39 |
| RUB | Russia Rubles | 62.22 |
| SGD | Singapore Dollars | 1.37 |
| KRW | South Korea Won | 1116.67 |
| LKR | Sri Lanka Rupe | 146.70 |
| THB | Thailand Baht | 34.89 |
| GBP | United Kingdom Pounds | 0.80 |
| VND | VietnamDon | 22301.52 |

*Source : xe.com*

### World Gold Price

Octber, 2016 (USD/OZ)

| Date | NY | London | Zurich |
|---|---|---|---|
| 3 | 1313 | 1314 | 1315 |
| 4 | 1304 | 1306 | 1307 |
| 5 | 1269 | 1271 | 1272 |
| 6 | 1360 | 1362 | 1364 |
| 7 | 1349 | 1351 | 1351 |

### Domestic Gold Price

Kyats(Thousand)

| Date | Yangon | Mandalay |
|---|---|---|
| 3 -10- 2016 | 895.00 | 895.10 |
| 4 -10- 2016 | 897.00 | 896.50 |
| 5 -10- 2016 | 874.50 | 873.80 |
| 6 -10- 2016 | 868.00 | 867.80 |
| 7 -10- 2016 | 859.00 | 858.00 |

### နယ်စပ်ငွေလဲလှယ်နှုန်း

အောက်တိုဘာလ ၂၀၁၆ (1US$)

| ရက် | တရုတ် (ယွမ်) | ထိုင်း (ဘတ်) | ဘင်္ဂလားဒေ့ရှ် (တာကာ) | အိန္ဒိယ (ရူပီး) |
|---|---|---|---|---|
| 3 | 6 .67 | 34.63 | 77.91 | 66.49 |
| 4 | 6. 67 | 34.69 | 77.91 | 66.57 |
| 5 | 6 67 | 34.79 | 78.33 | 67.54 |
| 6 | 6 .67 | 34.83 | 78.54 | 66.64 |
| 7 | 6.67 | 34.89 | 78.35 | 66.86 |

### MTSH ၏ အစုရှယ်ယာဈေးနှုန်းများ အနည်းငယ်မြင့်တက်

ယခုတစ်ပတ်တွင် MTSH ၏ အစုရှယ်ယာဈေးနှုန်းများ မြင့်တက်ခဲ့ကြောင်း YSX ၏သတင်းထုတ်ပြန်ချက်များအရ သိရသည်။ MTSH ကုမ္ပဏီသည် ၎င်း၏ အစုရှယ်ယာများကို Share Split လုပ်ခဲ့ပြီးနောက် ရှယ်ယာဈေးနှုန်းများ မြင့်တက်လာခဲ့ခြင်းဖြစ်သည်။

MTSH အနေဖြင့် လုပ်ငန်းများ ပိုမိုချဲ့ထွင်နိုင်ရန်နှင့် ၎င်း၏အစုရှယ်ယာများအား အများပြည်သူများ လွယ်လင့်တကူ သက်သာစွာဝယ်ယူနိုင်ရန်အတွက် ယခုကဲ့သို့ Share Split လုပ်ရခြင်းဖြစ်သည်ဟု ဆိုသည်။

Share Split မပြုလုပ်မီက ၎င်း၏ ရှယ်ယာဈေးနှုန်းသည် ကျပ် ၄၃၀၀၀ ရှိခဲ့သော်လည်း Share Split ပြုလုပ်မည်ဟု ကြေညာချက်ထုတ်ပြန်ပြီးနောက်တွင် ကျပ် ၄၉၀၀၀ သို့မြင့်တက်ခဲ့သည်။

သို့သော် ဈေးကွက်ပိတ်ရက်မတိုင်မီတစ်ရက်ဖြစ်သည့် အောက်တိုဘာလ ၇ ရက်တွင်၎င်း၏အစုရှယ်ယာဈေးနှုန်းများမှာ ကျပ် ၄၆၀၀၀ သို့ ပြန်လည်ကျဆင်းခဲ့သည်။

**မယ်သီတာ**

### World Metal Price (US$)

| Date | Silver/Oz | Zinc/Ton | Aluminium/Ton | Copper/Ton | Platinum/Oz |
|---|---|---|---|---|---|
| 3 - October | 19.08 | 2418.53 | 1682.02 | 4933.38 | 1018.00 |
| 4 - October | 18.75 | 2448.99 | 1688.29 | 4861.02 | 1001.00 |
| 5 - October | 17.90 | 2400.16 | 1680.22 | 4828.32 | 988.00 |
| 6 - October | 17.71 | 2379.33 | 1688.29 | 4819.81 | 973.00 |
| 7 - October | 17.26 | 2365.44 | 1695.01 | 4798.53 | 959.00 |

Source:kitco.com

### Energy NYMEX 7-10-2016

| | Price | Change | Change % |
|---|---|---|---|
| WTI Crude Future (USD/bbl.) | 50.52 | 0.08 | 0.16 |
| Brent Crude Futr (USD/bbl) | 52.61 | 0.10 | 0.19 |
| Gasoline Rbob Fut (Cent/gal) | 150.06 | 0.28 | 0.19 |
| Natural Gas Futr (USD/MMBtu) | 3.03 | -0.02 | -0.69 |
| Heating Oil Futr (Cent/gal) | 159.29 | 0.31 | 0.19 |

## ဘိလပ်မြေ

# ဒီတစ်ပတ်ဘိလပ်မြေအဝင် လျော့နည်း

စက်တင်ဘာ ၂၅ရက်မှအောက်တိုဘာ ၁ရက် သီတင်းပတ်အတွင်း ကန်ဒေါ်လာ ၁၃၁၇၅၃ တန်ဖိုးရှိမြေသြဇာ၃၉၀ ဒသမ ၁၁တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် တရုတ်နိုင်ငံမှ ၃၁၅ ဒသမ၁၁ တန်နဲ့ ထိုင်းနိုင်ငံမှ ၇၅ တန်တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ဒီတစ်ပတ် စိန်၊ဆင်၊ SCG စတဲ့ တံဆိပ်တွေဝင်လာတယ်လို့သိရပါတယ်။ ယခင်သီတင်းပတ် ဘိလပ်မြေအဝင်မှာ တန်ချိန်၁၀၅၀၀ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်တင်သွင်းမှု နဲ့ယှဉ်ရင် ဘိလပ်မြေအဝင် တော်တော်လေးလျော့နည်းခဲ့တာတွေ့ရပါတယ်။

လချုပ်အနေနဲ့ကြည့်မယ်ဆိုရင် ဩဂုတ်လအတွင်းက ဘိလပ်မြေတင်သွင်းမှုမှာ တန်ချိန် ၁၀၆၄၀၀ကျော်ရှိခဲ့ပြီး စက်တင်ဘာလ မှာတန်ချိန်၅၂၆၀၀ ကျော် ရှိခဲ့တာကြောင့် စက်တင်ဘာလမှာ တန်ချိန်၅၃၇၀၀ကျော်တင်သွင်းမှု လျော့နည်းခဲ့တယ်လို့ သိရပါတယ်။

# ဘိလပ်မြေဈေးကွက် အရောင်းအဝယ်ပုံမှန်ဖြစ်

စက်တင်ဘာလ ၂၅ ရက်မှ အောက်တိုဘာ ၁ရက် သီတင်းပတ်မှာ ပြည်တွင်းကို ရေလမ်းမှ ဘိလပ်မြေအဝင်မှာ တန်ချိန် ၃၉၀ရှိခဲ့တယ်လို့ သိရပါတယ်။ယခင်တစ်ပတ် ဘိလပ်မြေအဝင်မှာတန်ချိန် ၁၀၅၅၀ကျော် ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၁၀၀၀၀ကျော်အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် နယ်စပ်လမ်းမှ ဘိလပ်မြေ အဝင်မှာ တန်ချိန် ၁၇၁၂၀ ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်အဝင်မှာ တန်ချိန်၁၂၉၆၀ကျော် ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန်၄၁၆၀ကျော် အဝင်ပိုခဲ့တယ်လို့သိရပါတယ်။ ဒါကြောင့်ရေလမ်းမှ အဝင်လျော့ခဲ့ပြီး နယ်စပ်လမ်းမှ အဝင်ပိုခဲ့ပါတယ်။

ဒီတစ်ပတ်ဘိလပ်မြေဈေးကွက်အခြေအနေများမှာ မကွေးဈေးကွက်မှာ ဘိလပ်မြေက တည်ဆောက်ပြုပြင်ရေးလုပ်ငန်းများ လုပ်ကိုင်မှုများလာပေမယ့် အရောင်းအဝယ်က ပုံမှန်အတိုင်းသာရှိတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာ ဘိလပ်မြေများက ယခင်တစ်ပတ်ဈေးအတိုင်း အရောင်း အဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ ဆင်(ထိုင်း) ၆၀၀၀ ကျပ်၊ ကြံ့ ၅၀၀၀ကျပ်၊ အပါချီ ၅၀၀၀ကျပ်၊ မြင်းခေါင်း ၄၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ သိရှိရပါတယ်။

တောင်ကြီးဘိလပ်မြေဈေးကွက်မှာ အရောင်းအဝယ်ပုံမှန်ရှိတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်ဆင်ကဈေးငြိမ်နေပြီး စိန်က၁၀၀ကျပ်ဈေးကျကာ အပါချီက ၅၀၀ကျပ်၊ကမ္ဘောဇက၆၀၀ကျပ်၊နဂါးက ၅၀၀ ကျပ်ဈေးမြင့်ခဲ့တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ စိန်(ထိုင်း) ၆၉၀၀ ကျပ်၊ အေသုံးလုံး ၅၂၀၀ ကျပ်၊ အပါချီ ၄၄၀၀ကျပ်၊ ကမ္ဘောဇ ၄၁၀၀ကျပ်၊နဂါး ၄၇၀၀ကျပ်၊ ဆင်(ထိုင်း) ၆၆၀၀ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ စုံစမ်းသိရပါတယ်။

ရန်ကုန်ဈေးကွက်မှာ ဘိလပ်မြေက အရောင်းအဝယ်ပုံမှန်ရှိသလို ယခင် တစ်ပတ်က ဈေးအတိုင်းအရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ဆင်၅၄၀၀ကျပ်၊ စိန်၅၂၀၀ကျပ်၊ ကြံ့နှစ်ကောင် (နီ)၄၈၀၀ကျပ်၊ ကြံ့နှစ်ကောင် (စိမ်း)၄၅၀၀ ကျပ်နဲ့ အရောင်းအဝယ် ဖြစ်တယ်လို့ ဘိလပ်မြေ အရောင်းဆိုင်မှ စုံစမ်းသိရှိခဲ့ပါတယ်။

**သီတာဝင်း (DOT) စုစည်းသည်**

## ဓာတ်မြေသြဇာ

# မြေသြဇာ တန်ချိန်၁၃၀၀၀နီးပါးဝင်

စက်တင်ဘာလ ၂၅ ရက်မှ အောက်တိုဘာ ၁ရက် သီတင်းပတ်အတွင်း ကန်ဒေါ်လာ ၂၇၉၇၇၀၈ တန်ဖိုးရှိ မြေသြဇာတန်ချိန် ၁၂၇၇၄ ဒသမ ၉၂၉ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ်မှာ တရုတ်နိုင်ငံမှ ၈၆၈၁ ဒသမ ၄၂၄ တန်၊ ဂျာမနီမှ တန်ချိန် ၉၀၀၊ ဂျပန်မှ ၁၈၃ ဒသမ ၃၆၄ တန်၊ မလေးရှားမှ ၁၁၀ ဒသမ ၀၈၈တန်၊ ရုရှားမှ ၅၅၉ ဒသမ ၅၇တန်၊ ထိုင်းနိုင်ငံမှ ၁၅၁၄ ဒသမ ၅၈၃ တန်နဲ့ ဗီယက်နမ်မှ ၈၂၅ဒသမ၉၀တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ်တင်သွင်းခဲ့တဲ့အမျိုးအစားများမှာ နိုက်တြိုဂျင်၊ ကွန်ပေါင်း၊ အမိုးနီးယားဆာလဖိတ်၊ ယူရီးယား၊ ဖလော်ရာ၊ ပိုတက်ဆီယမ် နိုက် တြိတ်တို့ ဖြစ်တယ်လို့သိရပါတယ်။ ဒီတစ်ပတ် ထိုင်းနိုင်ငံမှ အများဆုံး တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်ကမြေသြဇာ တင်သွင်းမှုမှာ တန်ချိန် ၉၃၀၀ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်တင်သွင်းမှုနဲ့ နှိုင်းယှဉ်ရင် တန်ချိန် ၃၄၀၀ ကျော်ပိုမို တင်သွင်းခဲ့တယ်လို့ သိရပါတယ်။

လချုပ်အနေနဲ့ ကြည့်မယ်ဆိုရင်ဩဂုတ်လအတွင်းက မြေသြဇာတင်သွင်းမှုမှာ တန်ချိန် ၇၇၃၁၀ ကျော်ရှိခဲ့ပြီး စက်တင်ဘာလအတွင်း တင်သွင်းမှုမှာ တန်ချိန်၄၅၄၇၀တင်သွင်းခဲ့တာကြောင့်စက်တင်ဘာလမှာမြေသြဇာတန်ချိန် ၃၁၈၀၀ ကျော် တင်သွင်းမှုလျော့နည်းခဲ့တယ်လို့သိရပါတယ်။

# မန္တလေးမြေသြဇာဈေးကွက် ပုံမှန်ထက်အရောင်းအဝယ်ဖြစ်

စက်တင်ဘာ ၂၅ ရက်မှ အောက်တိုဘာ ၁ ရက် သီတင်းပတ်အတွင်း ပြည်တွင်းသို့ ရေလမ်းမှ မြေသြဇာ ၁၂၇၇၄ တန်ကျော်ဝင်ခဲ့ပါတယ်။ နယ်စပ်လမ်းမှ ယခုတစ်ပတ် မြေသြဇာ အဝင်မှာ တန်ချိန်၂၀၅၀၀ ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်အဝင်မှာ တန်ချိန် ၉၀၃၉၀ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၆၉၈၉၀ ကျော် အဝင် လျော့ခဲ့တယ်လို့သိရပါတယ်။ဒါကြောင့် ဒီတစ်ပတ်မှာ ရေကြောင်းလမ်းမှအဝင် ပိုပြီး နယ်စပ်လမ်းမှ အဝင်လျော့ခဲ့ပါတယ်။ ပြည်တွင်းဈေးကွက်များဖြစ်တဲ့ မကွေးနဲ့တောင်ကြီးမှာ အရောင်းအဝယ်အေးပြီးရန်ကုန်မှာ ပုံမှန် အရောင်းအဝယ်ဖြစ်ကြောင်းသိရပါတယ်။

**မော်လမြိုင်ဈေးကွက်**မှာ ကုမ္ပဏီရဲ့ ဖြန့်ဈေးတက်တာကြောင့် ဈေးကွက်ထဲမှာ မြေဆီဈေးနည်းနည်း တက်တယ်လို့သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ပုလဲ-အသေး ၄၆ရာခိုင်နှုန်း(ရွှေတုံး၊ ရွှေပျား၊ ရွှေတောင်-တရုတ်)၂၁၅၀၀ ကျပ်၊ ကွန်ပေါင်း (အစိမ်း) ၁၅း၁၅း၁၅ (ထိုင်း) ၃၅၀၀၀ကျပ်၊ ကွန်ပေါင်း(ပန်းရောင်) ၂၉၂၀၀ကျပ်၊ ကွန်ပေါင်း ၁၆း ၁၆း၈ (မြင်းပျံ-ထိုင်း) ၂၀၇၀၀ကျပ်၊ တီစူပါ၄၆ ရာခိုင်နှုန်း (သံကွင်း-တရုတ်) ၂၁၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။

**မကွေးဈေးကွက်**မှာ အရောင်းအဝယ်ပါးတယ်လို့သိရပါတယ်။ ဒီတစ်ပတ်မှာ မြေသြဇာများက ယခင် တစ်ပတ်ဈေးနဲ့ အရောင်းအဝယ် ဖြစ်တယ်လို့သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်တဲ့ဈေးမှာ မြွားကမ္ဘာ-တရုတ် ၁၂း၁၃(အပြာ) ၁၅၆၀၀ ကျပ်၊ ဆင်၁၀း၁၀း၅ ၁၅၅၀၀ကျပ်၊သီးစုံ (ဝါစိမ်းပြာ) ၁၅၅၀၀ ကျပ်၊အာမို၁၅ ပတ်လည် ၃၅၅၀၀ကျပ်၊ အာမို၁၆း၁၆း၈ ၃၄၀၀၀ ကျပ်၊ယူရီးယား-ပုလဲ(ပန်းဖူး-တရုတ်) ၁၉၀၀၀ကျပ်၊ ယူရီးယား-ပုလဲ (ရွှေတောင် - တရုတ်) ၁၈၅၀၀ကျပ်၊ အာမို ၁၀း၁၀း၅ ၁၆၀၀၀ကျပ်၊အောင်ကမ္ဘာ ၁၀း၁၀း၅ ၁၈၀၀၀ကျပ်၊တီစူပါ ၁၉၀၀၀ ကျပ်၊ တောင်သူမ၁၅၃၀၀ကျပ်၊ မြွားကမ္ဘာ (၁၅း၇း၈)၁၉၀၀၀ ကျပ်၊ ဇာမဏီ ၁၇၈၀၀ ကျပ် ဈေးရှိတယ်လို့ မြေသြဇာ အရောင်းဆိုင်မှစုံစမ်းသိရှိရပါတယ်။

**တောင်ကြီးဈေးကွက်**မှာ ကုမ္ပဏီမှ ဖြန့်ဖြူးတဲ့ဈေးမြင့်တက်လို့ မြေဆီဈေးတွေလည်း နည်းနည်းမြင့်လာပေမယ့် အရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ ယူရီးယား(ကမ္ဘာလုံး၊ ရွှေတောင်-တရုတ်)၁၉၂၀၀ ကျပ်၊ ယူရီးယား (ပန်းဖူး-တရုတ်) ၂၀၄၀၀ ကျပ်၊ တီစူပါ၂၀%(တရုတ်) ၁၂၅၀၀ ကျပ်၊ ပိုးသတ်ဆေး ၁၉၀၀ကျပ်၊ တီစူပါ ၁၅ ပတ်လည်(တရုတ်) ၃၆၅၀၀ ကျပ်၊ တီစူပါ ၁၀း၁၀း၅ (တရုတ်)၁၆၀၀၀ကျပ်၊ ဓာတ် ဆား (တရုတ်) ၁၄၀၀၀ကျပ်၊ ပိုတက် (တရုတ်) ၂၄၅၀၀ကျပ်၊ ယူရီးယား (ယူ အေအီး) ၁၉၅၀၀ကျပ်၊ မြွားကမ္ဘာ ၁၄၆၀၀ ကျပ်ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ စုံစမ်းသိရပါတယ်။

**ရန်ကုန်ဈေးကွက်**မှာ မြေသြဇာ အရောင်းအဝယ် ပုံမှန်ရှိတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာတော့ ယူရီးယားက ၃၀၀ ကျပ်ဈေးကျပြီး တီစူပါက ၂၀၀ ကျပ်၊ ပိုတက်က၇၀၀ကျပ်ဈေးမြင့်ခဲ့ပြီး ကွန်ပေါင်းကယခင် တစ်ပတ်ဈေးနဲ့ အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ဈေးကွက်ထဲမှာ ယူရီးယား(နေရွက်လှေ-တရုတ်) ၁၈၁၀၀ကျပ်၊ ယူရီးယား (ကမ္ဘာလုံး-တရုတ်)၂၁၀၀၀ကျပ်၊ ယူရီးယား (ရွှေတောင်-တရုတ်)၁၈၁၀၀ကျပ်၊ တီစူပါ (သံကွင်း-တရုတ်) ၁၉၂၀၀ကျပ်၊ပိုတက် (အိန္ဒိယ) ၂၁၅၀၀ကျပ်၊ ကွန်ပေါင်း (၁၅း၁၅း၁၅-တရုတ်) ၃၇၅၀၀ကျပ်၊ ကွန်ပေါင်း(၂၅း၇း၇)၃၁၆၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။

## နို့မှုန့်

# နို့ဆီ တန်ချိန်၁၀၀ကျော်နဲ့ နို့မှုန့်တန်ချိန် ၁၅၀နီးပါးဝင်

စက်တင်ဘာ ၂၅ရက်မှ အောက်တိုဘာ ၁ရက် သီတင်းပတ်အတွင်း ကန်ဒေါ်လာ ၁၅၈၉၆၀တန်ဖိုးရှိ နို့ဆီ၁၂၄ ဒသမ ၂၀တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် ဒွန်းနို့ဆီတစ်မျိုးတည်းသာ ဝင်လာခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်နို့ဆီအဝင်မှာ တန်ချိန် ၂၇၀ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ် တင်သွင်းမှုကတန်ချိန် ၁၄၀ကျော် လျော့နည်းခဲ့ပါတယ်။

ဒီတစ်ပတ် မလေးရှားမှ နို့မှုန့် ၅၂ ဒသမ၈၅၃တန်၊ နယူးဇီလန်မှ ၅၀ဒသမ ၄၀တန်၊ ဗီယက်နမ်မှ ၁၁ ဒသမ ၇၀ တန်၊ စင်ကာပူမှ ၂၉ ဒသမ၆၄၈တန် စုစုပေါင်း ၁၄၄ ဒသမ ၅၈၃တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်က နို့မှုန့်တစ်တန်ကျော်သာ တင်သွင်းခဲ့တာကြောင့် ဒီတစ်ပတ်တင်သွင်းမှုနဲ့ နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ တန်ချိန် ၁၄၀ကျော်ပိုမို တင်သွင်းခဲ့တယ်လို့ သိရပါတယ်။

## ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဘိလပ်မြေတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၂၄/၉ မှ ၃၀/၉ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၁၇/၉ မှ ၂၃/၉ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၁၂၁၉.၅၀ | ၈၈၇.၁၅ | (+) | ၃၃၂.၃၅ |
| ၂။ | လွယ်ဂျယ် | ၆၀၀.၀၀ | ၄၅၀.၀၀ | (+) | ၁၅၀.၀၀ |
| ၃။ | ချင်းရွှေဟော် | - | - | | - |
| ၄။ | ကန်ပိုက်တီး | ၂၀၀၀.၀၀ | ၂၃၉၄.၀၀ | (-) | ၃၉၄.၀၀ |
| ၅။ | တာချီလိတ် | ၄၁၀၀.၀၀ | ၅၇၀၀.၀၀ | (-) | ၁၆၀၀.၀၀ |
| ၆။ | မြဝတီ | ၆၈၆.၉၀ | ၈၄၁.၇၀ | (-) | ၁၅၄.၈၀ |
| ၇။ | ကော့သောင်း | ၈၃၂၁.၀၀ | ၂၅၁၅.၀၀ | (+) | ၅၈၀၆.၀၀ |
| ၈။ | မြိတ် | ၂၀၀.၀၀ | ၁၇၅.၀၀ | (+) | ၂၅.၀၀ |
| | စုစုပေါင်း | ၁၇၁၂၇.၄၀ | ၁၂၉၆၂.၈၅ | (+) | ၄၁၆၄.၅၅ |

မော်မော်အောင်

## ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဓာတ်မြေသြဇာတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၂၄/၉ မှ ၃၀/၉ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၁၇/၉ မှ ၂၃/၉ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၁၄၇၃၈.၉၅၀ | ၇၈၉၈၈.၀၅၀ | (-) | ၆၄၂၄၉.၁၀၀ |
| ၂။ | လွယ်ဂျယ် | ၃၃၅.၅၀၀ | ၄၅၀.၅၀၀ | (-) | ၁၁၅.၀၀၀ |
| ၃။ | ချင်းရွှေဟော် | ၂၄၇၀.၂၅၀ | ၇၀၄၇.၇၅၀ | (-) | ၄၅၇၇.၅၀၀ |
| ၄။ | ကန်ပိုက်တီး | ၅၅၀.၀၀၀ | ၆၀၀.၀၀ | (-) | ၅၀.၀၀၀ |
| ၅။ | မြဝတီ | ၂၀၈၅.၅၇၄ | ၂၃၅၅.၄၀၀ | (-) | ၂၆၉.၈၂၆ |
| ၆။ | ကော့သောင်း | ၂၂၀.၀၀၀ | - | (+) | ၂၂၀.၀၀၀ |
| ၇။ | မြိတ် | - | ၅၀.၀၀၀ | (-) | ၅၀.၀၀ |
| ၈။ | ရိဒ် | ၆၅၀.၀၀၀ | ၉၀၀.၀၀၀ | (-) | ၂၅၀.၀၀၀ |
| | စုစုပေါင်း | ၂၀၅၅၀.၂၇၄ | ၉၀၃၉၁.၇၀၀ | (-) | ၆၉၃၄၁.၄၂၆ |

ခင်မိုးသူ

# နှမ်း

## နှမ်းနီနဲ့နှမ်းနက်ဈေးငြိမ်နေသော်လည်း စမုံနက်နှမ်းဈေး အနည်းငယ်ပြန်မြင့်

ပြည်ဈေးကွက်သို့ ယခုတစ်ပတ်တွင် တစ်နေ့လျှင် နှမ်းအိတ် ၇၀၀-၈၀၀ ခန့် အဝင်ရှိသဖြင့် ယခင်တစ်ပတ်ထက် စာလျှင် ဝင်ရောက်မှု အနည်းငယ်များလာတာ တွေ့ရပါတယ်။ မြန်အောင်၊ ကြံခင်းနှင့်ပေါက်ခေါင်းဘက်မှ နှမ်းနက်များဝင်သလို အောင်လံဘက်မှ နှမ်းနီများ ဝင်ရောက်လာတာတွေ့ရပါတယ်။

စမုံနက်နှမ်းကို မန္တလေးဝယ်လက်များသာ အဝယ်ရှိသဖြင့် ဈေးအနည်းငယ် ပြန်တက်လာတာ တွေ့ရပါတယ်။ နှမ်းနီကို ပြည်ဆီစက်များက အဝယ်ရှိသော်လည်း ဈေးမမြင့်ဘဲ ယခင်တစ်ပတ်အတိုင်း ဈေးငြိမ်နေတာ တွေ့ရပါတယ်။ ယခုတစ်ပတ် ပြည်ဈေးကွက်ရှိ နှမ်းဈေး မှာ နှမ်းနီတစ်တင်းလျှင် ၂၈၃၀၀ ကျပ်၊ နှမ်းနက်ရိုးရိုး တစ်တင်းလျှင် ကျပ် ၃၃၀၀၀ ဖြင့် ယခင်တစ်ပတ်ကအတိုင်း ဈေးငြိမ်နေပြီး စမုံနက်နှမ်းဈေးမှာ တစ်တင်းလျှင် ၄၈၃၀၀ ကျပ်ဖြင့် ယခင်တစ်ပတ်ထက်စာလျှင် တစ်တင်းကို ကျပ် ၃၀၀ ဈေးပိုလာတာ တွေ့ရပါတယ်။ နှမ်းဆီဈေးမှာလည်း တစ်ပိဿာလျှင် ကျပ် ၄၄၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။

**ဝေဝေမင်း**

## ချင်းရွှေဟော်မှ နှမ်းပိုမိုတင်ပို့

စက်တင်ဘာ နောက်ဆုံးပတ်တွင် မြန်မာ-တရုတ် နယ်စပ်ရှိ ချင်းရွှေဟော် ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၄ ဒသမ ၆၅၄ သန်းတန်ဖိုးရှိနှမ်းရောင်စုံ ၃၅၀၈ တန်ကျော် တင်ပို့ခဲ့ရာ တင်ပို့ခဲ့တဲ့ နှမ်းရောင်စုံတွေကတော့ နှမ်းဖြူ ၅၄၂ တန်ခွဲ၊ နှမ်းနက် ၂၉၁၂ တန်ကျော်နဲ့ နှမ်းညို ၅၃ တန် ဖြစ်ပါတယ်။ ယခင်တစ်ပတ်က နှမ်းဖြူနဲ့ နှမ်းနက် နှစ်မျိုးပေါင်း ၃၁၆၅ တန်ကျော်သာ တင်ပို့ခဲ့လို့ ယခုတစ်ပတ်ချင်းရွှေဟော်မှ နှမ်းတင်ပို့မှု ၃၄၂ တန်ကျော် ပိုမိုခဲ့တာတွေ့ရပါတယ်။ စက်တင်ဘာလအတွင်း ချင်းရွှေဟော်မှ နှမ်းတန်ချိန်ပေါင်း ၁၂၀၀၀ခန့်တင်ပို့ခဲ့တယ်လို့ သိရပါတယ်။

မြန်မာ-ထိုင်းနယ်စပ်ရှိ မြဝတီကုန်သွယ်ရေးဇုန်ကတော့ အမေရိကန်ဒေါ်လာ ၅၂၀၁တန်ဖိုးရှိနှမ်းနက် ၃၇ တန်ကျော် တင်ပို့ခဲ့ပြီး စက်တင်ဘာတစ်လလုံး နှမ်းနက် တန်၁၀၀ နီးပါး တင်ပို့ခဲ့သလို တာချီလိတ်ကုန်သွယ်ရေးစခန်းမှလည်း နှမ်းဖြူ တန်၁၀၀ တင်ပို့ခဲ့တယ်လို့ သတင်းရရှိပါတယ်။

**မော်မော်အောင်**

# စားအုန်းဆီ



## မလေးရှားစားအုန်းဆီဈေး တစ်ပတ်အတွင်းအနိမ့်ဆုံးသို့ ကျဆင်း

ပဲပုပ်ဆီဈေးနှုန်း ကျဆင်းခြင်းနှင့်အတူ မလေးရှားစားအုန်းဆီ ပြည်ပတင်ပို့မှုလည်း ကျဆင်းမည်ဟု ခန့်မှန်းကြသည့်အတွက် အောက်တိုဘာ ၆ ရက်တွင် မလေးရှားစားအုန်းဆီကြိုရောင်းဈေးက ရက်သတ္တပတ်အတွင်း အနိမ့်ဆုံးဈေးအဖြစ် တစ်ဟုန်ထိုးကျဆင်းခဲ့ကြောင်း ဘီရိုကော်ဒါသတင်းတွင် ဖော်ပြသည်။

ဘာဆာမလေးရှား ကုန်စည်ဒိုင် (Bursa Malaysia Derivatives Exchange) တွင် အောက်တိုဘာ ၅ ရက် ဈေးပိတ်ချိန်က စားအုန်းဆီတစ်တန်ကို ၂၅၅၆ ရင်းဂစ် ( အမေရိကန် ၆၁၈ ဒေါ်လာ)ရှိပြီး ၁ ဒသမ ၇ ရာခိုင်နှုန်း ကျဆင်းခဲ့သည်။

စားအုန်းဆီဈေးသည် တစ်တန်ကို ၂၅၅၄ ရင်းဂစ်နှုန်းအထိရောက်ရှိပြီး စက်တင်ဘာ ၁၅ ရက်နောက်ပိုင်း အနိမ့်ဆုံးနှုန်း ဖြစ်ခဲ့သည်။ ယခုဈေးနှုန်းအထိ မရောက်မီ ယခင်နှစ်ရက်က ဈေးနှုန်းများ ဆက်တိုက်မြင့်တက်ခဲ့ပြီးမှ ဈေးနှုန်းပြန်လည် ကျဆင်းခဲ့ခြင်းဖြစ်သည်။

အောက်တိုဘာ ၅ ရက်က စားအုန်းဆီ ရောင်းချရသည့်ပမာဏမှာ ၂၅ တန်ရှိအတွဲ ၅၈၁၁၉တွဲ ရှိခဲ့ရာ ၂၀၁၅ ခုနှစ်ကနေ့စဉ်ပျမ်းမျှ ရောင်းချနှုန်းဖြစ်သော အတွဲ ၄၄၆၀၀ တွဲထက်ပိုမိုရောင်းချခဲ့ရသည်။

"ဒီနေ့ ချီကာဂို ကုန်သွယ်ရေးဘုတ်အဖွဲ့မှာ ပဲပုပ်ဆီဈေးနှုန်းက ကျဆင်းခဲ့ပါတယ်"ဟု ကွာလာလမ်ပူမှ ရောင်းဝယ်ရေးတာဝန်ခံတစ်ဦးက ပြောသည်။

ချီကာဂို ကုန်သွယ်ရေးဘုတ်အဖွဲ့တွင် ဒီဇင်ဘာအတွက် စာချုပ်ချုပ်ဆိုသော ပဲပုပ်ဆီဈေးမှာ သုည ဒသမ၉ ရာခိုင် နှုန်းကျဆင်းသည်။ စားအုန်းဆီနှင့် ပဲပုပ်ဆီတို့သည် ကမ္ဘာ့ဟင်းရွက်ဆီဈေးကွက်ဝေစုကို ယှဉ်ပြိုင်လုနေကြသည့်အတွက် ပဲပုပ်ဆီဈေးက စားအုန်းဆီဈေးအပေါ်တွင် ဂယက်ရိုက်ခတ်မှုရှိသည်။

ကမ္ဘာပေါ်တွင် စားအုန်းဆီအများဆုံး သုံးစွဲသောနိုင်ငံကြီးနှစ်နိုင်ငံဖြစ်သော တရုတ်နှင့် အိန္ဒိယတို့မှ ဝယ်လိုအား ကျဆင်းခဲ့သည့်အတွက် စက်တင်ဘာတစ်လလုံးမှာ မလေးရှားနိုင်ငံ၏ စားအုန်းဆီတင်ပို့မှုသည် ၁၅ ရာခိုင်နှုန်းနှင့် ၁၆ ရာခိုင်နှုန်းအကြားကျဆင်းခဲ့ကြောင်း ကုန်စည်ရောင်းဝယ်ရေး စစ်တမ်းကောက်ခံမှုအဖွဲ့ ကိန်းဂဏန်းများအရ သိရသည်။

ရာသီဥတု အေးသောအချိန်တွင် စားအုန်းဆီသည် အေးခဲတတ်သဖြင့် ကမ္ဘာ့မြောက်ခြမ်းရှိ စားသုံးသူတို့သည် ပဲပုတ်ဆီကို ပြောင်းလဲသုံးစွဲကြသည့်အတွက် နှစ်တစ်နှစ်၏ နောက်ဆုံးသုံးလပတ်တွင် စားအုန်းဆီဝယ်လိုအားကျဆင်းတတ်သည်။

စားအုန်းဆီဈေးသည် စက်တင်ဘာ ၁၄ရက်တွင် တစ်တန်ကို ၂၅၄၇ ရင်းဂစ်နှုန်းဖြင့် အနိမ့်ဆုံးသို့ ရောက်ရှိခဲ့ဖူးရာ ယခုအခါ ထိုနှုန်းဆီသို့ ဦးတည်သွားနေကြောင်း ရိုက်တာသတင်းဌာန ဈေးကွက်လေ့လာဆန်းစစ်ရေးမှူး ဝမ်တောင်းက ပြောသည်။

**ဉာဏ်တင်**

## ပြည်တွင်းဆီဈေးနှုန်းများ (၇-၁၀-၂၀၁၆)

ကျပ်/ပိဿာ

| မြို့အမည် | ပဲဆီ | | | နှမ်းဆီ | | | စားအုန်းဆီ | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| နေပြည်တော် (ပျဉ်းမနား) | ၄၂၀၀ | ၄၂၀၀ | □ | ၄၀၀၀ | ၄၀၀၀ | □ | ၁၉၅၀ | ၁၉၅၀ | □ |
| ရန်ကုန် | ၄၉၀၀ | ၄၉၀၀ | □ | ၃၅၀၀ | ၃၅၀၀ | □ | ၁၈၀၅ | ၁၇၀၀ | ▽ |
| မန္တလေး | ၃၅၀၀ | ၃၅၀၀ | □ | ၃၀၀၀ | ၃၀၀၀ | □ | ၁၈၆၀ | ၁၇၉၀ | ▽ |
| ပဲခူး | ၄၀၀၀ | ၄၀၀၀ | □ | ၄၈၀၀ | ၄၈၀၀ | □ | ၁၈၇၀ | ၁၈၀၀ | ▽ |
| မကွေး | ၃၈၀၀ | ၃၆၀၀ | ▽ | ၃၃၀၀ | ၃၃၀၀ | □ | ၁၈၅၀ | ၁၈၅၀ | □ |
| မုံရွာ | ၃၃၀၀ | ၃၃၀၀ | □ | ၃၀၀၀ | ၃၁၀၀ | △ | ၁၉၁၀ | ၁၈၄၀ | ▽ |
| စစ်တွေ | ၄၀၀၀ | ၄၀၀၀ | □ | ၄၀၀၀ | ၄၀၀၀ | □ | ၂၀၀၀ | ၂၀၀၀ | □ |

*Source: mirt*



## မလေးရှားစားအုန်းဆီ အပတ်စဉ်ပျမ်းမျှ (FOB) ဈေးနှုန်း

၇-၁၀-၂၀၁၆ US$/Ton

| အမျိုးအစား | စက်တင်ဘာစတုတ္ထပတ် | အောက်တိုဘာပထမပတ် | နှိုင်းယှဉ်ချက် |
|---|---|---|---|
| RBD P.Oil | ၇၂၄.၅၀ | ၆၈၇.၅၀ | ▽ |
| RBD P.Olein | ၇၃၉.၅၀ | ၆၉၇.၅၀ | ▽ |
| RBD P.Strarin | ၇၀၆.၅၀ | ၆၉၂.၅၀ | ▽ |

*Source: econ.mpob*

## ပြည်ပမှတင်သွင်းလာသော စားအုန်းဆီများ ရန်ကုန်ဆိပ်ကမ်းအရောက် တစ်ပိဿာအရင်းဈေးတွက်ချက်ပုံ (၇- ၁၀ -၂၀၁၆ )နေ့

| အကြောင်းအရာ | တွက်ချက်နှုန်း | တစ်ပိဿာကုန်ကျစရိတ် (ကျပ်) Cloud Point 8˚CMax |
|---|---|---|
| CIF ဈေး | (CIFx USD)/ 612 | ၁၅၀၂.၉၄ |
| FDA ထောက်ခံစာ | 58 .20/ 612 | ၀.၁၀ |
| သွင်းကုန်လိုင်စင်ကြေး | 50/ 612 | ၀.၀၈ |
| L/C စရိတ် | (1500 x 0.25% x USD)/612 | ၃.၇၆ |
| Bill စရိတ် | (CIF x 0.50% x USD )/612 | ၇.၅၁ |
| စားအုန်းဆီအလျော့ | 0.5% x လက်ကားဈေး | ၈.၅၀ |
| ဆီကန်သိုလှောင်ထိန်းသိမ်းခ | 5/ -1% | ၄.၉၅ |
| ကုန်သွယ်လုပ်ငန်းခွန် | (FOB x USD x 1.2 x 5%) 612 | ၇၂.၅၇ |
| ဆိပ်ကမ်းခွန် | (50000/ 1000) 612 | ၀.၀၈ |
| MITS စစ်ဆေးခ (FDA အပါအဝင်) | | ၀.၆၀ |
| အခွန်လျာထား | (CIF x 35/-)/ 612 | ၄၁.၇၅ |
| ဆိပ်ကမ်းကပ်ခ | (3x USD )/ 612 | ၆.၁၈ |
| | ရန်ကုန်ဆိပ်ကမ်းအရောက် အရင်းဈေး | ၁၆၄၉.၀၁၈ |

မှတ်ချက်။
၁။ အထက်ပါတွက်ချက်မှုမှာ ၇-၁၀-၂၀၁၆ နေ့ (CIF ဈေး Cloud Point 8 ˚C Max ၇၃၀ ဒေါ်လာနှင့် USD ဈေး ၁၂၆၀ကျပ်)ဖြင့် တွက်ချက်ထားခြင်းဖြစ်ပါသည်။
၂။ ၇-၁၀-၂၀၁၆ နေ့ ဝယ်ယူပြီးနောက် ၁၀ ရက်ခန့်အကြာ ရန်ကုန်ဆိပ်ကမ်းရောက်ရှိမည့် ဈေးဖြစ်ပါသည်။
၃။ တင်သွင်းလာသော ကုမ္ပဏီ၏ အမြတ်၊ ဆိပ်ကမ်းမှ ဖြန့်ဖြူးမည့်ဈေးကွက်အရောက် သယ်ယူစရိတ်၊ လုပ်သားခ၊ လက်လီဆိုင်များ၏ အမြတ်များ မပါဝင်သေးပါ။
၄။ ငွေလဲနှုန်း တစ်ဒေါ်လာကို ယခင် ၄၅၀ ကျပ်နှင့် တွက်ချက်ပြီး ၂၀၁၂ ခုနှစ် ဧပြီ ၁ ရက်မှစ၍ ဗဟိုဘဏ်မှ နှုန်းရှင်သတ်မှတ်သည့်အတွက် ဒေါ်လာဈေး ၁၂၆၀ ကျပ်ဖြင့် တွက်ချက်ထားပါသည်။
၅။ ကုန်သွယ်လုပ်ငန်းခွန်မှာ ယခင် သုညရာခိုင်နှုန်းဖြစ်ပြီး ယခု ၅ ရာခိုင်နှုန်း ဖြစ်ပါသည်။
၆။ ဆိပ်ကမ်းကပ်ခမှာ ယခင်ကောက်ခံခြင်းမရှိပါ။ ယခုတစ်တန်လျှင် အမေရိကန် ၃ ဒေါ်လာနှုန်းကောက်ခံပါသဖြင့် ထည့်သွင်းတွက်ချက်ပါသည်။

# ukefo,fbifwef;aumif;ftay:
# owLaw,Gowl Jrif

*စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနရဲ့ ဌာနခွဲတစ်ခုဖြစ်တဲ့ ကုန်သွယ်မှုသင်တန်းကျောင်းဟာ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှု သင်တန်းတွေကို ဖွင့်လှစ်လာခဲ့တာ အခုဆိုရင် အမှတ်စဉ်(၈)ကို ရောက်ရှိနေပြီဖြစ်ပါတယ်။ အပတ်စဉ်တိုင်းတက်ရောက်ခဲ့တဲ့ သင်တန်းသားသင်တန်းသူတွေရဲ့ အပြုသဘောဆောင်တဲ့ အတွေးအမြင်တွေကြောင့် အောင်မြင်မှုတစ်ခုကို ရရှိနေတဲ့သင်တန်းလည်းဖြစ်ပါတယ်။ အဲဒီသင်တန်းကို တက်ရောက်ခဲ့တဲ့သူတိုင်းဟာ သင်တန်းက ရရှိတဲ့စာတွေ့နဲ့ မိမိကိုယ်တိုင်လုပ်ကိုင် နေရတဲ့လက်တွေ့ကျကျသိမြင်မှုတွေ ပေါင်းစပ်ပြီး အောင်မြင်မှု အသီးအပွင့်တွေကို ရရှိခံစားနေကြပြီဖြစ်ပါတယ်။ ပြီးခဲ့တဲ့ စက်တင်ဘာလ ၂၄ ရက်က ပြီးဆုံးခဲ့တဲ့ အပြည်ပြည်ဆိုင်ရာကုန်သွယ်မှု အခြေခံသင်တန်း အမှတ်စဉ်(၈)မှာ တက်ရောက်ခဲ့ကြတဲ့ သင်တန်းသားတချို့ရဲ့သင်တန်းအပေါ် ထားရှိခဲ့တဲ့ အတွေးအမြင်လေးတွေကို ဖော်ပြပေးလိုက်ပါတယ်။*


ဦးသိန်းမြင့်ဝေ

ကျွန်တော်က ဒီသင်တန်းရဲ့သင်ကြားရေးတာဝန်ခံ ဦးသိန်းမြင့်ဝေ ဖြစ်ပါတယ်။ စီးပွားရေးနှင့် ကူးသန်း ရောင်းဝယ်ရေး ဝန် ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန၊ ကုန်သွယ်မှု သင်တန်းကျောင်း (Trade Training Institute-TTI) ကို ၂၀၁၂ ခုနှစ်မှာ စတင်ဖွင့်လှစ်ခဲ့ပါတယ်။ ရန်ကုန်မြို့ ကမ်းနားလမ်းနဲ့ ရွှေဘုံသာလမ်းထောင့်မှာရှိတဲ့ စီးပွား ကူးသန်း ရန်ကုန်ပို့ကုန် သွင်းကုန်ရုံးမှာ ဖွင့်လှစ်ထားပါတယ်။

အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုအခြေခံသင်တန်းတွေကို ဆက်တိုက်ဖွင့်လှစ်ခဲ့ပါတယ်။ သင်တန်းတွေကို ရုံးဖွင့်ရက်တွေအပြင် စနေနေ့နဲ့ တနင်္ဂနွေနေ့တွေမှာလည်း ဖွင့်လှစ်ပို့ချပေးပါတယ်။ သင်ကြားတဲ့ ဆရာ၊ ဆရာမတွေကတော့ ကုန်သွယ်မှုနဲ့ သက်ဆိုင်တဲ့ဌာနတွေမှာ လက်တွေ့ ဦးဆောင်လုပ်ကိုင်နေတဲ့ အရာထမ်းတွေနဲ့ ကျွမ်းကျင်ပညာရှင်တွေ ဖြစ်ကြပါတယ်။

ရန်ကုန်စီးပွားရေးတက္ကသိုလ်နဲ့ ရန်ကုန်တက္ကသိုလ်က ကထိကနဲ့ ပါမောက္ခတွေ ပါဝင်သလို သံရုံးနဲ့ နိုင်ငံခြားသား ပညာရှင်တွေကလည်း ပို့ချပေးပါတယ်။

ပို့ကုန်သွင်းကုန် စီးပွားရေးလုပ်ငန်းကို ပိုင်ပိုင်နိုင်နိုင် ဆောင်ရွက်နိုင်တဲ့ နိုင်ငံတကာနဲ့ ရင်ပေါင်တန်းနိုင်တဲ့ လုပ်ငန်းရှင်တွေကို မွေးထုတ်ပေးနေတဲ့ သင်တန်းကျောင်းဖြစ်ပါတယ်။

လာမယ့် နိုဝင်ဘာလနဲ့ ဒီဇင်ဘာလတွေမှာ သင်တန်းအသစ်တွေ ပြန်လည် စတင်မှာဖြစ်ပါတယ်။ သင်တန်းကာလက သုံးလခွဲလောက် ကြာမြင့်ပြီး သင်တန်းကြေးက ကျပ်နှစ်သောင်း ဖြစ်ပါတယ်။ အသေးစိတ် သိရှိလိုတဲ့အချက်တွေရှိရင် ၀၁-၂၅၀၈၇၁၊ ၀၁-၃၇၈၇၉၈ နဲ့ ၀၉-၅၀၉၆၁၃၁ တို့ကို ဆက်သွယ်နိုင်ပါတယ်။ အားလုံးကို နွေးထွေးစွာ ဖိတ်ခေါ်ပါတယ်။ ကျေးဇူးတင်ပါတယ်။


ကိုစိုးသူအောင်

မင်္ဂလာပါ။ ကျွန်တော်ကတော့ TTI အမှတ်စဉ် (၈) မှ ကိုစိုးသူအောင်ပါ။ ကျွန်တော်တို့ အမှတ်စဉ် ၈ ရဲ့ ထူးခြားချက်ကတော့ လက်ရှိ အင်န်အယ်လ်ဒီ အစိုးရ လက်ထက်မှာ ပထမဦးဆုံးဖွင့်တဲ့ သင်တန်းပါ။ ကျွန်တော် တို့ သင်တန်းကို ဇွန် ၁၅ရက်ကနေ စက်တင်ဘာ ၁၉ ရက်အထိဖွင့်လှစ်ခဲ့ပါတယ်။ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုရဲ့ အဓိကဘာသာရပ်တွေ လုပ်ထုံးလုပ်နည်းတွေ အနာဂတ်မှာ ဖြစ်လာနိုင်မယ့်အလားအလာတွေ လက်ရှိအစိုးရသစ်က ဖော်ဆောင် နေတဲ့စနစ်တွေကိုအားလုံး လွှမ်းခြုံမိအောင် စီးပွားကူးသန်းဝန်ကြီးဌာနနဲ့ တခြားဆက်စပ်ဝန်ကြီးဌာနမှ ဆရာဆရာမများက သင်ကြားပို့ချပေးခဲ့ပါတယ်။

ဆရာကြီးဒေါက်တာအောင်ထွန်းသက်နဲ့ ဆရာမကြီး ဒေါက်တာဒေါ်နုနုယဉ်တို့က စီးပွားရေးပို့ချချက်များဖြင့် သင်တန်းသားတွေ အသိအမြင် တိုးပွားလာအောင် လာရောက်ဟောပြောဆွေးနွေးပေးခဲ့ပါတယ်။ သင်တန်းကာလတစ်လျှောက် သင်တန်းသူ သင်တန်းသား အားလုံး ညီအစ်ကို မောင်နှမ စိတ်ဓာတ်ပြည့်ဝစွာဖြင့် ချစ်ချစ်ခင်ခင်ရင်းရင်းနှီးနှီး တက်ရောက်ခဲ့ပါတယ်။ လူမှုကွန်ရက် ကောင်းမွန်စေဖို့အတွက် လေ့လာရေးခရီးစဉ်တွေ ညစာစားပွဲတွေကို TTI က စီစဉ်ပေးခဲ့ပါတယ်။ စာမေးပွဲက Mid term နဲ့ Final exam နှစ်ကြိမ်ဖြေရပြီး ဆုရရှိသူတွေကို ပြည်ထောင်စုဝန်ကြီးဒေါက်တာသန်းမြင့်ကိုယ်တိုင် ပေးအပ်ချီးမြှင့်ခဲ့ပါတယ်။ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုသင်တန်းဟာ စီးပွားရေးကို စိတ်ဝင်စားတဲ့မည်သူမဆို တက်ရောက်သင့်တဲ့ သင်တန်းဖြစ်ပါတယ်။ သင်တန်းမှာသင်ကြားခဲ့တာတွေကို လက်တွေ့ဘဝနယ်ပယ်မှာ အကျိုးရှိစွာ အသုံးချနိုင်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။


မဝင်းသဥ္ဇာလွင်

ကျွန်မကTTI အမှတ်စဉ် (၈) ကို တက်ရောက်ခဲ့တဲ့ မဝင်းသဥ္ဇာလွင် ဖြစ်ပါတယ်။ ကျွန်မက Superapollo လျှပ်စစ်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်းကို အမှတ်(၉၅) ဗိုလ်ရွဲလမ်းမှာဆိုင်ဖွင့်ပြီး လက်လီလက်ကား ရောင်းပါတယ်။ ဒီသင်တန်းကို တက်ရတဲ့ရည်ရွယ်ချက်က ကျွန်မရဲ့ဆိုင်အတွက် လိုအပ်တဲ့ပစ္စည်းတွေကို ကိုယ်တိုင်တင်သွင်းဖြန့်ဖြူးချင်တဲ့အတွက် ပို့ကုန်သွင်းကုန် လုပ်ငန်းတွေ၊ နည်းစနစ်တွေကို ကျယ်ကျယ်ပြန့်ပြန့် သိရှိနားလည်လိုတဲ့အတွက် တက်ရောက်ရတာဖြစ်ပါတယ်။

ဒီသင်တန်းမှာ တက်ရောက်ခဲ့တဲ့အတွက် ကျွန်မအနေနဲ့ ထုတ်ကုန်သွင်းကုန်တင်သွင်းခြင်းဆိုင်ရာ အသိပညာဗဟုသုတတွေ ရရှိခဲ့ပါတယ်။ သင်တန်းတက်နေတဲ့ ကာလအတွင်းမှာ ဟောပြောပွဲတွေပြုလုပ်ပေးတဲ့အတွက် ဆရာကြီး၊ ဆရာမကြီးတွေရဲ့ အတွေ့အကြုံ တွေ ဗဟုသုတတွေကို သိရှိခွင့်ရခဲ့ပါတယ်။

ရန်ကုန်မြို့မှာရှိတဲ့ စက်ရုံတချို့ကိုလေ့လာခွင့်ရခဲ့သလို မြဝတီနယ်စပ်စခန်းကိုပါ သွားရောက်လေ့လာခွင့်ရခဲ့ပါတယ်။ သင်တန်းတက်တဲ့အတွက် သူငယ်ချင်းမိတ်ဆွေ အပေါင်းအသင်းတွေလည်း တိုးပွားရသလို ကျွန်မရဲ့လုပ်ငန်းအတွက် အကြံဉာဏ်ကောင်းတွေလည်း ရရှိခဲ့ပါတယ်။


မဖွေးဖွေးဝင်း

ကျွန်မကတော့ ဖြိုးမြန်မာဆန်ရောင်းဝယ်ရေးကို ကိုယ်တိုင် လုပ်ကိုင်နေတဲ့ မဖွေးဖွေးဝင်းဖြစ်ပါတယ်။ TTI သင်တန်း အမှတ်စဉ်(၈) မှာ တက်ရောက်ခဲ့ပါတယ်။

သင်တန်းမှ နိုင်ငံတကာကုန်သွယ်ရေးနှင့် စီးပွားရေး ပေါ်လစီများ၊ မြန်မာနိုင်ငံအနေဖြင့် အဓိကဦးစားပေးသွင်းကုန်၊ ထုတ်ကုန် မူဝါဒများ၊ သွင်းကုန် ထုတ်ကုန် လုပ်ငန်းနှင့် ပတ်သက်သည့် ဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ လုပ်ငန်းစဉ် လိုအပ်ချက်များကို ကောင်းမွန်စွာ သိရှိခဲ့ရ ပါတယ်။ ဒါ့ပြင် မြန်မာနိုင်ငံရဲ့ ရင်းနှီးမြှုပ်နှံမှု ဥပဒေ များ၊ အခွင့်အလမ်းများနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ကဏ္ဍများကိုလည်း သိရှိရပါတယ်။

ပို့ကုန်၊ သွင်းကုန်အတွက် ကန့်သတ်ထားတဲ့ ကုန်စည်များ၊ ကန့်သတ်ချက်များ ၊ အကောက်ခွန်ဆိုင်ရာ classification, valuation, assessment စသည့်လုပ်ငန်းစဉ်များ၊ ပြည်တွင်းထုတ်ကုန် (Made in Myanmar) တင်ပို့ခြင်းအတွက် ပင်ရင်းသက်သေခံ လက်မှတ် (Certificate of Origin) များရရှိခြင်းဖြင့် GSP အခွင့် အရေး၊ Asian FTA ခွင့်ပြုချက်များအရ အကောက်ခွန်သက်သာခွင့်၊ ကင်းလွတ်ခွင့်စသည့်များရရှိနိုင်ခြင်း၊ ပြည်တွင်းထုတ်လုပ်မှု လုပ်ငန်း ပိုမိုတိုးတက်စေရန်အတွက် အသေးစားနှင့် အလတ်စား(SMEs) လုပ်ငန်းများကို လိုအပ်သောနည်းပညာများ၊ အရည်အသွေးစံချိန် စံညွှန်းမီ(Value-added products) ထုတ်လုပ်နိုင်မှု၊ လိုအပ်သော ချေးငွေများ၊ လူ့စွမ်းအားရင်းမြစ်ဖွံ့ဖြိုးမှု၊ စွန့်ဦးတီထွင် လုပ်ငန်းရှင်များ ပေါ်ထွန်းနိုင်မှု စသည်တို့ကို ဦးစားပေး ထောက်ပံ့ကူညီပေးနေခြင်း၊ Capital markets နဲ့ဆိုင်တဲ့ ဘွန်းစာချုပ်များ၊ ရှယ်ယာ၊ စတော့ ဈေးကွက်များရဲ့ လုပ်ဆောင်ချက်များ၊ အလားအလာများ စသဖြင့်များစွာသော ပညာ၊ ဗဟုသုတများ ရရှိခဲ့ပါတယ်။


မဟေမာနှင်းရီ

ကျွန်မကတော့ မဟေမာနှင်းရီပါ။ အပြည်ပြည်ဆိုင်ရာကုန်သွယ်မှု အခြေခံသင်တန်းအမှတ်(၈)ကို တက်ရောက်ခဲ့တဲ့ ကျောင်းသူတစ်ယောက်အနေနဲ့ သင်တန်းက ရရှိတဲ့ အသိ ပညာများကို ဝေမျှချင်ပါတယ်။ သင်တန်းကာလတစ်လျှောက်လုံး ကုန်သွယ်မှုနှင့်သက်ဆိုင်သော ဘာသာရပ်များကို လေ့လာရခဲ့ပါတယ်။ အဲဒီထဲကမှ မြန်မာနိုင်ငံမှာ အသုံးပြု တဲ့ ကုန်သွယ်မှုလုပ်ထုံးလုပ်နည်း၊ အကောက်ခွန်ဥပဒေ၊ ကူးသန်းရောင်းဝယ်မှုတွင်သုံးသော နည်းလမ်းများနှင့် အခြား စိတ်ဝင်စားဖွယ် ဘာသာရပ်တွေကို လေ့လာခွင့် ရရှိခဲ့ပါတယ်။ သင်တန်းကာလက သုံးလဖြစ်ပြီး၊ အချိန်တို အတွင်းမှာ ပြည်တွင်းမှာ သာမက အပြည်ပြည်ဆိုင်ရာ ကူးသန်းရောင်းဝယ်ရေးနဲ့ ပတ်သက်တဲ့ လုပ်ထုံးလုပ်နည်း ဘာသာရပ်တွေကို ဆရာ၊ ဆရာမများက သင်ကြားပို့ချပေးခဲ့ပါတယ်။ ဆရာ၊ ဆရာမများက ၎င်းတို့ နဲ့ သက်ဆိုင်တဲ့ ဘာသာရပ်ကို သင်ကြားရာမှာ ပိုင်ပိုင်နိုင်နိုင် ပို့ချပေးနိုင်ခဲ့ပါတယ်။

သင်ကြားမှုအပိုင်း ကောင်းမွန်သည်သာမက၊ သင်တန်း ကျောင်းမှ လေ့လာရေးခရီး၊ ဘာသာရပ်နဲ့ သက်ဆိုင်တဲ့ business talkများကိုလည်း စီစဉ်ပေးခဲ့ပါတယ်။ ဤနည်းအားဖြင့် အသိပညာပိုင်းမှာ ကြွယ်ဝမှု ရှိလာသည်သာမက လက်တွေ့လုပ်ဆောင်မှု နည်းစနစ်များကိုပါ ကျွန်မတို့ ပိုသိလာရပါတယ်။ ဒါ့အပြင် ဒီသင်တန်းကနေ သူငယ်ချင်းအသစ်များလည်း ရရှိလာခဲ့ပါတယ်။ ဒါ့ကြောင့် ကျွန်မတို့ရဲ့ လူမှုကွန်ရက်သည်လည်း ပိုမိုကြီးမားလာခဲ့ပါတယ်။ ကူးသန်းရောင်းဝယ်ရေးနှင့် ပတ်သက်သော ပညာရပ်ကိုပိုမိုသိရှိလိုသူရှိပါက ဒီသင်တန်းကိုတက်ရောက်ပါရန် အလေးအနက် တိုက်တွန်းလိုက်ရပါတယ်။

မြန်မာသံရုံးများမှ ပေးပို့သော စီးပွားရေးသတင်းများ

# ဘရာဇီးတွင် ပဲစိုက်ပျိုးရန် အိန္ဒိယအစိုးရစီစဉ်နေ

ဘရာဇီးနိုင်ငံသည် အိန္ဒိယနိုင်ငံနှင့် စိုက်ပျိုးရေးဆိုင်ရာ ရာသီဥတု၊ အခြေအနေများအရ တူညီသည့်အနေအထားရှိရာ ဘရာဇီးနိုင်ငံအနေဖြင့်လည်း အိန္ဒိယနိုင်ငံမှ ပဲမျိုးစုံစိုက်ပျိုးမည့် အစီအစဉ်နှင့်စပ်လျဉ်း၍ လမ်းကြောင်း ဖွင့်ပေးထားပြီဖြစ်ကြောင်း၊ အိန္ဒိယနိုင်ငံသည် ဘရာဇီးနိုင်ငံမှ ပဲလွန်းအနည်းငယ် ဝယ်ယူတင်သွင်းထားပြီးဖြစ်သည်ဟု အိန္ဒိယ စားနပ်ရိက္ခာနှင့် စားသုံးသူ ရေးရာဝန်ကြီးဌာန ဝန်ကြီး Ram Vilas Paswan က စက်တင်ဘာ ၁၆ ရက်တွင် ပြောကြားခဲ့သည်။

ဘရာဇီးနိုင်ငံကလည်း အိန္ဒိယနိုင်ငံမှ ပဲအမျိုးအစားများအား သုတေသနပြုလုပ်၍ လက်တွေ့စိုက်ပျိုးရန်အတွက် ပဲမျိုးစေ့နမူနာများပေးပို့ရန် အိန္ဒိယဘက်သို့တောင်းဆိုထားကြောင်း သိရပါသည်။

လက်ရှိတွင် အိန္ဒိယနိုင်ငံသည် မိုဇမ်ဘစ်နိုင်ငံမှ ပဲတန်ချိန် တစ်သိန်း ဝယ်ယူရန် နားလည်မှုစာချွန်လွှာတစ်စောင် လက်မှတ်ရေးထိုးပြီးဖြစ်သည်။ ထို့ပြင် ဘရာဇီးသမ္မတ Michel Temer သည် အိန္ဒိယနိုင်ငံသို့ အလည်အပတ်ခရီး လာရောက်မည်ဖြစ်ရာ အဆိုပါခရီးစဉ်အတွင်း တောင်အာဖရိကနိုင်ငံများတွင် ပဲစိုက်ပျိုးရေး ပူးပေါင်းဆောင်ရွက်ရန် အတွက်လည်း နားလည်မှုစာချွန်လွှာတစ်စောင် လက်မှတ်ရေးထိုးမည်ဖြစ်ကြောင်း Paswan က ပြောကြားထားပါသည်။

ဘရာဇီးနိုင်ငံတွင် မြေယာနှင့် ရေအရင်းအမြစ်ပေါ်များသဖြင့် ပဲစိုက်ပျိုးမည့် အခွင့်အလမ်းရှာဖွေရန်အတွက် ကောင်းမွန်သည့်အခွင့်အလမ်း ဖြစ်သည်ဟု ဆိုသည်။ ထို့ပြင် အိန္ဒိယနိုင်ငံမှ ပဲမျိုးစေ့များကို သုတသန ပြုလုပ်ကာ လာမည့်နှစ်နှစ်၊ သုံးနှစ်၌ လက်တွေ့စိုက်ပျိုး ထုတ်လုပ်လာနိုင်မည်ဖြစ်ကြောင်း၊ ယခုပြုလုပ်မည့် နည်းလမ်းမှာ ကနေဒါနှင့် ဩစတြေးလျ နိုင်ငံတို့တွင် အိန္ဒိယမျိုးစေ့များ စိုက်ပျိုး ခဲ့သည့်ပုံစံဖြစ်ကြောင်း Indian Pulses and Grain Association ၏ ဥက္ကဋ္ဌဖြစ်သူ Pravin Dongre က ပြောကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီး Paswan က အိန္ဒိယနိုင်ငံသည် ဘရာဇီးနိုင်ငံမှ ပဲလွန်း အနည်းငယ်တင်သွင်းခဲ့ပြီး၊ အခြားပဲအမျိုးအစားများကိုလည်း တင်သွင်းရန်စီစဉ်နေကြောင်း၊ ပဲမျိုးစုံရရှိနိုင်ရေးနှင့် စပ်လျဉ်းသည့် ပြဿနာများကို ကျော်လွှားအောင်မြင်နိုင်ရန် အိန္ဒိယနိုင်ငံရှိလုပ်ငန်းများနှင့်ဌာနများအကြား အနီးကပ် ပူးပေါင်းညှိနှိုင်းရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးဝန်ကြီးဌာနသည် ၂၀၁၅-၁၆ သီးနှံရာသီအတွက် ပဲမျိုးစုံအထွက်နှုန်းအား ခန့်မှန်းရာ၌ သီးနှံရာသီအစတွင်တန်ချိန် ၁၇ သန်း ခန့်ဟု ခန့်မှန်းထားသော်လည်း နောက်ဆုံးသုံးလပတ်တွင် တန်ချိန် ၁၆ ဒသမ ၄၇ သန်းဟု ခန့်မှန်းခဲ့ကြောင်း၊ ထိုသို့ ပဲအထွက်နှုန်းခန့်မှန်းချက် လွဲမှားခဲ့သည့်အတွက် ပဲတင်သွင်းသည့်စီမံကိန်းကိုလည်း မှားယွင်းမှုများဖြစ်ပေါ်စေခဲ့ကြောင်း၊ သို့ဖြစ်၍ လုပ်ငန်းများနှင့် ဌာနများအကြား အနီးကပ် ပူးပေါင်း ညှိနှိုင်းမှုများ ပြုလုပ်သင့်သည်ဟု ထည့်သွင်းပြောကြားခဲ့သည်။

**ယဉ်ယဉ်နွယ်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ နယူးဒေလီမြို့**

# အိန္ဒိယအရှေ့မြောက်ဒေသအား နီပေါ၊ ဘူတန်၊ ဘင်္ဂလားဒေ့ရှ် နိုင်ငံတို့နှင့် ချိတ်ဆက်ရန် အိန္ဒိယမီးရထားဝန်ကြီးဌာနစီစဉ်

အိန္ဒိယ မီးရထားဝန်ကြီးဌာနသည် အိန္ဒိယအရှေ့မြောက်ဒေသအား နီပေါ၊ ဘူတန်၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့နှင့် ချိတ်ဆက်ရန် စီစဉ်ဆောင်ရွက်လျက်ရှိ သည်။ အိန္ဒိယနိုင်ငံအနေဖြင့် နီပေါ၊ ဘူတန်၊ ဘင်္ဂလားဒေ့ရှ်တို့ကဲ့ သို့သော အိမ်နီးချင်းနိုင်ငံများနှင့် ရထားလမ်း ဆက်သွယ်မှု အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် အဆိုပါနိုင်ငံများသို့ ရထားလမ်းသစ်များ ဖောက်လုပ်နိုင်ရေး တိုင်းတာမှုလုပ်ငန်းများကို အိန္ဒိယရထားလမ်းဖောက်လုပ်ရေးအဖွဲ့မှ ဆောင်ရွက်ခဲ့ပြီး ဖြစ်သည်။ Northeast Frontier Railway (NFR) သည် ဆင်ဟာဘတ်မြို့၌ ဘင်္ဂ လားဒေ့ရှ်နိုင်ငံနှင့် ဆက်သွယ်သည့် ရထားလမ်းကို ဖောက်လုပ်ခဲ့ပြီးဖြစ်ရာ Radhikapur မြို့နှင့် Haldibari မြို့တို့ အား ဆက်သွယ်မည့် ရထားလမ်းကိုလည်း ဖောက်လုပ်လျက်ရှိသည်။ NFR မှ အဆိုပြုတင်ပြထားသည့် Agartala နှင့် Akhaura မြို့တို့ကို ချိတ်ဆက်မည့် အပြည်ပြည်ဆိုင်ရာ ရထားလမ်းစီမံကိန်း သည် ထရိုင်ပူရပြည်နယ်အတွက် သာမက အရှေ့မြောက်ဒေသတစ်ခုလုံးနှင့် အိန္ဒိယတစ်နိုင်ငံလုံး၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်ပေးနိုင်လိမ့်မည်ဖြစ်သည်။ အဆိုပါ စီမံကိန်းသည် နိုင်ငံဖြတ်ကျော်အာရှရထား လမ်းကွန်ရက် (Trans Asian Railway network) ၏အစိတ်အပိုင်းတစ်ခု ဖြစ်လာနိုင်ပြီး၊ ထရိုင်ပူရပြည်နယ်မှ ကိုလ်ကတ္တားမြို့သို့ ဆက်သွယ်ရာတွင် ခရီးအလွန်တိုတောင်းသွားမည်ဖြစ်သည်။ ယခုအကောင်အထည်ဖော်နေသည့် အိန္ဒိယ-ဘင်္ဂလားဒေ့ရှ် ရထားလမ်းစီမံကိန်းသည် အိန္ဒိယ အရှေ့မြောက်ဒေသသို့ဝင်ပေါက်၊ ထွက်ပေါက် ဖြစ်ပြီး အိန္ဒိယအရှေ့မြောက်ဒေသရှိ Ashuganj မြို့နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ စစ်တကောင်း ဆိပ်ကမ်းတို့နှင့် ဆက်သွယ်မည်ဖြစ်သည်။ ထို့ပြင် Agartala မြို့မှ ကိုလ်ကတ္တားမြို့တို့အား ဒါကာ မြို့မှတစ်ဆင့် ခရီးလမ်းတိုတောင်းစွာ ဖြင့် ဆက်သွယ်မည်ဖြစ်ရာ Agartala နှင့် ကိုလ်ကတ္တားမြို့တို့ကို လက်ရှိဆက်သွယ်ထားသော အကွာအဝေးမှာ ၁၆၁၃ ကီလိုမီတာရှိရာ အဆိုပါလမ်းဖောက်လုပ်ပြီးစီးပါက ကီလိုမီတာ ၉၀၀ ဝန်းကျင်သို့ လျော့နည်းသွားမည်ဖြစ်ကြောင်း သိရပါသည်။

လက်ရှိတွင် အိန္ဒိယနိုင်ငံအနေဖြင့် ဘူတန်နိုင်ငံနှင့် ရထားလမ်းဆက်သွယ်မှု မရှိသေးပေ။ သို့ရာတွင် ဘူတန် သို့ ရထားလမ်းတိုးချဲ့ဖောက်လုပ်ရေးအတွက် နေရာငါးခုတွင် မြေပြင် ကွင်းဆင်းတိုင်းတာလေ့လာမှုများ ပြုလုပ်ပြီး ဖြစ်သည်။ နီပေါနိုင်ငံနှင့်မူ အိန္ဒိယနိုင်ငံ၊ Jogvani မြို့နှင့် နီပေါနိုင်ငံ၊ Birathagar မြို့တို့အကြား အကြမ်းဖျဉ်း ၁၈ ဒသမ ၉၀ကီလိုမီတာ အကွာအဝေးရှိ ရထားလမ်းတစ်ခုကို ဖောက်လုပ်လျက်ရှိသည်။

**ယဉ်ယဉ်နွယ်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ နယူးဒေလီမြို့**

# ပဲပုပ်တင်ပို့မှုမြှင့် တင်ရန်အတွက် အာရှနိုင်ငံများသို့ အိန္ဒိယနိုင်ငံက ကိုယ်စားလှယ်အဖွဲ့ တစ်ဖွဲ့ စေလွှတ်

အိန္ဒိယနိုင်ငံ၌ ယခုနှစ်ရာသီတွင် ပဲပုပ်အထွက်နှုန်း ကောင်းမွန်မည့် အလားအလာရှိရာ အိန္ဒိယပဲပုပ်ထုတ်လုပ်သူများအသင်း (Soybean Processors Association of Indian SOPA) သည် အိန္ဒိယပဲပုပ်အစားအစာတင်ပို့မှု မြှင့်တင်နိုင်ရန်အတွက် အရှေ့အာရှနှင့် တောင်အာရှနိုင်ငံ များသို့ အဖွဲ့ဝင်ငါးဦးပါဝင်သည့် ကိုယ်စားလှယ်တစ်ဖွဲ့အား စေလွှတ်ခဲ့သည်။ ပို့ကုန်မြှင့်တင်ရေးဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ SOPA သို့ ပြည်ထောင်စုအစိုးရက အထောက်အပံ့များ အပြည့်အဝထပ်တိုးပေးထားသည်ဟု ဆိုသည်။ SOPA ဥက္ကဋ္ဌဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ထိုင်း၊ ဖိလစ်ပိုင်၊ ဗီယက်နမ်၊ အင်ဒိုနီးရှားနှင့် ဂျပန်စသည့် ငါးနိုင်ငံသို့ စက်တင်ဘာလ ၁၈ ရက်မှ ၂၈ ရက်အထိ သွားရောက်ခဲ့ကြောင်း၊ ကိုယ်စားလှယ်အဖွဲ့သည် အဆိုပါနိုင်ငံများတွင် ဈေးကွက်များရရှိနိုင်ရေး ရှာဖွေသွားမည်ဖြစ်ပြီး၊ အလား အလာရှိသည့် ပဲပုပ်အစားအစာ ဝယ်ယူသူများ၊ ကုန်သွယ်မှု အဖွဲ့များနှင့် တွေ့ဆုံခဲ့သည်။ အိန္ဒိယနိုင်ငံသည် အာရှနိုင်ငံများသို့ ပဲပုပ်အစားအစာ အဓိကတင်ပို့သည့်နိုင်ငံတစ်နိုင်ငံ ဖြစ်သော်လည်း ပြီးခဲ့သည့်နှစ် အနည်းငယ်အတွင်းက ဈေးနှုန်းကွာဟချက်များကြောင့် ပို့ကုန်ပမာဏမှာ တဖြည်းဖြည်း ကျဆင်းလာခဲ့သည်။ ယခုအခါ သီးနှံအထွက်နှုန်းကောင်းမွန်မည့် အလားအလာရှိရာ အိန္ဒိယအနေဖြင့် အာရှနှင့် အရှေ့တောင်အာရှဈေးကွက်များသို့ ယှဉ်ပြိုင်ဈေးနှုန်းများဖြင့် ပြန်လည်ဝင်ရောက်ရန်မှာ ဖြစ်နိုင်ခြေကောင်းမွန်ကြောင်း၊ ပိုမို ကောင်းမွန်သည့် အားသာချက်တစ်ခုမှာ အိန္ဒိယ ပဲပုပ် အစားအစာများသည် မျိုးရိုးဗီဇ ပြုပြင်ထားခြင်းမရှိသည့် (non-GM) များဖြစ်နေခြင်းကြောင့်ဖြစ်သည်ဟု SOPA က ပြောကြားခဲ့သည်။

**ယဉ်ယဉ်နွယ်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ နယူးဒေလီမြို့**

# ဟောင်ကောင်ရှိ အငှားယာဉ်များတွင် မှတ်တမ်းတင်စက်ကိရိယာများ တပ်ဆင်ရန်စီစဉ်

ဟောင်ကောင်ရှိ အငှားယာဉ်များတွင် ယခုနှစ်အတွင်း မသင့်လျော်သော အပြုအမူများကာကွယ်ရေးနှင့် ဝန်ဆောင်မှုအရည်အသွေး ပိုမိုကောင်းမွန်လာစေရေးအတွက် အငှားယာဉ် အနည်းဆုံး အစီးနှစ်ထောင်ခန့်အား မှတ်တမ်းတင်စက်ကိရိယာများ (Recording devices) တပ်ဆင်ရန်စီစဉ်ခဲ့သည်။ ပုဂ္ဂိုလ်ရေးဆိုင်ရာ အချက်အလက်များ လုံခြုံရေးကော်မရှင်နာ (Privacy commissioner) က ပြည်သူ များ၏ ပုဂ္ဂိုလ်ရေးဆိုင်ရာ လုံခြုံမှုအား ချိုးဖောက်မှုအန္တရာယ်နှင့် ပတ်သက်၍ စဉ်းစားရန်လိုအပ်ကြောင်း သတိပေး ပြောကြားခဲ့သည်။

မှတ်တမ်းတင်ခြင်းစနစ်နှင့်ပတ်သက်ပြီး ခရီးသည်များသို့ အသိပေးသော စတစ်ကာအား ကားတံခါးတွင် ဘာသာနှစ်မျိုးဖြင့် ကပ်ထားရန်လိုအပ်ပြီး၊ ယာဉ်မောင်းကလည်း ခရီးစဉ် စတင်မီ မှတ်တမ်းတင်စနစ်အား ခရီးသည်သို့ အသိပေးရန် လိုအပ်ကြောင်း၊ ကော်မရှင်နာကပြောကြားခဲ့သည်။ အစိုးရအနေဖြင့် အငှားယာဉ်လုပ်ငန်းအား ဝန်ဆောင်မှုအရည်အသွေးတိုးမြှင့်စေရန် ၎င်းစနစ်ကျင့်သုံးမှုအား အားပေးကြောင်း၊ သို့ရာတွင် ပုဂ္ဂိုလ်ရေးဆိုင်ရာအချက်အလက်များ၏ လုံခြုံရေးကိုလည်း ထည့်သွင်းစဉ်းစားရမည်ဖြစ်ကြောင်း ပို့ဆောင်ရေးဌာန၏ ပြောခွင့်ရပုဂ္ဂိုလ်က ပြောကြားခဲ့ပါသည်။

**ဖြူဖြူလှိုင်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ဟောင်ကောင်မြို့**

# ဟောင်ကောင်မှ ရှယ်ယာများအား တရုတ်နိုင်ငံမှ အာမခံကုမ္ပဏီများ ရောင်းဝယ်နိုင်ပြီ

တရုတ်နိုင်ငံမှ အာမခံကုမ္ပဏီများသည် ရှန်ဟဲ-ဟောင်ကောင် စတော့ချိတ်ဆက်မှုမှတစ်ဆင့် ဟောင်ကောင်၏ ရှယ်ယာများဝယ်ခြင်း၊ ရောင်းခြင်း ပြုလုပ်နိုင်ပြီဖြစ်သည်။ တရုတ်နိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ရွေးချယ်ရာတွင် ပိုမိုပြောင်းလွယ်ပြင်လွယ်မှုရှိစေရန် ရည်ရွယ်၍ ဖြေလျှော့ ခဲ့ခြင်းဖြစ်ပြီး၊ တရုတ်အာမခံလုပ်ငန်းများ စည်းမျဉ်းချမှတ်ရေး ကော်မရှင်၏ ဝက်ဘ်ဆိုက်တွင် ကြော်ငြာထားကြောင်း စည်းမျဉ်းချမှတ်ရေးအဖွဲ့မှ ပြောကြားခဲ့သည်။

ယခင်က တရုတ်အာမခံကုမ္ပဏီများအနေဖြင့် အသိအမှတ်ပြု ပြည်တွင်းအဖွဲ့အစည်းများဆိုင်ရာ ရင်းနှီးမြှုပ်နှံသူများအစီအစဉ်အရ ခွင့်ပြုထားသော ခွဲတမ်းမှတစ်ဆင့်သာ ဟောင်ကောင်ရှယ်ယာများတွင် ရင်းနှီးမြှုပ်နှံနိုင်ကြပြီး၊ တရုတ်အာမခံကုမ္ပဏီများအနေဖြင့် ပထမခြောက်လတွင် ဝင်ငွေရရှိမှုမှာ ဟောင် ကောင်ဒေါ်လာ ၁၂၂ ဒသမ ၄ ဘီလီယံသာရရှိခဲ့ကာ ၅၄ ရာခိုင်နှုန်း ကျဆင်းခဲ့သည်။

ဤသို့ဖြေလျှော့မှုပေးခြင်းဖြင့် ဟောင်ကောင်စတော့ဈေးများ ပြန်လည်မြင့်တက်လာမှုကြောင့် ရရှိမည့်အခွင့်အလမ်းများကို ရယူခံစားနိုင်သည့်အပြင် တရုတ်ပြည်မကြီး၏ ရင်းနှီးငွေများ ပြည်ပသို့ စီးထွက်မှုအစား ဟောင်ကောင်အတွင်း စီးဝင်စေသော ပထမ ခြေလှမ်းဖြစ်ကြောင်း၊ သတင်းများတွင် ဖော်ပြထားချက်အရ သိရှိရပါသည်။

**ဖြူဖြူလှိုင်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ဟောင်ကောင်မြို့**

# ကုန်စည်ဒိုင်အသီးသီး၏ လက်ရှိအရောင်းအဝယ်ဖြစ်နေသော ဈေးနှုန်းများနှင့် ဈေးကွက်အခြေအနေ (၁၀–၁၀–၂၀၁၆)

မြင့်ဆွေ

## ပြည်ဈေးကွက်မှာ မတ်ပဲနဲ့ ပဲတီစိမ်း ဈေးတက်

ယခုတစ်ပတ် ပြည်ဈေးကွက်မှာ မတ်ပဲနဲ့ ပဲတီစိမ်းတို့ ဈေးမြင့်တက်ပြီး ပဲစင်းငုံနီနဲ့ ကုလားပဲဖြူလုံးကြီးတို့ ဈေးကျခဲ့ပါတယ်။ ယခင်တစ်ပတ်က မတ်ပဲ တစ်ပိဿာ ၂၂၇၅ ကျပ် နဲ့ ရောင်းချခဲ့ပြီး၊ ယခုတစ်ပတ်မှာ တစ်ပိဿာကို ၂၃၂၅ ကျပ် (တစ်တန် ၁၄၂၃၈၀၇ ကျပ်) အထိ ဈေးတက်လာပါတယ်။ ယခင်တစ်ပတ်က ပဲတီစိမ်း တစ်ပိဿာကို ၁၁၇၅ ကျပ်နဲ့ ရောင်းချခဲ့ပြီး ယခုတစ်ပတ်မှာ တစ်ပိဿာကို ၁၂၂၅ကျပ် (တစ်တန် ၇၅၀၁၇၈ ကျပ်)နဲ့ အရောင်းအဝယ် ဖြစ်ခဲ့ပါတယ်။ ပဲစင်းငုံနီဈေးက ယခင် တစ်ပတ်က ကျပ် ၁၉၀၀နဲ့ ရောင်းချခဲ့ရာမှ ယခုတစ်ပတ်မှာ တစ်ပိဿာကို ၁၈၇၅ ကျပ်(တစ်တန် ၁၁၄၈၂၃၁ ကျပ်)အထိ ဈေးကျခဲ့ပါတယ်။ ယခင်တစ်ပတ်က ကုလားပဲဖြူလုံးကြီး တစ်ပိဿာကို ကျပ် ၂၁၅၀ မှ ယခုတစ်ပတ်မှာ တစ်ပိဿာကို ကျပ် ၂၁၂၅ (တန် ၁၃၀၁၃၂၉ ကျပ်) အထိ ဈေးကျခဲ့ပါတယ်။ ပဲမျိုးစုံ တစ်နေ့ကို အိတ် ၇၅၀ကျော် ရောင်းချခဲ့တယ်လို့ သိရပါတယ်။

××××××××××××××××

## လားရှိုးဈေးကွက်မှာ ပြောင်းဈေးကျ

ယခုတစ်ပတ် လားရှိုးဈေးကွက်မှာ ပြောင်းသစ်များ လှိုင်လှိုင်ဝင်လာတာကြောင့် ဈေးကျခဲ့ ပါတယ်။ ယခင်တစ်ပတ်က တစ်ပိဿာကို ကျပ် ၄၀၀ နဲ့ အရောင်းအဝယ်ဖြစ်ခဲ့တဲ့ ပြောင်းဈေးဟာ ယခုတစ်ပတ်မှာ တစ်ပိဿာကို ကျပ် ၃၆၀ (တစ်တန် ၂၂၀၄၆၀ ကျပ်)အထိ ဈေးကျခဲ့ပါတယ်။ ယခုတစ် ပတ်မှာ ပိဿာချိန် ၆၈၇၇၀၀ ရောင်း ချရသဖြင့် ယခင် တစ်ပတ် ကထက် ပိုမိုရောင်းချခဲ့ရကြောင်း သိရပါတယ်။

××××××××××××××××

## တောင်ကြီးဈေးကွက်မှာ ပြောင်းဈေးကျ

ယခုတစ်ပတ် တောင်ကြီး ဈေးကွက်မှာ ပြောင်းဈေးကျခဲ့ပါတယ်။ ယခင်တစ်ပတ်က ပြောင်းတစ်ပိဿာကို ကျပ် ၃၅၀ မှ ယခုတစ်ပတ်မှာ ကျပ် ၃၀၀ (တစ်တန် ၁၈၃၇၁၇ ကျပ်) အထိ ဈေးကျခဲ့ပြီး တစ်ပတ်အတွင်း ပိဿာချိန် ၁၉၀၀၀၀ ကျော် ရောင်းချခဲ့ ရပါတယ်။ ယခုတစ်ပတ် ဈေးကွက် အတွင်းသို့ ပြောင်း သစ်များ လှိုင်လှိုင်ဝင်လာသဖြင့် ဈေးနှုန်းများ ကျလာတယ်လို့ သိရပါတယ်။

××××××××××××××××

## ဘုရင့်နောင်ဈေးကွက်မှာ မတ်ပဲနဲ့ ပဲစင်းငုံနီဈေးတက်

ယခုတစ်ပတ် ဘုရင့်နောင်ဈေးကွက်မှာ မတ်ပဲနဲ့ ပဲစင်းငုံနီတို့ ဈေးတက်ခဲ့ပါတယ်။ ယခင် တစ်ပတ်က မတ်ပဲ FAQ/RC တစ်တန်ကို ကျပ် ၁၄၂၀၀၀၀ နဲ့ရောင်းချခဲ့ပြီး ယခု တစ်ပတ်မှာ တစ်တန်ကို ကျပ် ၁၄၇၀၀၀၀ နဲ့ ရောင်းချခဲ့ပါတယ်။ ယခင်တစ်ပတ်ကမတ်ပဲ FQ /RC တစ်တန်ကို ကျပ် ၁၄၅၀၀၀၀ နဲ့ ရောင်းချခဲ့ပြီး၊ ယခုတစ်ပတ်မှာ တစ်တန်ကို ကျပ် ၁၅၇၀၀၀၀ အထိ ဈေးတက်ခဲ့ပါတယ်။ ပဲစင်းငုံနီ ဈေးကွက်မှာ ယခင် တစ်ပတ်က တစ်တန်ကို ကျပ် ၁၁၁၈၀၀၀မှ ယခုတစ်ပတ်မှာ တစ်တန်ကို ကျပ် ၁၁၄၉၀၀၀ နဲ့ ရောင်းချခဲ့ပါတယ်။ ယခုတစ်ပတ်မှာ အိန္ဒိယဝယ်လက်မှ ဝယ်ယူနေသဖြင့် မတ်ပဲနဲ့ ပဲစင်းငုံနီ ဈေးတက်ခဲ့တယ်လို့ သိရပါတယ်။

××××××××××××××××

## ရေစကြိုဈေးကွက်မှာ ပဲဇီးကွက်ဈေးတက်

ယခုတစ်ပတ် ရေစကြို ဈေးကွက်မှာ ပဲဇီးကွက်ဈေးတက်ခဲ့ပါတယ်။ ယခင်တစ်ပတ်က တစ်ပိဿာကျပ် ၈၁၀ ဈေး ရှိခဲ့ရာမှ ယခု တစ်ပတ်မှာ တစ်ပိဿာကို ၈၂၅ ကျပ် နဲ့ ရောင်းချခဲ့ရပြီး တစ်ပတ်အတွင်း အိတ် ၃၀၀ ကျော် ရောင်းချခဲ့ရတယ်လို့ သိရပါတယ်။

××××××××××××××××

## မူဆယ်ဈေးကွက်မှာ ပြောင်းဈေးကျ

ယခုတစ်ပတ် မူဆယ်ပြောင်းဈေးကွက်မှာ တစ်ဖက်နိုင်ငံသို့ တင်ပို့ရန် အလုံးအရင်းနဲ့ ဝင်လာသဖြင့် ပြောင်းဈေး ကျခဲ့ပါတယ်။ ယခင်တစ်ပတ်က ၅၀ကီလို တစ်အိတ်ကို ၈၃ယွမ်မှ ၈၇ ယွမ်ကြား ရောင်းချခဲ့ပြီး ယခုတစ်ပတ်မှာ ၅၀ကီလို တစ်အိတ်ကို ၇၈ယွမ်မှ ၈၂ယွမ် (တစ်တန် ၁၅၆၀ယွမ်မှ ၁၆၄၀ယွမ်) အထိ ဈေးကျခဲ့ပါတယ်။ တစ်ဖက်နိုင်ငံသို့ တစ်ပတ်အတွင်း တန် ၂၉၀၀၀ ကျော် တင်ပို့ခဲ့တယ်လို့ သိရပါတယ်။

××××××××××××××××

## ဟင်္သာတဈေးကွက်မှာ မတ်ပဲဈေးမြင့်တက်

ယခုတစ်ပတ် ဟင်္သာတဈေးကွက်မှာ မတ်ပဲကို ဘုရင့်နောင် ဝယ်လက်မှ ဝယ်ယူမှုရှိသဖြင့် ဈေး မြင့်တက်ခဲ့ပါတယ်။ ယခင် တစ်ပတ်က မတ်ပဲတစ်ပိဿာကို ၂၂၀၅ ကျပ် မှ ယခုတစ် ပတ်မှာ တစ်ပိဿာကို ၂၂၈၅ ကျပ် (တစ်တန် ၁၃၉၉၃၁၁ ကျပ်) အထိ ဈေးတက်ခဲ့ပြီး နေ့စဉ် အိတ်တစ်ထောင် ကျော် ရောင်းချခဲ့တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ်က အစေ့ထုတ် ပြောင်း တစ်ပိဿာကို ကျပ် ၃၅၀ မှ ယခုတစ်ပတ်မှာ တစ်ပိဿာကို ကျပ် ၃၂၅ (တစ်တန် ၁၉၉၀၂၇ ကျပ်) အထိ ဈေးကျခဲ့ပြီး အရောင်းအဝယ်ဖြစ်မှု နည်းပါးခဲ့တယ်လို့ သိရပါတယ်။

××××××××××××××××

## ပခုက္ကူဈေးကွက်မှာ ပဲစင်းငုံနီ ဈေးတက်၊ ပဲတီစိမ်းနဲ့ ကုလားပဲတို့ ဈေးကျ

ယခုတစ်ပတ် ပခုက္ကူဈေးကွက်မှာ ပဲစင်းငုံနီ ဈေးတက်ပြီး ပဲတီစိမ်းနဲ့ ကုလားပဲ (929) တို့ ဈေးကျခဲ့ပါတယ်။ ယခင် တစ်ပတ်က ပဲစင်းငုံနီ တစ်ပိဿာ ကျပ် ၁၈၀၅ မှ ယခုတစ်ပတ်မှာ တစ်ပိဿာကို ကျပ် ၁၈၅၀ (တစ်တန် ၁၁၃၂၉၂၂ ကျပ်) နဲ့ အရောင်းအဝယ် ဖြစ်ခဲ့ပါတယ်။ ပဲတီစိမ်း ဈေးကွက်မှာ ယခင် တစ်ပတ်က တစ်ပိဿာကို ကျပ် ၁၃၅၀နဲ့ ရောင်းချခဲ့ပြီး ယခု တစ်ပတ်မှာ တစ်ပိဿာကို ၁၃၃၅ကျပ် (တစ်တန် ၈၁၇၅၄၁ ကျပ်) နဲ့ အရောင်းအဝယ် ဖြစ်ခဲ့ပါတယ်။ ယခင် တစ် ပတ်က ကုလားပဲ (929) တစ်ပိဿာကို ၂၀၉၀ ကျပ်မှ ယခု တစ်ပတ်မှာ တစ်ပိဿာကို ၂၀၆၅ ကျပ် (တစ်တန် ၁၂၆၄၅၈၅ ကျပ်) အထိ ဈေးကျခဲ့ပါတယ်။ ယခုတစ်ပတ်အတွင်း ပဲမျိုးစုံ တစ်နေ့ကို အိတ် ၂၀၀ခန့် ရောင်းချခဲ့ရတယ်လို့ သိရပါတယ်။

××××××××××××××××

## မကွေးဈေးကွက်မှာ နှမ်းမျိုးစုံ ဈေးတက်

ယခုတစ်ပတ် မကွေးဈေးကွက်မှာ နှမ်းမျိုးစုံနဲ့ ပဲတီစိမ်း တို့ ဈေးတက်ပြီး ကုလားပဲနဲ့ ပဲစင်းငုံတို့ ဈေးကျခဲ့ပါတယ်။ ယခင် တစ်ပတ်က နှမ်းဖြူ တစ်ပိဿာ ၂၁၃၅ ကျပ်မှ ယခုတစ်ပတ်မှာ ကျပ် ၂၁၅၀နဲ့ အရောင်းအဝယ် ဖြစ်ခဲ့ပါတယ်။ ယခင်တစ်ပတ်က နှမ်းညို တစ်ပိဿာကို ကျပ် ၁၄၄၅ မှ ယခုတစ်ပတ်မှာ တစ် ပိဿာကို ကျပ် ၁၄၅၀ အထိ တက်ဈေးနဲ့ အရောင်းအဝယ် ဖြစ်ခဲ့ ပါတယ်။ နှမ်းနက်စမုံက ယခင်တစ်ပတ်မှာ တစ်ပိဿာကို ၃၁၅၅ ကျပ်မှ ယခုတစ်ပတ်မှာ ကျပ် ၃၃၀၀နဲ့ ရောင်းချခဲ့ပါတယ်။ ယခင် တစ်ပတ်က နှမ်းနီ တစ်ပိဿာကို ၂၀၂၀ ကျပ်မှ ယခု တစ်ပတ်မှာ တစ်ပိဿာကို ကျပ် ၂၁၀၀နဲ့ ရောင်းချခဲ့ပြီး နှမ်းမျိုးစုံ နေ့စဉ် အိတ် ၁၅၀၀၀ ခန့် ရောင်းခဲ့ရပါတယ်။ ပဲဈေးကွက်မှာ ယခင် တစ်ပတ်က ကုလားပဲ တစ်ပိဿာကို ကျပ် ၂၁၄၀ မှ ယခု တစ်ပတ်မှာ တစ်ပိဿာ ကျပ် ၂၀၈၀ (တစ်တန် ၁၂၇၃၇၇၁ ကျပ်) နဲ့ နေ့စဉ် အိတ် ၁၆၅၀ ခန့် ရောင်းချခဲ့ပါတယ်။ ယခင် တစ် ပတ် ပဲစင်းငုံနီက တစ်ပိဿာ ကျပ် ၁၈၅၀မှ ယခုတစ်ပတ်မှာ ကျပ် ၁၈၀၀ (တစ်တန်ကို ၁၁၀၂၃၀၂ကျပ်) အထိ ဈေးကျခဲ့ပြီး နေ့စဉ် အိတ် ၁၁၀၀ကျော် ရောင်းခဲ့ပါတယ်။ ပဲတီစိမ်းက ယခင် တစ်ပတ်မှာ တစ်ပိဿာကို ၁၁၀၅ ကျပ်မှ ယခုတစ်ပတ်မှာ တစ် ပိဿာကို ကျပ် ၁၁၆၀ (တစ်တန် ၇၁၀၃၇၂ကျပ်)နဲ့ အရောင်း အဝယ်ဖြစ်ပြီး တစ်နေ့ကို အိတ် ၁၀၀၀ခန့် ရောင်းချခဲ့တယ်လို့ သိရပါတယ်။

××××××××××××××××

## အောင်လံဈေးကွက်မှာ နှမ်းနက်ရိုးရိုး၊ ပဲစင်းငုံနီနဲ့ ကုလားပဲတို့ ဈေးကျ

ယခုတစ်ပတ် အောင်လံဈေးကွက်မှာ နှမ်းနက်ရိုးရိုး၊ ပဲစင်းငုံနီနဲ့ ကုလားပဲတို့ ဈေးကျခဲ့ပြီး သိပ္ပံနှမ်းက တက်ဈေး ရခဲ့ ပါတယ်။ ယခင်တစ်ပတ်က သိပ္ပံနှမ်း တစ်ပိဿာကို ၃၁၇၈ ကျပ် မှ ယခုတစ်ပတ်မှာ ၃၂၆၇ ကျပ် ရောင်းချခဲ့ပါတယ်။ နှမ်းနီ ဈေးကွက်မှာ အပြောင်းအလဲ မရှိဘဲ ယခင်တစ်ပတ် ဈေးနှုန်း အတိုင်း တစ်ပိဿာကို ၁၈၈၉ ကျပ်နဲ့ ဆက်လက် ရောင်းချခဲ့ ပါတယ်။ ယခင်တစ်ပတ်က နှမ်းနက်ရိုးရိုး တစ်ပိဿာကို ၂၅၅၅ ကျပ်မှ ယခုတစ်ပတ်မှာ ၂၅၁၁ ကျပ်အထိ ဈေးကျ ခဲ့ပါတယ်။ ယခုတစ်ပတ်အတွင်း နှမ်းမျိုးစုံ နေ့စဉ် အိတ် ၆၅၀ခန့် ရောင်းခဲ့ ရပါတယ်။ ပဲစင်းငုံနီ ဈေးကွက်မှာ ယခင်တစ်ပတ်က တစ်ပိဿာ ကို ကျပ် ၁၈၅၀မှ ယခုတစ်ပတ်မှာ တစ်ပိဿာကို ကျပ် ၁၈၀၀ (တစ်တန် ၁၁၀၂၃၀၂ ကျပ်) နဲ့ ရောင်းချခဲ့ပါတယ်။ ကုလားပဲက ယခင်တစ်ပတ်မှာ တစ်ပိဿာကို ကျပ် ၂၀၀၀နဲ့ ရောင်းချခဲ့ပြီး ယခုတစ်ပတ်မှာ တစ်ပိဿာကို ကျပ် ၂၀၅၀ (တစ်တန်ကို ၁၂၅၅၄၀၀ ကျပ်) အထိ ဈေးကျခဲ့ ပါတယ်။ ပဲတီစိမ်းက အပြောင်းအလဲ မရှိဘဲ ယခင်တစ်ပတ်ကအတိုင်း တစ်ပိဿာကို ၁၁၇၅ ကျပ် (တစ်တန်ကို ၇၁၉၅၅၈ ကျပ်) နဲ့ ဆက်လက် ရောင်းချခဲ့ပါတယ်။ ယခုတစ်ပတ်အတွင်း နေ့စဉ် ပဲမျိုးစုံ အိတ် ၁၀၀၀ခန့် ရောင်းချခဲ့တယ်လို့ သိရပါတယ်။

××××××××××××××××

## မန္တလေးဈေးကွက်မှာ ပဲတီစိမ်းဈေးကျ

ယခုတစ်ပတ် မန္တလေး ဈေးကွက်မှာ ပဲတီစိမ်းဈေးကျပြီး ကုလားပဲဖြူ (လုံးကြီး) ဈေးကွက်ထဲသို့ ဝင်လာပါတယ်။ ယခင် တစ်ပတ်က ပဲတီစိမ်း တစ်ပိဿာကို ၁၃၈၇ ကျပ်မှ ယခုတစ်ပတ် မှာ တစ်ပိဿာကို ၁၃၆၉ ကျပ် (တစ်တန် ၈၃၈၃၆ ကျပ်)နဲ့ တစ်နေ့ကို အိတ်၉၀၀ကျော် ရောင်းချခဲ့ပါတယ်။ ကုလား ပဲဖြူ (လုံးကြီး)က ယခုတစ်ပတ်မှာ ဈေးကွက် ဝင်လာပြီး တစ်ပိဿာကို ၂၂၀၀ ကျပ် (တစ်တန် ၁၃၄၇၈၇၀ ကျပ်)နဲ့ တစ်ရက်ကို အိတ် ၅၀၀ကျော် ရောင်းချခဲ့ပါတယ်။ မတ်ပဲဈေးကွက်မှာ ယခင် တစ်ပတ်က ဈေးအတိုင်း အပြောင်းအလဲမရှိဘဲ တစ်ပိဿာကို ၂၄၁၇ ကျပ် (တစ်တန် ၁၄၈၀၁၄၇ ကျပ်)နဲ့ ဆက်လက် ရောင်းချခဲ့ပြီး တစ်ရက်ကို အိတ်၆၀၀ကျော် ရောင်းချခဲ့ပါတယ်။ မတ်ပဲကို ရန်ကုန်ဘုရင့်နောင် ဝယ်လက်မှတစ်ဆင့် ဝယ်ယူပြီး အိန္ဒိယကို တင်ပို့နေတယ်လို့ သိရပါတယ်။

××××××××××××××××

## မုံရွာဈေးကွက်မှာ ပဲတီစိမ်း၊ ကုလားပဲဖြူ (လုံးကြီး)နဲ့ မတ်ပဲတို့ ဈေးတက်

ယခုတစ်ပတ် မုံရွာဈေးကွက်မှာ ပဲတီစိမ်း၊ ကုလားပဲဖြူ (လုံးကြီး) နဲ့ မတ်ပဲတို့ ဈေးတက်ခဲ့ပြီး ပဲစင်းငုံနီဈေးက ကျခဲ့ပါတယ်။ ယခင်တစ်ပတ်က ပဲတီစိမ်း တစ်ပိဿာကို ၁၂၈၉ ကျပ် မှ ယခုတစ်ပတ်မှာ ၁၃၁၆ ကျပ် (တစ်တန် ၈၀၅၉၀၅ကျပ်)နဲ့ ရောင်းချခဲ့ပါတယ်။ ကုလားပဲဖြူ(လုံးကြီး) ကို ယခင်တစ်ပတ်က တစ်ပိဿာကို ၂၁၉၅ ကျပ်နဲ့ ရောင်းချခဲ့ပြီး ယခုတစ်ပတ်မှာ တစ် ပိဿာကို ၂၂၃၇ ကျပ် (တစ်တန် ၁၃၆၉၉၁၆ ကျပ်) နဲ့ ရောင်းချခဲ့ပါတယ်။ ယခင်တစ်ပတ်က မတ်ပဲ တစ်ပိဿာကို ကျပ် ၂၀၀၀ မှ ယခုတစ်ပတ်မှာ တစ်ပိဿာကို ကျပ် ၂၀၅၀ (တစ်တန် ၁၂၅၅၄၀၀ကျပ်)နဲ့ အရောင်းအဝယ် ဖြစ်ခဲ့ပါတယ်။ ယခင် တစ်ပတ်က ပဲစင်းငုံနီ တစ်ပိဿာကို ကျပ် ၁၉၀၀မှ ယခုတစ်ပတ် မှာ တစ်ပိဿာကို ၁၈၂၅ ကျပ် (တစ်တန် ၁၁၁၇၆၁၂ကျပ်)ထိ ဈေးကျခဲ့တယ်လို့ သိရပါတယ်။

# စားသုံးသူအငြင်းပွားမှုများ လျင်မြန်လွယ်ကူစွာဖြေရှင်းပေးနိုင်ရန် စံပြလုပ်ထုံးလုပ်နည်းများရေးဆွဲအကောင်အထည်ဖော်ရေး အလုပ်ရုံဆွေးနွေးပွဲကျင်းပ

ရန်ကုန်တိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာနနှင့် USAID တို့ ပူးပေါင်း၍ စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့များအတွက် စံပြလုပ်ထုံးလုပ်နည်းမူကြမ်းကို ပြန်လည်သုံးသပ်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို အောက်တိုဘာလ ၅ ရက်က ရန်ကုန်မြို့ရှိ ချက်ထရီယမ်ဟိုတယ်၌ ကျင်းပခဲ့ကြောင်း သိရှိရပါတယ်။




အဲ့ဒီအလုပ်ရုံဆွေးနွေးပွဲမှာ ရန်ကုန်တိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးမြင့်သောင်းက စားသုံးသူတိုင်ကြားမှုကိုဖြေရှင်းပေးတဲ့လုပ်ငန်းစဉ်သာမက ဈေးကွက်အတွင်းရောက်ရှိနေတဲ့ တရားမဝင်တင်သွင်းလာတဲ့စားသောက်ကုန်နဲ့ကုန်စည်တွေ၊ စံချိန်စံညွှန်းနဲ့ကိုက်ညီမှုမရှိဘဲ စားသုံးသူကို လိမ်ညာရောင်းချနေတဲ့ စားသောက်ကုန်တွေနဲ့ကုန်စည်တွေ၊ ပြည်တွင်းမှာ မှတ်ပုံတင်မရှိဘဲ ထုတ်လုပ်ရောင်းချနေတဲ့စားသောက်ကုန်နဲ့ကုန်စည်တွေကို ထိထိရောက်ရောက် ဟန့်တားထိန်းချုပ်နိုင်မယ့် အစီအမံနဲ့ အကောင်းဆုံးဖြစ်တဲ့ စံပြလုပ်ထုံးလုပ်နည်းတွေပေါ်ပေါက် လာစေရေးအတွက် (SOP) တွင်ထည့်သွင်းဆွေးနွေးဖို့လိုအပ်ကြောင်းပြောကြားခဲ့ပါတယ်။

တက်ရောက်လာကြသူများ အနက် ပြည်နယ်/တိုင်းဒေသကြီးစားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့များက စားသုံးသူတိုင်ကြားမှုကိစ္စရပ်များကို ဖြေရှင်းပေးခဲ့တဲ့လုပ်ငန်းစဉ်များကို ဆွေးနွေးတင်ပြခြင်း၊ အသင်းအဖွဲ့များနဲ့ စားသုံးသူရေးရာကျွမ်းကျင်သူများက စားသုံးသူပြည်သူများရဲ့ တွေ့ကြုံခံစားနေရမှုများ၊ လိုလားချက်များ၊ စားသုံးသူများလွယ်ကူလျင်မြန်စွာ တိုင်ကြားနိုင်ရေးဆောင်ရွက်ပေးသင့်တဲ့ အချက်များနဲ့ စံပြလုပ်ထုံးလုပ်နည်းတွင် ထပ်မံဖြည့်စွက်ထည့်သွင်းသင့်တဲ့အချက်များအားဆွေးနွေးခြင်း၊ USAID မှ ကျွမ်းကျင်ပညာရှင်များက အမေရိကန်နိုင်ငံတွင်စားသုံးသူတိုင်ကြားမှုများနဲ့အငြင်းပွားမှုများကို ဖြေရှင်းသည့်လုပ်ထုံးလုပ်နည်းများကို နမူနာအနေဖြင့် ရှင်းလင်းပြောကြားခြင်း၊ မြန်မာနိုင်ငံတွင် စားသုံးသူ အကာအကွယ်ပေးရေး လုပ်ငန်းများကို တာဝန်ယူဆောင်ရွက်နေကြသည့် စားသုံးသူရေးရာ ဦးစီးဌာနဝန်ထမ်းများနဲ့ စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့များအတွက် စားသုံးသူများရဲ့ တိုင်ကြားမှုများကိုလက်ခံတဲ့နည်းစနစ်၊ တိုင်ကြားမှုများကို လျင်မြန်လွယ်ကူစွာ ဆောင်ရွက်နိုင်ရေးအတွက် ဆောင်ရွက်ရမည့် လုပ်ထုံးလုပ်နည်းများကို အသေးစိတ်ညှိနှိုင်းဆွေးနွေးခဲ့ကြပါတယ်။ အဆိုပါအလုပ်ရုံဆွေးနွေးပွဲသို့ ရန်ကုန်တိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌနဲ့ အဖွဲ့ဝင်များ၊ စားသုံးသူရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နဲ့ တာဝန်ရှိသူများ USAID မှ ကျွမ်းကျင်ပညာရှင်များ၊ စားသုံးသူတိုင်ကြားမှုလက်ခံဆောင်ရွက်ရေးလုပ်ငန်းကော်မတီဝင်များ၊ ဧရာဝတီတိုင်း၊ ပဲခူးတိုင်း၊ တနင်္သာရီတိုင်း၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်တို့မှ စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့အတွင်းရေးမှူးနဲ့ အဖွဲ့ဝင်များ၊ ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်၊ ဘုရင့်နောင် ကုန်စည်ဒိုင်၊ မြန်မာနိုင်ငံလက်လီရောင်းချသူများအသင်း၊ မြန်မာနိုင်ငံစားသောက်ကုန်ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း၊ မြန်မာနိုင်ငံဆီစက်ပိုင်ရှင်များအသင်း၊ မြန်မာနိုင်ငံဆီလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံပဲမျိုးစုံနှင့်နှမ်းကုန်သည်များအသင်း၊ မြန်မာစားသုံးသူများသမဂ္ဂ (MCU)၊ အစားအစာသိပ္ပံနှင့်နည်းပညာအဖွဲ့ (FOSTA) တို့မှ ကျွမ်းကျင်ပညာရှင်များ၊ စားသုံးသူရေးရာဦးစီးဌာနမှ တာဝန်ရှိသူများ စုစုပေါင်း ၆၇ ဦး တက်ရောက်ဆွေးနွေးခဲ့ကြတယ်လို့ သတင်းရရှိပါတယ်။

**မောင်မျိုးချစ်**

## မူဆယ်မြို့တွင် (၁၆) ကြိမ်မြောက် မြန်မာ-တရုတ်နယ်စပ် ကုန်သွယ်ရေးကုန်စည်ပြပွဲ ကျင်းပမည်

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အစိုးရနှင့် တရုတ်ပြည်သူ့သမ္မတ နိုင်ငံအစိုးရတို့ ၁၉၉၇ ခုနှစ်က ရေးထိုးခဲ့သော မြန်မာ-တရုတ်နယ်စပ်ဒေသများ စီမံခန့်ခွဲရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ သဘောတူညီမှုစာချုပ်အရ (၁၆) ကြိမ်မြောက် မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်ရေးကုန်စည်ပြပွဲ (မူဆယ်) နှင့် (၁၂) ကြိမ်မြောက် တရုတ်- မြန်မာ နယ်စပ်ကုန်သွယ်မှု ပူးပေါင်းညှိနှိုင်းရေးကော်မတီအစည်းအဝေးအား ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၁၄ ရက်မှ ၁၆ ရက်အထိ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံ၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်မြို့၊ မင်္ဂလာမူဆယ်ဈေး အထူးစီးပွားရေးဇုန်တွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဦးဆောင်၍ New Star Light Construction Co.,Ltd တို့ ပူးပေါင်းပြီး ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

အဆိုပါ ကုန်စည်ပြပွဲကို ၂၀၀၁ခုနှစ်မှစ၍ မြန်မာ-တရုတ် နှစ်နိုင်ငံ နယ်စပ်မြို့ဖြစ်သည့် မူဆယ်မြို့နှင့် ကျယ်ဂေါင်မြို့များတွင် အလှည့်ကျကျင်းပခဲ့ရာ ကျယ်ဂေါင်မြို့တွင် (၁၅) ကြိမ်မြောက်အထိ အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပါသည်။ ယခုနှစ် ကုန်စည်ပြပွဲကာလအတွင်း မြန်မာ-တရုတ် နှစ်နိုင်ငံအစည်းအဝေး၊ မြန်မာ- တရုတ် နယ်စပ်ကုန်သွယ်ရေးဌာနများ တွေ့ဆုံဆွေးနွေးခြင်း၊ ကုန်သွယ်မှုစာချုပ်ချုပ်ဆိုခြင်း၊ မြန်မာ- တရုတ်ကုန်သွယ်မှု အစည်းအဝေး ပြုလုပ်ခြင်း၊ မြန်မာ-တရုတ် အနုပညာ ဖလှယ်ခြင်း အစီအစဉ်များ၊ နှစ် (၆၀) ပြည့် မြန်မာ-တရုတ် ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရေး အထိမ်းအမှတ် အခမ်းအနားများ ပျော်ပွဲရွှင်ပွဲများပါဝင်ပါသည်။

အဆိုပါပြပွဲတွင် ၃မီတာ ပတ်လည်ရှိ ပြခန်းပေါင်း ၂၀၀ကျော်ဖြင့် ခင်းကျင်း ပြသမည်ဖြစ်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ လုပ်ငန်းရှင်များအတွက် ပြခန်း ၁၅၀ ကျော်ခန့်၊ မြန်မာနိုင်ငံမှ လုပ်ငန်းရှင်များအတွက် ပြခန်း ၅၀ ခန့် ပြသရန် စီစဉ်လျက်ရှိပါသည်။ မြန်မာနိုင်ငံမှ ပြသမည့် ပြခန်း ၅၀ခန့်အား အသင်းအဖွဲ့၊ ကုမ္ပဏီများအတွက် ပြသပေးရန် စီစဉ်ထားပါသည်။

လုပ်ငန်းရှင်များအနေဖြင့် ပြခန်းပြသလိုပါက မြန်မာကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့၊ ကုန်သွယ်မှု ဖွံ့ဖြိုးရေးဌာနခွဲ ဖုန်းအမှတ် ၀၆၇-၄၃၀၄၄၆၊ ၀၆၇- ၄၃၀၄၄၇ Fax : ၀၆၇-၄၃၀၁၂၈ သို့ လည်းကောင်း၊ Myanmar Trade Center (Yangon) ဖုန်းအမှတ် ၀၁-၂၅၄၀၂၄၊ Fax: ၀၁-၂၅၄၀၂၃၊ Email:tradecenter.myanmar @gmail.com,itpic.moc@gmail.com သို့လည်းကောင်း၊ UMFCCI အသင်းချုပ်ကုန်စည်ပြပွဲဌာန ဖုန်းအမှတ် ၀၁-၂၁၄၃၄၄ မှ ၂၁၄၃၄၇သို့လည်းကောင်း၊ New Star Light Construction Co.,Ltd. ဖုန်းအမှတ် ၀၈၂-၅၂၇၅၄/ ၅၂၇၀၉/ ၀၉- ၂၀၂၇၄၀၂ သို့ လည်းကောင်း ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ကြောင်း သတင်းရရှိပါသည်။

**ဝင်းသန်းကျော်** (Myantrade)

## လားရှိုးမြို့ရှိ နေခြည်ကိုယ်ပိုင်အထက်တန်းကျောင်းနှင့် ကျောက်မဲမြို့နယ်အတွင်းရှိ ဆေးဆိုင်ပိုင်ရှင်များအား စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြောပွဲများ ကျင်းပ

ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ လားရှိုးမြို့ စားသုံးသူရေးရာ ဦးစီးဌာန ဒုတိယပြည်နယ် ဦးစီးမှူး ဦးဆောင်သောအဖွဲ့သည် အောက်တိုဘာ ၄ရက်က လားရှိုးမြို့ပေါ်ရှိ နေခြည်ကိုယ်ပိုင်အထက်တန်းကျောင်းတွင်လည်းကောင်း၊ စက်တင်ဘာ ၂၈ရက် က အ. မ. က (၁၂) (မူလွန်)နှင့် အ. မ. က (၂၆)တို့တွင်လည်းကောင်း၊ ကျောက်မဲခရိုင် စားသုံးသူရေးရာ ဦးစီးဌာန ဦးစီးမှူး ဦးဆောင်သော အဖွဲ့သည် အောက်တိုဘာ ၄ရက်က ကျောက်မဲခရိုင် အတွင်းရှိ ဆေးဝါးရောင်းချနေသူ များနှင့် ဆေးဆိုင်ပိုင်ရှင်များအားလည်းကောင်း စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေးဆွေးနွေးခဲ့ကြပါသည်။

ဟောပြောပွဲအသီးသီးတွင် သက်ဆိုင်ရာ တာဝန်ရှိသူများက စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ ဥပဒေပါပြဌာန်းချက်များ၊ အန္တရာယ်ရှိစားသောက်ကုန်နှင့်လူသုံးကုန် များ၏ ဆိုးကျိုးများ၊ ကျောင်းမုန့်ဈေးတန်းများတွင် စားသုံးရန် မသင့်ဟု FDA က ထုတ်ပြန်ကြေညာထားသည့် အစားအသောက်များနှင့် စီးကရက်ပုံ မုန့်များရောင်းချခြင်း မရှိစေရေးနှင့်ဆေးဝါးများရောင်းချရာတွင် သက်တမ်းလွန်ဆေးဝါးနှင့် ပျက်စီးနေသော ဆေးဝါးများမရှိစေရေး စသည်တို့ကို အကျယ်တဝင့်ရှင်းလင်းဆွေးနွေးခဲ့ကြပါသည်။

အလားတူ ကျောက်မဲခရိုင် စားသုံးသူရေးရာ ဦးစီးဌာနမှ ခရိုင်ဦးစီးမှူးနှင့်အဖွဲ့သည် ကျောက်မဲမြို့နယ်အတွင်းရှိ ကြက်မွေးမြူရေးခြံများသို့ သွားရောက်၍ ကြက်ခြံများ သန့်ရှင်းမှု ရှိမရှိ စစ်ဆေးခြင်း၊ ယင်ကောင် ပေါက်ပွားမှုလျော့ကျရေး၊ ကြက်ခြံများမှ ထွက်သော အနံ့ဆိုးများကြောင့် ပတ်ဝန်းကျင် ထိခိုက်မှုမရှိစေရေး၊ ကြက်ငှက်တုပ်ကွေး ရောဂါများကူးစက်မှု ကင်းဝေးစေရေး တို့ကို ဟောပြော ဆွေးနွေးခဲ့ကြသည်။

အဆိုပါ ဟောပြောပွဲများသို့ ဆရာ၊ ဆရာမ ၁၁ ဦး ကျောင်းသား၊ ကျောင်းသူ ၂၆၀ ဦးနှင့် ဆေးဝါးရောင်းချသူ ၁၅ဦးတို့ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိပါသည်။

**အောင်ကျော်မြင့် (လားရှိုး)**



Vol: 16, No.38 Monday October 10 2016

# ကော့သောင်းကုန်သွယ်ရေးစခန်းတွင် ဌာနဆိုင်ရာအသီးသီးနဲ့ ကုန်သည်များ ပူးပေါင်းဆောင်ရွက်မှုကြောင့် စက်တင်ဘာလအတွင်း ကုန်သွယ်မှုပိုမို

ကော့သောင်း ကုန်သွယ်ရေးစခန်းမှ စက်တင်ဘာလအတွင်း ကုန်သွယ်ဆောင်ရွက်နိုင်မှုမှာ ပို့ကုန် အမေရိကန် ဒေါ်လာ ၃ ဒသမ ၄၄၃ သန်း၊ သွင်းကုန်အမေရိကန်ဒေါ်လာ ၃ ဒသမ ၄၉၁ သန်းဖြစ်၍ ကုန်သွယ်မှု ပမာဏ အမေရိကန် ဒေါ်လာ ၆ ဒသမ ၉၃၄ သန်းဆောင်ရွက်နိုင်ခဲ့ပါတယ်။

အနီးစပ်ဆုံးကာလဖြစ်တဲ့ဩဂုတ်ထက်ပို့ကုန် အမေရိကန်ဒေါ်လာ ၁ ဒသမ ၇၇၈ သန်း၊ သွင်းကုန် အမေရိကန်ဒေါ်လာ သုည ဒသမ ၂၃၁ သန်းနဲ့ ကုန်သွယ်မှု ပမာဏ အမေရိကန်ဒေါ်လာ ၂ ဒသမ ၀၀၉ သန်းပိုမိုဆောင်ရွက်နိုင်ခဲ့ပါတယ်။

အနီးစပ်ဆုံးကာလထက် ပို့ကုန်ပိုမိုရခြင်းမှာ ငါးမဖမ်းရ ရာသီကာလကုန်ဆုံးပြီဖြစ်၍ ပင်လယ်ပြင် ထွက်ခွာတဲ့ ငါးဖမ်းလှေများ ယခင်လထက် ပိုမိုထွက်ခွာနိုင်သဖြင့် ကော့သောင်းကုန်သွယ်ရေးစခန်းရဲ့ အဓိကပို့ကုန်ပစ္စည်းဖြစ်တဲ့ ရေထွက်ပစ္စည်းများ ပိုမိုတင်ပို့နိုင်ခဲ့လို့ဖြစ်ပါတယ်။ သွင်းကုန်ပိုမိုရခြင်းမှာလည်း အဓိကသွင်းကုန်ပစ္စည်းများဖြစ်တဲ့ ဘိလပ်မြေနဲ့ ဓာတ်မြေဩဇာများ ပိုမိုတင်သွင်းလာခဲ့ခြင်းကြောင့်ဖြစ်တယ်လို့ သိရပါတယ်။

ကော့သောင်း ကုန်သွယ်ရေးစခန်းတွင် အဓိကပို့ကုန် ပစ္စည်းဖြစ်တဲ့ ရေထွက်ပစ္စည်းများ မှန်မှန်ကန်ကန် တင်ပို့ရေး မြို့နယ်ငါးလုပ်ငန်း ဦးစီးဌာနနဲ့ ညှိနှိုင်း ပေါင်းစပ်ဆောင်ရွက်ခြင်း၊ သွင်းကုန်ပစ္စည်းများ မှန်မှန်ကန်ကန် တင်သွင်းရေးအတွက် အကောက်ခွန် ဦးစီးဌာနတို့နှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ခြင်း၊ လစဉ်ကုန်သွယ်မှုမြှင့်တင်ရေး အစည်း အဝေးများတွင် ကုန်သည်လုပ်ငန်းရှင်များအား ကုန်သွယ်မှုတိုးတက်ရေး ပူးပေါင်းဆောင်ရွက်ကြရန် ဆွေးနွေးခြင်း၊ ကုန်သည်လုပ်ငန်းရှင်များ၏ အခက်အခဲများအား အထက်ဌာနများသို့ တင်ပြ၍ ဖြေရှင်းဆောင်ရွက်ပေးခြင်းတို့ ကြောင့် ကုန်သွယ်မှုတိုးတက်လျက်ရှိတယ်လို့ သိရပါတယ်။

ကော့သောင်း ကုန်သွယ်ရေးစခန်းရဲ့ စက်တင်ဘာလအတွင်း အများဆုံးတင်ပို့ခဲ့တဲ့ ပို့ကုန်ပစ္စည်းများကတော့ ငါးမျိုးစုံ၊ အခြားရေထွက်ပစ္စည်းများ၊ ကင်းမွန်၊ ပုစွန်၊ ကဏန်း၊ ရေဘဝဲ၊ ဆီအုန်းကြိတ်ဖတ်နဲ့ ပင်လယ်ငါးရှဉ့်တို့ ဖြစ်ပြီး အများဆုံး တင်သွင်းခဲ့တဲ့ သွင်းကုန်ပစ္စည်းများကတော့ ဘိလပ်မြေ၊ လုပ်ငန်းသုံးအခြားပစ္စည်းများ၊ သံနှင့် သံမဏိပစ္စည်းများ၊ ရေနံထွက်ပစ္စည်းများ၊ ဓာတ်မြေဩဇာများ၊ လူသုံးပစ္စည်းများ၊ ဓာတုဗေဒပစ္စည်းများ၊ သံနှင့် သံမဏိ ဆောက်လုပ်ရေးပစ္စည်းများဖြစ်တယ်လို့ သတင်းရရှိပါတယ်။

**ခင်မိုးသူ**

# တာချီလိတ်ကုန်သွယ်ရေးစခန်းမှ အနီးစပ်ဆုံးကာလထက်ရောယမန်နှစ်ကာလတူထက်ပါ ကုန်သွယ်မှုပိုမိုဆောင်ရွက်

တာချီလိတ်ကုန်သွယ်ရေးစခန်းသည် စက်တင်ဘာလအတွင်းပို့ကုန်အမေရိကန်ဒေါ်လာ ၁ ဒသမ ၃၇၀ သန်း၊ သွင်းကုန်အမေရိကန်ဒေါ်လာ ၄ ဒသမ ၉၅၈ သန်းအထိရရှိအောင် ဆောင်ရွက်နိုင်တဲ့အတွက် ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၆ ဒသမ ၃၂၈ သန်းအထိ ဆောင်ရွက်ခဲ့ပါတယ်။

ကုန်သွယ်မှုပမာဏသည် အနီးစပ်ဆုံးကာလဖြစ်တဲ့ ဩဂုတ်လထက် အမေရိကန် ဒေါ်လာ ၁ ဒသမ ၃၂၂ သန်း ပိုမိုပြီး ယခင်နှစ်ကာလတူထက် အမေရိကန်ဒေါ်လာ ၁ ဒသမ ၂၁၄ သန်း ပိုမိုဆောင်ရွက်နိုင်ခဲ့ပါတယ်။

တာချီလိတ်ကုန်သွယ်ရေးစခန်းရဲ့ ပို့ကုန်ပိုင်းအနေဖြင့် ကာလတူနဲ့ရော အနီးစပ်ဆုံးကာလထက်ပါ ပိုမိုဆောင်ရွက်နိုင်ခဲ့ခြင်းမှာ စက်တင်ဘာလအတွင်း အမယ်သစ်ပို့ကုန်ပစ္စည်းများဖြစ်တဲ့ ကြယ်ပဲနဲ့ ဆန်းကစ်သီးတို့ ပိုမိုတင်ပို့နိုင်ခဲ့သလို မိုင်းယုဒေသထွက် ရော်ဘာစေး၊ နာနတ်သီး၊ တစ်သျှူးငှက်ပျောတို့အား တရားဝင်ပို့ကုန်လိုင်စင်ဖြင့် တရုတ်နိုင်ငံသို့ တင်ပို့နိုင်ခဲ့တာကြောင့်ဖြစ်ပါတယ်။ ဒါ့အပြင် ယခင်လများက တင်ပို့နိုင်ခြင်းမရှိခဲ့တဲ့ ထောပတ်သီးကို ပြန်လည်တင်ပို့နိုင်ခဲ့သလို ယခုလအတွင်း တဖက်နိုင်ငံမှ ကြက်သွန်နီဝယ်လိုအားများသဖြင့် ပိုမိုတင်ပို့နိုင်ခဲ့တဲ့အတွက်ကြောင့်ဖြစ်တယ်လို့ သိရပါတယ်။

သွင်းကုန်ပိုင်းတွင်လည်း စက်တင်ဘာလအတွင်း မော်တော်ယာဉ်နဲ့ မော်တော်ယာဉ်ပစ္စည်းများတင်သွင်းခဲ့ခြင်း၊ မော်တော်ဆိုင်ကယ်များအား ရုံးချုပ်လိုင်စင်အပြင် ITC ကတ်ခွင့်ပြုလိုင်စင်ဖြင့် ပိုမိုတင်သွင်းနိုင်ခဲ့ခြင်းနဲ့ စက်သုံးဆီ တင်သွင်းခဲ့ခြင်းတို့ကြောင့် အနီးစပ်ဆုံးကာလနှင့်ရော ယမန်နှစ်ကာလတူထက်ပါ ပိုမိုရခြင်းဖြစ်ပါတယ်။

တာချီလိတ်ကုန်သွယ်ရေးစခန်းရဲ့ စက်တင်ဘာလအတွင်း အများဆုံးတင်ပို့ခဲ့တဲ့ ပို့ကုန်ပစ္စည်းများမှာ ရော်ဘာစေး၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူ၊ တစ်သျှူးငှက်ပျော၊ နှမ်းဖြူ၊ လက်ဖက်ခြောက်၊ ထောပတ်သီး၊ နာနတ်သီး၊ ဆန်းကစ်သီး၊ သစ်ခေါက်၊ ကြယ်ပဲတို့ဖြစ်ပြီး အများဆုံး တင်သွင်းခဲ့တဲ့ သွင်းကုန်ပစ္စည်းများကတော့ ဒီဇယ်၊ ဓာတ်ဆီ၊ ဘိလပ်မြေ၊ ဆိုင်ကယ်၊ ကြွေပြား၊ ဓာတ်မြေဩဇာတို့ဖြစ်တယ်လို့ သတင်း ရရှိပါတယ်။

**ခင်မိုးသူ**

# တစ်ပတ်အတွင်း ကုန်သွယ်မှုလိုငွေ အမေရိကန်ဒေါ်လာ ၁၆၀ သန်း ကျော်ရှိ

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် စက်တင်ဘာ ၂၉ရက်မှ ၃၀ရက်အထိ သီတင်းပတ်အတွင်း ပို့ကုန်သွင်းကုန် အခြေအနေမှာ ပို့ကုန်တင်ပို့နိုင်မှု အမေရိကန်ဒေါ်လာ ၉၈ဒသမ ၀၈၈ သန်း၊ သွင်းကုန် တင်သွင်းနိုင်မှု အမေရိကန်ဒေါ်လာ ၂၆၆ ဒသမ ၂၁၉သန်း ဖြစ်သဖြင့် ကုန်သွယ်မှု ပမာဏ စုစုပေါင်း အမေရိကန်ဒေါ်လာ ၃၆၄ ဒသမ ၃၀၇သန်း ဖြစ်ပါတယ်။ ကုန်သွယ်မှု လိုငွေမှာ အမေရိကန်ဒေါ်လာ ၁၆၈ဒသမ ၁၃၁သန်း ဖြစ်ပြီး၊ ထိုသို့ လိုငွေပြရခြင်းမှာ ချုပ်ပြီး အထည် နဲ့ သဘာဝ ဓာတ်ငွေ့ တင်ပို့မှု လျော့နည်းခဲ့ခြင်းကြောင့် ဖြစ်ပါတယ်။

ရက်သတ္တပတ်အတွင်း ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ ပို့ကုန် အမေရိကန် ဒေါ်လာ ၄၂ဒသမ ၆၆၆ သန်း၊ သွင်း ကုန် အမေရိကန်ဒေါ်လာ ၁၈၉ ဒသမ ၆၃၁ သန်း ဆောင်ရွက် နိုင်ပြီး ကုန်သွယ်မှုလိုငွေ အမေရိကန် ဒေါ်လာ ၁၄၆ ဒသမ ၉၆၅သန်း ရှိခဲ့ပါတယ်။

ကုန်သွယ်ရေး စခန်းများမှ ပို့ကုန် အမေရိကန် ဒေါ်လာ ၅၅ဒသမ ၄၂၂ သန်း၊ သွင်းကုန်အမေရိကန် ဒေါ်လာ ၇၆ ဒသမ ၅၈၈ သန်း ဆောင်ရွက်နိုင်ပြီး ကုန်သွယ်မှုလိုငွေ အမေရိကန်ဒေါ်လာ ၂၁ဒသမ ၁၆၆သန်း ရှိခဲ့ပါတယ်။

တစ်ပတ်အတွင်း ကုန်သွယ်မှု ကဏ္ဍတစ်ရပ်လုံး အတွက် ကုန်သွယ်မှု လိုငွေမှာ အမေရိကန်ဒေါ်လာ ၁၆၈ ဒသမ ၁၃၁သန်း ဖြစ်ပါတယ်။

ယခု ဘဏ္ဍာနှစ်စမှ စက်တင်ဘာ ၃၀ရက်အထိ ပို့ကုန် တင်ပို့နိုင်မှုမှာ အမေရိကန် ဒေါ်လာ ၅၅၇၃ ဒသမ ၃၄၁သန်း၊ သွင်းကုန် တင်သွင်းနိုင်မှုမှာ အမေရိကန် ဒေါ်လာ ၇၃၇၇ ဒသမ ၆၀၆ သန်းနဲ့ စုစုပေါင်း ကုန်သွယ်မှု ပမာဏမှာ အမေရိကန်ဒေါ်လာ ၁၂၉၅၀ ဒသမ ၉၄၇သန်းဖြစ်ပြီး၊ ကုန်သွယ်မှု လိုငွေမှာ အမေရိကန် ဒေါ်လာ ၁၈၀၄ ဒသမ ၂၆၅သန်း ဖြစ်ကြောင်း သိရပါတယ်။

**ယဉ်ယဉ်အေး**

# စစ်တွေကုန်သွယ်ရေးစခန်းမှ ဘင်္ဂလားဒေ့ရှ် နိုင်ငံသို့ ရေချိုငါးမြစ်ချင်း ပိုမိုတင်ပို့

မြန်မာ - ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိစစ်တွေ ကုန်သွယ်ရေးစခန်းမှ စက်တင်ဘာ နောက်ဆုံးပတ်အတွင်း အမေရိကန်ဒေါ်လာ သုညဒသမ ၀၈၃ သန်း တန်ဖိုးရှိ ရေချိုငါးမြစ်ချင်း တန် ၈၀ခန့် ကို ဘင်္ဂလားဒေ့ရှ် နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က တန် ၇၀သာ တင်ပို့ခဲ့တာမို့ ၁၀တန်ခန့် ပိုမိုတင်ပို့နိုင်တယ်လို့ စစ်တွေကုန်သွယ်ရေး စခန်းမှ သိရပါတယ်။

စစ်တွေကုန်သွယ်ရေး စခန်းမှ ရေချိုငါးမြစ်ချင်းအပြင် အမေရိကန် ဒေါ်လာ သုညဒသမ ၀၂၀သန်း တန်ဖိုး ရှိ ဆီးယိုထုပ် တန်၆၀၊ အမေရိကန် ဒေါ်လာ သုညဒသမ ၀၁၄သန်း တန်ဖိုး ရှိ စောင် ၁၄၀၀၀ ထည်၊ အမေရိကန် ဒေါ်လာ သုညဒသမ ၀၀၉သန်း တန်ဖိုး ရှိမန်ကျည်းစေ့ ၁၆၇တန်၊ အမေရိကန် ဒေါ်လာ သုညဒသမ ၀၀၄သန်း တန်ဖိုး ရှိချင်းအစို ၅တန် အမေရိကန် ဒေါ်လာ သုညဒသမ ၀၀၃သန်း တန်ဖိုးရှိ ဆီးဖတ် ၂၅တန် တင်ပို့ခဲ့တယ်လို့ သိရပါတယ်။

**ခင်မိုးသူ**

# တရုတ်နဲ့ ထိုင်းနိုင်ငံသို့ မြန်မာ့သစ်သီးဝလံများ တင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ စက်တင်ဘာ နောက်ဆုံးပတ်တွင် အမေရိကန်ဒေါ်လာ သုည ဒသမ ၅၁၀ သန်းတန်ဖိုးရှိဖရဲသီး ၄၃၇၁ တန်၊ အုန်းသီးတန် ၅၀၊ နာနတ်သီး ၁၀ တန်နဲ့ သခွားမွှေးငါးတန်ကို လည်း ကောင်း၊ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၃၁၀၂ တန်ဖိုးရှိ ဖရဲသီး ၂၉ တန်ကိုလည်းကောင်း အသီးသီးတင်ပို့ခဲ့ပါတယ်။ မူဆယ်မှတစ်ဆင့် တရုတ်နိုင်ငံသို့ စက်တင်ဘာလတွင် ဖရဲသီးတန်ခြောက်ထောင်ကျော်၊ အုန်းသီး တန် ၂၀၀ ခန့်၊ နာနတ်သီး ၁၈ တန်နဲ့ သခွားမွှေးငါးတန် တင်ပို့ခဲ့တယ်လို့ သိရပါတယ်။

မြန်မာ-ထိုင်းနယ်စပ်ရှိ တာချီလိတ်ကုန်သွယ်ရေးစခန်းကတော့ ယခုတစ်ပတ်မှာ အမေရိကန်ဒေါ်လာ ၁၀၂၅၆ တန်ဖိုးရှိ ဆန်းကစ်သီးတန် ၅၀ တင်ပို့ခဲ့ပါတယ်။ စက်တင်ဘာတစ်လလုံးမှာတော့ ထိုင်းနိုင်ငံသို့ နာနတ်သီးတန် ၂၀၀၊ ထောပတ်သီး တန် ၁၀၀ နဲ့ ဆန်းကစ်သီးတန် ၅၀ ကို တာချီလိတ်မှတစ်ဆင့် တင်ပို့ခဲ့တယ်လို့ သတင်းရရှိပါတယ်။

**မော်မော်အောင်**

# ကုန်သွယ်ရေးစခန်းများမှ ဆိုင်ကယ်မျိုးစုံ တင်သွင်းမှု လျော့ကျ

စက်တင်ဘာ နောက်ဆုံးပတ်အတွင်း တရုတ်၊ ထိုင်းနဲ့ အိန္ဒိယ နယ်စပ်ရှိ ကုန်သွယ်ရေး စခန်းများနဲ့ ကုန်သွယ် ရေး ဇုန်များမှ အမေရိကန် ဒေါ်လာ ၅ ဒသမ ၁၂၀ သန်း တန်ဖိုးရှိ ဆိုင်ကယ်မျိုးစုံ ၁၁၂၂၀ စီး တင်သွင်းခဲ့ပါတယ်။ ယခင် တစ်ပတ်က ၁၁၆၅၃စီး တင်သွင်းခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ စီးရေ ၄၀၀ကျော် တင်သွင်းမှု လျော့နည်းခဲ့တယ်လို့ သိရပါတယ်။

ကုန်သွယ်ရေးစခန်းများနဲ့ ကုန်သွယ်ရေးဇုန်များရဲ့ တင်သွင်းမှု အခြေအနေကို ကြည့်ပါက မူဆယ် ကုန်သွယ်ရေးဇုန်မှ အမေရိကန် ဒေါ်လာ ၃ ဒသမ ၁၈၂ သန်း တန်ဖိုးရှိ ဆိုင်ကယ် ၉၉၆၇စီး၊ မြဝတီကုန်သွယ်ရေးဇုန်မှ အမေရိကန် ဒေါ်လာ ၁ ဒသမ ၈၉၃သန်း တန်ဖိုးရှိ ဆိုင်ကယ် ၁၂၁၅စီးနဲ့ တမူးကုန်သွယ်ရေး စခန်းမှ အမေရိကန် ဒေါ်လာ သုည ဒသမ ၀၄၅သန်း တန်ဖိုးရှိ ဆိုင်ကယ် ၃၈စီးကို တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခုတစ်ပတ် မြဝတီကုန်သွယ်ရေးဇုန်မှ ဆိုင်ကယ် တင်သွင်းမှု ပိုမိုခဲ့ပေမယ့် မူဆယ်ကုန်သွယ်ရေးဇုန်နဲ့ တမူးကုန်သွယ်ရေး စခန်းများမှ ဆိုင်ကယ် တင်သွင်းမှု လျော့ကျခဲ့တဲ့အတွက်ကြောင့် ဖြစ်တယ်လို့ သိရပါတယ်။ မူဆယ် ကုန်သွယ်ရေးဇုန်မှ ဆိုင်ကယ်အပြင် အမေရိကန် ဒေါ်လာ သုညဒသမ ၃၃၄သန်း တန်ဖိုးရှိ သုံးဘီးဆိုင်ကယ် ၂၇၈ စီးကိုပါ တင်သွင်းခဲ့တယ်လို့ သိရပါတယ်။

**ခင်မိုးသူ**

# မန္တလေးမြို့တွင် စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့များအတွက် စံပြလုပ်ထုံးလုပ်နည်းမူကြမ်းကို ပြန်လည် သုံးသပ်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ




စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူ ရေးရာဦးစီးဌာနနှင့် USAID တို့ပူးပေါင်း၍ မန္တလေးမြို့ Mandalay Hill Resort Hotel ၌ စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့များအတွက် စံပြလုပ်ထုံး လုပ်နည်းမူကြမ်း ပြန်လည်သုံးသပ်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို အောက်တိုဘာလ ၃ ရက်က ကျင်းပခဲ့ပါတယ်။ အဆိုပါ အခမ်းအနားသို့ United State Agency for International Development (USAID) မှ ကျွမ်းကျင်ပညာရှင်များ၊ စားသုံးသူရေးရာ ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်းများ၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ရှမ်းပြည်နယ်များမှ စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့များ၊ အရပ်ဘက်အဖွဲ့အစည်းများ စုစုပေါင်း အင်အား ၇၅ ဦး တက်ရောက်ခဲ့ကြပါတယ်။

ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြင့်လွင်က အာဆီယံ စီးပွားရေးအသိုက်အဝန်း (AEC) အရ စားသုံးသူအကာ အကွယ်ပေးရေးလုပ်ငန်းများသည် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်လာပါကြောင်း၊ အာဆီယံဒေသတွင်း စားသုံးသူ အကျိုးမြှင့်တင်ရန် အာဆီယံစားသုံးသူ အကာအကွယ်ပေးရေး ကော်မတီ (ACCP) ကို ၂၀၀၇ ခုနှစ်က ဖွဲ့စည်းခဲ့ပြီး ဖြစ်ပါကြောင်း၊ အာဆီယံ စားသုံးသူအကာအကွယ်ပေးရေး ကော်မတီအနေဖြင့် ပြောင်းလဲလာသော ခေတ်နှင့်အညီ လုပ်ဆောင်နိုင်ရန်အတွက် စားသုံးသူအကာအကွယ်ပေးရေး မဟာဗျူဟာများ ချမှတ်၍ အာဆီယံစားသုံးသူအကာ အကွယ်ပေးရေးကော်မတီ အစည်းအဝေးများအဖြစ် (၁၃)ကြိမ်မြောက် အစည်းအဝေးကို ကမ္ဘောဒီးယားနိုင်ငံတွင် လည်းကောင်း၊ (၁၄)ကြိမ်မြောက် အစည်းအဝေးကို လာအိုနိုင်ငံတွင်လည်းကောင်း ကျင်းပခဲ့ပြီး၊ ၂၀၁၇ ခုနှစ် နိုဝင်ဘာလတွင် မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပရမည် ဖြစ်ပါကြောင်း၊ စားသုံးသူရေးရာဦးစီးဌာနကို ၂၀၁၆ ခုနှစ် ဧပြီလက ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး ဖြစ်ပါကြောင်း၊ စားသုံးသူအကာအကွယ်ပေးရေး ဥပဒေအရ ဗဟိုကော်မတီကို ဖွဲ့စည်းထားပြီးဖြစ်သလို တိုင်းဒေသကြီး၊ ပြည်နယ် ခရိုင် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့များကိုလည်း ဖွဲ့စည်းထားပြီး ဖြစ်ပါကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့များ၏ လက်အောက်၌ စားသုံးသူ တိုင်ကြားမှု လက်ခံဆောင်ရွက်ရေး လုပ်ငန်းကော်မတီနှင့် ထုတ်ကုန်များ လုံခြုံစိတ်ချရမှုဆိုင်ရာလုပ်ငန်း ကော်မတီများဖွဲ့စည်း၍ စားသုံးသူအကာ အကွယ်ပေးရေးလုပ်ငန်းများ ဆောင်ရွက်လျက် ရှိပါကြောင်း၊ နိုင်ငံတကာနဲ့ ရင်ပေါင်တန်းနိုင်ရန် စားသုံးသူ အကာ အကွယ်ပေးရေးဥပဒေကို ပြန်လည်ပြင်ဆင်ရေးဆွဲနေပြီး မကြာမီ မူကြမ်းထွက်ရှိလာတော့မှာဖြစ်ကြောင်း၊ အဆိုပါမူကြမ်းအား တိုင်းဒေသကြီးနဲ့ ပြည်နယ်များသို့ ချပြ၍ အပြန်အလှန်ဆွေးနွေးဖြည့်စွက်ပြင်ဆင်မှုများ ပြုလုပ် ရန် မန္တလေး၊ ရန်ကုန်၊ မုံရွာ၊ ပုသိမ် စသည့် မြို့ကြီးများ၌ အလုပ်ရုံ ဆွေးနွေး ပွဲများ ကျင်းပသွားမည်ဖြစ်ကြောင်း၊ ယခုဆွေးနွေးပွဲတွင် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့များကို နိုင်ငံတကာ လုပ်ထုံးလုပ်နည်းများနဲ့အညီ USAID အကူအညီဖြင့် ဆက်လက် ဆောင်ရွက်သင့်သည့်အချက်များကို ဆွေးနွေးကြရမှာ ဖြစ်ကြောင်း အကျယ်တဝင့် ပြောကြားခဲ့ပါတယ်။

ထို့ပြင် မန္တလေးတိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာ အောင်မြင့်က စားသုံးသူ အကာ အကွယ်ပေးရေးလုပ်ငန်းများကို အခြားနိုင်ငံများတွင် ယခင်နှစ်ပေါင်းများစွာကပင် ပြုလုပ်ခဲ့ကြကြောင်း၊ မိမိတို့နိုင်ငံ အနေဖြင့် စားသုံးသူအကာ အကွယ်ပေးရေးလုပ်ငန်းကို လုပ်ဆောင်ရာတွင် နောက်ကျနေပြီဖြစ်ရာ အရေးကြီးသည့်အချိန်သို့ရောက်ရှိနေပြီ ဖြစ်ပါကြောင်း၊ စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများ ဆောင်ရွက်ရာ၌ လုပ်ထုံးလုပ်နည်း (SOPs) များ မဖြစ်မနေ လိုအပ်ပါကြောင်း၊ မိမိတို့ အဖွဲ့အစည်းများ အနေဖြင့် ပြည်သူ လူထုလူနေမှုဘဝ လုံခြုံမှုရရှိစေရန် သမိုင်းမှတ်တမ်းတင်ခွင့် ရသူများ၊ အပြောင်းအလဲ တစ်ခုပြုလုပ်သူများ၊ နောင်မျိုးဆက်ကောင်းစားစေဖို့ ပြုလုပ်သူများအဖြစ် ခံယူ၍ လုပ်ကိုင်ကြစေ လိုကြောင်း၊ လုပ်ထုံးလုပ်နည်းများ ပီပီပြင်ပြင် ဖြစ်ပေါ်လာပါက ဌာနတစ်ခုချင်းစီအလိုက် ကိုယ်တာဝန်ယူရမည့် အပိုင်းများ ရှင်းလင်းလာမည်ဖြစ်ပါကြောင်း၊ စားသုံးသူ အငြင်းပွားမှု ဖြေရှင်းပုံနည်းလမ်းများအား အန္တရာယ်ကင်း ဘေးရှင်းရေးအတွက် ဆောင်ရွက်နိုင်ရန် လိုအပ်လျက်ရှိသည့် SOPs ပေါ်ပေါက်ရန်လည်း ဆွေးနွေးပေးကြစေလိုကြောင်း ပြောကြားခဲ့ပါတယ်။

မန္တလေးတိုင်းဒေသကြီးစားသုံးသူ အငြင်းပွားမှုဖြေရှင်း ရေးအဖွဲ့ ဒုတိယ ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာ အောင်မြင့်က မန္တလေးတိုင်းဒေသကြီးအတွင်း ၂၀၁၅၊ ၂၀၁၆ ခုနှစ်များတွင် စားသုံးသူနစ်နာမှုအရ တိုင်ကြားလာမှုများကို လက်ခံဖြေရှင်းပုံ နည်းလမ်းအဆင့်ဆင့်ကို လည်းကောင်း၊ USAID မှ Senior Economic Analyst ဖြစ်သူ Mrs.Jaleen Moroney က စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့များ အတွက် စံပြ လုပ်ထုံးလုပ်နည်းမူကြမ်း အပေါ် သုံးသပ်တင်ပြခြင်း ခေါင်းစဉ် ဖြင့်လည်းကောင်း၊ Howard County Office of Consumer Protection မှ အုပ်ချုပ်ရေးမှူး Mrs. Rebeeca Bowman က စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၏ ကြားဝင် ဖြေရှင်းပုံ နည်းလမ်းများ အကြောင်းကိုလည်းကောင်း ဆွေးနွေးခဲ့ကြသည်။ ထို့နောက် အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်လာသူများက စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့များအတွက် စံပြ လုပ်ထုံးလုပ်နည်းမူကြမ်းအပေါ် ဆွေးနွေးခြင်း၊ အကြံပြုခြင်း၊ ပြန်လည် သုံးသပ်ခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါတယ်။

**မျိုးထွန်း(မန္တလေး)**

## သာပေါင်းမြို့နယ်တွင် သဘာဝမြေသြဇာများနဲ့ သြဂဲနစ်ဆန်စပါး စိုက်ပျိုးထုတ်လုပ်နိုင်ရေး နည်းပညာပေးဆွေးနွေးပွဲ ကျင်းပ

သာပေါင်းမြို့နယ်တွင် သဘာဝမြေသြဇာများကို အသုံးပြုလျက် သြဂဲနစ်ဆန်များကို စိုက်ပျိုးထုတ်လုပ်နိုင်ရေး နည်းပညာပေးဆွေးနွေးပွဲကို စက်တင်ဘာလ နောက်ဆုံးပတ်၌ သာပေါင်းမြို့နယ်၊ သစ်ပုတ်ကုန်းကျေးရွာမှာ ကျင်းပပြုလုပ်ရာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၊ စားသုံးသူရေးရာ ဦးစီးဌာန၊ တောက်ပသောရဲတိုက်ကုမ္ပဏီမှ ဒါရိုက်တာနဲ့ ဝန်ထမ်းများ၊ ကျေးရွာအုပ် ချုပ်ရေးမှူးနဲ့ သစ်ပုတ်ကုန်းကျေးရွာ၊ ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံတောင်သူ ဦးရေ ၁၀၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရပါတယ်။

စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးလှဌေးက ဆန်စပါးကို မိရိုးဖလာ စိုက်ပျိုးခဲ့ကြရာ နှစ်ကြာလာသောအခါ မြေဆီမြေသြဇာများ ခမ်းခြောက်ခြင်း၊ အရည်အသွေးနဲ့ အထွက်နှုန်းကျဆင်းခြင်းတို့ မဖြစ်ပေါ်စေရန် ဓာတုပိုးသတ်ဆေးများ အသုံးပြုရာတွင်လည်း ကုန်ကျစရိတ်များခြင်းနဲ့ ဘေးထွက်ဆိုးကျိုးများဖြစ်ပေါ် လာနိုင်သဖြင့် သဘာဝမြေသြဇာဖြင့် ပြောင်းလဲစိုက်ပျိုးရန်နဲ့ မြေသြဇာများကို စနစ် တကျသုံးစွဲတတ်စေရန် ယခုလို နည်းပညာပေးရခြင်းဖြစ်ကြောင်း ဆွေးနွေးပြောကြား ပါတယ်။

တောက်ပသောရဲတိုက်ကုမ္ပဏီ ဒါရိုက်တာဦးအောင်မျိုးဟိန်းက မိမိတို့ကုမ္ပဏီက ထိုင်းနိုင်ငံမှ တင်သွင်းသော ဆွိုင်းပလပ်(စ်) သဘာဝ မြေသြဇာကို တိုက်ရိုက်ဝယ် ယူတင်သွင်းရောင်းချလျက်ရှိကြောင်း၊ အရည်အသွေး ထုတ်လုပ်ထုပ်ပိုးမှုကို အာမခံကြောင်း၊ မြေဆီလွှာပြုပြင်ပြောင်းလဲမှုကို ထိန်းသိမ်းပြီး သဘာဝမြေသြဇာကို အသုံးပြုခြင်းဖြင့် ဓာတုအန္တရာယ် လျှော့ချနိုင်ခြင်း၊ အပင်မစိုက်မီ မြေဆီလွှာ၌ ထည့်သွင်းအသုံးပြုပါက အမြစ်ပုပ်ခြင်း၊ ခါးရိုခြင်း၊ အရွက်ခြောက်ခြင်းတို့ကို အကာအကွယ် ပေးပြီး ရေရှည်တွင်ကုန်ကျစရိတ်များ လျှော့ချနိုင်မှာဖြစ်၍ မိတ်ဆွေပိုးများပွားလာပြီး သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရာတွင်လည်း အထောက်အကူ ဖြစ်မှာဖြစ်ကြောင်း ဆွေးနွေးပြောကြားပါတယ်။

စားသုံးသူရေးရာဦးစီးဌာန၊ မြို့နယ်ဦးစီးမှူး ဦးထွန်းမင်းလတ်ကလည်း စားသုံးသူအကာအကွယ်ပေးရေးနဲ့ဆက်စပ်၍ သန့်ရှင်းလတ်ဆတ်တဲ့ သီးနှံများ စားသုံးခြင်းဖြင့် ကျန်းမာရေးမထိခိုက်ဘဲ ဈေးကွက်တွင် ဈေးကောင်း ရရှိမှာဖြစ်ကြောင်း၊ ထုတ်ကုန်လုံခြုံစိတ်ချရမှုနဲ့ပတ်သက်၍ လယ်ယာလုပ်ငန်းခွင်တွင် ကုန်ပစ္စည်းအမှတ်တံဆိပ်ထုတ်လုပ်တဲ့ရက်စွဲ၊ နောက်ဆုံး အသုံးပြုရမယ့် ရက်စွဲ၊ ပါဝင်တဲ့အမျိုးအစားများကို သတင်း အချက်အလက် ပြည့်စုံစွာ ဖော်ပြရမှာဖြစ်ကြောင်း၊ သဘာဝမြေသြဇာများကို အသုံးပြုလျက် အရည်အသွေးမြင့်မားသော အစားအသောက် ကုန်စည်များကို ထုတ်လုပ်ဖြန့်ဖြူးစားသုံးရောင်းချခြင်းဖြင့် စားသုံးသူအကာ အကွယ်ပေးရေး လုပ်ငန်းများကိုလည်း တစ်ဖက်တစ်လမ်းမှ အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှာ ဖြစ်ကြောင်း ဆွေးနွေးပြောကြားပါတယ်။ ကျော်ဌေး

## တောင်ကြီးမြို့တွင် ဂျပန် - မြန်မာကုန်စည်ပြပွဲကျင်းပ

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့၊ ပြည်နယ်အားကစားရုံကြီးတွင် အောက်တိုဘာ ၆ ရက်မှ ၉ ရက်အထိ ဂျပန် - မြန်မာ ကုန်စည်ပြပွဲ ပြုလုပ်ခဲ့ပါတယ်။

ဂျပန် - မြန်မာကုန်စည်ပြပွဲကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များဖြစ်ကြတဲ့ စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး၊ ဘဏ္ဍာရေးဝန်ကြီးနှင့် ကယားပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ ယဉ်ကျေးမှုနှင့် စီးပွားရေးကော်မတီအဖွဲ့ဝင်များ၊ ဂျပန် - မြန်မာကုန်သည်များ၊ ပြည်သူလူထုများတက်ရောက်ခဲ့ကြပါတယ်။

အဆိုပါကုန်စည်ပြပွဲတွင် ရှမ်းပြည်နယ်(တောင်ပိုင်း)ရှိ စီးပွားရေးအသင်းအဖွဲ့များ၊ အစုအဖွဲ့များနှင့် ဒေသထွက်ကုန်အကြောင်းအရာများ ဆွေးနွေးခဲ့ကြကြောင်း သိရပါတယ်။ ဂျပန် - မြန်မာကုန်စည် ပြပွဲ ကျင်းပရတဲ့ ရည်ရွယ်ချက်ကတော့ နှစ်နိုင်ငံချစ်ကြည်ရေး ပိုမိုတိုးမြှင့်ရန်နှင့် ကုန်သွယ်မှု ပိုမိုမြင့်မားစေရန် ရည်ရွယ် လုပ်ဆောင်ရခြင်းဖြစ်ပါတယ်။

အစိုးရသစ်လက်ထက်တွင် ကုန်သွယ်မှုနဲ့ ရင်းနှီးမြှုပ်နှံမှုများကို ပြုပြင်ပြောင်းလဲလျက်ရှိပြီး အားပေးလျက် ရှိကြောင်းနဲ့ အဆိုပါကုန်စည်ပြပွဲတွင် ရှမ်းပြည်နယ်အတွင်းရှိ ခရိုင်နှင့် မြို့နယ်အသီးသီးမှ ကုန်သည်များက ဆိုင်ခန်းပေါင်း ၆၀ ကျော် ခင်းကျင်းပြသခဲ့တယ်လို့ သိရှိရပါတယ်။

**စောမောင်(တောင်ကြီး)**

# SWY Group Co.,Ltd

SHWE WAH YAUNG
Agriculture Production Co.,Ltd

SHWE WAH YAUNG
General Services Co.,Ltd

S W Y Group Trading Co.,Ltd











Office : Nya/73, Yuzana Street, Bayint Naung (1) Ward, Mayangone Township, Yangon, Myanmar
☎ : 01-680 803 , 01-686 158 , 01-686 251 Fax : 01-686 251

Warehouse : No(465/A), Corner of Yaw Ah Twin Win U Pho Hlaing Street & Kannar Street,
Shwe Lin Pan Industrial Zone, Hlaing Tharyar Township, Yangon, Myanmar
☎ : 01-680 803 , 01-686 158 , 01-686 251 Fax : 01-686 251

website : www.swygroup.com , Webmail : lumawmm@swygroup.com , thaungtikes@swygroup.com

Construction & Piling
QUALITY · EFFICIENCY

## WAI PHYO DANA COMPANY LIMITED
### CONSTRUCTION & PILING








We can provide pilling work for your low, high rise building and any kinds of construction's foundation work.

Service with - Hydraulic Bored Pile, Diesel
- Hammer, Press Pile Machine.

Ancillary Services - Static Load Test (SLT)
Working Load Test
- Ultimate Load Test (ULT)
- Pile Production

လူကြီးမင်းတို့၏ အဆင့်မြင့် အိမ်ရာ တည်ဆောက်ခြင်းလုပ်ငန်းများ၊ အလုပ်ရုံ စက်ရုံများ၊ လမ်းတံတားများ ဆောက်လုပ်ရေးလုပ်ငန်းများအတွက် လိုအပ်သော *Foundation* လုပ်ငန်းများအား ကျွန်တော်များကမှ နိုင်ငံတကာ အဆင့်မီ *Pilling* စက်ယန္တရားများ စုံလင်စွာနှင့် အရည်အချင်းပြည့်ဝသော ဝန်ထမ်းများဖြင့် စနစ်တကျ လုပ်ကိုင်ဆောင်ရွက် ပေးနေပါသည်။

အဆောက်အဦး၏ *Structure Design, Pile Foundation Design* များကိုလည်း တာဝန်ယူ တွက်ချက်ပေးပါသည်။



Eatesarthaya St,Build(1),Room No.(103) ,Thumingalar Housing No(2),Thinganyun Township,Yangon,Myanmar.
Phone:Fax: +951-573860,Mobile: +959 258634831,+ 959-79616587,+959 43183928,+959 250534862,+959 3083574
Email :wpd.mktg01@gmail.com

## IRRAWADDY DYNAMIC POWER ENGINEERING CO., LTD.








ကရိန်းများနှင့် ကရိန်း Services ထွန်ယန္တရားများ ပြုပြင်ခြင်း၊ တာဝါကရိန်းနှင့် ကရိန်းများ Inspection ပြုလုပ်၍ PE Certificate ထုတ်ပေးခြင်း၊
BATA Safety Shoe များ ဖြန့်ဖြူးခြင်း

Contact Phone: 09-5201915, 09-972009632
E-mail : kyaing.hla@gmail.com


ဗုဒ္ဓံ ဓမ္မံ သံဃံ
SHWE LA NGWE LA CO., LTD.
WWM
ဝင်းဝင်းမြန်မာ
STEEL TRADING
အရည်အသွေးမြင့် ဗီယက်နမ်ဟော်လိုပိုက်
မြန်မာပြည်ဈေးကွက်အတွင်း အရည်အသွေးအမြင့်ဆုံး ဗီယက်နမ်ဟော်လိုပိုက်။
အလေးချိန် (KG) မှန်သည်။ (အတိုးအလျော့ ၁၀% အတွင်း)
သင့်တင့်သောဈေးနှုန်း။
Japan & USA Standards.
ပရဟိတလုပ်ငန်းများ၊ စာသင်ကျောင်းများ၊ ဘာသာရေးအဆောက်အဦများအတွက် "အထူးလျှော့ဈေး" ဖြင့် ရောင်းချပေးပါသည်။
စေတနာအပြည့်ထား၍ ရောင်းချပေးသဖြင့် ဝယ်ယူအားပေးသူမိတ်ဆွေအားလုံးစိတ်ချမ်းသာမှု အပြည့်အဝ ရရှိစေရပါမည်။
GI HOLLOW / MS HOLLOW
U-CHANNEL
H-BEAM
I-BEAM
ANGLE IRON
ရန်ကုန်
01 565591, 01 8550381, Fax: 579081
01-9640119, 9640120, 655020, 09-73277799, 09-5041003 09-5163784, 09-785163784
01-618679, 618680
နေပြည်တော်
067-26230 09-975036955, 09-975036966
Email: wwmhollows@gmail.com


SWTS
top Singapore Engineering Co. since 1973
Now Open in Myanmar
95-1-579-648 | 09-791-193-913
GENSET NO 1
Repair Services
Motors | Generators
Mechanical
Turbines | Pumps | Valves
Power System & IT
Power Station | Plant Control
Offshore & Marine
Drive | Electrical Engineering
Yangon Technical Centre
No. 7 Sandaku St., Ward (30), Kamarkyi Rd., Yangon, Myanmar.
Fax 95-9-3161-9122
General Manager (Service)
Email winhlaing@swtspl.com
in
swtspl.com

## ပြောင်း

### ပြောင်းတန်ချိန် သုံးသောင်းကျော်တင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်၊ လွယ်ဂျယ်၊ ချင်းရွှေဟော်နဲ့ ကန်ပိုက်တီး စခန်းလေးခုမှ စက်တင်ဘာ နောက်ဆုံးပတ်တွင် အမေရိကန်ဒေါ်လာ ၇ဒသမ ၄၇၀ သန်းတန်ဖိုးရှိ ပြောင်းတန်ချိန် ၃၄၄၂၅ တန်ကျော် တင်ပို့နိုင်ခဲ့ပါတယ်။ စခန်းအလိုက် တင်ပို့ခဲ့တာကတော့ မူဆယ်မှ ၃၂၅၁၆ တန်ကျော်၊ လွယ်ဂျယ်မှ ၉၉၄ တန်ကျော်၊ ချင်းရွှေဟော်မှ ၅၃၅ တန်နဲ့ ကန်ပိုက်တီးမှ တန် ၃၈၀ တင်ပို့ခဲ့ပါတယ်။ ယခင်သီတင်းပတ်က အဆိုပါ စခန်းလေးခုပေါင်းမှ ပြောင်းတန်ချိန် ၂၀၂၉၁ တန်ကျော် တင်ပို့ခဲ့လို့ ယခုတစ်ပတ်မှာ ပြောင်းတန်ချိန် တစ်သောင်းကျော်အထိ ပိုမိုတင်ပို့လာတာ တွေ့ရပါတယ်။ မူဆယ် ကုန်စည်ဒိုင်မှာ စက်တင်ဘာ ၂၃ ရက်က ပြောင်းတစ်တန်ကို ၂၈၂၅၆၉ ကျပ်ရှိပြီး စက်တင်ဘာ ၃၀ ရက်မှာတော့ ၂၈၇၈၅၀ ကျပ်သို့ ဈေးအနည်းငယ် မြင့်တက်ခဲ့ ကြောင်း၊ သယ်ယူစရိတ်မှာ တစ်ပိဿာ ၅၆-၅၉ ကျပ်ရှိပြီး ကားစီးရေ ၁၁၃၇ စီး ဝင်ရောက်ခဲ့ကြောင်း သိရပါတယ်။ စက်တင်ဘာ တစ်လလုံး တရုတ်နိုင်ငံသို့ ပြောင်းတန်ချိန် ရှစ်သောင်းကျော်တင်ပို့နိုင်ခဲ့တယ်လို့ စခန်းစာရင်းများအရ သိရပါတယ်။

**မော်မော်အောင်**

## သကြား

### မူဆယ်ရော ချင်းရွှေဟော်မှပါ သကြားတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ စက်တင်ဘာ နောက်ဆုံးပတ်တွင် အမေရိကန်ဒေါ်လာ ၁၅ ဒသမ ၄၀၇ သန်းတန်ဖိုးရှိ သကြားတန်ချိန် ၂၈၀၀၂ တန်ကျော် တင်ပို့ခဲ့သလို ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှလည်း အမေရိကန်ဒေါ်လာ ၂၃၂၁၃၂ တန်ဖိုးရှိ သကြား ၄၁၈ တန်နီးပါး တင်ပို့နိုင်ခဲ့ပါတယ်။ ယခင်သီတင်းပတ်က မူဆယ်မှသကြား ၂၄၁၃၈ တန်ကျော် တင်ပို့ခဲ့ပြီး ချင်းရွှေဟော်မှ သကြားတင်ပို့မှုမရှိခဲ့ပါဘူး။ စက်တင်ဘာလ တစ်လလုံး မူဆယ်မှ သကြားတန်ချိန် တစ်သိန်းနှစ်သောင်းခန့်နဲ့ ချင်းရွှေဟော်မှ တန် ၅၀၀ နီးပါးတင်ပို့ နိုင်ခဲ့တယ်လို့ သိရပါတယ်။ ယခုတစ်ပတ်တွင် ပြည်တွင်းသကြားဈေး တစ်တန်လျှင် ကျပ်ရှစ်သိန်းတစ်သောင်းခန့်အထိ ဝယ်ယူရပြီး တစ်ဖက်နိုင်ငံတွင် ၅၀ ကီလို တစ်အိတ်လျှင် ၂၃၈-၂၃၉ ယွမ် ဈေးရရှိကြောင်း မူဆယ်ကုန်စည်ဒိုင်မှ သတင်းရရှိပါတယ်။

မြန်မာ-ထိုင်း နယ်စပ်ရှိ မြဝတီကုန်သွယ်ရေးဇုန်မှ ယခုတစ်ပတ်တွင် အမေရိကန်ဒေါ်လာ ၃၁၆၅၂၅ တန်ဖိုးရှိ သကြား ၅၇၅ တန်ကျော် တင်သွင်းခဲ့ပါတယ်။ မြဝတီမှ စက်တင်ဘာလအတွင်း သကြားတန် သုံးထောင်ကျော် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။

**မော်မော်အောင်**

## သီဟိုဠ်

### တရုတ်နဲ့ ထိုင်းနိုင်ငံသို့ သီဟိုဠ်စေ့ တန် ၂၀ ကျော် တင်ပို့

စက်တင်ဘာ နောက်ဆုံးပတ်အတွင်း တရုတ်နဲ့ ထိုင်းနိုင်ငံသို့ အမေရိကန်ဒေါ်လာ သုညဒသမ ၁၄၇သန်းတန်ဖိုးရှိ သီဟိုဠ်စေ့ တန်၂၀ကျော် တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က တန် ၃၀ ကျော် တင်ပို့ခဲ့တဲ့အတွက် ယခု တစ်ပတ်မှာ ၁၀တန်ခန့် လျော့နည်းတင်ပို့ခဲ့တယ်လို့ ကုန်သွယ်ရေး စခန်းများမှ သိရပါတယ်။

မူဆယ်ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ သုညဒသမ ၀၉၄ သန်းတန်ဖိုးရှိ သီဟိုဠ်စေ့ ၁၅ တန်ကျော်နဲ့ မြဝတီကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ သုညဒသမ ၀၅၃ သန်းတန်ဖိုးရှိ သီဟိုဠ်စေ့ ၇ တန်ခန့်ကို တင်ပို့ခဲ့ပါတယ်။

စက်တင်ဘာ တစ်လလုံး မူဆယ်ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ သုည ဒသမ ၅၇၄ သန်း တန်ဖိုးရှိ သီဟိုဠ်စေ့ တန် ၁၀၀ နီးပါးနဲ့ မြဝတီ ကုန်သွယ်ရေးဇုန်မှ အမေရိကန် ဒေါ်လာ သုညဒသမ ၂၁၆ သန်း တန်ဖိုးရှိ သီဟိုဠ်စေ့ တန်၃၀ နီးပါးတင်ပို့ပြီး ဖြစ်တယ်လို့ ကုန်သွယ်ရေးဇုန်များမှ သတင်းရရှိပါတယ်။

**ခင်မိုးသူ**

## လဲမှို့

### မောင်တောကုန်သွယ်ရေးစခန်းမှ လဲမှို့တင်ပို့

မြန်မာ-ဘင်္ဂလားဒေ့ရှ် နယ်စပ်ရှိ မောင်တော ကုန်သွယ်ရေး စခန်းမှ စက်တင်ဘာ နောက်ဆုံးပတ်တွင် အမေရိကန်ဒေါ်လာ ၂၉၅၈ တန်ဖိုးရှိ လဲမှို့ (အစေ့ပါ) ၄တန်နီးပါး တင်ပို့ခဲ့ပါတယ်။ ယခင်သီတင်းပတ်က ၇တန် ကျော် တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်တွင် မောင်တောမှ လဲမှို့တင်ပို့မှု အနည်းငယ် လျော့နည်းသွားပါတယ်။ စက်တင်ဘာလအတွင်း လဲမှို့ ၁၀ တန်ကျော် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တင်ပို့ခဲ့ တယ်လို့ သိရပါတယ်။

**မော်မော်အောင်**

## ရော်ဘာ

### ယခုဘဏ္ဍာနှစ်အတွင်း ကာလတူထက်ရော်ဘာ ပိုမိုတင်ပို့သော်လည်း တန်ဖိုးလျော့နည်း

ကုန်သွယ်ရေးစခန်းများမှ စက်တင်ဘာ ၂၄ ရက်မှ ၃၀ ရက်ထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၂ ဒသမ ၀၇၅ သန်းတန်ဖိုးရှိ ရော်ဘာ ၁၅၂၈ တန်ကျော်တင်ပို့ခဲ့ရာ မူဆယ်ကုန်သွယ်ရေးဇုန်မှ RSS 1 ၃၆ တန်ခန့်၊ RSS 3 ၁၂၀၄ တန်ကျော်၊ MSR 20 ၁၂၈ တန်ခန့်နဲ့ တာချီလိတ်ကုန်သွယ်ရေးစခန်းမှ ရော်ဘာစေးတန် ၁၆၀ တင်ပို့ခဲ့ကြောင်း သိရှိရပါတယ်။ ကုန်သွယ်ရေးစခန်းများမှ စက်တင်ဘာလအတွင်း ရော်ဘာတင်ပို့မှုမှာ အမေရိကန်ဒေါ်လာ ၅ ဒသမ ၅၆၁ သန်းတန်ဖိုးဖြစ်ပြီး ရော်ဘာအဆင့်စုံတန်ချိန်မှာ ၄၀၅၈ တန်နီးပါးဖြစ်ပါတယ်။ အနီးစပ်ဆုံးဩဂုတ်လတင်ပို့မှုနဲ့ နှိုင်းယှဉ်ပါက ၁၉၇၂ တန် လျော့နည်းခဲ့ပါတယ်။ ယခုတစ်ပတ်မူဆယ်ကုန်စည်ဒိုင်ရဲ့ ရော်ဘာပေါက်ဈေးမှာ RSS 3 တစ်တန်ကိုကျပ် ၁၅ ဒသမ ၆၆ သိန်းရှိပြီး၊ မော်လမြိုင်ဒေသပေါက်ဈေးမှာ RSS 3 တစ်တန်ကျပ် ၁၄ ဒသမ ၆၆ သိန်းနဲ့ RSS 5 တစ်တန်ကို ကျပ် ၁၂ ဒသမ ၄၆ သိန်းရှိပါတယ်။

ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ စက်တင်ဘာလအတွင်း ရော်ဘာတင်ပို့မှုမှာ အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၀၃ သန်းဖိုးနဲ့ ရော်ဘာအဆင့်စုံ ၉၁၄ တန်ကျော်သာ တင်ပို့နိုင်ခဲ့တဲ့အတွက် အနီးစပ်ဆုံးကာလတင်ပို့မှုထက် ၁၄၂၂ တန်လျော့နည်းခဲ့ပါတယ်။

ယခုဘဏ္ဍာနှစ်ဧပြီ ၁ ရက်မှ စက်တင်ဘာ ၃၀ ရက်အထိ ရော်ဘာစိမ်းတင်ပို့မှုမှာ အမေရိကန်ဒေါ်လာ ၅၂ ဒသမ ၅၅၇ သန်းတန်ဖိုးရှိ တန်ချိန် ၄၅၇၆၂ ကျော်တင်ပို့ခဲ့ပြီး ယခင်နှစ်ကာလတူနဲ့ နှိုင်းယှဉ်ပါက တန်ဖိုးအမေရိကန်ဒေါ်လာ ၃ ဒသမ ၆၆၈ သန်းလျော့နည်းပြီး တန်ချိန် ၃၀၇၃ တန်နီးပါး ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။ တန်ချိန်ပိုမိုပြီး တန်ဖိုးလျော့ကျရခြင်းမှာ ကာလတူများတွင် ဩဂုတ်နှင့် စက်တင်ဘာမှအပ ကျန်လများတွင် ရော်ဘာဈေးနှုန်းများ ကျဆင်းခဲ့တဲ့အတွက် ဖြစ်ပါတယ်။ ယခုတစ်ပတ်နိုင်ငံတကာ ရော်ဘာဈေး ယခင်တစ်ပတ်ထက်တစ်တန်ကို အမေရိကန်ဒေါ်လာ ၅၀ ကျော် ဈေးကျလာပါတယ်။ ဒါကြောင့် ပြည်ပပို့မယ့် မြန်မာ့ ရော်ဘာဈေးနှုန်းများလည်း ဒေါ်လာ ၅၀ ဈေးကျ၍ မြန်မာနိုင်ငံ ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းမှ ဈေးနှုန်းထုတ်ပြန်ခဲ့ပါတယ်။

| | | | |
|---|---|---|---|
| RSS 1 | တစ်တန်လျှင် | ဒေါ်လာ | ၁၄၀၀-၁၅၀၀ |
| RSS 2 | တစ်တန်လျှင် | ဒေါ်လာ | ၁၃၅၀-၁၄၅၀ |
| RSS 3 | တစ်တန်လျှင် | ဒေါ်လာ | ၁၃၀၀-၁၄၀၀ |
| RSS 4 | တစ်တန်လျှင် | ဒေါ်လာ | ၁၂၅၀-၁၃၅၀ |
| RSS 5 | တစ်တန်လျှင် | ဒေါ်လာ | ၁၂၀၀-၁၃၀၀ |
| MSR (3)L | တစ်တန်လျှင် | ဒေါ်လာ | ၁၅၅၀-၁၆၅၀ |
| MSR 10 | တစ်တန်လျှင် | ဒေါ်လာ | ၁၃၀၀-၁၄၀၀ |
| MSR 20 | တစ်တန်လျှင် | ဒေါ်လာ | ၁၂၅၀-၁၃၅၀ |
| MSR 50 | တစ်တန်လျှင် | ဒေါ်လာ | ၁၁၅၀-၁၂၅၀ |
| Crepe Rubber | တစ်တန်လျှင် | ဒေါ်လာ | ၁၁၀၀-၁၂၀၀ |
| Mixtures of Natural Rubber and Synthetic Rubber (99% RSS-3,1% SBR 1502) | တစ်တန်လျှင် | ဒေါ်လာ | ၁၃၅၀ -၁၄၅၀ |
| Mixtures of Natural Rubber MSR-3L and Synthetic Rubber (97.5% MSR-3L,2.5% SBR 1502) | တစ်တန်လျှင် | ဒေါ်လာ | ၁၆၅၀ -၁၇၅၀ |
| Concentrate Latex 60% DRC | တစ်တန်လျှင် | ဒေါ်လာ | ၉၆၀- ၁၀၁၀ |

**ယဉ်ယဉ်အေး**

### အိန္ဒိယနိုင်ငံသို့ ကွမ်းသီးတန် ၂၀၀၀နီးပါး တင်ပို့

စက်တင်ဘာ ၂၄ရက်မှ ၃၀ရက် သီတင်းပတ်အတွင်း မြန်မာ-အိန္ဒိယ နယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ အမေရိကန်ဒေါ်လာ ၁ဒသမ ၈၃၅သန်း တန်ဖိုးရှိ ကွမ်းသီး ၁၉၀၈ တန်ကို တင်ပို့ခဲ့ပါတယ်။ ယခင် တစ်ပတ်က ၁၂၉၂ တန် သာ တင်ပို့ခဲ့တာမို့ ယခုတစ်ပတ်မှာ တန်ချိန် ၆၀၀ကျော် ပိုမိုတင်ပို့နိုင်တယ်လို့ ကုန်သွယ်ရေး စခန်းများမှ သိရပါတယ်။

တင်ပို့မှုအခြေအနေကိုကြည့်ပါက တမူးကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၃၂၁ သန်း တန်ဖိုးရှိ ကွမ်းသီး ၁၃၄၀တန်နဲ့ ရိဒ်ကုန်သွယ်ရေး စခန်း မှ အမေရိကန် ဒေါ်လာ သုညဒသမ ၅၁၄သန်း တန်ဖိုးရှိ ကွမ်းသီး ၅၆၈ တန်ကို တင်ပို့ ခဲ့တယ်လို့ သိရပါတယ်။

ကွမ်းသီးအပြင် တမူးကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၃၇၀ သန်းတန်ဖိုးရှိ နမ့်ဖာလုံ အမယ်စုံနဲ့ စီးကရက်တို့ကို လည်းကောင်း၊ ရိဒ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၆၁ သန်းတန်ဖိုးရှိ ဆေးရိုး၊ ဆေးရွက်ကြီးမှုန့်နဲ့ စားသောက်ကုန်တို့ကိုလည်းကောင်း တင်ပို့နိုင်တယ်လို့ သတင်းရရှိပါတယ်။

**ခင်မိုးသူ**

### စက်တင်ဘာလအတွင်း တရုတ်နိုင်ငံသို့ ပရဆေးကုန်ကြမ်း တန်ချိန်သုံးထောင်ခန့် တင်ပို့နိုင်

စက်တင်ဘာနောက်ဆုံးပတ်တွင် မူဆယ်(၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ သုည ဒသမ ၁၇၈ သန်းတန်ဖိုးရှိပရဆေးကုန်ကြမ်း အမယ် ကိုးမျိုးကို တန်ချိန်သုံးရာခန့် တင်ပို့ခဲ့ပါတယ်။ တင်ပို့ခဲ့တဲ့ ပရဆေးအမယ်များမှာ တောချင်း၊ ကွမ်းသီးခွံ၊ မိကျောင်းကွမ်းဖတ်စေ့၊ နေလဲစေ့၊ ကြောင်ပန်းစေ့၊ ဆီးသီး ခြောက်၊ နန္ဒင်းတက်၊ ဒရင်ကောက်မြစ်နဲ့ ချဉ်ပေါင်ဖာလာ (အခွံပါ) တို့ဖြစ်ပါတယ်။ ယခင်သီတင်းပတ်က တန်ရှစ်ရာကျော် တင်ပို့ခဲ့လို့ ယခုတစ်ပတ်ပရဆေးတင်ပို့မှု လျော့နည်းခဲ့ပေမယ့် စက်တင်ဘာတစ်လလုံးအနေနဲ့ တန်ချိန်သုံးထောင်ခန့်အထိ တင်ပို့နိုင်ခဲ့ပါတယ်။

ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းကလည်း အမေရိကန်ဒေါ်လာ ၉၆၄၂၅ တန်ဖိုးရှိတဲ့ ကြက်ဆူစေ့ ၁၃၇ တန်ကျော်ကို ယခုတစ်ပတ်မှာ တင်ပို့ခဲ့ပြီး စက်တင်ဘာလအတွင်း ချင်းရွှေဟော်မှတစ်ဆင့် တရုတ်နိုင်ငံသို့ ကြက်ဆူစေ့ တန် ၅၀၀ နီးပါးတင်ပို့ခဲ့တယ်လို့ သိရပါတယ်။

**မော်မော်အောင်**

# မြန်မာ့ကျောက်မျက်ရတနာ ထွက်ကုန်များသည် ကမ္ဘာ့မည်သည့်ဈေးကွက်တွင်မဆို ယှဉ်ပြိုင်နိုင်သည်ဟုဆို

မြန်မာ့ကျောက်မျက်ရတနာထွက်ကုန်များသည် ကမ္ဘာပေါ်ရှိမည်သည့် ကျောက်မျက်ရတနာဈေးကွက်တွင်မဆို ဝင်ရောက်ယှဉ်ပြိုင်နိုင်သည့် အရည်အသွေးရှိကြောင်း အမေရိကန်ကျောက်မျက်ကုန်သွယ်ရေးကဏ္ဍမှ ကိုယ်စားလှယ်များက မှတ်ချက်ပြုခဲ့ကြသည်ဟု ဆိုသည်။

အမေရိကန်ကျောက်မျက်ကုန် သွယ်ရေးအသင်း (AGTA) ဥက္ကဋ္ဌဖြစ်သူ Mr Jeffrey Bilgore က "ကျွန်တော်တို့ ဒီကိုလာတွေ့တဲ့ ရည်ရွယ်ချက်ကတော့ မြန်မာ့ကျောက်မျက်ရတနာကဏ္ဍဟာ ကမ္ဘာ့ဘယ်နိုင်ငံနဲ့ မဆိုတန်ဖိုးချင်းယှဉ်နိုင်ဆိုတဲ့အကြောင်းနဲ့ ကုန်စည်ကူးသန်းမှုကပဲ ဖွံ့ဖြိုးတိုးတက်လာဖို့ အထောက်အကူပြုမှာဖြစ်ပြီးတော့ ဒီမိုကရေစီကိုလည်း ပိုမိုရင့်သန်လာစေမှာဖြစ်တယ်ဆိုတာ ကမ္ဘာကိုပြသဖို့ပါပဲ။ မြန်မာနိုင်ငံမှာ ကျွန်တော်တို့ရဲ့ ရည်ရွယ်ချက်နဲ့ မျှော်လင့်တာက လုပ်ငန်းစနစ်မူဘောင်သစ်တွေ ချမှတ်ဖို့၊ ကျွန်တော်တို့ဆီမှာ ဘယ်လိုလုပ်ငန်းလုပ်ဆောင်ကြသလဲဆိုတာ အသိပညာပေးရာကနေ နှစ်ဖက်အတူ တိုးတက်ဖွံ့ဖြိုးလာဖို့ဖြစ်ပါတယ်"ဟု ပြောကြား ခဲ့သည်။

မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း ဒုဥက္ကဋ္ဌဖြစ်သူ ဒေါက်တာအောင်ကျော်ဝင်းက ယခင်အစိုးရအနေဖြင့် ကျောက်အရိုင်းတုန်းများ တူးဖော်ရောင်းချခြင်းကိုသာ ဦးစားပေးခဲ့ပြီး မြန်မာ့ကျောက်မျက်ဈေးကွက် နိုင်ငံတကာနှင့် ပြိုင်ဆိုင်လာနိုင်ရန်အတွက် တန်ဖိုးမြင့်ကျောက်မျက်ရတနာလုပ်ငန်းကို အလေးထားပံ့ပိုးကူညီရမည်ဖြစ်ကြောင်း ဒေါက်တာအောင်ကျော်ဝင်းက ပြောကြားခဲ့သည်။

အစိုးရအနေဖြင့် မြန်မာ့ကျောက်မျက်ရတနာကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန် သွင်းကုန်-ပို့ကုန်ဆိုင်ရာလုပ်ငန်းစဉ်များ လက်တွေ့နှင့်လိုက်ဖက်ညီ တိကျစေရန်၊ တရားမဝင် ကုန်သွယ်မှုကို အားပေးသလိုဖြစ်နေသည့် သွင်းကုန်-ပို့ကုန်ဆိုင်ရာ အခွန်စည်းကြပ်မှုများကို ပြန်လည်သုံးသပ်ရန်၊ ကျောက်မျက်ရတနာကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန်အတွက် ကြပ်မတ်ညှိနှိုင်းပေးမည့် လွတ်လပ်သော အဖွဲ့အစည်းတစ်ရပ်ဖွဲ့စည်းသတ်မှတ်ပေးရန်တို့ကို ဒေါက်တာအောင်ကျော်ဝင်းက ထပ်မံပြောကြားခဲ့သည်။

"မြန်မာ့တန်ဖိုးမြင့် ကျောက်မျက်ရတနာထုတ်ကုန် စုစုပေါင်းက တစ်နှစ်လုံးမှ အမေရိကန်ဒေါ်လာသန်း ၂၀ ပဲရှိတယ်။ ထိုင်းဆိုရင် တစ်ဘီလီယံလောက်ကို ဝင်ငွေရှိတာ။ ကျွန်တော်တို့ ကျောက်မျက်အသင်းအနေနဲ့ ကျောက်မျက်တန်ဖိုးမြင့်လုပ်ငန်းတွေ ဖွံ့ဖြိုးလာဖို့ အစိုးရကို Master Plan တစ်ခု ရေးဆွဲတင်ပြထားပါတယ်။ လူ့စွမ်းအားအရင်းအမြစ်ကို မူတည်ပြီးတော့ ကုန်သွယ်မှုမြင့်တင်သွားဖို့ပါ"ဟု ဒေါက်တာ အောင်ကျော်ဝင်းက ပြောကြားခဲ့သည်။

မြန်မာ့ကျောက် မျက်များအပေါ် အရေးယူပိတ်ဆို့မှု (Sanction) အပါအဝင် အထွေထွေအရေးယူ ပိတ်ဆို့မှုများကို အမေရိကန်အစိုးရက ဖယ်ရှားပေးခဲ့သည့် ကြေညာချက်တစ်ရပ်ကို အောက်တိုဘာလ ၇ ရက်က ထုတ်ပြန်ခဲ့သည်။




# မြန်မာနိုင်ငံဆောက်လုပ်ရေးဈေးကွက်အတွက် နောက်ဆုံးပေါ်ဆောက်လုပ်ရေးဆိုင်ရာ ကုန်ပစ္စည်းများအား ပြသခဲ့သည့် Myanmar Build & Deco 2016 ပြပွဲ ပြသ

မြန်မာနိုင်ငံ၏ ဆောက်လုပ်ရေးဆိုင်ရာ ဈေးကွက်အတွက် နောက်ဆုံးပေါ် ဆောက်လုပ်ရေးကုန်ပစ္စည်းများအား ပြသခဲ့သည့် Myanmar Build & Deco ပြပွဲကို ရန်ကုန်မြို့၊ ရှင်စောပုလမ်းရှိ Myanmar Event Park တွင် အောက်တိုဘာ ၆ ရက်မှ ၈ ရက်အထိ ပြသခဲ့ကြောင်း သိရသည်။

အဆိုပါပြပွဲတွင် ဥရောပနိုင်ငံများမှ ကုမ္ပဏီပေါင်း ၂၀၀ ကျော်တို့ လာရောက်ပြသခဲ့ကြပြီး ဆောက်လုပ်ရေးဆိုင်ရာ နယ်ပယ်အသီးသီးတွင် တိုးတက်လာသည့် ဗဟုသုတများအား မျှဝေခြင်းနှင့် ဆောက်လုပ်ရေးဆိုင်ရာ ပစ္စည်းများ၊ အိမ်တွင်းအလှဆင်ပစ္စည်းများ၊ ပရိဘောဂများနှင့် ဆောက်လုပ်ရေး နယ်ပယ်အသီးသီးမှ ကုန်ပစ္စည်းများကို တိုက်ရိုက်ရောင်းဝယ် ချိတ်ဆက်နိုင်သည့်ပြပွဲဖြစ်သည်။

အဆိုပါပြပွဲတွင် ဆောက်လုပ်ရေးဆိုင်ရာ ပစ္စည်းများ၊ အိမ်အတွင်းအပြင် ပြင်ဆင်မှုဆိုင်ရာပစ္စည်းများနှင့် စက်ရုံသုံးပစ္စည်းများ၊ အင်ဂျင်နီယာသုံးစက်ပစ္စည်းများ စသည့် အရောင်းပြခန်းများကိုလည်း ဖွင့်လှစ်ပြသရောင်းချခဲ့ကြကြောင်း သိရသည်။

ယင်းပြပွဲတွင် မြန်မာနိုင်ငံဆောက်လုပ်ရေး လုပ်ငန်းရှင်များအသင်းနှင့် Associate of Government Technical Institute Myanmar(A.G.T.I) တို့ ပူးပေါင်းပြီး "မြန်မာနိုင်ငံတော်သစ်အတွက် အနာဂတ်အဆောက်အဦနှင့် ဆောက်လုပ်ရေးလုပ်ငန်းများ ဖော်ဆောင်ရေး"ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲကိုလည်း ထည့်သွင်းကျင်းပခဲ့ကြောင်း သိရသည်။

ထို့ပြင် Association of Myanmar Interior Designers နှင့် Yangon School of Interior Design တို့၏ ကူညီပံ့ပိုးမှုဖြင့် အဆောက်အဦ ပုံစံနှင့် အိမ်အတွင်းပိုင်းအလှဆင်ခြင်း ဆွေးနွေးပွဲ ၂၀၁၆ ကိုလည်းကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ ဆွေးနွေးပွဲတွင် ဗိသုကာဆိုင်ရာ အကြောင်းအရာများ၊ ဆောက်လုပ်မှုနှင့် ဒီဇိုင်းပိုင်းဆိုင်ရာ ပြောင်းလဲလာမှုများ၊ စွမ်းအင်ချွေတာသုံး အိမ်တွင်းအလှဆင်မှုများနှင့် ရန်ကုန်မြို့ရှိ မြေနေရာလွတ်များ အကြောင်းတို့ကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**မယ်သီတာ**

# Myanmar Water 2016 & Renewable Energy Myanmar 2016 ပြပွဲ ပြသမည်



Myanmar Water 2016 & Renewable Energy Myanmar 2016 ပြပွဲကို ရန်ကုန်မြို့၊ ရှင်စောပုလမ်းရှိ Myanmar Event Park တွင် အောက်တိုဘာ ၂၀ ရက်မှ ၂၂ ရက် အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

MyanmarWater 2016 နှင့် Renewable Energy Myanmar 2016 တွင် ရေနှင့်ရေဆိုးစီမံဖြေရှင်းမှု နည်းပညာ၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်နှင့် စွမ်းအင်ပြည့်ဝနည်းပညာ စသည့် စာတမ်းဖတ်ပွဲတို့ကိုပါ ထည့်သွင်းကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြပွဲသို့ နိုင်ငံပေါင်း၁၆ နိုင်ငံရှိ ကုမ္ပဏီပေါင်း ၁၅၀ ကျော်မှ လုပ်ငန်းကျွမ်းကျင်သူများ၊ ရေနှင့် ရေဆိုး စီမံဖြေရှင်းမှု ကျွမ်းကျင်ပညာရှင်များ၊ အကြံပေးပုဂ္ဂိုလ်များနှင့် ကန်ထရိုက်တာများ စသည့်ပုဂ္ဂိုလ်များ လာရောက်ကြမည်ဖြစ်သည်ဟုဆိုသည်။

"မြန်မာနိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးနဲ့ နိုင်ငံသားများရဲ့ စားဝတ်နေရေးကောင်းမွန်စေဖို့ ကတိကဝတ်ထားပြီးတော့ MyanmarWater2016 က ရေရှည်တည်တံ့တဲ့ အနာဂတ်ရေအရင်းအမြစ်ဆီသို့ မြန်မာနိုင်ငံကိုခေါ်ဆောင်သွားဖို့ဆိုတဲ့ ရှင်းလင်းတဲ့ရည်ရွယ်ချက်နဲ့အတူ ရေနှင့်ရေဆိုးစနစ်နဲ့ဆိုင်တဲ့ ဆန်းသစ်တဲ့ ဖြေရှင်းမှုတွေရေသန့်စင်ဘေးကင်းဖို့အတွက် အနာဂတ်စိန်ခေါ်မှုတွေကို ရင်ဆိုင်ဖို့ အထူးစီစဉ်ထားတာပါ"ဟု UBMAsia (ASEAN စီးပွားရေး)၏ အုပ်ချုပ်မှုဒါရိုက်တာဖြစ်သူ Mr.Gandhi က ပြောကြားခဲ့သည်။

အဆိုပါပြပွဲသည် ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်နှင့် စွမ်းအင်ပြည့်ဝရေး အဖြေများနှင့် အသစ်တီထွင်မှု အဝန်းအဝိုင်းပေါ် တစ်မူထူးခြားရှင်းလင်းစွာ အချက်အချာထားသည့် B2B ပြပွဲတစ်ခုဖြစ်သည်။

ယခုကျင်းပမည့် ပြန်လည်သုံး စွမ်းအင်ပြပွဲတွင် မြေဆီလွှာသုံးစွမ်းအင်၊ စွန့်ပစ်စွမ်းအင်၊ လောင်စာဆီ၊ သဘာဝဓာတ်ငွေ့၊ နေရောင်ခြည်သုံးစွမ်းအင်၊ လေနှင့်ရေအားလျှပ်စစ်စွမ်းအင်တို့ပါဝင်သည့် နောက်ဆုံးပေါ် နည်းပညာများကို ထည့်သွင်းပြသသွားမည်ဖြစ်ကြောင်း သိရသည်။ **မယ်သီတာ**

# The 4th International Exhibition Construction, Power & Mining Myanmar 2016 ပြပွဲ ပြသမည်

The 4th International Exhibition Construction, Power & Mining Myanmar 2016 ပြပွဲကို ရန်ကုန်မြို့ ရှင်စောပုလမ်းရှိ Myanmar Event Park တွင် အောက်တိုဘာ ၁၃ ရက်မှ ၁၅ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြပွဲတွင် Building & Construction Myanmar 2016 ပြပွဲ၊ Electric Power & Renewable Energy Myanmar 2016 နှင့် Mining Myanmar 2016 ဟူသည့် နိုင်ငံတကာ ကုန်စည်ပြပွဲသုံးခုကိုပါ တစ်ပေါင်းတည်း ထည့်သွင်းပြသသွားမည်ဖြစ်သည်။

ယင်းပြပွဲတွင် နိုင်ငံပေါင်း ၂၀ မှပါဝင်ပြသသူပေါင်း ၁၉၀ ကျော် လာရောက်ပြသကြမည်ဖြစ်ပြီး တရုတ်၊ တောင်ကိုရီးယား၊ ဂျာမနီ၊ စင်ကာပူ-နှင့် ထိုင်းနိုင်ငံတို့မှ ပြခန်းကြီးငါးခန်းဖြင့် ပြသမည်ဖြစ်ကြောင်း သိရသည်။

"မြန်မာနိုင်ငံဟာ ရင်းနှီးမြှုပ်နှံသူတွေအတွက် ဆွဲဆောင်နိုင်စွမ်းရှိတဲ့ ပန်း တိုင်တစ်ခုအဖြစ် ပြောင်းလဲလျက်ရှိပြီး အခုအချိန်မှာ ဆောက်လုပ်ရေး၊ စွမ်းအင်နဲ့ သတ္တုတူးဖော်ရေးကဏ္ဍတွေက ကမ္ဘာ့အကြီးမားဆုံးနဲ့ ယှဉ်ပြိုင်နိုင်မှုအမြင့်မားဆုံးလုပ်ငန်းရှင်အများစုက မြန်မာနိုင်ငံကို ရောက်လာကြသလို အချို့ကလည်းလာရောက်ဖို့အတွက် လေ့လာနေကြပါတယ်။ ဖွံ့ဖြိုးတိုးတက်မှုနဲ့အညီ ခေတ်နဲ့လျော်ညီအောင်ဆောင်ရွက်လျက်ရှိရာမှာ နိုင်ငံရဲ့ လျင်မြန်စွာဖွံ့ဖြိုးမှုနဲ့အတူ ပြပွဲတွေမှာမြင်တွေ့ရမယ့် ပြည်တွင်းကလုပ်ငန်းတွေနဲ့ အသစ်အဆန်းကို ရှာဖွေနေတဲ့ နိုင်ငံတကာကုမ္ပဏီတွေအတွက် အလွန် ကြီးမားတဲ့အခွင့်အလမ်းတွေ ရရှိလာမှာဖြစ်ပါတယ်"ဟု B.E.S ကုမ္ပဏီ၏ Myanmar Trade Fair Management ၏ အထွေထွေမန်နေဂျာဖြစ်သူ မစ္စတာဖရေဇာဟော့ခ်က ပြောကြားခဲ့သည်။

**မယ်သီတာ**

# မြန်မာနိုင်ငံတစ်ဝန်း ငြိမ်းချမ်းခြင်းနှင့် စည်းလုံးခြင်းအား ထောက်ခံအားပေးရန် Viber က "ငြိမ်းချမ်းသောမြန်မာပြည်" စတစ်ကာများဖြန့်ဝေ

မြန်မာနိုင်ငံတွင် လူမှုကွန်ရက်ဆက်သွယ်ရေးအက်ပလီကေးရှင်းတွင် ဦးဆောင်လျက်ရှိသည့် Viber က"ငြိမ်းချမ်းသောမြန်မာပြည်" စတေကာများကို မြန်မာနိုင်ငံတစ်ဝန်းရှိ Viber အားစာရင်းသွင်းအသုံးပြုနေသူ ၂၆ သန်းအတွက် အခမဲ့ဖြန့်ဝေခဲ့ကြောင်း သိရသည်။

"ငြိမ်းချမ်းသော မြန်မာပြည်" စတစ်ကာတွင် စတစ်ကာ ၁၇ ခု ပါဝင်ပြီး မြန်မာနိုင်ငံတွင် လက်ရှိလုပ်ဆောင်လျက်ရှိသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ထောက်ခံအားပေးနိုင်မည်ဖြစ်သည်။ Viber အသုံးပြုသူများသည် ဆန်းသစ်သည့် ပျော်ရွှင်ဖွယ် "ငြိမ်းချမ်းသောမြန်မာပြည်" စတစ်ကာများဖြင့် လက်ရှိမြန်မာနိုင်ငံတွင် ပြုလုပ်လျက်ရှိသော ငြိမ်းချမ်းရေးနှင့် စည်းလုံးရေးကနဦးလုပ်ဆောင်မှုများကို ကြိုဆိုထောက်ခံမှုကိုပြသနိုင်မည်ဖြစ်သည်။ အဆိုပါစတစ်ကာ ၁၇ ခုအနက် တစ်ခုသည် "စည်းလုံးခြင်းသည် အင်အား" ဆောင်ပုဒ်အား တိုင်းရင်းသားပေါင်းစုံက ၎င်းတို့၏ရိုးရာဝတ်စုံများဝတ်ဆင်ထားသည့်ပုံဖြင့် ပုံဖော်ထားသည့်အပြင် စည်းလုံးညီညွတ်ခြင်း၏ ပြယုဂ်ဖြစ်သည့် ပင်လုံကျောက်တိုင်ပုံစတစ်ကာလည်းပါဝင်သည်။

မြန်မာနိုင်ငံ၏ ညီညွတ်မှုကို သရုပ်ဖော်ရန် ချစ်စဖွယ်တိုင်းရင်းသားဇာတ်ကောင်လေးများက ၎င်းတို့နေ့စဉ်စကား ပြောဆိုနေသည့် အမူအရာလေးများအတိုင်း ပုံဖော်ထားပြီး ငြိမ်းချမ်းရေး၏သင်္ကေတတစ်ခုဖြစ်သည့် ငြိမ်းချမ်းရေး ခိုဖြူစတစ်ကာကိုလည်း စတစ်ကာများ အားပိုမိုပြည့်စုံမှုရှိစေရန် ထည့်သွင်းပေးထားသည်။




Viber ၏ အရှေ့တောင်အာရှဆိုင်ရာဌာနေမန်နေဂျာ Crystal Lee က "မြန်မာနိုင်ငံရဲ့ဦးဆောင် လူမှုကွန်ရက်ဆက်သွယ်ရေး အက်ပလီကေးရှင်းတစ်ခုအနေနဲ့ ကျွန်မတို့ Viber အသုံးပြုသူတွေ ဆန်းသစ်ပြီး အပြုသဘောဆောင်တဲ့စတစ်ကာတွေကို အချင်းချင်းဖလှယ်ရင်း သူတို့ရဲ့ခံစားချက်တွေကို ဖော်ပြဖို့ ပြုလုပ်ပေးနိုင်တဲ့အတွက် ဂုဏ်ယူပါတယ်"ဟု ပြောကြားသည်။

**မယ်သီတာ**

## အိမ်ခြံမြေကဏ္ဍ

| စဉ် | အိမ်/အခန်း | တည်နေရာ | အကျယ်အဝန်း | ပါဝင်ပုံ | ဈေးနှုန်း | သီးခြားအချက် | ဆက်သွယ်ရန် |
|---|---|---|---|---|---|---|---|
| ၁။ | တိုက်ခန်း | စမ်းချောင်းမြို့နယ်၊ ဗဟိုလမ်း | ၁၁၀၀ စ/ပေ | (၅)လွှာ | ၁၂ သိန်း | အဆင့်မြင့်ပြင်တစ်လအငှားနှုန်း | ၀၉/၂၅၀၃၇၆၃၇၉ |
| ၂။ | တိုက်ခန်း | မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဖဆပလအိမ်ရာ | (၁၂.၅×၅၀) ပေ | ၃ လွှာ | ၇၀၀ သိန်း | လမ်းမကြီးပေါ် | ၀၉/၂၅၀၃၇၆၃၇၉ |
| ၃။ | လုံးချင်းအိမ် | မြောက်ဥက္ကလာပမြို့နယ်၊ သုနန္ဒာလမ်းမကြီးအနီး | (၆၀×၈၀) ပေ | RC ၂ထပ်ပါ | ၇၅၀၀ သိန်း | ရပ်ကွက်သန့် | ၀၉/၉၇၆၂၁၁၁၂၃ |
| ၄။ | အိမ်/မြေ | တောင်ဥက္ကလာပမြို့နယ်၊ ၁၄/၂ ရပ်ကွက် | ၃၅၀၀ စ/ပေနီးပါး | RC ၁ထပ်(၂)လုံး | ၅၅၀၀ သိန်း | ရပ်ကွက်သန့် | ၀၁/၅၆၃၀၇၀ |
| ၅။ | တိုက်ခန်း | လမ်းမတော်မြို့နယ်၊ လမ်းသစ်လမ်း | (၁၂.၅×၅၀) ပေ | မြေညီထပ်ဟောင်ကောင် ၂လွှာ | ၂၀ သိန်း | ၁လ အငှားနှုန်း | ၀၉/၉၇၆၂၁၁၁၂၃ |
| ၆။ | ကွန်ဒို | ရန်ကင်းမြို့နယ်၊ ရန်ကင်းကွန်ဒို | ၁၄၀၀ စ/ပေ | MB(2)SB(1) | ၁၈၀၀ သိန်း | | ၀၉/၉၇၆၂၁၁၁၂၃ |
| ၇။ | ကွန်ဒို | ရန်ကင်းမြို့နယ်၊ ရွှေအုန်းပင် | ၉၀၀ စ/ပေ | MB(1)SB(1) | ၁၄၀၀ သိန်း | | ၀၉/၇၉၅၃၃၇၀၁၁ |
| ၈။ | ကွန်ဒို | ဒဂုံမြို့နယ်၊ ပိုလ်ရာညွန့်လမ်း | ၁၆၅၀ စ/ပေ | MB(2)BR(2) | ၄၀၀၀ သိန်း | | ၀၉/၅၁၁၇၂၆၂ |
| ၉။ | တိုက်ခန်း | တောင်ဥက္ကလာပမြို့နယ်၊ မြင်သာကညနအနီး | (၂၀×၅၀) ပေ | တိုက်ခန်း(၃)လွှာ | ၃၀၀ သိန်း | အခန်းဖွဲ့ | ၀၁/၅၆၃၀၇၀ |

# ရှင်စောပုယာဉ်ရပ်နားစခန်း ပြောင်းရွှေ့ရမည့်ကိစ္စ အဆုံးအဖြတ်ကို အောက်တိုဘာ ၁၅ ရက်တွင် သိရမည်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ရှင်စောပုလမ်းပေါ်ရှိ ရှင်စောပုကားရပ်နားစခန်း၏ ကန်ထရိုက်ယူထားသော သက်တမ်းပြည့်သွားခဲ့သဖြင့် အခြားတစ်နေရာသို့ ပြောင်းရွှေ့ပေးရမည်ဟု သတင်းများပေါ်ထွက်လာခဲ့သည်။

ကန်ထရိုက်သက်တမ်းမှာ လွန်ခဲ့သည့် ဖေဖော်ဝါရီလခန့်ကတည်းက ပြည့်သွားခဲ့ခြင်းဖြစ်ပြီး လက်ရှိကန်ထရိုက်ယူထားသူမှ နောက်ထပ် သက်တမ်းတိုးရန် အခက်အခဲရှိနေကြောင်းနှင့် လက်ရှိအချိန်တွင်အရေအတွက်များပြားလှသောကားများကို ပြောင်းရွှေ့ရန် အခက်အခဲရှိသဖြင့် စခန်းဝင်းအတွင်းရှိ ယာဉ်ရောင်းဝယ်သူများ စုပေါင်းကာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်ထံသို့ အသနားခံစာတင်ထားကြောင်း သိရသည်။

ထို့အပြင် ရွှေ့ပြောင်းရမည့်နေရာနှင့် ပတ်သက်၍လည်း သက်ဆိုင်ရာ အဖွဲ့အစည်းများက စီစဉ်နေဆဲဖြစ်ပြီး ယခုအချိန်အထိ တိကျသောအဖြေတစ်ခု ထွက်မလာသေးကြောင်းလည်း သိရသည်။

ရှင်စောပုယာဉ်ရပ်နားစခန်းအတွင်းရှိ ကားတင်သွင်းရောင်းချသူများအား ပြောင်းရွှေ့မည့်ကိစ္စကို အောက်တိုဘာ ၁၅ ရက်တွင် တိကျသော အဖြေတစ်ခုထုတ်ပေးမည်ဟု ဆိုထားကြောင်း ပြန်လည်ဖြေကြားခဲ့ကြသည်။

ယင်းကားရပ်နားစခန်းကို အမှီပြုကာ ကားတင်သွင်းရောင်းချနေသူတစ်ဦးက "ကန်ထရိုက်ယူထားတဲ့ သက်တမ်း ပြည့်သွားပြီဆိုတာကို သိပေမယ့် ဒီနေရာမှာ ပြည်သူလူထုအတွက် အကျိုးရှိတဲ့ ပရောဂျက်တစ်ခုခု လုပ်တာမျိုးမဟုတ်ရင် အချိန်အတိုင်းအတာတစ်ခုအထိ ဆက်လက်ခွင့်ပြုထားစေချင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒီနေရာမှာ ကျွန်တော်တို့လို ဝယ်ရောင်းတွေအပြင် ရပ်ကွက်ထဲက ကားတွေလည်း လာထားကြတယ်။ ဒီနေရာမှာ ထားလို့မရဘူးဆိုရင် ရပ်ကွက်ထဲမှာ ကားတွေပိုကျပ်လာသလို ကျွန်တော်တို့လည်း သွားစရာမရှိရင် တခြားယာဉ်ရောင်းဝယ်ရေးစခန်းတွေဆီ ပြန်ဝင်ရမှာမို့ အဲဒီနေရာတွေမှာလည်း ယာဉ်ကြောအကျပ်အတည်းတွေ ဖြစ်လာနိုင်ပါတယ်။ ကျွန်တော်တို့ ဆိုလိုချင်တာက ဒီနေရာကို ကားရောင်းဝယ်ရေးစခန်းတစ်ခုလို ရေရှည်သုံးဖို့မဟုတ်ဘဲ ရွှေ့ပြောင်းရမယ့်နေရာကို အတည်တကျ သတ်မှတ်ပြင်ဆင်ပေးပြီးတဲ့ အချိန်လောက်အထိ ခွင့်ပြုပေးစေချင်တာပါ"ဟု Motor.com.mm သို့ ထုတ်ဖော်ပြောကြားခဲ့သည်။

လက်ရှိအချိန်တွင် ပြောင်းရွှေ့ရမည့်နေရာနှင့် ပတ်သက်၍လည်း မည်သည့်ထုတ်ပြန်ချက်မှ မရှိသေးသဖြင့် ရှင်စောပုကားရပ်နားစခန်းရှိ ကားလုပ်ငန်းရှင်များက အောက်တိုဘာ ၁၅ ရက်တွင် ထုတ်ပြန်မည့် အဆုံးအဖြတ်ကိုသာ စောင့်မျှော်လျက်ရှိကြောင်း သိရသည်။

**မယ်သီတာ**

# စက်တင်ဘာလရဲ့ မန္တလေး-မူဆယ် ကုန်စည်သယ်ယူခ

၂၀၁၆ ခုနှစ် စက်တင်ဘာလအတွင်း မန္တလေး-လားရှိုး-မူဆယ်သို့ ကုန်စည်သယ်ယူခနှုန်းထားများမှာ ပို့ကုန်ပစ္စည်းသယ်ယူခမှာ ဒုတိယပတ်မှာ အနည်းငယ် ကျဆင်းခဲ့ပေမယ့် တတိယပတ်နဲ့ နောက်ဆုံးပတ်မှာကုန်သယ်ခနှုန်းထားများ ပြန်လည်မြင့်တက်လာတာ တွေ့ရပါတယ်။ သွင်းကုန်မြေဆီသယ်ယူခက ပထမပတ်မှာသာ ပုံမှန်ဈေးရှိခဲ့ပြီး ဆက်တိုက်ကျဆင်းသွားခဲ့ပါတယ်။ ကုန်သယ်ယူမှုကတော့ ပို့ကုန်ပစ္စည်းအနေနဲ့ ဆန်၊ ပဲ၊ ပြောင်း၊ နှမ်း၊ ရော်ဘာ၊ ရေထွက်ကုန်၊ သကြား၊ သစ်သီးဝလံ၊ ကြက်သွန်နီ၊ သီဟိုဠ်စေ့နဲ့ ပရဆေးကုန်ကြမ်းများ တင်ပို့ခဲ့ပြီး တရုတ်နိုင်ငံမှ ဘိလပ်မြေ၊ ဓာတ်မြေသြဇာ အစရှိတဲ့ အိမ်ဆောက်ပစ္စည်းများ၊ စက်ဘီး၊ ဆိုင်ကယ်၊ ပန်းသီး၊ ပန်းသစ်တော်၊ ကာနေရှင်းပန်းနဲ့ ပဲပုပ်ဆီတို့ တင်သွင်းလာခဲ့ပါတယ်။

စက်တင်ဘာလရဲ့ ကုန်စည်သယ်ယူခနှုန်းများကို အပတ်စဉ်အလိုက် ဖော်ပြပေးလိုက်ပါတယ်-

**မော်မော်အောင်**

| ပို့ကုန် | ၃-၉-၂၀၁၆ မှ ၉-၉-၂၀၁၆ အထိ | ၁၀-၉-၂၀၁၆ မှ ၁၆-၉-၂၀၁၆ အထိ | ၁၇-၉-၂၀၁၆ မှ ၂၃-၉-၂၀၁၆ အထိ | ၂၄-၉-၂၀၁၆ မှ ၃၀-၉-၂၀၁၆ အထိ |
|---|---|---|---|---|
| ပြောင်း | ၄၃-၄၅ | ၄၀-၄၅ | ၅၀-၅၅ | ၅၆-၅၉ |
| ဆန် | ၄၅ | ၄၂-၄၅ | ၅၁-၅၅ | ၅၈-၆၀ |
| ပဲတီစိမ်း | ၄၆ | ၄၂-၄၅ | ၅၃-၅၆ | ၆၀-၆၂ |
| နှမ်း | ၅၀ | ၄၈-၅၀ | ၅၈-၆၂ | ၆၃-၆၅ |
| ရော်ဘာ | ၄၇-၄၈ | ၄၇-၄၈ | ၄၇-၄၈ | ၆၃-၆၅ |
| သွင်းကုန်/ မြေပဲဆီ | ၃၂ | ၂၈-၃၂ | ၂၆-၃၁ | ၂၄-၂၉ |

## ရန်ကုန်မြို့ တစ်ပတ်အတွင်း မော်တော်ယာဉ်ဈေးနှုန်းများ

| စဉ် | အမျိုးအစား/MDL | အက္ခရာ | ဈေးနှုန်း | မှတ်ချက် |
|---|---|---|---|---|
| ၁။ | တိုယိုတာ(ဗစ်) (၂၀၁၀) | 7J | ၁၃၅ သိန်း | 1.3 ဓာတ်ဆီ |
| ၂။ | နွတ်ချ် (၂၀၀၄) | ယာယီ | ၂၄၅ သိန်း | 2.0 ဓာတ်ဆီ |
| ၃။ | ဝှစ်ရှ်(၂၀၀၃) | ယာယီ | ၂၀၀ သိန်း | 1.8 ဓာတ်ဆီ |
| ၄။ | မာဇဒါဒီမီယို (၂၀၁၁) | ယာယီ | ၁၁၅ သိန်း | 1.3 ဓာတ်ဆီ၊ နယ်လိုင်စင် |
| ၅။ | မာ့ခ်တူး (၂၀၀၂) | 3D | ၁၅၀ သိန်း | 2.0 ဓာတ်ဆီ |
| ၆။ | ကရောင်းရှိုင်ရယ်ဆလွန်း (၂၀၀၄) | ယာယီ | ၃၅၀ သိန်း | 3.0 ဓာတ်ဆီ |
| ၇။ | ဟွန်ဒါ/စီဗီစီ | 9I | ၁၅၀ သိန်း | 1.3 ဓာတ်ဆီ/ဟိုက်ဘရစ် |
| ၈။ | တိုယိုတာ ပါဆို (၂၀၀၃) | ယာယီ | ၁၁၅ သိန်း | 1.3 ဓာတ်ဆီ/နယ်လိုင်စင် |
| ၉။ | မတ်(ခ်)အိပ်စ်(၂၀၀၅) | ယာယီ | ၃၁၅ သိန်း | ၂.၅ ဓာတ်ဆီ |

# ပုသိမ်မြို့၊ စားသုံးသူရေးရာဦးစီးဌာနတွင် EDNA Myanmarက လုပ်ငန်းဖွံ့ဖြိုးမှု မြှင့်တင်ရေး အခမ်းအနား ကျင်းပ



ပုသိမ်မြို့၊ စားသုံးသူရေးရာဦးစီးဌာန၊ အစည်းအဝေးခန်းမတွင် ဩစတြေးလျနိုင်ငံ၊ ဆစ်ဒနီမြို့ အခြေစိုက် ဆစ်ဒနီတက္ကသိုလ်၊ အာရှစွန့်ဦးတီထွင် စီးပွားရေးစွမ်းဆောင်ရေးဖွံ့ဖြိုးမှုကွန်ရက်၊ EDNA Myanmar ပုသိမ်ရုံးခွဲ၏ တစ်ပိုင်တစ်နိုင်နှင့် အသေးစား စီးပွားရေးလုပ်ငန်း လုပ်ကိုင်လိုသူများအတွက် စီးပွားရေးစွမ်းဆောင်မှု နည်းပညာနှင့်လုပ်ငန်းဖွံ့ဖြိုးမှု မြှင့်တင်ရေးအခမ်းအနားကို အောက်တိုဘာ ၂ ရက်တွင် ကျင်းပပြုလုပ်ရာ စားသုံးသူရေးရာ ဦးစီးဌာန၊ ဒုတိယတိုင်းဦးစီးမှူး ဦးကျော်ဌေး၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးဦး၊ EDNA Myanmar မှ တာဝန်ရှိသူများ၊ မြို့နယ်သမဝါယမ ဦးစီးဌာနမှ ဦးစီးမှူး (နို့စားနွားမွေးမြူရေးနှင့် နွားနို့ထုတ်လုပ်ရောင်းချရေးလုပ်ငန်းရှင်) ဦးမျိုးမင်းနိုင် (သစ်သီး မျိုးစုံဖြန့်ချိရောင်းဝယ်ရေး လုပ်ငန်းရှင်) ဒေါ်အေးအေးမာ၊ ပုသိမ်ခရိုင်အတွင်းရှိ EDNA Myanmar မှ တာဝန်ရှိသူများနှင့် သင်တန်းသူ၊ သင်တန်းသားများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ စုစုပေါင်း ၂၀၀ ဦးခန့် တက်ရောက်ခဲ့ပါတယ်။

အဆိုပါအခမ်းအနားမှာ EDNAMyanmar တာဝန်ခံ ဦးနေလင်းစိုးက တစ်ပိုင်တစ်နိုင်အသေးစားစီးပွားရေးလုပ်ငန်း လုပ်ကိုင်သူများနှင့် စီးပွားရေးလုပ်ငန်းများကို အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိတဲ့ လုပ်ငန်းရှင်များ၊ EDNAMyanmar သင်တန်းမှ သင်ကြားပို့ချပေးတဲ့ သင်ခန်းစာများနဲ့ ချိတ်ဆက် ဆောင်ရွက်နေမှုများ၊ လူမှုဘဝမြင့်မားလာစေရေးအတွက် ယခုလို လုပ်ငန်းဖွံ့ ဖြိုးမှုမြှင့်တင်ရေး အခမ်းအနားကျင်းပပြုလုပ်ရခြင်းဖြစ်ကြောင်း ပြောကြားပြီး မြို့နယ်သမဝါယဦးစီးဌာန (စီးပွားရေးနှင့်စီမံကိန်းဌာနခွဲ) မှ ဦးစီးမှူး ဦးမျိုးနိုင်က မိမိတို့ဌာနမှ ဆောင်ရွက်ပေးနေတဲ့ ဆင်းရဲနွမ်းပါးမှုလျှော့ချရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိရေး အတွက် စက်မှုလက်မှုလုပ်ငန်းသင်တန်းများ၊ စားသောက်ကုန်သင်တန်းများ၊ ဆိုင်ကယ်ပြင်သင်တန်းများ၊ လက်မှုလုပ်ငန်းသင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ အဆိုပါသင်တန်းသို့ တက်ရောက်ခြင်းဖြင့် စီးပွားရေးလုပ်ငန်းများတွင် အခွင့်အလမ်းများ ရရှိလာမှာဖြစ်ကြောင်း ဆွေးနွေးပြောကြားပြီး ဖိတ်ကြားထားတဲ့ ဧည့်သည်တော် စီးပွားရေး လုပ်ငန်းရှင်များကလည်း မိမိတို့ လုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်ရာတွင် တွေ့ကြုံရသည့် လုပ်ငန်း အတွေ့အကြုံများ၊ အားသာချက်၊ အားနည်းချက်များ EDNA Myanmar သင်တန်းမှ ရရှိလာသော အကျိုးကျေးဇူးများနဲ့ လုပ်ငန်းခွင်တွင် ပေါင်းစပ် ညှိနှိုင်း ဆောင်ရွက်ရတဲ့ ကိစ္စရပ်များကို ဟောပြော ဆွေးနွေးခဲ့ပြီး တက်ရောက်လာသူများက သိလိုသည်များကို မေးမြန်းခဲ့ရာတွင် စီးပွားရေးလုပ်ငန်းရှင်များနဲ့ EDNA Myanmar မှ တာဝန်ရှိသူတို့က ပြန်လည် ဆွေးနွေးဖြေကြားပေးခဲ့ကြောင်း သိရပါတယ်။

ဆွေးနွေးပွဲတွင် စားသုံးသူရေးရာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးဦးက စားသုံးသူရေးရာနဲ့ပတ်သက်၍ ဥပဒေပေါ်ပေါက်လာပုံ စီးပွားရေးလုပ်ငန်းရှင်များရဲ့ အခွင့်အရေးများ စားသုံးသူရဲ့ အခွင့်အရေးများနဲ့ မိမိတို့ဌာနမှ ဆောင်ရွက်နေမှုများကိုလည်း အသေးစိတ်ရှင်းလင်း ဆွေးနွေးပြောကြားခဲ့ကြောင်း သိရပါတယ်။

**စောမိုက်ကယ်**

# မန္တလေးတိုင်းဒေသကြီးတွင် သစ်သီးဝလံအခြေခံ စားသောက်ကုန်ထုတ်လုပ်မှုသင်တန်းဖွင့်လှစ်



မန္တလေးတိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာနတွင် စားသုံးသူရေးရာဦးစီးဌာနနှင့် အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သည့် (၁/၂၀၁၆) သစ်သီးဝလံ အခြေခံ စားသောက်ကုန် ထုတ်လုပ်မှု သင်တန်းကို စက်တင်ဘာ ၂၆ ရက်မှ ၂၉ ရက်အထိ ဖွင့်လှစ်နိုင်ခဲ့ပါတယ်။

အဆိုပါ အခမ်းအနားတွင် ဒုတိယတိုင်းဒေသကြီး ဦးစီးမှူး၊ ဦးကျော်ဦးက မန္တလေးတိုင်းဒေသကြီး အတွင်းမှ မြို့နယ်အသီးသီးရှိ ကျောင်းများ၊ ဈေးများ၊ ရပ်ကွက်၊ ကျေးရွာများနှင့် လုပ်ငန်းရှင်များအား စားသုံးသူ အကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာများနှင့် စားသုံးသူ အကာအကွယ်ပေးရေး ဥပဒေကို သိရှိနားလည်အောင် လိုက်လံဟောပြော ဆွေးနွေးခြင်းနှင့် ကွင်းဆင်းစစ်ဆေးခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ သင်တန်းသား၊ သင်တန်းသူများမှာလည်း နောင်တစ်ချိန်တွင် ကုန်ထုတ်လုပ်သူ စီးပွားရေးလုပ်ငန်းရှင်များ ဖြစ်လာကြတော့မှာ ဖြစ်တဲ့အတွက် စီးပွားရေးလုပ်ငန်းရှင်များ၏ တာဝန်များနှင့် တားမြစ်ချက်များအား သိထားစေချင်ကြောင်း ဟောပြောဆွေးနွေးခဲ့ပါတယ်။

ဆက်လက်၍ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာ၊ ညွှန်ကြားရေးမှူး ဦးအောင်သင်းက အခြေခံစားသောက်ကုန် ထုတ်လုပ်ရောင်းချသူများအား အစားအသောက်များ ထုတ်လုပ် ရောင်းချရာတွင်လည်းကောင်း သုံးစွဲရာတွင်လည်းကောင်း အသုံးပြုသည့် ဓာတုဆေးများကို စနစ်တကျ အချိုးအစား မှန်ကန်စွာ သုံးစွဲတတ်စေရန်နှင့် ထုတ်ပိုးမှု ပုံစံအဆင့်ဆင့်တို့ကို စနစ်တကျ ထုတ်လုပ်နိုင်စေရန် ရည်ရွယ် ဖွင့်လှစ်ခြင်းဖြစ်ကြောင်း၊ သင်တန်းဆရာမများမှ ဆရာ စားမချန် ပညာကုန်သင်ပေးမှာဖြစ်၍ သင်တန်းသားများက ကိုယ်တိုင်ပါဝင် လုပ်ကိုင်ပြီး စိတ်ပါဝင်စားစွာ သင်ယူကြစေလိုကြောင်း၊ စီးပွားရေးလုပ်ငန်းရှင်အဖြစ် ထုတ်လုပ်ရောင်းချမည်ဆိုပါက (၈၂ လမ်း × ၂၅ လမ်း)ထောင့်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့၊ အသေးစား စက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနတွင် လာရောက် မှတ်ပုံတင်နိုင်ကြောင်း ပြောကြားခဲ့ပါတယ်။

သင်တန်းတွင် သဘော်သီးယို (အချို၊ အစပ်)၊ ဝေ့ာသီးယို၊ ဇီးယို၊ ကမ္ဗလာဖျော်ရည်၊ မန်ကျည်းဖျော်ရည်၊ ဇီးဖျော်ရည်၊ C Plus ဖျော်ရည်၊ ဂျယ်လီ၊ ခရမ်းချဉ်သီးဆော့စ် ပြုလုပ်ပုံအဆင့်ဆင့်တို့ကို စနစ်တကျ သင်ကြားပို့ချခဲ့ကာ သန့်ရှင်းလတ်ဆတ်ပြီး ကျန်းမာရေးနှင့်ညီညွတ်မျှတသည့် အာဟာရပြည့်ဝသော အစားအသောက်များ ထုတ်လုပ်ဖြန့်ဖြူးလာနိုင်ရန်နှင့် အသေးစား စက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး စားသုံးသူ ပြည်သူများအား စိတ်ကျေနပ်မှုရရှိစေရေး၊ စနစ်တကျ ထုတ်လုပ်ရောင်းချနိုင်ရေး စသည့် တာဝန်ယူ တာဝန်ခံနိုင်သည့် စီးပွားရေးလုပ်ငန်းရှင်များ ဖြစ်လာစေရန် ရည်ရွယ်၍ သင်တန်းဖွင့်လှစ်ခြင်း ဖြစ်ကြောင်း သိရပါတယ်။

**နေခြည်ဦး-မန္တလေး**

## ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Consumer Complaint Center (CCC) များ၏ Contact Points များ

| | |
|---|---|
| (၁) ရန်ကုန်တိုင်းဒေသကြီး | ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။ Fax:01-254023, Ph:01-250270,254019 email: ygnmapt@gmail.com |
| (၂) ပဲခူးတိုင်းဒေသကြီး(အနောက်) | ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။ Fax : 053-28220, Ph : 053-28032,28020 |
| (၃) ပဲခူးတိုင်းဒေသကြီး(အရှေ့) | အောင်မြေသာရပ်ကွက်၊ ပိုလန်ဝင်း၊ ပဲခူးမြို့။ Ph : 052-2221844, 2221108, 2221036 |
| (၄) ဧရာဝတီတိုင်းဒေသကြီး | ပုသိမ်မြို့။ Fax : 042-21811, Ph: 042-24520,24522 email: yiyinaingwin@gmail.com |
| (၅) မန္တလေးတိုင်းဒေသကြီး | မန္တလေးမြို့။ Fax : 02-36340, Ph: 02-36342,36339 email: mdymapt@gmail.com |
| (၆) ရခိုင်ပြည်နယ် | စစ်တွေမြို့။ Fax:043-23426,Ph:043-23426 |
| (၇) မကွေးတိုင်းဒေသကြီး | အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။ Fax : 063-23199, Ph : 063-23196,23197 |
| (၈) ရှမ်းပြည်နယ်(တောင်ပိုင်း) | အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။ Ph:081-2121615, Fax:081-2121627, email:dtptaunggyi@gmail.com |
| (၉) ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။ Fax:084-21034,Ph:084-21034 |
| (၁၀) ရှမ်းပြည်နယ်(မြောက်ပိုင်း) | အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။ Fax:082-23493,Ph:082-23039 |
| (၁၁) ကရင်ပြည်နယ် | ဘားအံမြို့။ Fax:058-21666,Ph:058-21041 |
| (၁၂) တနင်္သာရီတိုင်းဒေသကြီး | ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။ Fax:059-41012,Ph:059-41012 |
| (၁၃) ကချင်ပြည်နယ် | အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။ Fax:074-22459,Ph:074-22459 |
| (၁၄) ကယားပြည်နယ် | (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါလမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။ Fax:083-21005,Ph:083-21005 |
| (၁၅) မွန်ပြည်နယ် | အမှတ်(၄)ကမ်းနားလမ်း၊ ရွှေတောင်ရပ်၊ ဘုရင့်ရုံရှေ့ မော်လမြိုင်မြို့။ Fax:057-24728, Ph:057-24318 |
| (၁၆) စစ်ကိုင်းတိုင်းဒေသကြီး | သာစည်လမ်း၊ ဒေါနခြံရပ်၊ မီးရထားသံလမ်းနှင့် ဗိုလ်ချုပ်ကြေးရုပ်ကြား၊ မုံရွာမြို့။ Fax : 071-23630, Ph:071-23630,22924 |

## (၇) နေ့ သားသမီးများအတွက်
## စီးပွားရေး အကြံပေး ဟောကိန်း
### ၁၀-၁၀-၂၀၁၆ မှ ၁၆-၁၀-၂၀၁၆ ရက်နေ့ထိ

ဒေါ်မြတ်မြတ်အေး
(မြန်မာနိုင်ငံ ဝေဒသုတေသနအဖွဲ့)



**တနင်္ဂနွေသားသမီးများအတွက်** ပျော်ရွှင်စရာများ ကြုံတွေ့ရတတ်သည်။ ငွေကြေးဥစ္စာများလည်း ရရှိလာတတ်ပါသည်။ စီးပွားရေးလုပ်ငန်းလုပ်ကိုင်ဆောင်ရွက်ရာတွင် လောဘကြီးတတ်ပါသည်။ ပညာရေးတွင် စိတ်လှုပ်ရှားမှုများ နေတတ်ပါသည်။ ကျန်းမာရေးတွင် အစာအိမ်နှင့်ပတ်သက်သော ရောဂါ၊ ဆီးနှင့်ပတ်သက်သောရောဂါတို့ဖြစ်တတ်ပါသည်။ အချစ်ရေး၊ အိမ်ထောင်ရေးတွင် လေးနက်မှုမထားတတ်ရှိနေမည်။

**ယတြာ။ ။ဘာသာရေးအဓိဋ္ဌာန်တစ်ခုခုကို ဝင်ပါ။**



**တနင်္လာသားသမီးများအတွက်** လုပ်ငန်းကောင်းသော ဒီအချိန်၌ ခြေတာစုဆောင်းမှုများ ရှိလာတတ်သည်။ စီးပွားရေးတွင် ရေနှင့်ရေထွက်ပစ္စည်းများအကျိုးပေးပါသည်။ ပရဟိတ အကျိုးဆောင်လုပ်ငန်းများ လုပ်ကိုင်နေရတတ်သည်။ ပညာရေးတွင် ထွန်းပေါက်အောင်ကြိုးစားသင့်ပါသည်။ ကျန်းမာရေးအနေဖြင့် အစာအဆိပ်သင့်ခြင်း၊ ဆေးသောက်မှားယွင်းမှုများရှိတတ်သည်ကို သတိရှိသင့်ပါသည်။ အချစ်ရေး ကံကောင်းနေတတ်ပါသည်။

**ယတြာ။ ။ဘုရားတွင်ဆီမီးအမွှေးတိုင်လှူပါ။**



**အင်္ဂါသားသမီးများအတွက်** မင်းအစိုးရနှင့်ပတ်သက်၍ အခွင့်အရေးရှိတတ်ပါသည်။ စီးပွားရေးတွင် ရည်ရွယ်ထားသောကိစ္စများအကောင်အထည်ဖော်နိုင်ပါသည်။ အကျိုးဆောင်လုပ်ငန်း၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ အောင်မြင်မည်။ ပညာရေးတွင် စိတ်ဝင်စားမှု အားနည်းနေလိမ့်မည်။ ကျန်းမာရေးအနေဖြင့် အသည်းနှင့်ပတ်သက်သော ရောဂါဖြစ်တတ်သည်။ အချစ်ရေးတွင် အဆင်ပြေမလိုလိုနှင့် ဝေးသွားရတတ်သည်။

**ယတြာ။ ။ဆီထမင်းလှူပါ။**



**ဗုဒ္ဓဟူးသားသမီးများအတွက်** လူမှုဆက်ဆံရေးအရ ပေါင်းသင်းဆက်ဆံနေရသော်လည်း စိတ်တိုင်းကျမှုမရှိတတ်ပါ။ စီးပွားရေးလုပ်ငန်းတို့တွင် ဝင်ငွေထွက်ငွေ မမျှဘဲဖြစ်နေတတ်သည်။ ရေသန့်လုပ်ငန်းများ၊ ရေထွက်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ အကျိုးပေးပါသည်။ ကျန်းမာရေးနှင့်ပတ်သက်၍ အဆိပ်သင့်ခြင်း၊ အစာအိမ်ရောဂါ လေရောဂါတို့ဖြစ်တတ်ပါသည်။ အချစ်ရေးတွင် သံယောဇဉ်ရှိသူ ပေါ်များနေတတ်ပါသည်။

**ယတြာ။ ။ရေသန့်လှူပါ။**



**ကြာသပတေးသားသမီးများအတွက်** စီးပွားရေးလုပ်ငန်းလုပ်ကိုင်ဆောင်ရွက်ရာတွင် စိတ်ကူးယဉ်မှုများနေမည်။ နိုင်ငံခြားစီးပွားကုန်သွယ်မှုလုပ်ငန်းများ၊ အကျိုးဖြစ်ထွန်းမှု အားကောင်းပါလိမ့်မည်။ ပညာရေးတွင် စိတ်တိုင်းမကျဖြစ်နေတတ်ပါသည်။ ကျန်းမာရေးကောင်းသော်လည်း စိတ်ဖိစီးမှုများသော ဝေဒနာကြောင့် သွေးတိုးခြင်းကို ခံစားရတတ်ပါသည်။ အချစ်ရေး၊ အိမ်ထောင်ရေးတို့တွင် သာယာဖြောင့်ဖြူးမှု ရှိနေတတ်ပါသည်။

**ယတြာ။ ။ဘုရားတွင် ပေါက်ပေါက်လှူပါ။**



**သောကြာသားသမီးများအတွက်** စီးပွားရေးတွင် အပြိုင်အဆိုင်များအကြားမှ လုပ်ဆောင်နေရသော လုပ်ငန်းများတွင် အခက်အခဲအနည်းငယ် ရှိနေတတ်ပါသည်။ အထည်ချုပ်လုပ်ငန်း၊ အမျိုးသမီး အသုံးအဆောင်ပစ္စည်းလုပ်ငန်းများ အကျိုးပေးတတ်ပါသည်။ ပညာရေးနှင့်ပတ်သက်၍ ကြိုးစားလျှင် တိုးတက်အောင်မြင်နိုင်ပါသည်။ ကျန်းမာရေးတွင် နှလုံးတုန်အားနည်းတတ်သော ရောဂါ တို့ကို သတိပြုသင့်ပါသည်။ အချစ်ရေးနှင့်အိမ်ထောင်ရေးတွင် အလိုလိုက် အကြိုက်ဆောင်ပေးနေရတတ်သည်။

**ယတြာ။ ။ဘုရား(၅)ဆူကို ရုပ်နာမ်လှူပါ။**



**စနေသားသမီးများအတွက်** စီးပွားရေးတွင် ပြည်ပဆက်ဆံရေးလုပ်ငန်း၊ ဝါဂွမ်း၊ ပိုးထည်ချည်ထည်လုပ်ငန်း၊ ဓာတ်သတ္တုလုပ်ငန်းများ အကျိုးပေးပါသည်။ ပညာရေးတွင် ကျောင်းပညာ၊ စီးပွားရေးပညာရောထွေးနေတတ်သည်။ ကျန်းမာရေးတွင် ရင်ဘတ်နာရောဂါ၊ လည်ချောင်းနာရောဂါ၊ အဆုတ်အအေးမိရောဂါတို့ ဖြစ်တတ်ပါသည်။ အချစ်ရေးတွင် ချစ်သူနှစ်ဦးသစ္စာပန္နက်ခိုင်မြဲအောင် စိုက်ထူနေတတ်ပါသည်။

**ယတြာ။ ။သံဃာတော်များကို ထီး၊ ဖိနပ်၊ သပိတ်လှူပါ။**

# ကောက်စေးစပါးပေါ်စပြုပြီဖြစ်၍ ပြည်ဈေးကွက်တွင် ဆန်စပါးဈေးကျဆင်း

ပြည်မြို့ဆန်၊ စပါးဈေးကွက်အတွင်းဈေးတွေ ဆက်တိုက် ကျလာသော်လည်း ဒေသပြင်ပသို့ တင်ပို့မှုလုံးဝမရှိဘဲ ဒေသတွင်း၌သာ စီးဆင်းနေတာ တွေ့ရပါတယ်။ ကောက်စေးစပါး ပေါ်စပြုနေတာကြောင့် လက်ရှိဆန်စပါးဈေးကွက်ကျဆင်းနေတာဖြစ်ပါတယ်။

ယခုတစ်ပတ် တောင်ပုံမွှေး စပါးဈေးတစ်တင်း (၁၀၀) ၄၆ ပေါင်ကိုက်ဈေး ၈၁၈၈၀၀ ကျပ်ဖြင့် ဈေးငြိမ်နေကာ ဆန်တစ်အိတ်ဈေး ထိပ်စ ၃၅၀၀၀ ကျပ်ဖြင့် ၅၀၀ ကျပ် ဈေးထပ်မံကျလာတာတွေ့ရပြီး ဒေသတွင်းသာ အရောင်းအဝယ် အနည်းငယ်ဖြစ်ကြောင်း သိရပါတယ်။ ဧည့်မထစပါးဈေးမှာ ၅၁၅၀၀၀ ကျပ်ရှိပြီး ယခုတစ်ပတ်မှာ ဈေးထပ်မံကျလာကြောင်းလည်း သိရပါတယ်။ မိုးစပါးလက်ကျန်တွေ တင်ပို့မှုမရှိဘဲ ဈေးကျဆင်းနေတာတွေ့ရပါတယ်။ ဆန်တစ်အိတ်လျှင် (အပျော့) ၂၀၀၀၀ ကျပ်နှင့် (အမာစ) ၁၈၅၀၀ ကျပ်ဖြစ်ပါတယ်။ ပြည်ဆန်စပါးဈေးကွက်တွင် ပြည်မြို့အနေဖြင့် ကောက်စေးစပါး မထွက်သေးပေမယ့်၊ အခြားမြို့နယ်များမှာတော့ ကောက်စေးစပါးများအား ဈေးဖွင့်ထားကြောင်း သိရပါတယ်။

ကောက်စေးစပါးဈေး တင်း ၁၀၀ လျှင် ကျပ် ၃၇၀၀၀၀ ကျော်နဲ့ ဆန်တစ်အိတ်ဈေးမှာ ၁၅၅၀၀ကျပ်ဖြင့် ဈေးပေါက်ကြောင်း သိရပါတယ်။ ဒေသတွင်း ဆန်၊စပါးဈေးနှုန်းတွေ မြင့်တက်မလာအောင် ပြည်ခရိုင် ဦးစီးမှူးနဲ့ ဆန်စက်ပိုင်ရှင်များ၊ ဆန်လုပ်ငန်းရှင်များနဲ့ ဆန်ကုန်သည်များပူးပေါင်း၍ မိမိဒေသတွင်း ဆန်ဖူလုံမှုနှင့် ဈေးမြင့်မားမှု မရှိစေရေးဆောင်ရွက်လျက်ရှိကြောင်းလည်း သိရပါတယ်။

**နီနီဝင်း**

# ပုသိမ်မြို့တွင် သီတင်းကျွတ်အကြိုပြပွဲ၊ အီလက်ထရွန်နစ်နှင့် လူသုံးကုန်ပစ္စည်းအမျိုးမျိုး ကုန်စည်ပြပွဲ ပြုလုပ်

ပုသိမ်မြို့၊ ကမ်းနားလမ်း၊ မြို့တော်ခန်းမတွင် ပွင့်လင်းရာသီ သီတင်းကျွတ်လအကြို အီလက်ထရွန်နစ်၊ ကားပြပွဲနှင့် လူသုံးကုန်ပစ္စည်းအမျိုးမျိုးပြပွဲကို အောက်တိုဘာ ၅ ရက်မှ ၉ ရက်အထိ ကျင်းပခဲ့ပါတယ်။

အီလက်ထရွန်နစ်ကားပြပွဲနှင့် လူသုံးကုန်ပစ္စည်းအမျိုးမျိုးပြပွဲ PATHEIN ELECTRONIC &CAR SHOW LIFESTYLE ကို Moe Yan Kyel Co.,Ltd. မှ ဦး ဆောင်ကျင်းပခြင်းဖြစ်ကြောင်းသိရပါတယ်။

အဆိုပါပြပွဲတွင် မော်တော်ယာဉ်များ၊ အီလက်ထရွန်နစ်ပစ္စည်းများ၊ မော်တော်ဆိုင်ကယ်နှင့် ဆက်စပ်ပစ္စည်းများ၊ ဆောက်လုပ်ရေးသုံး ပစ္စည်းများ၊ ပါကေး၊ ရှာထိုး၊ အိမ်တွင်းအလှဆင်ပစ္စည်းများ၊ စတီးလုပ်ငန်းများ၊ ငွေရေစက်များ၊ လူသုံးကုန်အမျိုးမျိုး၊ စားသောက်ကုန်အမျိုးမျိုး၊ အလှကုန်၊ ဖက်ရှင်အသုံးအဆောင်များနှင့် အိမ်သုံးဆေးဝါးပြခန်းများ၊ အခြားကုန်စည် အမျိုးမျိုးတို့ကို ရန်ကုန်မြို့နှင့်မန္တလေးမြို့ကြီးများရှိ ကုမ္ပဏီကြီးများ၊ စက်ရုံများမှ တိုက်ရိုက်ရောင်းချပေးခဲ့ကြောင်း သိရသည်။

ယခုကဲ့သို့ ကုန်စည်ပြပွဲများကို ပြုလုပ်ပေးခြင်းဖြင့် နောက်ဆုံးပေါ် လျှပ်စစ်ပစ္စည်းများ၊ အိမ်အသုံးအဆောင်ပစ္စည်း များ၊ မော်ဒယ်မြင့်ကားများကို ပြပွဲသို့လာရောက်ကြည့်ရှုကြသည့် ပရိသတ်များအနေဖြင့် တစ်နေရာတည်းမှာပင် ကြည့်ရှုဝယ်ယူနိုင်မှာဖြစ်ပြီး၊ TV၊ ရေခဲသေတ္တာ၊ အဝတ်လျှော်စက်၊ မီးပူ၊ လျှပ်စစ်ပန်ကာ၊ လျှပ်စစ်ဒယ်အိုး၊ ထမင်းပေါင်းအိုး၊ ငါးလုံးဆင့် စတီးချိုင့်များနှင့်ဓာတ်ဘူး စသည်တို့ကို ကံစမ်းမဲများ ပြုလုပ်ပေးခဲ့ကြောင်း သိရပါတယ်။

**မင်းမင်းဦး**

# မော်လမြိုင်မြို့ပေါ်ရှိစာသင်ကျောင်းများတွင် စီးကရက်ပုံစံ မုန့်များရောင်းချခြင်းရှိ/မရှိကွင်းဆင်းစစ်ဆေး



မွန်ပြည်နယ်စားသုံးသူရေးရာဦးစီးဌာန၊ မြို့နယ် ကျန်းမာရေး ဦးစီးဌာနနဲ့ ပြည်နယ်အစားအသောက်နှင့်ဆေးဝါး ကွပ်ကဲရေးဦးစီးဌာနနဲ့ သက်ဆိုင်ရာ ကျောင်းအုပ်ကြီးများ ပူးပေါင်း၍ ကျောင်းမုန့်ဈေးတန်းများတွင် စီးကရက်ပုံစံ ကလေးစားသောက်ဖွယ်ရာများ ရောင်းချခြင်း ရှိ၊ မရှိကွင်းဆင်းစစ်ဆေးခဲ့ပါသည်။

အောက်တိုဘာ ၃ ရက်တွင် စားသုံးသူရေးရာဦးစီးဌာန၊ မွန်ပြည်နယ်ဦးစီးမှူးရုံးမှ ထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာဌာနခွဲမှ ဒုတိယဦးစီးမှူး ဦးနေဇင်သက်၊ ဒုတိယဦးစီးမှူး ဦးသူရဇော်၊ ပြည်နယ်အစားအသောက်နှင့်ဆေးဝါးများ ကွပ်ကဲရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာစိုးနိုင်နှင့် ဝန်ထမ်းများ၊ မြို့နယ် ကျန်းမာရေးဦးစီးဌာနမှ ဦးစိုးဝင်းအောင်တို့သည် မော်လမြိုင်မြို့ပေါ်ရှိ စာသင်ကျောင်း ၁၀ ကျောင်းမှ သက်ဆိုင်ရာကျောင်းအုပ်ကြီးများနှင့်အတူ ကျောင်းမုန့်ဈေးတန်းများတွင် အမှတ် တံဆိပ်မျိုးစုံဖြင့် ထုတ်လုပ်သော စီးကရက်ပုံစံမုန့်များအား ထုတ်လုပ် ရောင်းချနေခြင်း ရှိ၊ မရှိစာသင်ကျောင်း ၁၀ ကျောင်းရှိ ကျောင်းမုန့်ဈေးတန်းများအား ကွင်းဆင်းစစ်ဆေးခဲ့ရာ စာသင်ကျောင်း သုံးကျောင်းရှိ ကျောင်းမုန့်ဈေးတန်းမှ စီးကရက်ပုံစံ Smoke Candy ၇၃ ဘူးအား စစ်ဆေးတွေ့ရှိခဲ့ပါသည်။

အဆိုပါ စီးကရက်ပုံစံမုန့်များသည် ကလေးငယ်များအား ငယ်စဉ်ကတည်းက ဆေးလိပ်သောက်ခြင်း၊ အလေ့အကျင့်၊ အမူအကျင့်ကို အားပေးရာရောက်သည့် မုန့်၊ စားစရာပစ္စည်းများဖြစ်သောကြောင့် စီးကရက်ပုံစံ Smoke Candy ၇၃ ဘူးအား ကျောင်းကျန်းမာရေး စီမံခန့်ခွဲမှုနည်းလမ်းဖြင့် ခံဝန်ကတိ လက်မှတ်ရေးထိုးစေပြီး ဖျက်ဆီးရန်အတွက် အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ကွပ်ကဲမှုကော်မတီသို့ အပ်နှံစေခဲ့ကြောင်း သတင်းရရှိပါသည်။

**နေဇင် (မွန်)**



## မြို့ကြီးများ၏ ၁၀-၁၀- ၂၀၁၆ မှ ၁၄-၁၀- ၂၀၁၆ နေ့အထိ မိုးလေဝသခန့်မှန်းချက်

| မြို့ | တနင်္လာ(၁၀-၁၀-၂၀၁၆) | အင်္ဂါ(၁၁-၁၀-၂၀၁၆) | ဗုဒ္ဓဟူး(၁၂-၁၀-၂၀၁၆) | ကြာသပတေး(၁၃-၁၀-၂၀၁၆) | သောကြာ(၁၄-၁၀-၂၀၁၆) |
|---|---|---|---|---|---|
| နေပြည်တော် | ၅၀% ၃၁°C/၈၇°F | ၈၀% ၃၁°C/၈၈°F | ၈၀% ၃၂°C/၈၉°F | ၈၀% ၃၂°C/၈၉°F | ၈၀% ၃၂°C/၈၉°F |
| ရန်ကုန်မြို့ | ၆၀% ၃၀°C/၈၆°F | ၈၀% ၃၁°C/၈၈°F | ၈၀% ၃၁°C/၈၈°F | ၈၀% ၃၁°C/၈၇°F | ၈၀% ၃၁°C/၈၈°F |
| မန္တလေးမြို့ | ၃၀% ၃၁°C/၈၈°F | တိမ်ထူထပ် ၃၁°C/၈၈°F | ၅၀% ၃၁°C/၈၈°F | ၃၀% ၃၂°C/၈၉°F | ၄၀% ၃၁°C/၈၈°F |
| မြစ်ကြီးနား | ၆၀% ၃၀°C/၈၆°F | ၅၀% ၃၁°C/၈၇°F | ၄၀% ၃၁°C/၈၈°F | တိမ်အသင့်အတင့် ၃၁°C/၈၇°F | ၄၀% ၃၀°C/၈၆°F |
| လားရှိုး | ၈၀% ၂၆°C/၇၉°F | ၈၀% ၂၇°C/၈၁°F | ၅၀% ၂၇°C/၈၀°F | ၈၀% ၂၇°C/၈၁°F | ၈၀% ၂၇°C/၈၀°F |
| ကျိုင်းတုံ | ၅၀% ၂၈°C/၈၃°F | ၄၀% ၂၈°C/၈၃°F | ၄၀% ၂၈°C/၈၂°F | ၈၀% ၂၈°C/၈၂°F | ၅၀% ၂၈°C/၈၂°F |
| လွိုင်ကော် | ၈၀% ၂၇°C/၈၀°F | ၈၀% ၂၆°C/၇၉°F | တိမ်အသင့်အတင့် ၂၇°C/၈၀°F | ၅၀% ၂၇°C/၈၀°F | ၈၀% ၂၆°C/၇၉°F |
| တောင်ကြီး | ၈၀% ၂၄°C/၇၅°F | ၅၀% ၂၄°C/၇၅°F | ၈၀% ၂၄°C/၇၆°F | ၈၀% ၂၄°C/၇၆°F | ၈၀% ၂၄°C/၇၅°F |
| မော်လမြိုင် | ၅၀% ၂၉°C/၈၄°F | ၆၀% ၃၀°C/၈၆°F | ၅၀% ၃၁°C/၈၈°F | ၈၀% ၃၁°C/၈၇°F | ၈၀% ၃၁°C/၈၈°F |
| ဘားအံ | ၅၀% ၂၉°C/၈၄°F | ၄၀% ၃၁°C/၈၈°F | ၅၀% ၃၁°C/၈၈°F | ၈၀% ၃၁°C/၈၈°F | ၈၀% ၃၁°C/၈၈°F |
| တောင်ငူ | ၈၀% ၃၀°C/၈၆°F | ၈၀% ၃၁°C/၈၈°F | ၈၀% ၃၂°C/၈၉°F | ၈၀% ၃၁°C/၈၈°F | ၈၀% ၃၂°C/၈၉°F |
| မုံရွာ | ၅၀% ၃၁°C/၈၈°F | တိမ်အသင့်အတင့် ၃၁°C/၈၈°F | တိမ်အသင့်အတင့် ၃၁°C/၈၈°F | ၄၀% ၃၂°C/၈၉°F | ၅၀% ၃၁°C/၈၈°F |
| ပုသိမ် | ၈၀% ၃၀°C/၈၆°F | ၈၀% ၃၁°C/၈၇°F | ၈၀% ၃၁°C/၈၇°F | ၅၀% ၃၁°C/၈၈°F | ၈၀% ၃၁°C/၈၈°F |
| မြိတ် | ၅၀% ၂၈°C/၈၃°F | ၆၀% ၂၉°C/၈၄°F | ၈၀% ၂၉°C/၈၄°F | ၅၀% ၂၉°C/၈၄°F | ၄၀% ၃၁°C/၈၈°F |
| စစ်တွေ | ၈၀% ၂၉°C/၈၄°F | ၈၀% ၂၉°C/၈၄°F | ၈၀% ၂၉°C/၈၄°F | ၆၀% ၃၀°C/၈၆°F | ၈၀% ၃၀°C/၈၆°F |
| မကွေး | ၈၀% ၃၁°C/၈၈°F | ၈၀% ၃၂°C/၈၉°F | ၈၀% ၃၂°C/၈၉°F | ၄၀% ၃၂°C/၈၉°F | ၈၀% ၃၂°C/၉၀°F |
| ဖလမ်း | ၈၀% ၂၁°C/၇၀°F | ၈၀% ၂၁°C/၆၉°F | ၈၀% ၂၁°C/၇၀°F | ၈၀% ၂၂°C/၇၁°F | ၈၀% ၂၂°C/၇၂°F |

## တောင်ကိုရီးယားနိုင်ငံ တောင်ပိုင်းသို့ တိုင်ဖွန်းမုန်တိုင်းချာဘာ ဝင်ရောက်တိုက်ခတ်၊ ဂျပန်နိုင်ငံမြောက်ပိုင်းသို့ ဆက်လက်ဦးတည်လျက်ရှိ

တောင်ကိုရီးယားနိုင်ငံ တောင်ပိုင်းဒေသများဖြစ်သည့် ဘူဆန်နှင့် အူလ်ဆန်မြို့တို့သို့ အောက်တိုဘာ ၅ ရက်နှင့် ၆ ရက်တို့တွင် အင်အားပြင်းထန်သည့် စူပါတိုင်ဖွန်းမုန်တိုင်း ချာဘာ ဝင်ရောက်တိုက်ခတ်ခဲ့ရာ အနည်းဆုံး လူငါးဦး သေဆုံးခဲ့ရပြီး ပျောက်ဆုံးနေသူများလည်း ရှိနေသည်ဟု ဆိုသည်။

သေဆုံးသူများထဲတွင် ကယ်ဆယ်ရေး တပ်ဖွဲ့ဝင် မီးသတ်သမားတစ်ဦးလည်း ပါဝင်ခဲ့ပြီး ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်စဉ် သေဆုံးခဲ့ရခြင်းဖြစ်သည်ဟု ပြည်တွင်းသတင်းဌာနတစ်ခုက ထုတ်ဖော်ရေးသားခဲ့သည်။

စူပါတိုင်ဖွန်းမုန်တိုင်း ချာဘာကြောင့် တောင်ကိုရီးယားနိုင်ငံ၏ အပန်းဖြေသည့် အလှပဆုံး နေရာတစ်နေရာဖြစ်သည့် ဂျေဂျူးကျွန်းတွင် အဆိုးရွားဆုံး ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည်။

အဆိုပါ စူပါတိုင်ဖွန်းမုန်တိုင်းချာဘာ သည် တစ်နာရီလျှင် ကီလိုမီတာ ၂၀၀ (၁၂၄မိုင်)အထိ တိုက်ခတ်ခဲ့ပြီး ကမ်းခြေဒေသများတွင် ဆူနာမီလှိုင်းလုံးများဖြစ်ပေါ်ခဲ့သည်ဟု ဆိုသည်။

စူပါမုန်တိုင်းချာဘာကြောင့် တောင်ကိုရီးယားနိုင်ငံတွင် မိုးသည်းထန်စွာ ရွာသွန်းခဲ့ရာမိုးရေချိန် ၁၁ လက်မအထိ ရွာသွန်းခဲ့သည်ဟုဆိုသည်။

စူပါတိုင်ဖွန်း ချာဘာကြောင့် အူလ်ဆန်ဒေသရှိ တောင်ကိုရီးယားနိုင်ငံ၏ အကြီးဆုံးသော ဟွန်ဒိုင်း မော်တော်ကား ထုတ်လုပ်ရေးစက်ရုံနှစ်ရုံ ပျက်စီးသွားခဲ့ရကြောင်း ရိုက်တာသတင်းဌာနက ရေးသားဖော်ပြခဲ့သည်။

အဆိုပါ စူပါတိုင်ဖွန်မုန်တိုင်းချာဘာသည် ဆက်လက်အင်အားကောင်းလာခဲ့ပြီး အောက်တိုဘာ ၈ ရက်တွင် ဂျပန်နိုင်ငံသို့ တစ်နာရီလျှင် ၂၁၄ ကီလိုမီတာနှုန်းဖြင့် ဝင်ရောက်တိုက်ခတ်ခဲ့ကြောင်း သိရသည်။

စူပါတိုင်ဖွန်းချာဘာသည် ဂျပန်နိုင်ငံတောင်ပိုင်း အိုကီနာဝါကျွန်းပေါ်သို့ ဝင်ရောက်တိုက်ခတ်ခဲ့ရာ ရေလွှမ်းမိုးမှုများ ဖြစ်ပေါ်လျက်ရှိကြောင်း သိရသည်။

မုန်တိုင်း ချာဘာမဝင်ရောက်မီကပင် အိုကီနာဝါကျွန်းတွင် မိုးရွာသွန်းမှုများ ဖြစ်ပေါ်လျက်ရှိရာ ရေလွှမ်းမိုးမှုများနှင့် ရင်ဆိုင်နေရကြောင်း ဒေသဆိုင်ရာ အာဏာပိုင်များက ထုတ်ဖော်ပြောကြားခဲ့သည်။ **မယ်သီတာ**



## ဟာရီကိန်း မက်သယူး တိုက်ခတ်မှုကြောင့် ဟေတီနိုင်ငံတွင် လူပေါင်း ရှစ်ရာကျော် သေဆုံး

ပြီးခဲ့သည့်အောက်တိုဘာ ၄ ရက်က တိုက်ခတ်ခဲ့သည့်ဟာရီမုန်တိုင်း မက်သယူးကြောင့် ဟေတီနိုင်ငံတွင် လူပေါင်း ၈၄၂ ဦး သေဆုံးခဲ့ရပြီး ပျောက် ဆုံးသူအများအပြား ရှိနေသေးကြောင်း ရိုက်တာသတင်းတွင် ဖော်ပြထားသည်။

ဟာရီကိန်း မက်သယူးကြောင့် နေအိမ်ပေါင်း ၂၈၀၀၀ လုံးမှာ လုံးဝပျက်စီးသွားခဲ့ရပြီး လျှပ်စစ်မီးများ ပြတ်တောက်သွားခဲ့ရကြောင်း ကနဦးစုံစမ်း စစ်ဆေးမှုများအရ သိရှိရကြောင်း ဟေတီအာဏာပိုင်များက ထုတ်ပြန်ကြေညာခဲ့သည်။

သေဆုံးသူများမှာ သစ်ပင်များပိခြင်းကြောင့် လည်းကောင်း၊ ရေလှိုင်းများ ပုတ်ခတ်ခြင်းကြောင့်လည်းကောင်း၊ လေပြင်းတိုက်ခတ်မှုကြောင့်လေထဲတွင် ပါဝင်လာသည့် အရာဝတ္ထုပစ္စည်းများ ထိမှန်မှုကြောင့်လည်းကောင်း သေဆုံးရခြင်းဖြစ်သည်ဟု ဆိုသည်။

“ဟေတီလိုနိုင်ငံမျိုးမှာ အခုလိုဖြစ်ရပ်မျိုး တစ်ခါမှ မမြင်ဘူးပါဘူး”ဟု ဟေတီတွင် အလည်အပတ်ရောက်ရှိနေသည့် လူးဝစ္စက ပြောကြားခဲ့သည်။

ထို့ပြင် ဟေတီနိုင်ငံ၊ ဂရင်းအန့်စ်ရှိ ဂျရယ်မီမြို့တွင် အဆောက်အဦများ၏ ၈၀ ရာခိုင်နှုန်းမှာ ပျက်စီးခဲ့ရကြောင်း ဂျရယ်မီမြို့အုပ်ချုပ်ရေးမှူးက ထုတ်ဖော်ပြောကြားသည်။

ဟာရီကိန်းမက်သယူးကြောင့် ဟေတီနိုင်ငံ တောင်ပိုင်းရှိ တံတားတစ်စင်းဖြစ်သည့် Petit Goave ရှိ Ladigue တံတား ကျိုးကျသွားသဖြင့် အဆိုပါတံတားတစ်ဖက်တွင်ရှိသည့် မြို့များမှ ပြည်သူများအား ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် ခက်ခဲလျက်ရှိကြောင်း၊ ကယ်ဆယ်ရေးလုပ်သားများမှာ ကယ်ဆယ်ရေးလုပ်ငန်းများကို ခဲရာခဲဆစ် လုပ်ဆောင်နေကြရကြောင်း အဆိုပါသတင်းတွင် ဖော်ပြထားသည်။

အဆိုပါဟာရီကိန်းမုန်တိုင်းသည် တစ်နာရီလျှင် ၂၃၀ ကီလိုမီတာနှုန်းဖြင့် တိုက်ခတ်ခဲ့ခြင်းဖြစ်သည်။ ကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များသည် အဆိုးရွားဆုံးပျက်စီးခဲ့သည့် ဂျရယ်မီဒေသသို့ ရဟတ်ယာဉ်များဖြင့် သွားရောက်ပြီး ကယ်ဆယ်ရေး လုပ်ငန်းများကို အောက်တိုဘာ ၆ ရက်မှသာ စတင်လုပ်ဆောင်နိုင်ခဲ့သည်ဟုဆိုသည်။

အဆိုပါဟာရီကိန်း မက်သယူးသည် အောက်တိုဘာ ၇ ရက်မှစတင်ကာ အမေရိကန်နိုင်ငံ ဂျော်ဂျီယာပြည်နယ် နှင့်ကာလီဖိုးနီးယားပြည်နယ်တို့သို့ ဝင်ရောက်တိုက်ခတ်လျက်ရှိကြောင်း သိရသည်။ **မယ်သီတာ**

# tcefS&avmif;ay;ifoi;zNdKyaewb
# opfyifwpfyif

|မုံရွာကမောင်|



ကျွန်တော်တို့ ခြံထဲတွင် သစ်ပင်ပန်းမန် အပင်ပေါင်း များစွာ ရှိသည်။ သူတို့သည် ရာသီအလိုက်လည်း ဖူးပွင့်ကြသည်။ အရောင်ကလည်း စုံလင်လှသည်။ အချို့က ပန်း အနေနှင့် ပွင့်သည်။ ငုံရာမှဖူး၊ ဖူးရာမှပွင့်၊ ပွင့်ရာမှသီး စသည် ဖြင့် သီးပင်၊ စားပင်၊ ပန်းပင်တို့ စုံလင်လှသည်။

အချို့ကား ပုပုဝိုင်းဝိုင်း၊ အချို့ကား အုံ့အုံ့ဆိုင်းဆိုင်း၊ အချို့ကား ဝေဝေဆာဆာ၊ အချို့ကား မိုးတိုးမတ်တပ်၊ အချို့ကမူ ဖိုးဖိုးဖပ်ဖပ် ပုံစံအမျိုးမျိုးပင်၊ အပင်ကြီးတို့ အောက်တွင် ကျရောက်ပါသော အပင်တို့ကား လောင်းရိပ်မလွတ်။ ထိုရောအခါ အပင်ကြီးမှ အကိုင်းအခက်များကို တက်ကာ ချိုင်သင့် တာချိုင်၊ ခုတ်သင့်တာ ခုတ်ပြီး အလင်းဖွင့်ပေးရသည်။

အပင်တို့သည်ကား နွယ်မြက် သစ်ပင်က အစ ဆေးဝါး ဘက် တစ်မျိုးမဟုတ် တစ်မျိုး အသုံးဝင်နေတော့ပစ်ပယ်စရာ မရှိ။ သူ့ဓလေ့နှင့်သူ၊ သူ့အလေ့အထနှင့်သူ စိုက်ပျိုးမွေးမြူ ထိန်းသိမ်းထားရသည်။ အစိုဓါတ်ကြိုက်သူကို ရေနာနာလောင်းပေး၊ ရေဝပ်တာ မကြိုက်သောအပင်ကို ကုန်းမြင့်မြင့်မှာ နေရာချထား စိုက်ပျိုးရသည်။ သူတို့အားလုံးကို နေ့စဉ် တွေ့မြင်၊ ခုတ်ထွင်ရှင်းလင်း၊ ပြုစုယုယ၊ ရေလောင်း ပေါင်းသင်ရတာ အလွန်ပျော်စရာ ကောင်းပါသည်။

အချို့ကား ဆူးပင်၊ နွယ်ပင်၊ ခြုံပင် အသွင်သဏ္ဍာန်နှင့်လည်း တည်ရှိကြသည်။ ဆူးရှိသောအပင်တို့ကား အပွင့်လှတတ်ကြသည်။ လှသောအပွင့်တို့တွင် ဘီလူးဂုမ္ဘာန်နှင့် တူသော ဆူးတို့သည် အစောင့်အရှောက်သဖွယ် ရှိကြကုန်သည်။ လှသောအပွင့်ကို လိုချင်၊ ရချင်သူတို့သည် ဆူးနှင့်အရင် ရင်ဆိုင်ကြရသည်။ ဒါသည် သဘာဝတရားပင် မဟုတ်ပါလား။

အခုလည်း ကျွန်တော်တို့ ခြံထဲမှာ သစ်ပင်တစ်ပင်စိုက်ရန် ကျွန်တော်တို့ ကြိုးစားနေကြပါသည်။ တကယ်တော့ လွန်ခဲ့ သော ၂၀၁၄ ခုနှစ်ကပင် စိုက်ပျိုး ပြီးစီးခဲ့သော်လည်း လောင်းရိပ်ကလည်းမလွတ်၊ မြေဩဇာကလည်း လိုအပ်၊ အညွန့် အတက် ကိုင်းဖျား ကိုင်းနားများကိုလည်း ဖြတ်စရာရှိတာဖြတ်။ ညှပ် စရာရှိတာ ညှပ်ရန်လိုအပ်လာသည်။ ခြံစည်းရိုးများလည်း ခိုင်ခိုင်မာမာ ပြုပြင်ရန် လိုအပ်လာသည်။ အရွက်စား၊ အညွန့်စား၊ သားရဲ တိရစ္ဆာန်တို့၏ အန္တရာယ်မှလည်း ကာကွယ်ပေးရန် လိုအပ်လာပါသည်။ ထို့ကြောင့်ပင် စိုက်ပျိုး ပြီးအပင်ကို ပြန်လည်မွမ်းမံဖို့ ပြင်ဆင်နေပါသည်။

ယင်းသို့ ပြင်ဆင်ရာတွင် ဥယျာဉ်မှူးတစ်ဦးတည်းဖြင့် မလုံလောက်ပါ။ သဘာဝမြေအကြောင်း နားလည်သူ၊ မြေဩဇာ ကျွမ်းကျင်သူ၊ ရုက္ခဗေဒပညာရှင်များ၊ ရာသီဥတု ဆိုင်ရာ ပညာရှင်များ၊ မျိုးစေ့ပညာရှင်၊ ရေသဘာဝ ကျွမ်းကျင်သူများ၊ စိုက်ပြီးအပင်ကို ထိန်းသိမ်း စောင့်ရှောက်သူများ၊ ကိုယ့်ကဏ္ဍနဲ့ကိုယ် တာဝန်ကျေအောင်ဆောင်ရွက်ကြရပေမည်။

သူတို့မှာ အခြားအဓိက လုပ်ငန်းတွေများပြား သော်လည်း ကျွန်တော်တို့ ခြံထဲက သစ်ပင်ကြီးကို ကြီးထွားရှင်သန် အောင် ပြုစုရန်အတွက် အားလုံးမှာ တာဝန်ရှိကြပါသည်။ စည်းဝါးကိုက်စွာ အောင်မြင်အောင် ဆောင်ရွက်ကြရပါမည်။ ကိုယ့်တာကို လုံအောင် ထိန်းသိမ်း စောင့်ရှောက်ကြရပါမည်။

မိမိတို့၏ စွမ်းဆောင်နိုင်သည်များကို အစွမ်းကုန် အိတ်သွန်ဖာမှောက် အစွမ်းပြကြရန် လိုအပ်ပါသည်။ မိမိတို့ကြောင့် အခြားပညာရှင်များကိုလည်း အနှောင့်အယှက် မဖြစ်ရန် အထူးဂရုထားရန် လိုအပ်ပါမည်။ မိမိတို့၏ ဓလေ့ ထုံးစံ၊ လုပ်ထုံး လုပ်နည်းများကိုလည်း ပုံသေစွဲကိုင်မထားဘဲ ပျော့ပြောင်း ကိုင်းညွတ်စွာ အများနှင့် ပူးပေါင်း ဆောင်ရွက် ရပါမည်။

ဤသို့ ဆောင်ရွက်ခြင်းအားဖြင့် ကျွန်တော်တို့ ခြံထဲမှ သစ်ပင်မှာ စနစ်တကျ အန္တရာယ်ကင်းကင်း ရှင်သန်ကြီးထွားလာပါမည်။ အခြား ခြံဝင်းများတွင် ဤသစ်ပင်မျိုး စိုက်ပျိုးပြီး သည်မှာ ကာလကြာမြင့်ခဲ့ပါပြီ။ အရိပ်အာဝါသလည်း ကောင်းလှသည်။ လာရောက် နားခိုသူများကို ဘေးအန္တရာယ်များမှ ကာကွယ်ပေးသည်။ ဖူးပွင့်ဝေဆာသီးပွင့်ပြီး အနံ့ အရသာမှာလည်း ချိုမြိန်လှသည်။ သူတို့ကို အတုယူပြီး ကျွန်တော်တို့ ခြံထဲမှာလည်း ဤသစ်ပင်မျိုး ကြိုးစားစိုက်ပျိုး နေကြခြင်း ဖြစ်ပါသည်။

ကျွန်တော်တို့ခြံထဲတွင် ဤသစ်ပင် စိုက်ပျိုးသော်လည်း ကျွန်တော်တို့ ပိုင်သော သစ်ပင်မဟုတ်။ ကျွန်တော်တို့နှင့် ဆိုင်သော၊ တာဝန်ခံရသော သစ်ပင်သာ ဖြစ်ပါသည်။ ဤသို့ ဆိုလျှင် ဤသစ်ပင်၏ အကိုင်းအခက်၊ အရွက်အလက်၊ အသီးအပွင့်များကို မည်သူတွေများ ခံစားခွင့် ရပါမည်နည်း။

ကျွန်တော်တို့ ပြည်သူအားလုံး၊ စားသုံးသူအားလုံး၊ ဤ သစ်ပင်၏ အကျိုးကျေးဇူးကို ခံစားကြရပါမည်။ စားသုံးသူ အားလုံးကို ကျွန်တော်တို့ခြံထဲက သစ်ပင်က အဓိကအားဖြင့် အရိပ်အာဝါသနှင့် လုံခြုံမှုကို ပေးစွမ်းပါမည်။ အန္တရာယ် ကင်းစေမည်။ အသီးအပွင့်များကိုလည်း စနစ်တကျ ဆွတ်ယူ စားသုံးနိုင်မည်။ ဤသစ်ပင်၏ အရိပ်အာဝါသအောက်တွင် အခွင့်အလမ်းနှင့် တာဝန်များလည်း ကျင့်သုံး လိုက်နာကြရန် လိုအပ်ပါသည်။ စည်းကမ်း လိုက်နာက ဘေးကင်းကွာမှာ အမှန်ပင် ဖြစ်သည်။

အော် - ကျွန်တော် ပြောရန် မေ့နေပါသည်။ အချို့ကလည်း ဒီသစ်ပင်ကို ဒီ လောက်ညွှန်းနေတာ ဘာသစ်ပင်မို့လို့လဲဟု သိချင်နေကြပါမည်။ နီးစပ်ရာ ပတ်ဝန်း ကျင်ကတော့ သိနေလောက်ပါပြီ။ အဲဒီသစ်ပင်ကတော့ 'စားသုံးသူ အကာအကွယ်ပေးရေး ဥပဒေ'ဆိုသည့် သစ်ပင် ဖြစ်သည်။

ကျွန်တော်တို့ ဦးဆောင်ပြီး ပြင်ဆင် ပြုစုရေးဆွဲ နေပါသည်။ အခြားဌာန ဆိုင်ရာများ၊ လူမှုအဖွဲ့အစည်းများ၊ စီးပွားရေး လုပ်ငန်းရှင်ကြီးများ၊ စားသုံးသူ ကိုယ်စားလှယ်များက လိုအပ်သော အကြံဉာဏ်များ ပေးပို့ပြီး ဝိုင်းဝန်း ပါဝင်ကြဖို့ လိုအပ်လှပေသည်။

■

## မန္တလေးတိုင်းဒေသကြီးအတွင်းရှိ အဓိက ကန့်သတ်စက်မှု လုပ်ငန်းများအား သက်တမ်းတိုးဆောင်ရွက်နိုင်ရန် ပုဂ္ဂလိက စက်မှုကြီးကြပ်ရေးအဖွဲ့မှ ကွင်းဆင်းဆောင်ရွက်လျက်ရှိ

မန္တလေးတိုင်းဒေသကြီးအတွင်း အဓိကကန့်သတ် စက်မှုလုပ်ငန်းများဖြစ်သည့် ယစ်မျိုးလိုင်စင်များဖြင့် ထုတ် လုပ်သည့် အရက်ချက်နှင့် အရက်ပုလင်း သွင်းလုပ်ငန်း၊ ဘီယာလုပ်ငန်း၊ ဝိုင်အမျိုးမျိုး ထုတ်လုပ်မှုလုပ်ငန်း၊ စီးကရက် လုပ်ငန်း၊ ဆေးဝါးလုပ်ငန်းနှင့် အချိုမှုန့် လုပ်ငန်းများအား ပုဂ္ဂလိက စက်မှုလုပ်ငန်း ကြီးကြပ်ရေး အဖွဲ့ဖြင့် စက်တင်ဘာ ၂၈ ရက်နှင့် အောက်တိုဘာ ၅ ရက်တို့တွင် ပြည်ကြီးတံခွန်မြို့နယ်၊ ချမ်းအေးသာစံမြို့နယ်၊ မဟာ အောင်မြေမြို့နယ်နှင့် ပုသိမ် ကြီးမြို့နယ်များသို့ ကွင်းဆင်း စစ်ဆေးဆောင် ရွက်လျက်ရှိကြောင်း သိရပါသည်။

အဆိုပါအဖွဲ့အား စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေး ဦးစီးဌာနမှ ဦးဆောင်ပြီးအဖွဲ့ဝင်များအဖြစ် သက်ဆိုင်ရာ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ ကျန်းမာရေးဦးစီးဌာန၊ အလုပ်ရုံနှင့်အလုပ်သမား ဥပဒေ စစ်ဆေးရေး ဦးစီးဌာန၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာန၊ စားသုံးသူရေးရာ ဦးစီးဌာနနှင့် ပြည်တွင်းအခွန် များ ဦးစီးဌာနမှ တာဝန်ရှိသူများ လိုက်ပါ စစ်ဆေးဆောင်ရွက်လျက်ရှိရာ မိမိတို့ဌာနနှင့်သက်ဆိုင်သည့် သဘောထား မှတ်ချက်များအား လုပ်ထုံးလုပ်နည်းနှင့်အညီ စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရပါသည်။

စားသုံးသူရေးရာ ဦးစီးဌာနအနေဖြင့် စားသုံးသူ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ထုတ်ကုန်များ လုံခြုံ စိတ်ချရမှုရှိစေရေး၊ ထုပ်ပိုးမှု အဆင့်အတန်းများ၊ ကုန်ထုတ်လုပ်မှုဖြစ်စဉ် များကို အဓိကစစ်ဆေးဆောင်ရွက်ခြင်းဖြစ်သည်။

ပုဂ္ဂလိကစက်မှုလုပ်ငန်း ဥပဒေနှင့်အညီ မှတ်ပုံတင် ထားသောအရက်ချက်နှင့် အရက်ပုလင်းသွင်းလုပ်ငန်း၊ ဘီယာလုပ်ငန်း၊ ဝိုင်အမျိုးမျိုးထုတ်လုပ် မှုလုပ်ငန်း၊ စီးကရက် လုပ်ငန်း၊ ဆေးဝါး လုပ်ငန်းနှင့်အချိုမှုန့် လုပ်ငန်းများအား လအလိုက် သက်တမ်းတိုးမြှင့်ဆောင်ရွက်ရာတွင် လုပ်ငန်းပိုမိုမြန်ဆန်အောင် ပူးပေါင်းအဖွဲ့စုံဖြင့် စစ်ဆေးဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရပါသည်။

**စိုးအောင်(မန္တလေး)**

## လျှပ်စစ်မော်တော်ကားမောင်းပြိုင်ပွဲတွင် မာစီဒီးစ်အသင်း ဝင်ရောက်ယှဉ်ပြိုင်ဖွယ်ရှိ

ဖော်မြူလာဝမ်းကားမောင်းပြိုင်ပွဲချန်ပီယံ မာစီဒီးစ်အသင်းသည် လာမည့် ၂၀၁၈-၁၉ ရာသီတွင်ကျင်းပမည့် လျှပ်စစ်မော်တော်ကားမောင်းပြိုင်ပွဲတွင်ပါဝင်ယှဉ်ပြိုင်ဖွယ်ရှိနေကြောင်း ဘီဘီစီသတင်း တစ်ရပ်တွင် ဖော်ပြထားသည်။

၂၀၁၄ခုနှစ် စက်တင်ဘာလ၁၃ရက်ကစတင်ကျင်းပခဲ့သည့် အဆိုပါလျှပ်စစ်မော်တော်ကားမောင်းပြိုင်ပွဲတွင် အသင်း ၁၀ သင်းဖြင့်ကျင်းပခဲ့ရာ မာစီဒီးစ်အသင်းသည် ၁၂သင်းမြောက်အသင်းအဖြစ် ပါဝင်ယှဉ်ပြိုင်မည်ဖြစ်သည်။

“လျှပ်စစ်ဓာတ်အားကို အသုံးပြုထားတဲ့ ကားမောင်းပြိုင်ပွဲများကို ကျင်းပရတာဟာ အနာဂတ်ကာလ မော်တော်ကားစက်မှုလုပ်ငန်းပိုမိုထွန်းကားလာဖို့အတွက် အဓိကကျတဲ့ကဏ္ဍက ပါဝင်နေပါတယ်။ ဒါဟာ အနာဂတ်ကာလမှာ ဖော်မြူလာအီးဆိုတဲ့လျှပ်စစ်ကားမောင်းပြိုင်ပွဲကို ဖန်တီးပုံဖော်ပေးလိုက်တာဖြစ်ပါတယ်”ဟု မာစီဒီးစ်ဘင့်ဇ် မော်တော်စပို့စ်၏အကြီးအကဲဖြစ်သူ တိုတိုဝုဖ်က ပြောကြားခဲ့သည်။

ဖော်မြူလာအီးကားမောင်းပြိုင်ပွဲကို ၂၀၁၄ ခုနှစ်က စတင်ကျင်းပလာခဲ့ရာယခုနှစ်တွင် တတိယမြောက်ရာသီသို့ ရောက်ရှိလာခဲ့ပြီဖြစ်သည်။ ယခုနှစ်တွင် တတိယအကြိမ်မြောက်ရာသီအဖြစ် ကျင်းပမည့် ဖော်မြူလာအီးကားမောင်းပြိုင်ပွဲကို အောက်တိုဘာလ ၉ ရက်တွင် ဟောင်ကောင်မြို့၌ကျင်းပမည်ဖြစ်ကြောင်းသိရသည်။

ဖော်မြူလာအီးကားမောင်းပြိုင်ပွဲတွင် ရေးနော့တ်၊ အော်ဒီ၊ ဘီအမ်ဒဗလျူနှင့်ဂျာဂွာကားအသင်းများအပါအဝင် အသင်းပေါင်း ၁၀ သင်းဖြင့် နှစ်စဉ်ကျင်းပလျက်ရှိသည်။ ၂၀၁၈-၁၉ ရာသီတွင် အသင်းနှစ်သင်းထပ်မံဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ရာ အသင်း ၁၂ သင်းဖြင့် ကျင်းပမည်ဖြစ်ကြောင်းအပြည်ပြည်ဆိုင်ရာမော်တော်ကားမောင်းအဖွဲ့ချုပ်က ပြောကြားခဲ့သည်။

၂၀၁၈-၁၉ရာသီတွင်ကျင်းပမည့်ဖော်မြူလာ အီးကားမောင်းပြိုင်ပွဲတွင် လျှပ်စစ်မော်တော်ကားများတွင် အသုံးပြုမည့်ဘက်ထရီများသည် ယခုခေတ်ထက် ပိုမိုဖွံ့ဖြိုးလာရန်မျှော်လင့်ရပြီး အဆိုပါပဉ္စမမြောက်ရာသီတွင် ကျင်းပမည့်လျှပ်စစ်ကားမောင်းပြိုင်ပွဲသည် မှတ်ကျောက်တင်ရမည့် ပြိုင်ပွဲတစ်ပွဲဖြစ်လာနိုင်ကြောင်း တိုတိုဝုဖ်က ပြောကြားခဲ့သည်။



## ဆောက်သမ်းမြန်မာအသင်း၏အိမ်ကွင်းဖော်ဆောင်မှုအခြေအနေများကို မြန်မာနေရှင်နယ်လိဂ်တာဝန်ရှိသူများက သွားရောက်စစ်ဆေး

၂၀၁၇ မြန်မာနေရှင်နယ်လိဂ်ပွဲစဉ်များကို အိမ်ရှင်အဖြစ် လက်ခံကျင်းပရန်စီစဉ်နေသည့် ဆောက်သမ်းမြန်မာအသင်း၏အိမ်ကွင်းဖြစ်သည့် မော်လမြိုင်ကျောင်းသားအားကစားကွင်း (ယခင် မြင်းပြိုင်ကွင်း)ကို အောက်တိုဘာလ ၅ ရက်က မြန်မာနေရှင်နယ်လိဂ် CEO ဦးစိုးမိုးကျော်၊ မြန်မာနေရှင်နယ်လိဂ် COO ဦးဆူးအောင်တို့ ဦးဆောင်သည့်အဖွဲ့က သွားရောက်စစ်ဆေးခဲ့ပြီး ဆောက်သမ်းမြန်မာအသင်းတာဝန်ရှိသူများဖြင့် တွေ့ဆုံကာ အချိန်မီဖြည့်ဆည်းရမည့်အချက်များနှင့် လိုအပ်သည့်စံနှုန်းထားများကို ရှင်းလင်းအကြံပေးခဲ့သည်။ “ကွင်းမြက်ခင်းအနေအထားနဲ့ ကွင်းဖွဲ့စည်းပုံက တကယ်ကောင်းတဲ့ကွင်းပါ။ လိုအပ်တဲ့အခြားပြင်ဆင်မှုလေးတွေ လုပ်လိုက်ရင်တော့ လာမယ့်ရာသီမှာ အိမ်ကွင်းလက်ခံကျင်းပနိုင်မှာပါ”ဟု မြန်မာ နေရှင်နယ်လိဂ် CEO ဦးစိုးမိုးကျော်က ဆိုသည်။

မြန်မာနေရှင်နယ်လိဂ် CEO ဦးစိုးမိုးကျော်နှင့်အဖွဲ့သည် လေ့ကျင့်ရေးကွင်းရှာဖွေထားမှု၊ ကွင်းအတွင်း ရုပ်သံရိုက်ကူးရေးအတွက် လိုအပ်သည့်အချက်များ၊ ကွင်းမြက်ခင်းထိန်းသိမ်းရေး၊ ပြိုင်ပွဲကြီးကြပ်သူ၊ ဒိုင်လူကြီး၊ ကစားသမားများအတွက် လိုအပ်သည့်အပြင်အဆင်များနှင့် ပရိသတ်များ အဝင်အထွက်ပြုလုပ်မည့်နေရာများအတွက်လိုအပ်ချက်များအပြင် အခြားအချက်များကို ဆောက်သမ်းမြန်မာအသင်း တာဝန်ရှိသူများကို အကြံပေးမှာကြားခဲ့သည်။

## Youth Newspaper Cup 2016 ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲ ရက်ပြောင်းရွှေ့

ဆီးဂိမ်းပြိုင်ပွဲဝင်မည့် မြန်မာ ယူ-၂၂ လက်ရွေးစင်အသင်းဝင်ရောက်ယှဉ်ပြိုင်မည့် ဗီယက်နမ် Youth Newspaper Cup 2016 ပြိုင်ပွဲကို မူလက နိုဝင်ဘာ ၉ ရက်မှ ၁၇ ရက်အထိ ကျင်းပရန် စီစဉ်ထားရာမှ ဒီဇင်ဘာ ၂၂ ရက်နေ့မှ ၃၀ရက်အထိကျင်းပရန် ရက်ရွှေ့ဆိုင်းသွားခဲ့ကြောင်းသိရသည်။

အဆိုပါ ဖိတ်ခေါ်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ကစားမည့် မြန်မာယူ-၂၂ လက်ရွေးစင်အသင်းကို ယခင်စင်ကာပူဆီဂိမ်းတွင် အောင်မြင်မှုရရှိခဲ့သည့်နည်းပြချုပ် ဦးကြည်လွင်က ကိုင်တွယ်မည်ဖြစ်ပြီး မလေးရှားဆီးဂိမ်းပြိုင်ပွဲထိ ဆက်လက်တာဝန်ယူ ကိုင်တွယ်သွားမည်ဖြစ်သည်။

ဆီးဂိမ်းလက်ရွေးစင်ကစားသမားစာရင်းကို ထုတ်ပြန်ကြေငြာထားခြင်းမရှိသေးသော်လည်း ယခင် ယူ-၂၀ကမ္ဘာ့ဖလားပြိုင်ပွဲဝင်ကစားသမားများဖြင့် ပြန်လည်ဖွဲ့စည်းသွားမည်ဖြစ်ကြောင်း နည်းပြချုပ် ဦးကြည်လွင်က ဥရောပခရီးစဉ်မတိုင်မီ သတင်းစာရှင်းလင်းပွဲတွင် ပြောကြားထားသည်။

♦

## မြန်မာ့လက်ရွေးစင်အသင်းနှင့် အင်ဒိုနီးရှားလက်ရွေးစင်အသင်းတို့ ခြေစမ်းကစားမည်

အာဆီယံချန်ပီယံရှစ် ဆုဖလားကြီးပြိုင်ပွဲအတွက် ပြင်ဆင်မှုများပြုလုပ်နေသော မြန်မာ့လက်ရွေးစင်အသင်းသည် နိုဝင်ဘာလ ၄ရက်တွင် အင်ဒိုနီးရှားလက်ရွေးစင်အသင်းနှင့် ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်းတွင် ခြေစမ်းပွဲယှဉ်ပြိုင်ကစားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၏သတင်းထုတ်ပြန်ချက်များအရ သိရသည်။

မြန်မာ့လက်ရွေးစင်အသင်းသည် အင်ဒိုနီးရှား လက်ရွေးစင်အသင်းနှင့် ၂၀၁၅ ခုနှစ်က နောက်ဆုံး တွေ့ဆုံထားပြီး အင်ဒိုနီးရှားအသင်းက နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိထားသည်။

မြန်မာလက်ရွေးစင်ဘောလုံးအသင်းသည် လက်ရှိအချိန်တွင် ဂျာမနီနှင့် ဆိုက်ပရပ်စ်နိုင်ငံသို့ ရောက်ရှိနေပြီး ခြေစမ်းပွဲ ခုနစ်ပွဲကစားထားကြောင်း သိရသည်။ မြန်မာ့လက်ရွေးစင်အသင်းသည် ဆိုက်ပရပ်စ်နိုင်ငံမှ မြန်မာနိုင်ငံသို့ အောက်တိုဘာလ ၁၃ ရက်တွင်မှ ပြန်လည်ရောက်ရှိလာမည်ဖြစ်ရာ မြန်မာနိုင်ငံသို့ပြန်မလာမီရက်ပိုင်းအတွင်း ဥရောပအသင်းများနှင့်ခြေစမ်းကစားရန် စီစဉ်လျက်ရှိကြောင်းသိရသည်။ “ကျွန်တော်တို့ ခြေစမ်းပွဲ ခုနစ်ပွဲကစားပြီးပါပြီ။ ပြန်လာဖို့ရက်အနည်းငယ်လောက်လိုနေသေးတာကြောင့် အခြားအသင်းတွေနဲ့ ခြေစမ်းပွဲတွေ ထပ်မံကစားဖို့ ချိတ်ဆက်နေတာပါ”ဟု မြန်မာ နိုင်ငံဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

မြန်မာလက်ရွေးစင် ဘောလုံးအသင်းသည် ဥရောပခရီးစဉ်အဖြစ် ဂျာမနီနှင့် ဆိုက်ပရပ်စ် နိုင်ငံများတွင် နေထိုင်လေ့ကျင့်နေခြင်းဖြစ်ပြီး ခြေစမ်းပွဲ ၇ပွဲကစားထားရာ ၂ပွဲနိုင်၊ ၂ပွဲသရေ၊ ၃ပွဲရှုံးနိမ့်ခဲ့ကြောင်းသိရသည်။

## လာဘ်စားမှုကိစ္စနှင့်ပတ်သက်၍ အထောက်အထားများရရှိရန် အင်္ဂလိပ်ဘောလုံးအဖွဲ့ချုပ် မျှော်လင့်

အင်္ဂလိပ်ဘောလုံးအဖွဲ့ချုပ်သည် အင်္ဂလန်ပရီးမီးယားလိဂ်ဘောလုံးလောကအတွင်းလာဘ်စားမှုများဖြစ်ပေါ်နေသည်ကို စစ်ဆေးနိုင်ရန်အတွက် သက်သေအထောက်အထားများရရှိနိုင်ရန် မျှော်လင့်လျက်ရှိကြောင်း ဘီဘီစီသတင်းတွင် ဖော်ပြထားသည်။

အင်္ဂလိပ်ဘောလုံးအဖွဲ့ချုပ်သည်ဒေးလီးတယ် လီဂရပ်ဖ်သတင်းစာနှင့် ဆမ်အလာဒိုက်စ်တို့၏ အင်တာဗျူးထားသည့်ရုပ်သံဗီဒီယိုထွက်ပေါ်လာပြီးနောက် တရားစွဲဆိုနိုင်ရန် ရဲတပ်ဖွဲ့သို့ တိုင်ကြားထားသော်လည်း လုံလောက်သည့် သက်သေအထောက်အထားများမရရှိသေးသဖြင့် အခက်တွေ့နေရခြင်းဖြစ်သည်ဟုဆိုသည်။ ရဲတပ်ဖွဲ့၏ကနဦးစုံစမ်းချက်များအရ အဆိုပါကိစ္စသည် ပြစ်မှုမြောက်သည့်အလားအလာများကို တွေ့နေရသည်ဟုဆိုသည်။

ဒေးလီးတယ်လီဂရပ်ဖ်သတင်းစာ၏ ရှင်းလင်းချက်တွင်ပရီးမီးယားလိဂ်မှကစားသမား၏အပြောင်းအရွှေ့များတွင် လာဘ်စားမှုများရှိနေပြီး ယင်းလာဘ်စားမှုများတွင်ဘောလုံးအသင်းများမှလက်ရှိ နည်းပြ ရှစ်ဦး သို့မဟုတ်




နည်းပြဟောင်း ရှစ်ဦးခန့်ပါဝင်ပတ်သက်နေကြောင်းဖော်ပြထားသည်။အင်္ဂလိပ်ဘောလုံးအဖွဲ့ချုပ်အနေဖြင့် အဆိုပါကိစ္စများအတွက် ရဲတပ်ဖွဲ့၏စုံစမ်းစစ်ဆေးချက်များ အရထွက်ပေါ်လာသည့် သက်သေအထောက်အထားများကို ရရှိရန်မျှော်လင့်နေခြင်းဖြစ်သည်ဟုဆိုသည်။

# သထုံခရိုင်အတွင်းရှိ အခြေခံပညာကျောင်းများ၌ စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေး ဟောပြောဆွေးနွေးပွဲကျင်းပ



မွန်ပြည်နယ် စားသုံးသူရေးရာ ဦးစီးဌာန၊ ပြည်နယ် ဦးစီးမှူးရုံးမှ ဝန်ထမ်းများ၊ အစားအသောက်နှင့် ဆေးဝါး ကြီးကြပ်ကွပ်ကဲရေး ဦးစီးဌာန၊ မွန်ပြည်နယ်ရုံးမှ ဝန်ထမ်းများ ပူးပေါင်း၍ စက်တင်ဘာ ၅ ရက်က ပေါင်မြို့နယ် အ. ထ. က (ရင်းငြိမ်မြောက်) ကျောင်း၌ စားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေး ဟောပြောပွဲကို ကျင်းပ ပြုလုပ်ခဲ့ပါသည်။ ဟောပြော ဆွေးနွေးပွဲသို့ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်း သူ ၉၇၂ ဦးတို့ တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။

ဟောပြောဆွေးနွေးပွဲတွင် သထုံခရိုင် စားသုံးသူရေးရာ ဦးစီးဌာန ခရိုင်ဦးစီးမှူးက စားသုံးသူရေးရာ ဦးစီးဌာနနှင့် ပတ်သက်သော အကြောင်းအရာများအားလည်းကောင်း၊ အစားအသောက်နှင့် ဆေးဝါးများ ကြီးကြပ်ကွပ်ကဲရေး ဦးစီးဌာန မွန်ပြည်နယ်ရုံးမှ ဒုတိယကြီးကြပ်ရေးမှူး ဦးခင်မောင်ထွေးက စာသင် ကျောင်း မုန့်ဈေးတန်းများတွင် အစားအသောက် ဘေးအန္တရာယ် ကင်းရှင်းရေးအကြောင်း သိကောင်းစရာ ခေါင်းစဉ်ဖြင့် လည်းကောင်း၊ မွန်ပြည်နယ် စားသုံးသူရေးရာ ဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးအောင်ကျော်မင်းက ထုတ်ကုန် လုံခြုံစိတ်ချရမှု အကြောင်း သိကောင်းစရာနှင့် ဘေးဥပဒ် အန္တရာယ်ရှိသော ထုတ်ကုန်များအကြောင်း ခေါင်းစဉ်ဖြင့်လည်းကောင်း အသီးသီး ဟောပြောဆွေးနွေးခဲ့ ကြပြီး အခမ်းအနားအပြီးတွင် ကျောင်းသူ၊ ကျောင်းသားများအား စားသုံးသူရေးရာ ဦးစီးဌာနမှ လက်ကမ်းစာစောင်များ၊ ဥပဒေစာအုပ်များကို ကျောင်းအုပ်ကြီးထံသို့ ပေးအပ်ခဲ့ကြောင်း သတင်းရရှိပါသည်။

အလားတူ သထုံခရိုင်၊ ဘီးလင်းမြို့နယ်၊ အထက (ခွဲ) နှင်းပုလဲကျောင်း၌လည်း စားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေး ဟောပြောဆွေးနွေးပွဲအား စက်တင်ဘာ ၅ ရက်က ပြည်နယ် ဦးစီးမှူးရုံးမှ ဝန်ထမ်းများ၊ သထုံခရိုင် ဦးစီးမှူးရုံးမှ ဝန်ထမ်းများ၊ အစားအသောက်နှင့် ဆေးဝါးများ ကြီးကြပ်ကွပ်ကဲရေး ဦးစီးဌာန၊ မွန်ပြည်နယ်ရုံးမှ ဝန်ထမ်းများနှင့် သထုံခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ဝန်ထမ်းများ ပူးပေါင်း၍ ကျင်းပပြုလုပ်ခဲ့ရာ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူ ၃၅၀ ဦးတို့ တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။

ဟောပြော ဆွေးနွေးပွဲတွင် သထုံခရိုင် စားသုံးသူရေးရာ ဦးစီးဌာန ခရိုင်ဦးစီးမှူးက စားသုံးသူ ရေးရာ ဦးစီးဌာနနှင့် ပတ်သက်သော အကြောင်းအရာများအား လည်းကောင်း၊ အစားအသောက်နှင့် ဆေးဝါးများ ကြီးကြပ်ကွပ်ကဲရေး ဦးစီးဌာန မွန်ပြည်နယ်ရုံးမှ ဒုတိယကြီးကြပ်ရေးမှူး ဒေါ်ဖြူဖြူလွင်က စာသင်ကျောင်း မုန့်ဈေးတန်းများတွင် အစားအသောက် ဘေးအန္တရာယ်ကင်းရှင်းရေးအကြောင်း သိကောင်းစရာ ခေါင်းစဉ်ဖြင့် လည်းကောင်း၊ မွန်ပြည်နယ် စားသုံးသူရေးရာ ဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးအောင်ကျော်မင်းက ထုတ်ကုန်လုံခြုံ စိတ်ချရမှု အကြောင်း သိကောင်းစရာနှင့် ဘေးဥပဒ် အန္တရာယ်ရှိသော ထုတ်ကုန်များအကြောင်း ခေါင်းစဉ်ဖြင့်လည်းကောင်း အသီးသီး ဟောပြောဆွေးနွေးခဲ့ကြပြီး အခမ်းအနားအပြီးတွင် ကျောင်းသူ၊ ကျောင်းသားများအား ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ အထွေထွေ ဗဟုသုတ စာအုပ်များ ဝေငှခြင်း၊ နံရံကပ်ပိုစတာများ ခင်းကျင်းပြသခြင်းတို့ ပြုလုပ်ခဲ့ကြောင်း သတင်းရရှိပါသည်။

**မိုးမိုး (စားသုံးသူ-မွန်)**

# စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့နှင့် လုပ်ငန်းကော်မတီနှစ်ရပ်တို့၏ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ



ရန်ကုန်တိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့နှင့် စားသုံးသူတိုင်ကြားမှုလက်ခံ ဆောင်ရွက်ရေးလုပ်ငန်းကော်မတီ၊ ထုတ်ကုန်များ လုံခြုံစိတ်ချရမှုဆိုင်ရာလုပ်ငန်းကော်မတီတို့၏ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို အောက်တိုဘာလ ၃ ရက်က ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၊ အစည်းအဝေးခန်းမ (၃) ၌ ကျင်းပခဲ့ရာ ရန်ကုန်တိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့နှင့် လုပ်ငန်းကော်မတီ နှစ်ရပ်တို့မှ အဖွဲ့ဝင်များ စုစုပေါင်း ၂၄ ဦး တက်ရောက်ခဲ့ပါသည်။

အစည်းအဝေးတွင် ရန်ကုန်တိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး ဦးမြင့်ချိုက စားသုံးသူ အကာအကွယ်ပေးရေးလုပ်ငန်းနှင့် ပတ်သက်၍ ဩဂုတ်လ ၅ ရက်တွင် ကျင်းပခဲ့သည့် ပထမအကြိမ် အစည်းအဝေး ဆုံးဖြတ်ချက်များ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကိုလည်းကောင်း၊ တိုင်ကြားစာများ ဖြေရှင်းပေးမှုအခြေအနေနှင့် ပြည်တွင်းပြည်ပမှ အမှတ်တံဆိပ်ပါဆီများ၏ အမျိုးအစားဖော်ပြချက်နှင့် ကွဲလွဲနေသည့် စားဆီအရောများ ထိရောက်စွာ ကြီးကြပ်ကွပ်ကဲရန်နှင့် စားသုံးရန် သင့်မသင့်ဓာတ်ခွဲစစ်ဆေး ဆောင်ရွက်မှုအခြေအနေများကို တင်ပြဆွေးနွေးခဲ့ပါသည်။

တက်ရောက်လာကြသည့် အဖွဲ့ဝင်များက နိုင်ငံအတွင်း လုံခြုံစိတ်ချရသည့် စားသောက်ကုန်များရရှိနိုင်ရန် မြို့နယ်၊ မြို့စွန်များရှိ ပြည်ပမှ ဝင်ရောက်လာသည့် အမှတ်တံဆိပ်များကိုလည်း ဈေးကွက်ထဲတွင် တွေ့ရှိနေမှု၊ နားလည် တတ်ကျွမ်းသည့် အသိပညာရှင်၊ အတတ်ပညာရှင်များ လိုအပ်လျက်ရှိသည့်အခြေအနေ၊ စားသုံးသူ များ၏ တိုင်ကြားမှုများကို မြန်ဆန်စွာဖြေရှင်းဆောင်ရွက်ပေးရန် လိုအပ်မှုအခြေအနေ၊ ဥပဒေပြင်ဆင်ပြဌာန်းရန် စီစဉ်နေမှု၊ USAID အကူအညီဖြင့် စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေး အဖွဲ့များအတွက် စံပြလုပ်ထုံးလုပ်နည်း မူကြမ်း (SOP) ရေးဆွဲရန် ဆောင်ရွက်နေမှု၊ စားသုံးသူသတင်းပြန်ကြားရေးနှင့် လက်ခံဆောင်ရွက်ရေးဌာနများ Consumer Information and Complaint Center (CICC) ရုံးများ ဖွင့်လှစ်ရန်ရှိသည့် အခြေအနေတို့ကို ဆွေးနွေးခဲ့ကြပါသည်။

ထို့အပြင် ပြည်တွင်းထုတ် အမှတ်တံဆိပ်ဆီကို စစ်ဆေးရုံသာမက ပြည်ပမှဝင်ရောက်လာသည့် အမှတ်တံဆိပ်ဆီများကိုပါ စစ်ဆေးလိုကြောင်းနှင့် ပညာပေးကာလကြာမြင့်ခဲ့ပြီဖြစ်၍ အရေးယူမှုအပိုင်းကို ထိထိရောက်ရောက် ဆောင်ရွက်ရန်လိုအပ်ကြောင်းတို့ကိုလည်း ဆွေးနွေးခဲ့ပါသည်။

စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးမှ ညွှန်ကြားရေးမှူး ဦးမြင့်ချိုက ဈေးကွက်များတွင် ရောင်းချနေသည့် ပြည်တွင်း/ပြည်ပမှ အမှတ်တံဆိပ်ပါ စားသုံးဆီများကို နမူနာရယူပြီး ဓာတ်ခွဲစမ်းသပ်စစ်ဆေးပေးရန်နှင့် ဌာနဆိုင်ရာများမှ ဝိုင်းဝန်းထိန်းကျောင်းပေးစေလိုကြောင်း ဆွေးနွေးပြောကြားခဲ့ပါသည်။ ယခုအစည်းအဝေးတွင် ပထမအကြိမ် အစည်းအဝေး၏ ဆွေးနွေးချက်များအား ပြန်လည်တင်ပြဆွေးနွေးပြီး သုံးသပ်ခြင်းနှင့် ရှေ့လုပ်ငန်းစဉ်များ ဆောင်ရွက်မည့် အခြေအနေများကို ချမှတ်ခဲ့ကြပါသည်။ **စိုးစိုးဦး (စားသုံးသူ) ရန်ကုန်**


Du-Tazop 4.5
BETAREP-1
WINMERO 1000
ATOREM F 10
LYPIME
ANGIVAS
LDNIL 10
LYKAPANZOL
RV-TELPHA
Real Value Therapy Pharmaceuticals Co.,Ltd.
No.138, B(1), Ground Floor, New University Avenue Road, Bahan Tsp, Yangon, Myanmar. Ph: 01 553703


MIN ZAR NI
FISHERIES COMPANY LIMITED
M Z N
Min Zar Ni
Fish Meal
Premium Quality
No(4-Kha/1),Hlaing River Bank,Thaung Gyi Taung Quarter,
Industrial Zone (1),Part 6,Hlaing Thar Yar Township,Yangon, Myanmar.
Tel :01 684181,614182,684183,684220, Fax :01 684185
E-mail:fishery@minzarnigroup.com,exportsales@minzarnigroup.com
www.minzarnigroup.com


TOYO AIG ECL LOGISTICS (MYANMAR) CO., LTD.
Your Satisfaction is our future.
BUSINESS SCOPE
1. FREIGHT FORWARDING
2. CUSTOMS CLEARNANCE SERVICE
3. TRANSPORTATION
4. WAREHOUSING
5. CROSS BORDER
6. LOGISTICS & PRDJECT CARGO HANDLING
7. DOOR TO DOOR SERVICE
Toyo AIG ECL Logistics (Myanmar) Co., Ltd.
MGW Center, Suite 410, No. 170/176, Bo Aung Kyaw Street, Botataung Township, Yangon, Myanmar 11161.
Tel : +95-1-256591, 256593, 256860, 256580 Fax: +95-1-256867
E-mail: contacts@toyoaigecl.com


INA
International Noble Alliance Co.,Ltd

# ယင်းမာပင်မြို့၊ အမှတ်(၂၈)လုံခြုံရေး ရဲတပ်ဖွဲ့ခွဲတွင် စားသုံးသူအကာအကွယ်ပေးရေး ဟောပြောပွဲကျင်းပ၊ ခရိုင်အတွင်း အသိပညာပေး ဟောပြောပွဲများ (၄၄)ကြိမ်အထိ ဆောင်ရွက်ပြီးစီးခဲ့

ယင်းမာပင်ခရိုင် စားသုံးသူရေးရာ ဦးစီးဌာန၊ ဦးစီးမှူး ဦးသန်းပို ဦးဆောင်သည့် အဖွဲ့သည် စက်တင်ဘာ ၂၃ရက်က ယင်းမာပင်မြို့ အမှတ်(၂၈) လုံခြုံရေး တပ်ခွဲတွင် စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေး ဟောပြောပွဲ ကျင်းပခဲ့သည်။

အဆိုပါ ဟောပြောပွဲတွင် ခရိုင်ဦးစီးမှူး ဦးသန်းပို၊ ဦးသောင်းကြိုင်နှင့် ဒေါ်သူဇာကျော်တို့က စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာ သိကောင်းစရာများ၊ အန္တရာယ်ရှိ စားသောက်ကုန်များနှင့် အမှတ်တံဆိပ်မပါသည့် ကုန်ပစ္စည်းများ၊ ထုတ်ကုန် လုံခြုံစိတ်ချရမှု ဆိုင်ရာများ၊ အစားအသောက် ဘေးအန္တရာယ်ကင်းရှင်း ရေးဆိုင်ရာ သိမှတ်ဖွယ်ရာများစသည့် အကြောင်းအရာများကို အကျယ်တဝင့် ရှင်းလင်း ပြောကြားခဲ့ကြပါသည်။

အဆိုပါ ဟောပြောပွဲသို့ ရဲတပ်ဖွဲ့ဝင် ဝန်ထမ်းများနှင့် မိသားစုဝင်များ စုစု ပေါင်း ၁၄၀ဦး တက်ရောက်ခဲ့ပါသည်။ ဟောပြောပွဲအပြီးတွင် ခရိုင်ဦးစီးမှူးနှင့် အဖွဲ့သည် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှ ထုတ်ဝေသည့် ကောမက်စ် ဂျာနယ်နှင့် စားသုံးရန်မသင့်ဟု FDA မှ ထုတ်ပြန်ထားသည့် အစားအသောက် စာရင်းများကို ပေးအပ်ခဲ့ပါသည်။

စစ်ကိုင်းတိုင်း ဒေသကြီး၊ ယင်းမာပင်ခရိုင်၌ စက်တင်ဘာလအတွင်း စားသုံးသူ အကာအကွယ်ပေးရေးနှင့် အသိပညာပေး ဟောပြော ဆွေးနွေးပွဲများကို အကြိမ်၄၀ပြုလုပ်ရန် လျာထား သတ်မှတ်ခဲ့ရာ ၄၄ ကြိမ်အထိ ပြုလုပ်နိုင်ခဲ့သဖြင့် လျာထားချက်ထက် ပိုမိုဆောင်ရွက်နိုင်ခဲ့ပါသည်။

အဆိုပါ ဟောပြောပွဲများမှာ ပုလဲမြို့နယ်တွင် မူလတန်း သုံးကျောင်း၊ အ. လ. က (ခွဲ) ခြောက်ကျောင်း၊ အ. ထ. က (ခွဲ) တစ်ကျောင်း၊ ကျေးရွာနှစ်ရွာတို့တွင် လည်းကောင်း၊ ကနီမြို့နယ်တွင် မူလတန်း နှစ်ကျောင်း၊ မူလွန်ကျောင်း နှစ်ကျောင်း၊ အ. လ. က (ခွဲ) နှစ်ကျောင်း၊ ကျေးရွာနှစ်ရွာ အ. ထ. က နှစ်ကျောင်း၊ ရပ်ကွက် တစ်ရပ်ကွက်နှင့် ပြန်/ဆက်ရုံးတို့တွင် လည်းကောင်း၊ ဆားလင်းကြီး မြို့နယ်တွင် အ. မ. က ကျောင်း ခြောက်ကျောင်း၊ မူလွန်ကျောင်း တစ်ကျောင်း၊ အ. လ. က ကျောင်း တစ်ကျောင်း၊ ကျေးရွာနှစ်ရွာတို့တွင် လည်းကောင်း၊ ယင်းမာပင်မြို့နယ်တွင် အ. မ. က လေးကျောင်း၊ အ. လ. က (ခွဲ)ကျောင်း သုံးကျောင်း၊ ဘော်ဒါဆောင် တစ်ကျောင်း၊ အမှတ် (၂၈) လုံခြုံရေးရဲတပ်ဖွဲ့ခွဲနှင့် ဆီစက်၊ ဆန်စက် လုပ်ငန်းရှင်များနှင့်လည်း တွေ့ဆုံဆွေးနွေး ပညာပေး ဟောပြောခဲ့ပါသည်။

ယင်းမာပင်ခရိုင်အတွင်း ပြုလုပ်ခဲ့သည့် ဟောပြောပွဲများသို့ ဆရာ၊ ဆရာမ ၂၃၇ဦး၊ ကျောင်းသား၊ ကျောင်းသူ ၇၁၁၃ ဦး၊ ဈေးသည် ၂၃ဦး၊ လေ့လာသူ ၅၁၇ဦး၊ စုစုပေါင်း ၇၈၉၀ ဦး တက်ရောက်ခဲ့ကြောင်း သိရှိရပါသည်။

**သူဇာကျော်၊**
**ယဉ်ယဉ်ဝင်း (ယင်းမာပင်)**

■



## စစ်ကိုင်းတိုင်းဒေသကြီး စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

စစ်ကိုင်းတိုင်း ဒေသကြီး စားသုံးသူရေးရာ ဦးစီးဌာန ဦးစီးမှူးရုံး၊ အစည်းအဝေးခန်းမ၌ စက်တင်ဘာလ ၂၇ ရက်က စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ လုပ်ငန်းညှိနှိုင်း အစည်းအဝေး ကျင်းပပြုလုပ်ခဲ့ပါတယ်။

အဆိုပါ လုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး ဦးခင်ဇော်၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာ သံလွင်ထွန်း၊ တိုင်းရဲတပ်ဖွဲ့မှူးရုံးမှ ဒုတိယ ရဲမှူးကြီး ဦးအေးသိန်း၊ စက်မှု ကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနမှ ဒုတိယညွှန်ကြား ရေးမှူး ဦးရဲမြင့်၊ အသေးစား စက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးမြင့်နိုင်၊ တိုင်းပညာရေးမှူးရုံးမှ လက်ထောက် ညွှန်ကြားရေးမှူး ဦးအုန်းကျော်၊ တိုင်းစည်ပင် သာယာရေးအဖွဲ့မှ အမှုဆောင် အင်ဂျင်နီယာ ဒေါ်သန်း သန်းထွေး၊ တိုင်းစိုက်ပျိုးရေးဦးစီးဌာနမှ လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်စန်းစန်းမြင့်၊ တိုင်းကျေးလက် ဖွံ့ဖြိုးရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဥမ္မာခင်တို့နှင့်အတူ တိုင်းအဆင့် ဌာနဆိုင်ရာများမှ အဖွဲ့ဝင် များ၊ စစ်ကိုင်းတိုင်း ဆီစက်လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးထွန်းထွန်းဦး၊ စားသုံးသူရေးရာ ဦးစီးဌာနမှ ဝန်ထမ်းများ၊ စုစုပေါင်း ၂၄ ဦး တက်ရောက်ခဲ့ပါတယ်။

အစည်းအဝေး၌ စစ်ကိုင်းတိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌ၊ စီမံ/ဘဏ္ဍာဝန်ကြီး (ကိုယ်စား) အတွင်းရေးမှူး ဦးခင်ဇော်က စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို တစ်လတစ်ကြိမ် ကျင်းပပြုလုပ်လျက်ရှိကြောင်း၊ စားသုံးသူ အသိပညာပေး ဟောပြောဆွေးနွေးပွဲနှင့် နယ်တွေကို ကွင်းဆင်းသည့် အခါတိုင်း ရပ်ကွက်၊ ကျေးရွာများအထိ လူစည်ကားသည့် နေရာတွေမှာ စည်ပင်၊ စိုက်ပျိုးရေး၊ ပြန်/ဆက်၊ ကျေးလက် ရုံးအဖွဲ့များမှ သက်ဆိုင်ရာ ခရိုင်၊ မြို့နယ်များမှ စားသုံးသူရေးရာ ဦးစီးဌာန အဖွဲ့ဝင်များနဲ့ ပူးပေါင်း ချိတ်ဆက် ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ ဈေးကွက်အတွင်း တွေ့ရှိရသည့် စားသုံးရန်မသင့် စားသောက်ကုန်ပစ္စည်းများအကြောင်း၊ အမှတ်တံဆိပ်မပါတဲ့ စားသောက်ကုန်များကို မရောင်းချရန်နှင့် အမှတ်တံဆိပ်ကပ် ရောင်းချနိုင်ဖို့ရာ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားခဲ့ပါတယ်။ ထို့နောက် တက်ရောက်လာတဲ့ အဖွဲ့ဝင်တွေက စားသုံးသူ အကာအကွယ်ပေးရေး လုပ်ငန်းများနှင့် ရှေ့ဆက်လက် ဆောင်ရွက်မည့် လုပ်ငန်းများနှင့် ပတ်သက်၍ စိတ်ပါဝင်စားစွာ ဆွေးနွေးခဲ့ကြောင်း သိရှိရပါတယ်။

**သီတာဝင်း (မုံရွာ)**

## တောင်ကြီးမြို့၊ ဘုရားဖြူရပ်ကွက်ရှိ ကျောင်းများတွင် စားသုံးသူအသိပညာပေး ဟောပြောပွဲများ ကျင်းပ

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ စားသုံးသူရေးရာ ဦးစီး ဌာန၊ ရှမ်းပြည်နယ် ဦးစီးမှူးရုံးမှ ဦးခွန်ကျော်ဌေး ဦးဆောင်သော ဝန်ထမ်းများသည် ၂၀၁၆ခုနှစ်၊ စက်တင်ဘာလ ၂၉ ရက်က ရှမ်းပြည်နယ်၊ တောင်ကြီးမြို့၊ ဘုရားဖြူ ရပ်ကွက်အတွင်းရှိထီသိမ်ရွှေ(တောင်) အ. ထ. က(ခွဲ) နှင့် ဘုရားဖြူ (မြောက်) အ. လ. က(ခွဲ) ကျောင်းများတွင် စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲများကို ကျင်းပပြုလုပ်ခဲ့ရာ ကျောင်းအုပ်ကြီးများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ကြပါသည်။



အဆိုပါ ဟောပြောပွဲများတွင် ဦးခွန်ကျော်ဌေး(ရုံးအုပ်) က စားသုံးသူရေးရာ ဥပဒေအကြောင်း သိကောင်းစရာများနှင့် ဝန်ဆောင်မှုများအကြောင်းကို လည်း ကောင်း၊ ဒေါ်နန်းခမ်းခြူးက ဓာတုဆိုးဆေး အန္တရာယ်နှင့် ကင်ဆာဖြစ်ပွားစေနိုင်သော စားသောက်ကုန်များ အကြောင်းကိုလည်းကောင်း၊ ဒေါ်မိုးသဥ္ဇာလွင်က ကင်ဆာ ဖြစ်စေနိုင်သော အမူအကျင့်များ အကြောင်းတို့ကိုလည်းကောင်း စိတ်ဝင်စားဖွယ်ဖြစ်အောင် ပရိုဂျက်တာများဖြင့် အသိပညာပေး ဆွေးနွေးဟောပြောခဲ့ကြပါသည်။ ဟောပြောပွဲများသို့ အထက(ခွဲ) ထီသိမ်ရွှေ(တောင်)ကျောင်းတွင် အင်အား ၅၃၃ ဦး နှင့် အ. လ. က(ခွဲ) ဘုရားဖြူ(မြောက်)တွင် အင်အား ၂၅၂ ဦး တို့က စိတ်ပါဝင်စားစွာ တက်ရောက်ခဲ့ကြပါသည်။ ဟောပြောပွဲသို့ တက်ရောက်လာသူများ၏ သိရှိလိုသော မေးမြန်းချက်များကို ဦးခွန်ကျော်ဌေးက ဖြေကြားပေးခဲ့ပြီး သက်ဆိုင်ရာ ကျောင်းအုပ်ကြီးများထံသို့ စားသုံးသူ အကာအကွယ်ပေးရေး ဥပဒေစာအုပ်နှင့် လက်ကမ်း စာစောင်များ၊ တိုင်ကြားမှုပုံစံများကို ပေးအပ်ခဲ့ကြောင်း သိရှိရပါသည်။

**ထူးဗိုလ် (တောင်ကြီး)**

## ကရင်ပြည်နယ်၊ စားသုံးသူရေးရာဦးစီးဌာန ဝန်ထမ်းများ၏ စွမ်းဆောင်ရည် မြှင့်တင်ရေးသင်တန်း( ၃/၂၀၁၆) ဖွင့်လှစ်

ကရင်ပြည်နယ် စားသုံးသူရေးရာဦးစီးဌာန ပြည်နယ်ဦးစီးမှူးရုံး၌ ဝန်ထမ်းများ ၏ စွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်း(၃/၂၀၁၆) ကိုစက်တင်ဘာ ၂၆ ရက်မှ ၃၀ ရက်အထိ ဖွင့်လှစ်ခဲ့ရာ ပြည်နယ်ရုံး၊ ဘားအံခရိုင်ရုံး၊ မြဝတီခရိုင် ရုံးနှင့် ကော့ကရိတ်မြို့နယ်ရုံးတို့မှ ဝန်ထမ်း ၂၂ဦး တက်ရောက်ခဲ့ပါတယ်။

အဆိုပါ သင်တန်းတွင် စားသုံးသူ အကာအကွယ်ပေးရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် ဝန်ထမ်းများ အားလုံးပါဝင်ဆောင်ရွက်နိုင်ရေးနဲ့ လက်တွေ့ ဟောပြောနိုင်ရေး အတွက် သင်ခန်းစာများ ပို့ချခြင်း၊ ဟောပြောခြင်း၊ လေ့ကျင့်မှုများ ပြုလုပ်ခြင်း ၊ တစ်ယောက်ချင်း ဟောပြောခြင်း၊ အုပ်စုဖွဲ့ ဟောပြောခြင်း၊ စားသုံးသူ ပြည်သူများအား အသိပညာပေးရာတွင် နားလည်အောင် ရှင်းလင်းဟောပြောတတ်စေရန် စသည့် သင်ခန်းစာများကို ကရင်ပြည်နယ် စားသုံးသူရေးရာဦးစီးဌာန ပြည်နယ် ဦးစီးမှူး ဦးတင့်ဆန်းမှကြီးမှူးပြီး သင်တန်းနည်းပြများအဖြစ် ပြည်နယ် ဦးစီးမှူး၊ လက်ထောက် ညွှန်ကြားရေးမှူး၊ ဦးစီးအရာရှိနှင့် ဦးစီးမှူးတို့က သင်ကြားပို့ချခဲ့ကြောင်း သတင်းရရှိပါတယ်။

အဆိုပါ သင်တန်းကို ဖွင့်လှစ်ရခြင်းမှာ စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်နေသည့် ဝန်ထမ်းများအနေဖြင့် စားသုံးသူ အကာအကွယ်ပေးရေး လုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်နိုင်ရေးအတွက် လက်တွေ့ ဟောပြောခြင်းတို့တွင် စွမ်းဆောင်ရည် မြှင့်တက်လာစေရန် ရည်ရွယ်၍ ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း သိရပါတယ်။

**ခင်ကြည် (ကရင်ပြည်နယ် ၊ စားသုံးသူ)**

# &ufo wpf

|စံမီအောင်|



အောက်တိုဘာ ၃ရက်တွင် ကုန်ဆုံးသော ရက်သတ္တပတ်အတွင်း အိန္ဒိယပဲဈေးကွက်၏ အခြေအနေကို ကြည့်ပါက ရရှိထားသော သတင်းအချက်အလက် အချို့မှာ ယခင် ရက်သတ္တပတ် အခြေအနေအတိုင်း ပြောင်းလဲမှု မရှိသေးသည်ကို တွေ့ရသည်။

အိန္ဒိယ မိုးစိုက်ပဲ စိုက်ပျိုးမှု အခြေအနေနှင့် အိန္ဒိယနိုင်ငံသို့ ဩစတြေးလျ နိုင်ငံမှ ကုလားပဲ တင်ပို့မှု အခြေအနေ စသည်တို့နှင့် ပတ်သက်သော ကိန်းဂဏန်း အချက်အလက်များမှာ ယခင် သီတင်းပတ်အတိုင်းပင် ဖြစ်သည်။ အလားတူ မတ်ပဲနှင့် ပဲတီစိမ်း စိုက်ပျိုး ထုတ်လုပ်မှု၊ ပဲလုံးအပါအဝင် အခြားပဲများ၏ စိုက်ပျိုးထုတ်လုပ်မှု အခြေအနေမှာ ယခင် ရက်သတ္တပတ်က အတိုင်းပင် ဖြစ်သည်။ အလားတူပင် အရန်သိုလှောင်မှုနှင့် ပတ်သက်၍ အစိုးရ၏ ဆုံးဖြတ်ချက်မှာလည်း တစ်စုံတစ်ရာ ပြောင်းလဲမှု မရှိသေးပေ။

အောက်တိုဘာ ၃ရက်တွင် ကုန်ဆုံးသော ရက်သတ္တပတ်အတွင်း ပဲလက်ငင်း ဈေးကွက်၌ ပဲတီစိမ်းမှအပ အခြားပဲများ၏ ဈေးမှာ အနည်းငယ် မာလျက်ရှိသည်။ ရောင်းလိုအားနှင့် ဝယ်လိုအား ကွာဟ ခြင်း၊ ပြည်ပမှ တင်သွင်းသော ပမာဏ နည်းပါးခြင်းနှင့် ပုဂ္ဂလိက ကုန်သည်တို့က သိုလှောင်ထားသော ပဲများအား ပြန်လည် ရောင်းချမှု နည်းပါးခြင်းတို့ကြောင့် ကုလားပဲဈေးမှာ တစ်ကွင်တယ်ကို ရူပီး ၂၅၀ မှ ၃၅၀ သို့ မြင့်တက်ခဲ့သည်။ ပဲစင်းငုံ၊ ပဲတီစိမ်းနှင့် မတ်ပဲတို့ အပါအဝင် မိုးစိုက်သီးနှံများမှာ လာမည့် ရက်သတ္တပတ်များတွင် ဈေးကွက်အတွင်းသို့ ပိုမိုဝင်ရောက်လာတော့မည် ဖြစ်သော်လည်း ဈေးနှုန်းမှာ အများကြီး ကျဆင်းသွားနိုင်ဖွယ် မရှိပါ။

အိန္ဒိယ အဓိကစိုက်ပျိုးရေး ခရိုင်များမှ သီးနှံသစ်များ ဝင်ရောက်မည်ဟု ဈေးကွက်တွင် လှုပ်ရှားနေသူတို့က ခန့်မှန်းထားသည်။ အလားတူပင် လာမည့် နှစ်လအတွင်း တင်သွင်းရန် သတ်မှတ်ထားခဲ့သည့် ပဲများ၏ တင်သွင်းမှု အရေအတွက်မှာလည်း မြင့်မားလာမည် ဖြစ်သဖြင့် ပဲဈေးနှုန်းများ မြင့်တက်လာဖွယ် မရှိကြောင်း ဈေးကွက်တွင်းရှိ ဝယ်ရောင်းသမားတို့က ခန့်မှန်းသည်။ အခြားသော ပဲများ၏ ရောင်းဈေးမှာလည်း အနိမ့်ဆုံး ထောက်ပံ့သော ဈေးနှုန်း (MSP) ဝန်းကျင်သာ ရှိမည်ဖြစ်သကဲ့သို့ တင်သွင်းမည့် ပဲအရေအတွက် မြင့်တက်မှုနှင့် မိုးစိုက်သီးနှံ အထွက်ကောင်းမွန်မှုတို့ကြောင့် ပဲဈေး မြင့်တက်မှုကို အဟန့်အတား ဖြစ်စေနိုင်ပါသည်။

ဆောင်းရာသီအတွက် အနိမ့်ဆုံး သီးနှံထောက်ပံ့ဈေးနှုန်း (MSP) ကို တစ်ကွင်တယ်လျှင် ၄၇၅ ရူပီးနှုန်းအထိ မြှင့်တင်ပေးရန် အစိုးရ၏ ဈေးနှုန်းသတ်မှတ်ရေး အကြံပေးအဖွဲ့က ထောက်ခံတင်ပြထားသည်။ ဆောင်းရာသီစိုက် ပဲနီလေးနှင့် ကုလားပဲတို့၏ (MSP) ဈေးနှုန်းကို ၄၇၅ ရူပီး မြှင့်တင်ပြီး တစ်ကွင်တယ်ကို ရူပီး ၃၈၀၀ နှင့် ရူပီး ၃၉၀၀ အသီးသီးပေးရန် အဖွဲ့က အကြံပြုထားသည်။

အိန္ဒိယနိုင်ငံသို့ ပဲတင်ပို့လျက်ရှိသော ဩစတြေးလျနိုင်ငံအတွင်းရှိ ကုလားပဲစိုက်ပျိုးရာဒေသများတွင် မိုးအဆက်မပြတ် ရွာသွန်းလျက်ရှိသဖြင့် ရိတ်သိမ်းရန် လက်ကျန် သီးနှံများအတွက် အခက်အခဲနှင့် ကြုံတွေ့စေနိုင်ပြီး ပဲအရည်အသွေး ပျက်စီးမည်ကို စိုးရိမ်လျက်ရှိသည်။ မွမ်ဘိုင်းတွင် ပဲစင်းငုံဈေးများ တစ်ကွင်တယ်ကို ရူပီး ၇၁၀၀ ရှိသည်။ ကုလားပဲဈေးက တစ်ကွင်တယ်ကို ရူပီး ၉၄၀၀ ရှိသည်။ မြန်မာပဲစင်းငုံ CNF ဈေးက တစ်ကွင်တယ်ကို အမေရိကန် ဒေါ်လာ ၉၉၅၊ FAQက အမေရိကန် ဒေါ်လာ ၁၂၂၀နှင့် SQ က အမေရိကန် ဒေါ်လာ ၁၂၅၅ ရှိသည်။ မွမ်ဘိုင်းတွင် ဩစတြေးလျ ကုလားပဲ၏ ပေါက်ဈေးမှာ တစ်ကွင်တယ်ကို ၉၇၅၀ ရူပီး ရှိသည်။ တန်ဇန်နီးယားနှင့် အီသီယိုးပီးယား ကုလားပဲဈေးမှာ တစ်ကွင်တယ်ကို ရူပီး ၉၆၀၀ နှင့် ၉၄၀၀ ဖြစ်သည်။

ပြည်တွင်း ဈေးကွက်တွင် ကုလားပဲ ဈေးက ပုံမှန် ရှိနေမည်။

ကနေဒါပဲလုံး ပေါက်ဈေးက တစ်ကွင်တယ်ကို ၂၄၂၅ ရူပီးနှင့် ၂၄၅၀ ရူပီးကြား၊ ရုရှားပဲလုံး ပေါက်ဈေးက တစ်ကွင်တယ်ကို ၂၃၀၁ ရူပီးနှုန်း ရှိသည်။ ဈေးနှုန်းသတ်မှတ်ရေး အဖွဲ့က ဆောင်းရာသီစိုက် ကုလားပဲနှင့် ပဲနီလေးအတွက် MSP ကို တိုးပေးရန် ထောက်ခံတင်ပြထားသည့်အတွက် ဆောင်းရာသီစိုက် သီးနှံများလည်း တိုးလာမည် ဖြစ်သည့်အတွက် ဈေးနှုန်းများ ကျဆင်းမည့် အလားအလာ ရှိနေသည်။

အောက်တိုဘာ ၆ရက်က ထုတ်ပြန်သော အဂရီဝပ်ချ် ပဲနေ့စဉ် အစီရင်ခံစာအရ ပဲထုတ်လုပ်သော ပြည်နယ်များတွင် ရာသီဥတု ဆိုးရွားနေခြင်းနှင့် ပွဲတော်ကာလ ဝယ်လိုအား ဆက်လက်မြင့်တက်နေခြင်းတို့ကြောင့် လက်ငင်း ဈေးကွက်ရှိ ဈေးနှုန်းမြင့်တက်မှုကို အထောက်အကူ ဖြစ်စေသည်။ သီးနှံအသစ်များကြောင့် ယခုလကုန်မှ စတင်ပြီး ဈေးနှုန်းများအပေါ် အကျိုးသက်ရောက်မှုများ ရှိစေနိုင်သည်။ လောလောဆယ် အိန္ဒိယနိုင်ငံတွင် မိုးရွာနေသည့်အတွက် သီးနှံရိတ်သိမ်းရေး လုပ်ငန်းများနှင့် ဈေးကွက်သို့ သီးနှံဝင်ရောက်မှုကို နှောင့်နှေးစေပြီး ဈေးနှုန်းများကိုမြင့်တက်စေနိုင်သည်။

အစိုးရဝယ်ယူ ဖြည့်တင်းရေး အေဂျင်စီများက အောက်တိုဘာ ၂ရက်အထိ ပဲ အမျိုးမျိုး ၃၇၄၀ ဒသမ ၄၇တန်အထိ ဝယ်ယူ ခဲ့သည်။ ပဲတောင်သူတို့ သီးနှံရောင်းချရာတွင် (MSP) ဈေးနှုန်းအတိုင်း ရရှိစေရန်အတွက် တောင်သူများထံမှ မိုးစိုက်ပဲများကို ဝယ်ယူကြရန် Food Corporation of India (FCI) နှင့် National Agricultural Cooperative Marketing Federation of India (NAFED) တို့ကို ဗဟိုအစိုးရက ညွှန်ကြားထားသည်။ လောလောဆယ်တွင် အေဂျင်စီ နှစ်ခုစလုံးက ပဲတီစိမ်းနှင့် မတ်ပဲကို ဝယ်ယူလျက်ရှိပြီး ပဲစိုက်ပျိုးသော ပြည်နယ်များတွင် ပဲဝယ်ယူရေး စင်တာများကိုလည်း တိုးချဲ့ ဖွင့်လှစ်လျက် ရှိသည်။ ယခု အချိန်ထိ FCI က ၃၁၀၇၅ဒသမ ၃၄ တန် နှင့် NAFED က ၂၆၆၅ ဒသမ ၁၃တန်ကို ဝယ်ယူထားပြီး ဖြစ်သည်။

လက်ရှိ မိုးစိုက်ပဲများ အနက်မှ အစိုးရက မက်ထရစ်တန် ၅၀၀၀၀ ဝယ်ယူရန် သတ်မှတ်ထားသည်။

# သီးနှံထွက်နှုန်း စံချိန်တင်မြင့်တက်သဖြင့် ကမ္ဘာ့စားနပ်ရိက္ခာ တင်သွင်းမှုစရိတ်ကျဆင်း

အပြည်ပြည်ဆိုင်ရာ အတိုင်းအတာဖြင့် ကုန်သွယ်မှု ပြုနေသော လယ်ယာစိုက်ပျိုးရေး ကုန်စည်များ အထူးသဖြင့် အဓိက စားသုံးသီးနှံများ၏ ဈေးနှုန်းများမှာ ကျဆင်းပြီး တည်ငြိမ်လျက်ရှိနေသည့်အတွက် ကမ္ဘာ့စားနပ်ရိက္ခာ တင်သွင်းမှုအတွက် ကုန်ကျစရိတ်သည် ခြောက်နှစ်အတွင်း အနိမ့်ဆုံးဈေးအထိ ကျဆင်းမည်ဟု ခန့်မှန်းထားကြောင်း အောက်တိုဘာ ၆ရက်က ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် လယ်ယာစိုက်ပျိုးရေး အဖွဲ့ (အက်ဖ်အေအို) ၏ သတင်း ထုတ်ပြန်ချက်တွင် ဖော်ပြသည်။

“ ဒီနှစ်မှာ ဂျုံနဲ့ဆန်စပါး ထုတ်လုပ်မှုက စံချိန်တင် မြင့်တက်ပါတယ်။ ပြောင်းအထွက်လည်း ပြန်လည် ဦးမော့လာပါတယ်။ ဒါကြောင့် သီးနှံလက်ကျန်တွေ အလျှံအပယ်ဖြစ်ပြီး ဈေးနှုန်းတွေ ကျဆင်းပါတယ် ” ဟု အက်ဖ်အေအို၏ သတင်းထုတ်ပြန်ချက်တွင် ဖော်ပြသည်။

၂၀၁၆ ခုနှစ် စုစုပေါင်း အစားအစာ တင်သွင်းမှုတန်ဖိုးက (အမေရိကန် ဒေါ်လာနဲ့တွက်ရင်) ၁၁ ရာခိုင်နှုန်း ကျဆင်းပြီး အမေရိ ကန်ဒေါ်လာ ၁ဒသမ ၁၆၈ ထရီလီယံအထိ ရှိသည်။ အထူးသဖြင့် တိရစ္ဆာန် မွေးမြူရေး ထုတ်ကုန်များ၊ သီးနှံ အခြေပြု အစားအစာများ၏ ဈေးနှုန်းများ ကျဆင်းမှုကငါး၊ အသီးနဲ့ ဟင်းသီးဟင်းရွက်၊ ရေနံနဲ့ သကြားများ၏ ဈေးနှုန်းမြင့်တက်မှုထက် ကျော်လွန်ခဲ့တဲ့အတွက် ဖြစ်ကြောင်း အက်ဖ်အေအိုက ပြောသည်။

သို့သော်လည်း စီးပွားရေးအရ အားနည်းချို့တဲ့သော နိုင်ငံများတွင် ပြည်တွင်းငွေကြေးများ၏ တန်ဖိုးများ ကျဆင်းနေသည့်အတွက် ထိုနိုင်ငံများတွင် ဈေးနှုန်းကျဆင်းမှု နှေးကွေးမည်ဟု အက်ဖ်အေအိုက ခန့်မှန်းသည်။

၂၀၁၆ ခုနှစ်၌ ကမ္ဘာ့သီးနှံ အထွက်နှုန်းသည် ယခင်နှစ်ကထက် တန် ၂၅၆၉ သန်း သို့မဟုတ် ၁ဒသမ ၅ ရာခိုင်နှုန်း တိုးတက်မှုသာလျှင် လက်ရှိ သိုလှောင်လက်ကျန်ကို ဆက်လက် ထိန်းထားနိုင်မည်ဖြစ်ကြောင်း အက်ဖ်အေအိုက ပြောသည်။ အိန္ဒိယ၊ အမေရိကန် ပြည်ထောင်စုနှင့် ရုရှားနိုင်ငံတို့ တွင် ဂျုံအထွက်နှုန်း တိုးတက်သည့်အတွက် ကမ္ဘာ့ဂျုံအထွက် နှုန်းမှာ ၇၄၂ ဒသမ ၄သန်း ရှိမည်ဟု ခန့်မှန်းထားသည်။

အလားတူပင် ကမ္ဘာ့ဆန်ထုတ်လုပ်မှုမှာလည်း ၁ဒသမ ၃ ရာခိုင်နှုန်း မြင့်တက်ပြီး တန်ချိန် ၄၉၇ ဒသမ ၈ သန်း ရှိမည်ဟု ခန့်မှန်းထားရာ သုံးနှစ်အတွင်း အမြင့်ဆုံးအဖြစ် ရောက်ရှိခြင်းဖြစ်သည်။ ဤကဲ့သို့မြင့်တက်ခဲ့ရခြင်းမှာ မုတ်သုံမိုး ကောင်းမွန်မှုနှင့် အာဖရိကတွင် မိုးရွာသွန်းမှု မြင့်တက်ခြင်းတို့ကြောင့် ဖြစ်သည်ဟု ခန့်မှန်းကြ သည်။ တိရစ္ဆာန် ကျွေးမွေးသော သီးနှံများ၏ အထွက်နှုန်း များမှာ လည်း ၁ဒသမ ၈ ရာခိုင်နှုန်း ပိုမိုခဲ့သည်။

ပဲပုပ်နှင့် အခြားဆီထွက် သီးနှံတို့၏ အထွက်နှုန်းမှာလည်း မြင့်တက်မည်ဟု ခန့်မှန်းထားရာ ယခုနှစ်အတွင်း အဆိုပါ သီးနှံများ၏ ထုတ်လုပ်မှုမှာလည်း အမြင့်ဆုံး အခြေအနေသို့ရောက်ရှိနိုင်သည်။

ကမ္ဘာ့ ငါးထုတ်လုပ်မှုမှာလည်း ၁ဒသမ ၈ရာခိုင်နှုန်း သို့မဟုတ် တန် ၁၇၄ သန်း ပိုမိုလာမည်ဟု ခန့်မှန်းသည်။ သို့သော်လည်း အယ်လ်နီညို ရာသီဥတုကြောင့် ဆာဒင်း၊ ကင်းမွန်နှင့် အချို့ငါးများ အပါအဝင် ပင်လယ်ပြင်မှ သဘာဝငါးအရိုင်း ဖမ်းဆီးမှုမှာ သုည ဒသမ ၉ရာခိုင်နှုန်း ကျဆင်းမည်ဟု ခန့်မှန်းရသည်။ အရှေ့တောင်အာရှ ဈေးကွက်မှာ ဝက်သားဝယ်လိုအား မြင့်တက်မှုက ၂၀၁၆ ခုနှစ်တွင် ဝက်သား ဈေးနှုန်းမြင့်တက်မှုရှိအောင် အထောက်အကူ ဖြစ်နိုင်ပါသည်။

အစားအစာဈေးနှုန်း အညွှန်းကိန်းသည် စက်တင်ဘာတွင် ပျမ်းမျှ ၁၇၀ ဒသမ ၉ရာခိုင်နှုန်းမှတ်အထိ ရောက်ရှိခဲ့ရာ ဩဂုတ်ထက် ၂ဒသမ ၉ ရာခိုင်နှုန်းနှင့် ယခင်နှစ် ကာလတူထက် ၁၀ ရာခိုင်နှုန်း ပိုမိုခဲ့သည်။

သကြားဈေးနှုန်း အညွှန်းကိန်းနှင့် ဟင်းရွက်ဆီ ဈေးနှုန်း အညွှန်းကိန်းတို့မှာ ဩဂုတ်နှင့် နှိုင်းယှဉ်ပါက စက်တင်ဘာတွင် ၆ဒသမ ၇ရာခိုင်နှုန်းနှင့် ၂ဒသမ ၉ရာခိုင်နှုန်း အသီးသီး မြင့်တက်ခဲ့ သည်။ အသားဈေးနှုန်း အညွှန်းကိန်းမှာမူ ပြောင်းလဲမှု မရှိပါ။

သီးနှံဈေးနှုန်း အညွှန်းကိန်းမှာမူ ယခင်လနှင့် နှိုင်းယှဉ်ပါက ၁ဒသမ ၉ရာခိုင်နှုန်း ကျဆင်းပြီး ယခင်နှစ် ကာလတူနှင့် နှိုင်းယှဉ် ပါက ၈ဒသမ ၉ ရာခိုင်နှုန်း ကျဆင်းခဲ့သည်။

ဉာဏ်တင်

## ပိုမိုယှဉ်ပြိုင်နိုင်စွမ်းရှိစေမည့် ငွေကြေးမူဝါဒကို ချမှတ်ရန် ဖိလစ်ပိုင် ပို့ကုန်လုပ်ငန်းရှင်များ ကွန်ဖက်ဒရေးရှင်းကော်မတီက တိုက်တွန်း

ဖိလစ်ပိုင်ငွေကြေး ပီဆိုကို ပိုမိုယှဉ်ပြိုင်နိုင်စွမ်း ရှိစေပြီး၊ တစ်ချိန်တည်းမှာ အလုပ်အကိုင် အမြောက်အမြားကို ဖန်တီးပေးမည့် ငွေကြေးမူဝါဒကို ချမှတ်ရန် ဖိလစ်ပိုင် ပို့ကုန်လုပ်ငန်းရှင်များ ကွန်ဖက်ဒရေးရှင်း ကော်မတီ (Philippine Exporters Confederation Inc.) က ဖိလစ်ပိုင်ဗဟိုဘဏ်ကိုတိုက်တွန်းကြောင်း ဖိလစ်ပင်းစတားသတင်းတွင် ဖော်ပြသည်။

ဖိလစ်ပိုင်နိုင်ငံ၏ ပို့ကုန်လုပ်ငန်းများသည် ယခုနှစ် ဇူလိုင်အထိ ၁၆လ ဆက်တိုက်ကျဆင်းခဲ့ပြီးနောက် ကွန်ဖက်ဒရေးရှင်း၏ တိုက်တွန်းချက် ထွက်ပေါ်ခဲ့ခြင်းဖြစ်သည်။

ပို့ကုန်ကျဆင်းမှုဒဏ်ကို ခံနိုင်ပြီး အလုံးစုံပါဝင်သော ဖွံ့ဖြိုးမှုအတွက် တွန်းအားပေး ဆောင်ရွက်ရာတွင် အထောက်အကူ ပြုနိုင်ရန်အတွက် ဖိလစ်ပိုင်ဗဟိုဘဏ်သည် ယှဉ်ပြိုင်နိုင်စွမ်းရှိသောငွေလဲနှုန်းကို သတ်မှတ်နိုင်ပါက ပို့ကုန်လုပ်ငန်းကဏ္ဍက အကျိုးအမြတ် ဖြစ်ထွန်းအောင် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ကွန်ဖက်ဒရေးရှင်း ဥက္ကဋ္ဌ ဆာဂီယိုအောတစ်လူးဝစ်ဂျူနီယာက ပြောသည်။

ဤသို့ ဆောင်ရွက်နိုင်ပါက အောက်ဆို့ဇင်း (Outsourcing) လုပ်ငန်း၊ ပင်လယ်ရပ်ခြားသို့ သွားရောက်လုပ်ကိုင်သော ဖိလစ်ပိုင်လုပ်သားများနှင့် ခရီးသွားလုပ်ငန်းတို့ အပါအဝင် ဒေါ်လာငွေကြေးကို ရှာဖွေပေးသော အခြား လုပ်ငန်းများကိုလည်း အကျိုးအမြတ် ရှိစေမည်ဖြစ်သည်။

"ကျွန်တော်တို့ ရည်ရွယ်ထားတာက ဒီမူဝါဒကို အကောင်အထည်ပေါ်အောင် ဆောင်ရွက်ဖို့ဖြစ်ပါတယ်။ နောက်တစ်ချက်က အလုံးစုံဖွံ့ဖြိုးပြီး အလုပ်အကိုင် အပြည့်အဝရရှိရေး ဆိုတဲ့ ရည်မှန်းချက်ကို ဖိလစ်ပိုင်ဗဟိုဘဏ်ရဲ့ အခြားအရေးပါတဲ့ ရည်မှန်းချက်အဖြစ်ထားရှိပြီး ဈေးနှုန်းတည်ငြိမ်မှုကို ထိန်းသိမ်းထားဖို့ ဖြစ်ပါတယ်"ဟု အောတစ်လူးဝစ်က ပြောသည်။

ဤသို့ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ဗဟိုဘဏ်ဥပဒေကိုပြင်ဆင်မှသာ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း သူက ပြောသည်။

# တရုတ်ယွမ်ငွေကြေး ကမ္ဘာ့ဈေးကွက်ဝင်လာမှုကြောင့် ဗီယက်နမ်စီးပွားရေးကို ဂယက်ရိုက်ခတ်နိုင်



တရုတ်ယွမ်ငွေကြေးသည် အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ (အိုင်အမ်အက်ဖ်) ၏ အရန်ငွေကြေး အုပ်စုတွင် ပါဝင်လာမှုကြောင့် ကမ္ဘာတစ်ဝန်းရှိ ဘဏ္ဍာရေးဈေးကွက်ကို ဂယက်ရိုက်ခတ်မှုရှိခဲ့ရာ ဗီယက်နမ်နိုင်ငံလည်း ထိုအခြေအနေမှ လွတ်ကင်းမှုမရှိဘဲ ပါဝင်လျက်ရှိကြောင်း ဗီယက်နမ်နယူးစ်သတင်းတွင် ဖော်ပြသည်။

အိုင်အမ်အက်ဖ်မှ ထုတ်ပေးသော ချေးငွေကို လက်ခံရယူရာတွင် အိုင်အမ်အက်ဖ်၏ အထူးထုတ်ယူခွင့် (အက်စ်ဒီအာ) စာရင်းဝင် ငွေကြေးများအဖြစ် အမေရိကန်ဒေါ်လာ၊ ယူရို၊ ယန်းနှင့် ဗြိတိသျှ စတာလင်ပေါင်တို့နှင့်အတူ ယွမ်ငွေကြေးသည်လည်း အောက်တိုဘာ ၁ ရက်မှ စတင်ပါဝင်လာခဲ့သည်။

ဤကဲ့သို့ အက်စ်ဒီအာ ငွေကြေးအုပ်စုတွင် ယွမ်ငွေကြေး ပါဝင်လာခြင်းဖြင့် ဗီယက်နမ်စီးပွားရေးအပေါ်တွင် အပြုသဘောနှင့် အပျက်သဘောဂယက်ရိုက်ခတ်မှု နှစ်ခုစလုံး ခံစားလာနိုင်ဖွယ်ရှိကြောင်း စီးပွားရေးပညာရှင် ငုယင်မင်းဖောင်က ပြောသည်။

တရုတ်ယွမ်ငွေကြေးကို လူကြိုက်ပိုများလာပြီးငွေကြေးတန်ဖိုး ပိုမိုတည်ငြိမ်ကာ ခိုင်မာမှုရှိလာမည်ဆိုပါက ဗီယက်နမ် နှင့် တရုတ် စီးပွားရေးလုပ်ငန်းများသည် အပြည်ပြည်ဆိုင်ရာ ငွေပေးချေမှုများပြုလုပ်ရာတွင် ဒေါ်လာငွေကြေးကို သုံးစွဲရန်လိုတော့မည် မဟုတ်ပေ။ ဤကဲ့သို့ပြောင်းလဲမှုကြောင့် နှစ်နိုင်ငံ ငွေပေးချေမှုနှင့် ကုန်သွယ်မှုဆက်ဆံရေးများတွင်လည်း တည်ငြိမ်မှု ရရှိလာနိုင်သည်။

သို့သော်လည်း ယွမ်ကို အရန်ငွေကြေးအဖြစ်ထားရှိမှု မြင့်မားလာမည်ဆိုပါက ဗီယက်နမ်ငွေကြေး မူဝါဒချမှတ်ရာတွင် တရုတ်နိုင်ငံက လွှမ်းမိုးလာမည်ကို ဖောင်က စိုးရိမ်လျက်ရှိသည်။ အထူးသဖြင့် ဗီယက်နမ်စီးပွားရေးလုပ်ငန်းများမှာ ရှယ်ယာများကို ထုတ်ဝေရောင်းချရန် စီစဉ်ထားပြီး ဖြစ်သဖြင့် ဗီယက်နမ်ကုမ္ပဏီ ရှယ်ယာအများစုကို တရုတ်တို့က ဝယ်ယူလာမည်ကိုလည်း သူကစိုးရိမ်မိသည်။ ထို့ကြောင့် ဗီယက်နမ် နိုင်ငံခြားအရန်ငွေကြေးတွင် ယွမ်ငွေကြေး အချိုးအစားပါဝင်မှုအချိုးကို စိစစ်ထိန်းသိမ်းရန် ဖောင်က တိုက်တွန်းသည်။

သို့သော်လည်း အိုင်အမ်အက်ဖ် အထူးထုတ်ယူခွင့် ငွေကြေးတွင်ပါဝင်မှုကြောင့် ရေတိုတွင် ဗီယက်နမ် ကုန်သွယ်မှုကို ထိခိုက်နိုင်ဖွယ်မရှိကြောင်း ဗီယက်နမ်သွင်းကုန်နှင့် ပို့ကုန်လုပ်ငန်းရှင်များက ပြောသည်။

# ကမ္ဘာ့ကော်ဖီတင်ပို့မှုတွင် အင်ဒိုနီးရှားနိုင်ငံက အဓိကနေရာ ရောက်လာမည်



လောလောဆယ်တွင် အင်ဒိုနီးရှားနိုင်ငံသည် ကမ္ဘာ့ကော်ဖီဈေးကွက်၌ စတုတ္ထအများဆုံး ထုတ်လုပ်သည့်နိုင်ငံဖြစ်သည်။ လက်ရှိဖြစ်ပေါ်နေသော အခြေအနေကို အခြေခံစဉ်းစားခြင်းအားဖြင့် အင်ဒိုနီးရှားနိုင်ငံ၏ စွမ်းဆောင်ရည်သည် အာရှဈေးကွက်၌လျော့ပြီး ကော်ဖီစေ့တင်ပို့မှုတွင် ထိပ်ဆုံးနေရာသို့ ရောက်ရှိလာမည့် အလားအလာရှိကြောင်း အင်ဒိုနီးရှား ကုန်သွယ်ရေးဝန်ကြီးဌာန၏ ပြောကြားချက်ကို အန်တာရာ သတင်းတွင် ဖော်ပြသည်။

"စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစီအမံတွေထဲမှာ ကော်ဖီစေ့ လှော်တဲ့ နည်းပညာကို တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ပြီး ကော်ဖီစေ့နဲ့ လှော်ပြီးကော်ဖီစေ့တွေကို တန်ဖိုးမြင့်ထုတ်ကုန်အဖြစ် ထုတ်လုပ်ဖို့လည်း ပါဝင်ပါတယ်" ဟု အောက်တိုဘာ ၃ရက်က ကျင်းပသော သတင်းစာရှင်းလင်းပွဲတွင် ဝန်ကြီးဌာန လက်အောက်ရှိ လယ်ယာစိုက်ပျိုးရေးလုပ်ငန်း ညွှန်ကြားရေးမှူး ပန်ဂါဆူဆန်တိုက ပြောပါတယ်။

တခြားအစီအမံများတွင် ကော်ဖီအဖျော်ဆရာ၊ အလှော်ဆရာနဲ့ ကော်ဖီအနံ့ကို စမ်းသပ်သူများ အပါအဝင် လူသားအရင်းအမြစ်ဖွံ့ဖြိုးရေး အစီအစဉ်အမျိုးမျိုးနှင့် မဟာဗျူဟာမူဝါဒများ ချမှတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အင်ဒိုနီးရှားအစိုးရက ကတိပေးထားသည်။

၂၀၁၅ ခုနှစ်မှ ၂၀၃၅ ခုနှစ်အထိ ဆောင်ရွက်ရန် ချမှတ်ထားသော အမျိုးသားပင်မ ဖွံ့ဖြိုးရေးစီမံကိန်းတွင် ကော်ဖီထုတ်ရေးလုပ်ငန်းက ဦးစားပေးကဏ္ဍတစ်ခုအဖြစ်ပါဝင်သည်။ ထို့ကြောင့် အစိုးရသည် ဘဏ္ဍာရေးနှင့် ဘဏ္ဍာရေးမဟုတ်သော မူဝါဒများ ချမှတ်ခြင်းနှင့်အဆင့်အတန်း သတ်မှတ်ချက်အတိုင်း အကောင်အထည်ဖော်ခြင်းဖြင့် ကော်ဖီထုတ်လုပ်မှုလုပ်ငန်း၏ စီးပွားရေးလုပ်ငန်း ပတ်ဝန်းကျင်တိုးတက်အောင် ဆောင်ရွက်ပေးခဲ့သည်။

"ကော်ဖီလုပ်ငန်းက ကော်ဖီထုတ်ကုန်တွေကို ဖြန့်ကြက်ဆောင်ရွက်နိုင်တော့မှာဖြစ်ပါတယ်။ ကော်ဖီကို သောက်စရာအဖြစ်သာမက အခြားထုတ်ကုန်များဖြစ်တဲ့ အလှပြင်ပစ္စည်း၊ ဆေးဝါးနဲ့ အစားအစာအတွက် အနံ့အဖြစ် ထုတ်လုပ်သွားတော့မှာ ဖြစ်ပါတယ် " ဟု ဘူဆန်တိုက ပြောသည်။

## တောင်ကိုရီးယားနိုင်ငံ၌ အသက် ၂၀ ပြည့်လွန် အရွယ်များ လုပ်သားအင်အားတွင် ပါဝင်မှုမြင့်တက်

ယခုနှစ် ဒုတိယသုံးလပတ်တွင် အသက်နှစ်ဆယ်ပြည့်လွန် တောင်ကိုရီးယား လူငယ်များ လုပ်သားအင်အားတွင် ပါဝင်မှုနှုန်းမှာ ၁၀ နှစ်အတွင်း အမြင့်ဆုံးသို့ ရောက်ရှိခဲ့ကြောင်း အောက်တိုဘာ ၄ ရက်က အစိုးရမှ ထုတ်ပြန်သော ကိန်းဂဏန်း အချက်အလက်များကို ရည်ညွှန်းပြီး ယွန်းဟပ်သတင်းတွင် ဖော်ပြသည်။ အဓိကအားဖြင့် အသက်၂၀ ပြည့်လွန်အရွယ် လူငယ်များ အလုပ်အကိုင် ရှာဖွေသူများပြားလာသည့်အတွက် ယခုကဲ့သို့ ပါဝင်မှုနှုန်း မြင့်တက်လာခဲ့ခြင်းဖြစ်သည်။

ဧပြီ-ဇွန် သုံးလပတ်အတွင်း အသက် ၂၀ မှ ၂၉ နှစ်အတွင်းရှိ လူငယ်များ၏ ၆၅ ဒသမ ၇ရာခိုင်နှုန်းမှာ လုပ်သားအင်အားစုအတွင်း ပါရှိကြောင်း Statistics Korea စာရင်းရုံး ထုတ်ပြန်ချက်အရ သိရသည်။ ဤအချိုးအစားမှာ ယခင်နှစ်ကနှင့် နှိုင်းယှဉ်ပါက သုည ဒသမ ၃ ရာခိုင်နှုန်း ပိုမိုလာခဲ့ရာ ၂၀၀၅ ခုနှစ် စတုတ္ထသုံးလပတ်က ၆၅ ဒသမ ၈ရာခိုင်နှုန်းဖြင့် အမြင့်ဆုံးရောက်ခဲ့ပြီး နောက်ပိုင်း အမြင့်ဆုံး အချိုးအစားဖြစ်သည်။ လုပ်သားအင်အားတွင် ပါဝင်မှုနှုန်းဆိုသည်မှာ လုပ်ငန်းခွင်တွင် ပါဝင်နေသူနှင့် အလုပ်အကိုင်ရရှိရန် စိတ်အားထက်သန်စွာ ရှာဖွေနေသူများ၏ အချိုးအစားကို ရည်ညွှန်းပြောကြားခြင်းဖြစ်သည်။

ဒုတိယ သုံးလပတ်တွင် အသက် ၂၀ ပြည့်လွန် အလုပ်လုပ်နိုင်သူ ဦးရေမှာ ၆ ဒသမ ၄၂ သန်းရှိခဲ့ရာ ယခင်နှစ်က အရေအတွက်နှင့် နှိုင်းယှဉ်ပါက သုညဒသမ ၈ ရာခိုင်နှုန်း မြင့်တက်ပြီး လုပ်ငန်းခွင်တွင် ဝင်ရောက်နေသူ အသက် ၂၀ ပြည့်လွန် လုပ်သားအင်အားမှာ ၄ ဒသမ ၂၂ သန်းရှိသည့်အတွက် ၂ ဒသမ ၉ ရာခိုင်နှုန်းမြင့်တက်ခဲ့သည်။

အသက် ၂၀ ပြည့်လွန် အလုပ်လက်မဲ့နှုန်း မြင့်တက်သည်ကို ကြည့်ခြင်းအားဖြင့် အလုပ်အကိုင်အတွက် အာမခံချက် ကင်းမဲ့ခြင်းနှင့် အလုပ်ရှာဖွေသူများအတွက် အလုပ်အကိုင် အရည်အသွေး နိမ့်ကျနေသည် ဆိုသည့် အချက်ကို ရောင်ပြန်ဟပ်ပြသလျက်ရှိကြောင်း ဆိုးလ်မြို့ ဟန်ယန်းတက္ကသိုလ်မှ ပါမောက္ခကင်ကန်ဆုတ်က ပြောသည်။

ဉာဏ်တင်-စုစည်းတင်ပြသည်



# မြန်မာ့ကုန်သွယ်ဖက်နိုင်ငံများရဲ့ ငွေကြေး ရက်သတ္တပတ်

ထွန်းသစ်အာရှငွေကြေး အများစု၏ တန်ဖိုးမှာ အောက်တိုဘာ ၇ ရက်က ကျဆင်းခဲ့သည်။ အမေရိကန်ပြည်ထောင်စု၏ အလုပ်အကိုင် အခြေအနေပြ ကိန်းဂဏန်းများ မထုတ်ပြန်မီ ရင်းနှီးမြှုပ်နှံသူတို့က ငွေကြေးတွန်းအားပေးမှု အစီအစဉ်ကို လျှော့ချမည့် အလားအလာကို စိုးရိမ်တကြီး စောင့်ကြည့်နေခြင်းကြောင့် အာရှဒေသတွင်း ငွေကြေးများတန်ဖိုး ကျဆင်းခဲ့ခြင်းဖြစ်သည်။

ဗြိတိသျှစတာလင်ပေါင် တန်ဖိုးက ၃၁ နှစ်အတွင်း အနိမ့်ဆုံးသို့ ကျရောက်ခဲ့ရခြင်းကလည်း ဒေသတွင်း ငွေကြေးများ တန်ဖိုး ကျဆင်းစေမည့် အကြောင်းအရင်းတစ်ခုအဖြစ် ထပ်မံပါဝင်ခဲ့သည်။

**တရုတ်ယွမ်**

နေ့အလိုက် နှိုင်းယှဉ်ပါက အမေရိကန် ဒေါ်လာတန်ဖိုး မြင့်တက်မှုကြောင့် အောက်တိုဘာ ၇ရက်က အမေရိကန် ဒေါ်လာနှင့် ဖလှယ်ရာတွင် ဟောင်ကောင်စျေးကွက်ရှိ Offshore ယွမ်တန်ဖိုးက ကိုးလအတွင်း အနိမ့်ဆုံးနှုန်းအဖြစ် ကျဆင်းခဲ့သည်။

အောက်တိုဘာ ၇ရက်က ယွမ်ငွေနှင့် အမေရိကန်ဒေါ်လာ ဖလှယ်နှုန်းသည် တစ်ဒေါ်လာကို ၆ဒသမ ၇၁၈၂ ယွမ်နှုန်း ကျဆင်းခဲ့ရာ ဇန်နဝါရီ ၇ရက်နောက်ပိုင်း အနိမ့်ဆုံးနှုန်း ဖြစ်ခဲ့သည်။

တရုတ်နိုင်ငံ Onshore ယွမ်စျေးကွက်များကို အောက်တိုဘာ ၁ ရက်မှ ၉ရက် အထိ အမျိုးသားနေ့အဖြစ် ပိတ်ထားသည်။

တရုတ် ယွမ်ငွေကြေးသည် အောက်တိုဘာ ၁ ရက်မှစ၍ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေ အဖွဲ့၏ အထူးထုတ်ယူခွင့် (SDR) အုပ်စုတွင် ပါဝင်ခွင့်ရခဲ့သည်။ ဤသို့ ပါဝင်ခွင့်ရသည့်အတွက် သံတမန်ရေးအရ အောင်မြင်မှု ရခဲ့ပြီဖြစ်သဖြင့် စျေးကွက်များကို ထပ်မံ ဖွင့်ပေးရန်နှင့် ဘဏ္ဍာရေးကဏ္ဍ ပြုပြင်မှုများကို ဆောင်ရွက်ရန် ပေးထားသည့် ကတိကဝတ်များအား တရုတ်အစိုးရက ဖောက်ဖျက်မည်ကို တရုတ်လေ့လာသူတို့က စိုးရိမ်လျက်ရှိသည်။

**အိန္ဒိယရူပီး**

သွင်းကုန် လုပ်ငန်းရှင်များနှင့် ဘဏ်များက အမေရိကန်ဒေါ်လာကို ဝယ်ယူလာကြသည့်အတွက် ရူပီးဝယ်လိုအား ကျဆင်းခဲ့သဖြင့် နိုင်ငံခြားငွေကြေး စျေးကွက်တွင် ရူပီးတန်ဖိုးက သုံးရက်ဆက်တိုက် ကျဆင်းကာ အောက်တိုဘာ ၇ ရက်က အမေရိကန် တစ်ဒေါ်လာကို ၆၆ဒသမ ၇၈ ရူပီးနှုန်း ရှိခဲ့သည်။ ရက်အလိုက် နှိုင်းယှဉ်ပါက သုည ဒသမ ၀၉ ရူပီးနှုန်း ကျဆင်းခဲ့သည်။

အမေရိကန် အလုပ်အကိုင် အခြေအနေ အစီရင်ခံစာ မထုတ်ပြန်မီ ကမ္ဘာ့ငွေကြေးအချို့နှင့်ဖလှယ်ရာတွင် ဒေါ်လာတန်ဖိုး မြင့်တက်မှုကလည်း ရူပီးတန်ဖိုး ကျဆင်းမှုကို ဖြစ်ပေါ်စေခဲ့ကြောင်း ဝယ်ရောင်းသမားတစ်ဦးက ပြောသည်။ သို့သော်လည်း ပြည်တွင်းရှယ်ယာ စျေးကွက် မြင့်မားမှုသည် ရူပီးကျဆင်းမှုကို သက်သာရာရစေခဲ့သည်။

**ဂျပန်ယန်း**

တိုကျိုစျေးကွက်တွင် အောက်တိုဘာ ၇ရက်က အမေရိကန်ဒေါ်လာနှင့် ယန်းငွေဖလှယ်နှုန်းသည် အမေရိကန်တစ်ဒေါ်လာကို ၁၀၃ ယန်း ဝန်းကျင်တွင်ရှိခဲ့သည်။

အမေရိကန် တစ်ဒေါ်လာကို အောက်တိုဘာ ၆ ရက် ညနေ ၅နာရီက နယူးယောက်တွင် ၁၀၃ဒသမ ၉၁ယန်းနှင့် တိုကျိုတွင် ၁၀၃ဒသမ ၆၈ယန်းနှုန်း ရှိခဲ့ရာမှ နောက်တစ်နေ့ နံနက် ၉နာရီတွင် ၁၀၃ ဒသမ ၇၆ ယန်းနှုန်းထိ ရှိခဲ့သည်။

ယူရိုငွေကြေး၏ တန်ဖိုးသည် အောက်တိုဘာ ၆ ရက် ညနေပိုင်းက နယူးယောက် စျေးကွက်တွင် တစ်ယူရိုကို အမေရိကန်ဒေါ်လာ ၁ဒသမ ၁၁၄၇ နှင့် ၁၁၅ဒသမ ၈၉ယန်းနှုန်းဖြင့် လည်းကောင်း၊ တိုကျိုစျေးကွက်တွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၁၉၆ နှင့် ၁၁၆ ဒသမ ၀၈ ယန်းနှုန်းဖြင့် လည်းကောင်း ရှိခဲ့ရာမှ နောက်တစ်နေ့တွင် တစ်ယူရိုကို ၁ဒသမ ၁၁၄၃ဒေါ်လာနှင့် ၁၁၅ ဒသမ ၆၁ယန်းနှုန်း ရှိခဲ့သည်။

**မလေးရှားရင်းဂစ်**

အမေရိကန် အလုပ်အကိုင် အခြေအနေ ကိန်းဂဏန်းများ မထုတ်ပြန်မီ အမေရိကန်ဒေါ်လာတန်ဖိုး မာနေသည့်အတွက် အောက်တိုဘာ ၇ရက်က အမေရိကန်ဒေါ်လာနှင့် ဖလှယ်ရာတွင် ရင်းဂစ်တန်ဖိုးကျဆင်းခဲ့သည်။

အမေရိကန်ဒေါ်လာနှင့် ရင်းဂစ်ဖလှယ်နှုန်းသည် အောက်တိုဘာ ၆ရက်က တစ်ဒေါ်လာကို ၄ဒသမ ၁၄၀၀ ရင်းဂစ်နှုန်းရှိရာမှ နောက်တစ်နေ့ နံနက် ၉နာရီ မိနစ် ၂၀တွင် တစ်ဒေါ်လာကို ၄ဒသမ ၁၅၃၀ ရင်းဂစ်နှုန်းရှိခဲ့သည်။

အခြားအဓိက ငွေကြေးများနှင့် ဖလှယ်ရာတွင် ရင်းဂစ်တန်ဖိုးသည် အတက်အကျ အမျိုးမျိုးရှိခဲ့သည်။

**ကိုရီးယားဝမ်**

အမေရိကန် ဗဟိုဘဏ်မှ အတိုးနှုန်း မည်သည့်အချိန်တွင် မြှင့်တင်မည်ကို ခန့်မှန်းနိုင်ရန်အတွက် ရင်းနှီးမြှုပ်နှံသူတို့သည် အမေရိကန်အလုပ်အကိုင် အခြေအနေထုတ်ပြန်ချက် အစီရင်ခံစာကို စောင့်ဆိုင်းကြည့်ရှုလေ့လာနေသည့်အတွက် အောက်တိုဘာ ၇ရက်တွင် တောင်ကိုရီးယား ရှယ်ယာများ ကျဆင်းခဲ့သည်။

အလားတူ ဝမ်ငွေကြေးတန်ဖိုးမှာ အမေရိကန်ဒေါ်လာနှင့် ဖလှယ်ရာတွင် အောက်တိုဘာ ၆ ရက် စျေးပိတ်ချိန်အောက် ၃ ဒသမ ၃ ဝမ်ကျဆင်းပြီး အမေရိကန်တစ်ဒေါ်လာကို ၁၁၁၅ ဒသမ ၅ ဝမ်နှုန်းရှိခဲ့သည်။

**ထိုင်းဘတ်**

ရင်းနှီးမြှုပ်နှံသူတို့က ထိုင်းရှယ်ယာများကို အမေရိကန်ဒေါ်လာဖြင့် ဝယ်ယူလာကြသည့်အတွက် ဘတ်ငွေတန်ဖိုးကျဆင်းမည်ကို မစိုးရိမ်ရတော့ကြောင်း ထိုင်းအာမခံလုပ်ငန်းနှင့် ငွေကြေးဖလှယ်ရေး ကော်မရှင်က ပြောသည်။ သို့သော်လည်း ရိုက်တာသတင်းဌာနကပြုစုထားသော ကိန်းဂဏန်းများအရ အောက်တိုဘာ ၇ ရက်က အမေရိကန်ဒေါ်လာနှင့် ဖလှယ်ရာတွင် ဒေါ်လာတန်ဖိုးမှာ သုည ဒသမ ၁၅ ရာခိုင်နှုန်းကျဆင်းပြီး တစ်ဒေါ်လာကို ၃၄ ဒသမ ၈၉ ဘတ်နှုန်း ရှိခဲ့သည်။

ဉာဏ်တင်-စုစည်းတင်ပြသည်

## အိန္ဒိယဗဟိုဘဏ်က မူဝါဒ အတိုးနှုန်းလျှော့ချ အိမ်ရာနှင့် ကားချေးငွေများ အတိုးနှုန်းသက်သာ

အစားအစာ စျေးနှုန်းဖောင်းပွမှုများ ကျဆင်းလာပြီဖြစ်သည့်အတွက် အောက်တိုဘာ ၄ရက်က ကျင်းပသော ငွေကြေးမူဝါဒကော်မတီ အစည်းအဝေးတွင် ဗဟိုဘဏ်၏ အဓိကမူဝါဒအတိုးနှုန်းကို သုညဒသမ ၂၅ ရာခိုင်နှုန်း လျှော့ချပေးခဲ့ကြောင်း ပီတီအိုင်သတင်းတွင် ဖော်ပြသည်။

ယခု အစည်းအဝေးသည် အိန္ဒိယဗဟိုဘဏ် အုပ်ချုပ်ရေးမှူး အသစ်အဖြစ် ယူဂျစ်အာရ်ပေတဲ တာဝန်ယူ ဆောင်ရွက်ပြီးနောက် ပထမဆုံး ကျင်းပသော အစည်းအဝေးဖြစ်ပြီး ကော်မတီအဖွဲ့ဝင် ခြောက်ဦးလုံးက အတိုးနှုန်းလျှော့ချရန် မဲပေးဆုံးဖြတ်ခဲ့သည်။

အစဉ်အလာအားဖြင့် အတိုးနှုန်းသတ်မှတ်မှုကို ဗဟိုဘဏ် အုပ်ချုပ်ရေးမှူး တစ်ဦးတည်းကသာ ဆုံးဖြတ်ပြီး ချမှတ်ဆောင်ရွက်ခဲ့သည်။ ယခုတစ်ကြိမ် အတိုးနှုန်း သတ်မှတ်ရာတွင်အဖွဲ့ဖြင့် ပထမဆုံးအကြိမ်အဖြစ် သတ်မှတ်ခဲ့ခြင်း ဖြစ်သည်။ ငွေကြေးမူဝါဒ ကော်မတီအစည်းအဝေးကို ဗဟိုဘဏ်အုပ်ချုပ်ရေးမှူးက သဘာပတိအဖြစ်ဆောင်ရွက်ပြီး နှစ်ရက်ကြာ ကျင်းပပြီးနောက် အတိုးနှုန်းကို သုည ဒသမ ၂၅ရာခိုင်နှုန်း လျှော့ချကာ ၆ဒသမ ၂၅ ရာခိုင်နှုန်းအထိ သတ်မှတ်ခဲ့သည်။ ယခုသတ်မှတ်နှုန်းမှာ ခြောက်နှစ်အတွင်း အနိမ့်ဆုံးနှုန်းဖြစ်သည်။

မုတ်သုံရာသီဥတု ကောင်းမွန်ခြင်းနှင့် စိုက်ပျိုးရေးလုပ်ငန်းများ ခန့်မှန်းထားသည်ထက် တိုးတက် ကောင်းမွန်ခြင်းတို့ကြောင့် အစားအစာစျေးနှုန်း ဖောင်းပွမှု ကျဆင်းလာခဲ့ရာ စားသုံးသူစျေးနှုန်းဖောင်းပွမှုသည် ဇူလိုင်က ၆ ရာခိုင်နှုန်းကျော်ရှိရာမှ ဩဂုတ်မှာ ၅ ဒသမ ၀၅ ရာခိုင်နှုန်းအထိ ကျဆင်းခဲ့သည်။

ဗဟိုဘဏ်က အတိုးနှုန်းကို လျှော့ချပေးလိုက်သည့်အတွက် ဘဏ်များက ထုတ်ချေးသော ချေးငွေများ၏ အတိုးနှုန်းများလည်း ကျဆင်းမည်ဖြစ်သဖြင့် အိုးအိမ်နှင့် ကားချေးငွေများလည်း ကျဆင်းနိုင်သည်။

## တောင်ကိုရီးယားနိုင်ငံ၏ ငွေကြေးမူဝါဒနှင့် ဘဏ္ဍာရေးမူဝါဒနှစ်ခုစလုံးကို လျှော့ချရန်လိုအပ်

တောင်ကိုရီးယားနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးမှု အရှိန်အဟုန်ကိုပြန်လည် နာလန်ထူအောင် ဆောင်ရွက်မည်ဆိုပါက ငွေကြေးမူဝါဒကို လျှော့ချသည့်နည်းတူ ဘဏ္ဍာရေးမူဝါဒကိုလည်း လျှော့ချရန်လိုကြောင်း တောင်ကိုရီးယား ဗဟိုဘဏ် အုပ်ချုပ်ရေးမှူး လီဂျူယိုက ပြောသည်။

" ငွေကြေးမူဝါဒ တစ်ခုတည်းနဲ့ စီးပွားရေး ဖွံ့ဖြိုးမှုကို နာလန်ထူအောင် ဆောင်ရွက်နိုင်မှာ မဟုတ်ပါဘူး။ ဘဏ္ဍာရေး မူဝါဒကို လျှော့ချပေးဖို့လည်း လိုပါတယ်" ဟု မဟာဗျူဟာနှင့် ဘဏ္ဍာရေးကော်မတီက ပြုလုပ်သော ကြားနာစစ်ဆေးပွဲတွင် လီက ပြောသည်။

ဒုတိယနှစ်ဝက်တွင် ဖြစ်ပေါ်မည့် ကိုရီးယား စီးပွားရေး အလားအလာ မှေးမှိန်နေချိန်တွင် လီက ယခုကဲ့သို့ ဝေဖန်ပြောကြားခဲ့ခြင်း ဖြစ်သည်။

ကိုရီးယား စီးပွားရေး သုတေသန အင်စတီကျူက ၂၀၁၆ ခုနှစ် ဒုတိယနှစ်ဝက်အတွက် စီးပွားရေး အလားအလာကို လွန်ခဲ့သော သုံးလက ၁ဒသမ ၉ရာခိုင်နှုန်း ရှိမည်ဟု ခန့်မှန်းထားခဲ့ရာမှ ယခုတစ်ကြိမ် ခန့်မှန်းရာတွင် ၁ဒသမ ၇ ရာခိုင်နှုန်း ရှိမည်ဟု လျှော့ချခန့်မှန်းခဲ့သည်။ အဓိက အကြောင်းပြချက်မှာ စီးပွားရေး အလားအလာ မှေးမှိန်မှု ဖြစ်သည်။

ဘဏ္ဍာရေးမူဝါဒ လျှော့ချရန် လိုအပ်သည် မှန်သော်လည်း စီးပွားရေး နာလန်ထူရန်အတွက် ကြားခံထားသည့်အနေဖြင့် ဘဏ္ဍာရေးမူဝါဒကို တိုးချဲ့ ဆောင်ရွက်မည့်အစား ဘဏ္ဍာရေး ကြွံခိုင်မှုကို အစိုးရက ပိုမိုထိန်းသိမ်းရန်လိုကြောင်း လီက ပြောသည်။

■



Greatseal Co., Ltd.
အထူးအာမခံ ဝန်ဆောင်မှုလုပ်ငန်းများ
Waterproofing
Waterstops
PVC / Hydroswell
Floor Hardener
Epoxy Paint
Sanitary Refinishing
Swimming Pool Products
Stone Care Product
Stencil Concrete
Chemical Anchor
Rebar
Structure Repair
Joint Sealant
Sealant
Tiling & Flooring
Adhesive / Self Levelling Mortar
Yangon
Bldg: (8), Room (001-002), Aye Yeik Mon 8th Street, Block-5, Hlaing Township, Yangon.
Tel : 01-530015, 01-505031, 01-530531 Mobile : 09-5417036, 09-512 9004, Email: greatsealygn@gmail.com
Nay Pyi Taw
No.2/330, 9th Street, Toe Chè 2nd Street, Paung Laung Ward, Nay Pyi Taw - Pyin Ma Nar.
Tel : 067-25337, 09-43066612, 09-8633053, 09-440189630, 09-5129004, Email: npt.greatseal.ths@gmail.com
Mandalay
Hta Hta 9/41, Between Bayintnaung Rd & Bandoola Rd., Salone Market, Pyigyitakon Tsp., Mandalay.
Tel : 09-73202270, 420093791, 09-450035462, 09-5404671, 09-3171245, 09-5129004, Email: zink0219mdy@gmail.com




THIDA Chan Myay Electrical Trading Co., Ltd.
No. (17), Myintzu Street, Parami Avenue, Yankin Township, Yangon. Tel: 01 660857
THIDA Chan Myay
High Voltage/Low Voltage Circuit Breaker
(Transformer)
Transformer (KVA)
INSTALLATION & MATERIALS SUPPLY OF
SUB STATION ACCESSORIES, TRANSMISSION & DISTRIBUTION LINE ACCESSORIES
HIGH VOLTAGE / LOW VOLTAGE SWITCH GEAR PANEL / CUBICLES
TRANSFORMER & ACCESSORIES
Contact us
09 5133406, 09 5011478, 09 5141179, 09 5559600, 09 5028017, 09 5073931, 09 73073948
Fax : 951 660857 Email : info@thidachanmyay.com, office@thidachanmyay.com




SUPER POWER GROUP
Manufactured and Distributed by SUPER POWER GROUP
(METHYLATED SPIRIT)
0512Y009700
(ANALGESIC BALM)
0512Y009702
• ZINC OXIDE
• BENZOIC SALIC
• SULPHUR
(SUPERSCABE)
(SUPERDRYL)
(SUPERDERM)
(SUPERCREAM)
(MOUTH WASH)
0512Y009769
0512Y009758
0512Y009701
(MPF)
(EUSOL)
(BACTITOL)
(HYDROGEN PEROXIDE)


MYANMAR THADINGYUT
FESTIVAL 2016
JPM
SERVICES CO.,LTD
Email- jpmautocenter@gmail.com
Web: www.jpmmotors.com
မော်တော်ကားဝယ်ယူရန်စီစဉ်စဉ်းစား
နေသူများအတွက် မြန်မာနိုင်ငံသားများနှင့်
အထူးသင့်လျော်သော ဂျပန်နိုင်ငံမှ တင်သွင်းလာသည့်
အရည်အသွေးမြင့်ကားကောင်းကားသန့်များကို
ဝယ်ယူသူအမည်ပေါက်
စိတ်တိုင်းကျရွေးချယ်ဝယ်ယူနိုင်ရန်အနယ် နယ်အရပ်ရပ်မှ
မိတ်ဟောင်းမိတ်သစ်များကို ကျွန်တော်တို့
JPM Car Sale Center မှ
ဖိတ်ခေါ်ပါရစေ..
HOT LINE
09 253008800
No (42/A), New University Avenue Road, Bahan Township, Yangon.
( 5 Movie ရုံးချုပ်အနီး၊ ဆွေထိုင်းစားသောက်ဆိုင်ရှေ့ )၊ Ph: 01 860 3921


ZENITH POWER
COMPANY LIMITED
Engineering | Procurement
Construction | Commissioning
Project Management
OFFICE (YGN) : No.45T, Tae Nu Yin Street, 7½ Mile, Off Pyay Road, Mayangone Township, Yangon, Myanmar. Tel : (95-1) 656 525 Mobile : (95-9) 40 158 7272
OFFICE (MDY) : No. 682, 35th Street, Between 73rd x 74th Street, Maw Ya Gi Wa Ward, Chan Aye Thar Zan Township, Mandalay. Mobile : (95-9) 401 587373 , 262 174 143
OFFICE (SG) : Block 12, Lorong Bakar Batu, # 05-08, Singapore 348745 Mobile : (65) 6742 3706
E-Mail : info@zenithpowermyanmar.com www.zenithpowermyanmar.com www.zenithpowerengineering.com.sg
SMART SOLUTION RELIABILITY EVERYWERE

# COMMERCE INTERNATIONAL

# လုပ်ငန်းဆက်ခံသူ ရရှိရန် အခက်ကြုံနေရသဖြင့် ဂျပန်အသေးစားလုပ်ငန်းများ ပျောက်ကွယ်လုနီးပါးဖြစ်

အသက်အရွယ် ကြီးရင့်လာသော လုပ်ငန်းပိုင်ရှင်များက လုပ်ငန်းကို ဆက်ခံနိုင်သူရရှိရန် အလူးအလဲ ရှုန်းကန်နေရသည့်အတွက် ဂျပန်နိုင်ရှိ အသေးစား စီးပွားရေးလုပ်ငန်းကလေးများမှာ ဆိတ်သုဉ်းပျောက်ကွယ်ရတော့မည့် အခြေအနေကို ရောက်ရှိနေကြောင်းနှင့် အသက်အရွယ် ကြီးရင့်သူဦးရေ လျင်မြန်စွာ တိုးတက်လာခြင်းက ဂျပန်နိုင်ငံအတွက် အခက်အခဲတစ်ခုဖြစ်လာတော့မည့် လက္ခဏာတစ်ရပ်အဖြစ် ပြသလာကြောင်း ရိုက်တာသတင်းတွင် ဖော်ပြသည်။



လုပ်ငန်းများ ပြန်လည်ဖွံ့ဖြိုးရေးအတွက် အရေးပါသော လုပ်ငန်းရပ်အဖြစ် ဝန်ကြီးချုပ်ရှင်ဇိုအာဘေးသည် စီးပွားရေးလုပ်ငန်းသစ်များ ထူထောင်ရေးကို ဦးတည်ချက်ထားဆောင်ရွက်ခဲ့သည်။ သို့သော်လည်း ယခုအချိန်အထိ အခြေအနေကိုကြည့်ပါက ဝန်ကြီးချုပ်၏ အစီအစဉ်မှာ ထိရောက်မှုနည်းနေသည်ကို တွေ့ရပြီး လုပ်ငန်းပိတ်သိမ်းရသော အသေးစား စီးပွားရေးလုပ်ငန်းများ၏ အရေအတွက်မှာလည်း စံချိန်တင် မြင့်တက်လျက်ရှိသည်။

အသက် ၇၂ နှစ်အရွယ်ရှိ တာကာယာခုဝါတာနာဘေးသည် ဂျပန်နိုင်ငံ အလယ်ပိုင်း နာဂိုယာရှိ သူ့မိသားစု အစဉ်အဆက် နှစ်ပေါင်း ရှစ်ဆယ်ကြာ လုပ်ကိုင်ခဲ့သော မြေဖြူတောင့် စက်ရုံကို ပိတ်သိမ်းခဲ့သည်။

သူသည် နည်းပညာ၊ ပစ္စည်းကိရိယာနှင့် ကုန်အမှတ်တံဆိပ် ပိုင်ဆိုင်ခွင့်အားလုံးကို တောင်ကိုရီးယားကုမ္ပဏီတစ်ခုအား ယခင်နှစ်က ရောင်းချခဲ့သည်။

"ကျွန်တော့ရုပ်ခန္ဓာ အခြေအနေက ယိုယွင်းနေပြီ။ ကျွန်တော့လုပ်ငန်းကို ဆက်ခံမယ့်သူလည်း မရှိဘူး။ စီးပွားရေးလုပ်ငန်းအခြေအနေကလည်း မကောင်းဘူး"ဟု ဝါတာနာဘေးက ပြောသည်။ သူ့သမီးသုံးယောက်ကလည်း သူ့လုပ်ငန်းကို ဆက်ခံပြီး ဆက်လက်ဆောင်ရွက်လိုစိတ်မရှိကြောင်း သူကပြောသည်။

Abenomics ဟုခေါ်သော မူဝါဒများဖြင့် စီးပွားရေးလုပ်ငန်းများကို မြှင့်တင်ပေးရန် ဝန်ကြီးချုပ်က ကတိပြုဆောင်ရွက်ပေးပြီးနောက်ပိုင်းမှာပင် ဂျပန်စီးပွားရေးက သုံးနှစ်ဆက်တိုက်ကျဆင်းခဲ့ကြောင်းနှင့် အသေးစားစက်မှုလုပ်ငန်း များ၏အလားအလာမှာ စက်တင်ဘာတွင် မှေးမှိန်နေဆဲဖြစ်ကြောင်း ဂျပန်ဗဟိုဘဏ်မှ အောက်တိုဘာ ၃ ရက်တွင် ထုတ်ပြန်သည့် စီးပွားရေးစစ်တမ်းအရ သိရသည်။

UNT





SINOR LINES

RO/RO Service for Myanmar

DATE :10TH October 2016

<< AUGUST And SEPTEMBER Sailing Schedule >>

* SUBJECT TO CHANGE WITH OR WITHOUT NOTICE

KOREA/JAPAN / MYANMAR/

| VESSEL | Height (m) | | | | JAPAN | | | | | KOREA | SINGAPORE | MYANMAR | THAILAND | BANGLADESH |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | A | B | C | D | KOBE | SAKAI | HAKATA | NAGOYA | YOKOHAMA | INCHEON | SINGAPORE | YANGON | LAEM CHABANG | MONGLA |
| MV.HOEGH CHENNAI .27 | 1.55 | 1.90 | 2.20 | 3.50 | | 2.9.2016 | | 3.9.2016 | 4.9.2016 | | 13.9.2016 | 18.9.2016 | | 24.9.2016 |
| | S/O CUT | | | | | 29.8.2016 | | 30.8.2016 | 31.8.2016 | | | | | |
| MV.CITY OF MUMBAI V.34 | 1.55 | 1.90 | 2.20 | 3.50 | 29.9.2016 | | | 28.9.2016 | 27.9.2016 | 23.9.2016 | 7.10.2016 | 12.10.2016 | | |
| | S/O CUT | | | | 25.9.2016 | | | 24.9.2016 | 23.9.2016 | | | | | |
| MV.HOEGH CHENNAI .28 | 1.55 | 1.90 | 2.20 | 3.50 | | 12.10.2016 | | 11.10.2016 | 10.10.2016 | | 21.10.2016 | 25.10.2016 | | 1.11.2016 |
| | S/O CUT | | | | | 8.10.2016 | | 7.10.2016 | 6.10.2016 | | | | | |
| MV.CITY OF MUMBAI V.35 | 1.55 | 1.90 | 2.20 | 3.50 | 29.10.2016 | | 27.10.2016 | 30.10.2016 | 31.10.2016 | 25.10.2016 | 9.11.2016 | 14.11.2016 | | |
| | S/O CUT | | | | 25.10.2016 | | 23.10.2016 | 26.10.2016 | 227.10.2016 | | | | | |

GOLDEN LAND EXPRESS LIMITED
Dagon Center II, Pyay Road, No. 268, Room 14 (C), 14 th Floor. Sanchaung Township,Yangon, Myanmar.
Tel : +95 1 2305542,2306027,2306028 Mobile : + 95 9 250289802 Fax : + 95 1 2305543
Hot Line : + 95 9 254010441
Email : gleltd.office@gmail.com ( Management )
gleltd.mktg@gmail.com ( Operation )
docs.gle@gmail.com ( Document )
gleltd.marketing@gmail.com ( Marketing )
goldenland.gle@gmail.co m ( Marketing )

Loading address (YOKOHAMA DAIKOKU)
Daikoku T-3/4/5/6/7/8, Public Berth, Yokohama
Loading address (SAKAI SENBOKU)
Shiomi Wharf 5-A/B/C
Operation : Mr. Tin Htun Aung (95 9 448049234)
Mr. Thiha Thiek ( 95 9 514580 1)
Documention : Ms. Mar Mar Cho (95 9 421018250)
Customer Service : Ms. Hilda ( 95 9 5035797)
Marketing : Ms. Ja Seng Eain ( 95 9 402794677)
Marketing : Mr. Kyaw Kyaw Aung ( 95 9 420085073 )